# ဗုဒ္ဓအမြင်ကိုလေ့လာခြင်း



ဦးသော်ဇင်



၅ ၉၁၀

# ဗုဒ္ဓ-ဒဿန

ဗုဒ္ဓဓမ္မနှင့် သဘောဉာဏ်ကို
လေ့လာ ဝေဘန် ထားသည်

—ရေးသားသူ—

ပဏ္ဍိတ ဗလဒေဝ ဥပဓျာယ အယ်မ်အေ၊ သာဟိတျာစရိယ
ပါမောက္ခ၊ သက္ကတ-ပါဠိ ဝိဘာဂ
ဟိန္ဒူ-ဝိဿ ဝိဒျာလယ၊ ကာသီ

No.

**မျက်နှာဖုံးနှင့်**

အတွင်းမေတ္တာလက်ဆောင်ပုံတော်
ပန်းချီ-ဦးလှဝင်း

**ဘလောက်**

မော်ဒန်ဘလောက်တိုက်

**မျက်နှာဖုံးရိုက်**

ကာလာမောင်ဝင်းပုံနှိပ်တိုက်


**ထုတ်ဝေသူ**

ဦးမောင်ကလေး သောကြာစာအုပ်တိုက်
(မှတ်ပုံတင် အမှတ် ၀၀၆၅)
အမှတ် ၄၉-ဩဘာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးတင်လှိုင် အောင်စကြာပုံနှိပ်တိုက်
(မှတ်ပုံတင်အမှတ် ၀၃၁၀)
၄၉-ဩဘာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

# ဗုဒ္ဓအမြင်ကို လေ့လာခြင်း

(အပိုင်းငါးပိုင်းတွင် ရှေ့နှစ်ပိုင်း)

ဘာသာပြန်သူ–ဦးသော်ဇင်

သောကြာ စာအုပ်တိုက်
အမှတ် ၄၉-သြဘာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းမေတ္တာလက်ဆောင်
ပုံတော်မှာ ကမ္ဘာပေါ်တွင် ပထမဆုံးထုလုပ်သော
ဆာရ်နတ်ရှိ ဗုဒ္ဓမြတ်စွာတရားဦး ဟောတော်မူပုံကို
ပြန်လည် ရေးဆွဲခြင်းဖြစ်ပါသည်။

# ဗုဒ္ဓဒဿန
# ဗုဒ္ဓအမြင်ကိုလေ့လာခြင်း
## ပထမကဏ္ဍ

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကျမ်း၏ရည်ရွယ်ချက် | .... | ၁၉ |
| ၂။ | ဗုဒ္ဓဘဝကျင့်စဉ် | .... | ၂၄ |
| ၃။ | ဗုဒ္ဓဝစန | .... | ၂၇ |
| ၄။ | ဗုဒ္ဓခေတ်လူများနှင့် ဓမ္မတရား | .... | ၄၃ |
| ၅။ | ဓမ္မတရားအခြေအနေ | .... | ၅၂ |
| ၆။ | ခေတ်ပြိုင်ဒဿနိက | .... | ၅၈ |
| ၇။ | အဇိတ ကေသ ကမ္ဗလ ဥစ္ဆေဒဝါဒ | .... | ၆၁ |
| ၈။ | ပကုဓ ကစ္စာယန-အကြိတတာဝါဒ | .... | ၆၃ |
| ၉။ | မက္ခလိဂေါသာလ ဒေဝဝါဒ | .... | ၆၄ |
| ၁၀။ | သံဇယဝေလဋ္ဌိပုတ္တ အနိစ္ဆိတ တာဝါဒ | .... | ၆၆ |
| ၁၁။ | နိဂဏ္ဌ နာဋ္ဌပုတ္တ စတုယာမသံဝရ | .... | ၆၇ |
| ၁၂။ | ဗုဒ္ဓဒဿနသမိုင်းဆရာများ | .... | ၆၈ |
| ၁၃။ | ဗုဒ္ဓဒဿန၏ အကိုင်းအခက်များ | .... | ၇၁ |
| ၁၄။ | ဗုဒ္ဓဓမ္မသံဂါယနာ | ... | ၇၃ |
| ၁၅။ | ဒဿနဆရာများ တိုးပွါးလာခြင်း | .... | ၈၃ |
| ၁၆။ | ဗုဒ္ဓ၏ ဓမ္မသိက္ခာ | .... | ၈၈ |
| ၁၇။ | ပြဿနာလေးမျိုး | .... | ၉၅ |

၁၈။ အာရိယသစ္စာ .... ၉၈
၁၉။ မဇ္ဈိမ ပဋိပဒါ .... ၁၁၁
၂၀။ အဋ္ဌင်္ဂိက မဂ္ဂ .... ၁၁၅
၂၁။ ဗုဒ္ဓဒဿန ဝိစာရ .... ၁၂၄
၂၂။ ကာရဏဝါဒ .... ၁၂၇
၂၃။ အနတ္တဝါဒ .... ၁၃၆
၂၄။ ပဉ္စက္ခန္ဓ .... ၁၄၄
၂၅။ နောက်ဘဝ .... ၁၅၃
၂၆။ အနိဿရ ဝါဒ .... ၁၅၆
၂၇။ အဘူတိက ဝါဒ .... ၁၆၀

## ဒုတိယကဏ္ဍ

၂၈။ နိကာယနှင့် သူတို့၏ အယူအဆ .... ၁၆၇
၂၉။ ဂိုဏ်းဂဏ အဖွဲ့အစည်း .... ၁၇၉
၃၀။ ပုဂ္ဂလဝါဒ .... ၁၈၀
၃၁။ မဟာယာနသုတ္တ .... ၁၈၃
၃၂။ တိဝိဓယာန .... ၂၀၁
၃၃။ ဗုဒ္ဓအဖြစ် .... ၂၁၁
၃၄။ ဗောဓိစရိယ .... ၂၁၂
၃၅။ ပါရမိတာ ဂဟဏ .... ၂၁၆
၃၆။ တြိကာယ .... ၂၂၇
၃၇။ ဒသဘူမိ-ဘုံဆယ်ဆင့် .... ၂၃၁
၃၈။ နိဗ္ဗာန် .... ၂၃၄
၃၉။ ဟိနယာန၏ နိဗ္ဗာန် .... ၂၃၅
၄၀။ မဟာယာန နိဗ္ဗာန် .... ၂၄၆
၄၁။ နိဗ္ဗာန်နှစ်မျိုးနှိုင်းယှဉ်ချက် .... ၂၅၁

# ကျမ်းဆရာ၏ ကျေးဇူးတင်လွှာ

ဟရဂိုမလ် ဒါလမိယာ ဆုပေးအဖွဲ့သည် မိမိပြုသော ကျေးဇူးကို တုံ့ပြန်ပါသဖြင့် ကျွန်ုပ်အထူးပင် ရွှင်မြူးနေပါသည်။ဒေလီတွင် ထင်ရှား ကျော်စောသော သူဌေး ကြီး 'ရာမကရိသျှဏ ဒါလမိယာ' သည် မိမိပူဇော်အပ်သော ဘခင်အား အစဉ်သတိရသည့်အတိုင်း ဒဿန သို့မဟုတ် စာပေတွင် အကောင်းဆုံးသော ဟိန္ဒီကျမ်းစာအုပ်အတွက် နှစ်စဉ် ဆုငွေ ၂၁၀၀-ပေးရန် သတ်မှတ်ထားလေသည်။ ဤတွင်ဆယ်နှစ်အတွင်း ပုံနှိပ်ထုတ်ဝေသော စာအုပ်များနှင့် လက်ရေးမူဖြစ်သော ဒဿနကျမ်းများတွင် ဤ'ဗုဒ္ဓ-ဒဿန'ကို အကောင်းဆုံးအဖြစ် ရွေးချယ်လိုက်ကြပါသည်။ ပယာဂ တက္ကသိုလ်မှ ပါမောက္ခ ရာနာဒေ, ကာသိမှ 'မဟာမဟော ပါဓျာယ'ဘွဲ့ခံ ဂေါပိနာထ ကဝိရာဇ၊ သန္တိ နိကေတန်မှ ရှရိချိတိ မောဟန် သေန-စသော ဒဿနိကမြတ်နိုးသူများသည် ဤကျမ်း၏ ကြီးမား ခိုင်ခန့်သော ပမာဏအဖြစ်ကို ဝန်ခံကြလျက် ဟိန္ဒီဒဿနိကလောကတွင် အဆင့်အတန်းအမြင့်ဆုံးသော ကျမ်းဟု သတ်မှတ်ကြကြောင်း သိရပါသဖြင့် ထိုပုဂ္ဂိုလ်ကြီးတို့သည် ကျွန်ုပ်၏ကျေးဇူးတင်စရာတို့ဖြစ်ကြပါသည်။ဒါလမိယာဆုသည်ဟိန္ဒီစာပေလောကတွင် အမြင့်ဆုံးဆု

ဖြစ်သဖြင့် စာရေးသူ ခယမြတ်နိုးခြင်းဖြစ်မည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ဟိန္ဒီဂုဏ်ကိုဆောင်သော ပုဂ္ဂိုလ်တို့သည် စာရေးသူ၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုသောအနေဖြင့် ဟိန္ဒီစာပေကောင်းမွန်ရေးကို ဆထက်တန်ဖိုးတိုး၍ အားပေးကြလိမ့်မည်ဟု မြော်လင့်ပါသည်။

ကာသီ<br>
မဟာ သိဝ ရာတြိ } ဗလဒေဝ ဥပါဓျာယ<br>
သံ-၂၀၀၃

# ဘူမိကာ

ဗုဒ္ဓ-ဓမ္မနှင့်ဒဿနအပေါ်တွင် များစွာသော အနောက်တိုင်းနှင့် အိန္ဒိယ ပညာရှင်တို့သည် များစွာသော ကျမ်းများပြုစုခဲ့ကြလေသည်။ ထိုထိုကျမ်းတို့သည် ဗုဒ္ဓ ဒဿန၏ ကွဲပြားသော အင်္ဂါ အစိတ်အပိုင်းနှင့် ဓမ္မတရား၏ ဂိုဏ်းကွဲများကို တင်ပြကြသည်။ သို့ရာတွင်ဤကျမ်းကဲ့သို့မည်သည့်အင်္ဂလိပ်၊သို့မဟုတ်အိန္ဒိယကျမ်းမျှ ဗုဒ္ဓဓမ္မနှင့် ဒဿန၏ ကွဲပြားခြားနားသော အင်္ဂါ အစိတ် အပိုင်းတို့ကို ပြည့်စုံကြွယ်ဝစွာ တိတိကျကျ ပိုင်ပိုင်နိုင်နိုင် ရှင်းပြထားသည်ကို မတွေ့ရဘူးသေးချေ။ဤစာအုပ်သည် ထိုထိုစာအုပ်တို့မှ လိုအပ်ချက်တို့ကို ခိုင်ခိုင်မာမာ ဖြည့်စွက်ထားလေသည်။

ဗုဒ္ဓ-ဒဿန် နှင့် ဓမ္မသမိုင်းမှာ ကျယ်ဝန်းများလှစွာ၏။ သူ၏ အမျိုးမျိုးသော အဘို့ဘာဂတို့အပေါ်တွင် အမျိုးမျိုးသော ပညာရှင်တို့သည် အနုသန္ဓာန (သုတေသန) ပြုလျက် များစွာသော ဝတ္ထုပစ္စည်းတို့ကို စုံပုံ၍ထားကြသည်။ ထိုပစ္စည်းအလုံးစုံကို ရောနှော မွှေနှောက်ပြီး အိန္ဒိယဘာသာတွင် ကျမ်းတစောင်ဖြစ်အောင် ဖန်တီးရန်မှာ အမှန်ပင် အင်တိုက် အားတိုက် လုပ်ရမည့်ကိစ္စကြီးဖြစ်သည်။ ကျမ်းဆရာသည် မိမိ၏ ရှည်လျားစွာသောအချိန်ကို အနုသန္ဓာန၏ အင်အားပေါ်တွင် မှီတွယ်ပြီး ဥပမာကို လွန်မြောက်၍ အဖိုးအနဂ္ဃထိုက်တန်လှသောဤကျမ်းကို စီရင်လိုက်လေသည်။ ဤကဲ့သို့သော ကျမ်းမျိုးကို ဟိန္ဒီတွင်

မဆိုထားဘိ၊ အိန္ဒိယဘာသာပေါင်း များစွာမှာပင် မရှိချေ။ ဤကျမ်းမှာ အလွန်ရှေးကျသောကျမ်းဖြစ်သည်။ ကျမ်းပြုဆရာသည် ခေတ်အမျိုးမျိုးတွင် အမျိုးမျိုးသော ပညာရှင်ကြီးတို့၏ အဆိုအမိန့် အယူအဆကို တင်ပြရာ ဖြန့်ကျဲနေသော ပစ္စည်းဝတ္ထုတို့ကို တနေရာမှာ စုပုံပြီး သူသည် အစဉ်အလာအတိုင်း ပုံသွင်ကိုထုလုပ်ရန် သူတို့၏ သဘောသဘာဝယူရာ ယူကြောင်းကို ကောင်းစွာသိရန် ကြိုးစားရ၏။ သညာဝါဒနှင့် ဗုဒ္ဓတန္တရတို့၏အကြောင်းကို ဖွင့်ဆိုရာတွင် သူ၏ ကြိုးစားမှုမှာ အထူးပင်ပေါ်လွင်ထင်ရှားလှပေသည်။ဗုဒ္ဓဒဿနသမိုင်းတွင် ဗုဒ္ဓ-ယောဂနှင့် ဗုဒ္ဓ-တန္တရတို့၏ အကြောင်းဖွင့်အပြမှာ ဤစာအုပ်တွင် ပထမဦးစွာ ဖြစ်ပေလိမ့်မည်။

ဤကျမ်းတွင် အပိုင်းငါးပိုင်းခွဲခြားထားသည်။ ပထမပိုင်းတွင် ဗုဒ္ဓ၏မူလဓမ္မကို ဖွင့်ဆိုထားသည်မှာ လွန်စွာ စိတ်ဝင်စားဘွယ်ကောင်းလှပေသည်။ ဒုတိယပိုင်း၏ အကြောင်းမှာ ဗုဒ္ဓ-ဓမ္မ၏ တိုးတက်လာခြင်းဖြစ်သည်။ ဤအပိုင်းတွင် ဗုဒ္ဓဓမ္မ၏ တဆယ့်ရှစ်ပါးသော နိကာယဂိုဏ်းကွဲများ၏ မြင့်မားသော အဖွင့်မှာ သမိုင်းအမြင်တွင် လွန်စွာ အဖိုးထိုက်တန်လှပေသည်။ စာရေးသူသည် မဟာသံဃိကတို့နှင့် သမ္မိတိတို့၏ ထူးခြားကွဲပြားသော အယူအဆကို ဖွင့်ပြရာ မိမိ၏ ပဏ္ဍိတ်အဖြစ်ကို သိစေလိုက်ခြင်းဖြစ်၏။တြိကာယ အကြောင်းအဆုံးအဖြတ်မှာ လွန်စွာလှပသော အရေးအသားဖြစ်သည်။ နိဗ္ဗာန်နှင့်ပတ်သက်၍ အမျိုးမျိုးသော ဂိုဏ်းဂဏတို့၏အယူအဆတို့ကို တပေါင်းတည်း လေ့လာမှုပေးလိုက်သည်မှာ ချီးကျူးစရာဖြစ်၏။ တတိယပိုင်းမှာ ဤကျမ်း၏ အသဲနှလုံးဖြစ်၏။ ဤတွင် ဝေဘာသိက, သုတ္တန္တိက, ယောဂါ

စာရနှင့် မဇ္ဈိမိက ဂိုဏ်းဂဏတို့၏ လျှို့ဝှက်ချက်သဘောတရားကို လွယ်ကူစွာ လေ့လာမှုပေးထားရာ သူ့အား မချီးကျူးဘဲ မနေနိုင်ချေ။ ဤတွင် ကျမ်းဆရာ၏ ပညာရှိအဖြစ်မှာ အဘယ်မျှနက်နဲကြောင်း ထုတ်ဖော်ပေးသကဲ့သို့ဖြစ်၏။ စတုတ္ထပိုင်းတွင် ဗုဒ္ဓနယာယ,ဗုဒ္ဓ-ယောဂနှင့်ဗုဒ္ဓတန္တရတို့ကိုဖွင့်ဆိုထားသည်မှာလုံးဝ အသစ်စက်စက်ဖြစ်၏။ ပဥ္စမပိုင်းတွင် ဗုဒ္ဓဓမ္မကိုအကျယ်ဝိတ္ထာရ ချဲ့ပေး၏။ ဤသို့လျှင် တကျမ်းတည်းဖြင့် ဗုဒ္ဓ-ဓမ္မ၏ အမျိုးမျိုး အမှာမှာသော အလျဉ်တို့ကို တစုတရုံးတည်း ဖွင့်ဆိုထားသဖြင့် ကျမ်းဆရာသည် အလွန်အကြူး ချီးကျူးဘွယ်ကို ပြုလုပ်လိုက်ခြင်းဖြစ်သည်။

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ပဏ္ဍိတ ဗလဒေဝ ဥပါဓျာယအား အမြင့်ဆုံးသောဆုဖြင့် ချီးကျူးဂုဏ်ပြုသဖြင့် လှိုက်လှဲစွာ ကောင်းချီးနှုမော် သာဓုခေါ်လိုက်ပါသည်။ ဤဆု၏ ကျယ်ပြန့်သော အကျိုးအာနိသင်ကြောင့်ဒိသာပါမောက္ခာကြီးများပင် ရင်သပ်ရှုမော အံ့သြကြလေသည်။ ကျွန်ုပ်သည် ဤကျမ်းကို ဟိန္ဒီစာဘတ်ပရိတ်သတ်များနှင့် တက္ကသိုလ်များတွင် ကျောင်းသူကျောင်းသားတို့ လေ့လာဆည်းပူးရန် အထူးတိုက်တွန်းမည်ဖြစ်သည်။ ဤကျမ်းသည် သူ၏ ကိုယ်ချင်းစာကြင်နာမှုကို မိမိဘက်သို့ ဆွဲဆောင်နိုင်လိမ့်မည် ဟု မမိုတ်မသုံ အပြည့်အစုံယုံကြည်ပါသည်။

**ဂေါဝိန္ဒာထ ကဝိရာဇ**

# ဟ်ဍှုတက္ကသိုလ်
# ဂျိန်းဒသဃနဆရာ ပဏ္ဍိတ သုခလာလ

အကြင်ဒေသတွင် မြတ်စွာဘုရား ဖွါးမြင်ခဲ့ပြီးလျှင် ထိုဒေသတွင် မြတ်စွာဘုရားသခင်သည်ခြေလျင်လှည့်လည်တော်မူခဲ့သည်။ သို့ရာတွင်ထိုဒေသ၏ တိုင်းရင်းဘာသာတွင် ဗုဒ္ဓဒဿန၏ အလုံးစုံသော အင်္ဂါအစိတ်အပိုင်းတို့ အပေါ်တွင် ယခုခေတ် အမြင်ဖြင့် ရေးသားထားသော စာအုပ်တအုပ်တလေမျှ မရှိသည်မှာ ချွတ်ယွင်းချက်တကွက်ပင်ဖြစ်လည်။ ဤချွတ်ယွင်းချက်ကိုဖယ်ရှားရန် ရှေးဦးစွာ ကြိုးစားသူမှာ ပဏ္ဍိတ ဗလဒေဝ ဥပါဓျာယပင်ဖြစ်သည်။ သို့ကြောင့်သူ၏ကြိုးပမ်းချက်မှာ စင်စစ်အဖိုးထိုက်တန်လှပေသည်။ ဤစာအုပ်တွင် ဗုဒ္ဓ-ဓမ္မနှင့် ဒဿန၏အလုံးစုံသောအင်္ဂါတို့ကို ခြေခြေ- မြစ်မြစ် ဖွင့်ဆိုထားသည်။ နေရာမရှိသောကြောင့် အချက်-အလက်တို့ကိုအကျဉ်းသဒ္ဓေပမျှသာ ဖွင့်ပြနိုင်သော်လည်း ကျယ်ဝန်း လှစွာသော သဘောရေးရာတို့တွင် အသိဉာဏ်ပွင့်လင်းစေမည်မှာ ယုံမှားဘွယ်ရာ မရှိပါ။

စာရေးသူသည် ဘာသာတွင်ကြည်လင် ရှင်လန်းနေသည်နှင့် အတူပင်လျှင် အကြောင်းအရာအချက်အလက်တို့မှာလည်း စိတ်ဝင်စားဘွယ်အစီအရင်ဖြင့် ဖွင့်ဆိုသွားလေသည်။စာအုပ်ကိုဘက်လိုက်မှုမရှိသောအမြင်ဖြင့် ရေးသွားသည်မှာ ဂိုဏ်းဂဏ ခေတ်ထနေသော ဤခေတ်တွင်လွန်စွာခက်ခဲလှပေသည်။

# ဟိန္ဒူတက္ကသိုလ်ဒဿန ကျမ်းဆရာ

## ပါမောက္ခဒေါက်တာ ဘီခနလာလ အတြေယ

## အယ်မ်-အေ-ဒီလစ်

ဗုဒ္ဓဒဿနသည် အိန္ဒိယဒဿန၏ ပဓာနအင်္ဂါ တပါးဖြစ်၍ အိန္ဒိယအတွေးအခေါ် ဝိစာရတိုးတက်ဖွံ့ဖြိုးရေးသမိုင်းတွင်သူ၏ နေရာမှာကြီးကျယ်မြင့်မြတ်၍ ပြည့်စုံလှပေ၏။ ထိုတွင် သာမည လူများသာမဟုတ်ချေ။ အိန္ဒိယ၏ပဏ္ဍိတ်များပင် ဗုဒ္ဓ-ဒဿနနှင့် ဆက်စပ်သောဉာဏ်အမြင် ညီညွတ်ခြင်း မရှိချေ။ အကြင်သူမှာ ဗဟုသုတဉာဏ်အမြင်နဲပါး၏။ ထိုသူသည် သန့်ရှင်းမှုမရှိချေ။ ပဓာနအကြောင်းမှာ ဗုဒ္ဓ-ဒဿနအပေါ်တွင်ဟိန္ဒီနှင့်အခြားပြည်နယ်ဆိုင်ရာဘာသာတို့တွင် ပမာဏပြုလောက်သောယခုခေတ်အမြင်ဖြင့် ရေးသားထားသော စာအုပ်မရှိခြင်းပင်တည်း။ ကာသီဟိန္ဒူတက္ကသိုလ်၏ သက္ကတဆရာကြီးပဏ္ဍိတ် ဗလဒေဝဥပါဓျာယသည် ဗုဒ္ဓ-ဒဿနအပေါ်မှာ ဤကျမ်းကိုပြုစု၍လိုအပ်ချက်ကိုဖြည့်စွက်ပေးထားပါသည်။ ဤကျမ်းမှာအလွန့်အလွန်ပင်ပန်းကြီးစွာလေ့လာရခြင်း၏ အသီးအပွင့်ဖြစ်သည်။ ယနေ့တိုင်အောင် ဤကဲ့သို့ ဗုဒ္ဓ-ဒဿနနှင့် စပ်လျဉ်း၍ရေးသားပြုစုသော အခြားတစုံတရာကျမ်းစာမျိုး အိန္ဒိယဘာသာတွင်မရှိသေးချေ။ ကျမ်းမှာအလုံးစုံပြည့်စုံ၍ဗုဒ္ဓ-ဓမ္မတို့၏ဒဿနနှင့်ဆက်စပ်၍သဘောဉာဏ်ရင့်သန်စေမည့်မှာ အမှန်ပင်ဖြစ်၏။ ဘာသာမှာ စင်ကြယ်၍စီစဉ်ပုံမှာလည်း အဆင့်အတန်းမြင့်သည်။ ဒဿနကို ချစ်မြတ်နိုးသော လူတိုင်း၏ စာကြည့်တိုက်တွင် ထားရန်သင့်လှသောကျမ်းတဆူဖြစ်ပေသည်။

## ကာသီဟိန္ဒူတက္ကသိုလ် ပါဠိပါမောက္ခ

### ဘိက္ခု ဇဂဒီသ ကဿပ အယ်မ်အေ

ရှရိပဏ္ဍိတ် ဗလဒေဝဥပါဓျာယရေးသော 'ဗုဒ္ဓ-ဒဿန' အမည်ရှိသောကျမ်းကို အစ-အဆုံးဖတ်ပြီး လွန်စွာ နှစ်သက်ကြည်နူးမှုဖြစ်လာပါသည်။ ဂိုဏ်းဂဏ အယူအဆတို့ဖြင့် ရှုပ်ထွေးနေသောကြောင့် ဗုဒ္ဓ-ဒဿနကိုရှင်းလင်းရန် ကြိုးပမ်းလိုကြသော ပညာရှင်များအတွက် ဤကျမ်းက လမ်းခင်းပေးထားလေသည်။ ဗုဒ္ဓ-ဒဿနအပေါ်တွင် ဤမျှကောင်းမွန်သော ပမာဏပြုထိုက်သော ပြည့်စုံကြွယ်ဝ၍ သိလွယ်သော စာအုပ်ကို ရေးထုတ်လိုက်သော ပဏ္ဍိတ်သည် ဟိန္ဒီစာပေကို ဥပမာမဲ့ တိုးတက်ဖွံ့ဖြိုးစေ၏။ စာအုပ်ကို လွန်စွာ ရှေးကျသော မူလကျမ်းတို့ကို လေ့လာပြီး ရေးထား၏။ ဟိန္ဒီမှာမဆိုထားဘိ အင်္ဂလိပ်ဘာသာမှာလည်း ဤကဲ့သို့ အလုံးစုံပြည့်စုံသော စာအုပ်မပေါ်ဘူးသေးချေ။ ဤစာအုပ်မှာ ဗုဒ္ဓ-ဓမ္မနှင့် ဒဿန၏သမိုင်း တို့ပြင်ဂိုဏ်းဂဏတို့ကို တိတိကျကျ စူးစမ်းလေ့လာထားသည်။ ပညာရှိများ ဘတ်ရှုလေ့လာထိုက်သော တအုပ်ထည်းသော ဒဿန စာအုပ် ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဤကဲ့သို့ လေးနက်သောကျမ်းကို ပြုစုသည့်အတွက် စာရေးဆရာအား အလေးပြုလိုက်ပါသည်။

# ဘာသာပြန်သူ၏ ကျေးဇူးတင်လွှာ

ကျွမ်းဆရာ၏ ကျေးဇူးတင်ရခြင်းတို့မှာ အားရစရာကောင်းလှပါသည်။ သူ၏ကျွမ်းကလည်း အားကျစရာပင် ဖြစ်သည်။ ထိပ်တန်းစာပေဆုကိုလည်းရသည်။ ဆယ်နှစ်အတွင်း ထွက်သောစာအုပ်များသာမက လက်ရေးမူများပင် ပါဝင်သော စာပေအပေါင်းမှ အကောင်းဆုံး ဟု ရွေးချယ်ခြင်းလည်းခံရသည်။ သာမန်စာအုပ်မျိုးလည်းမဟုတ်၊သုတေသန ဗဟုသုတ အချက်အလက်တို့ဖြင့် ပြည့်နှက်နေသော ဒဿန စာအုပ်လည်းဖြစ်သည်။ သူ့ကို ဝိုင်းဝန်းအမွှန်းတင် ဂုဏ်ပြုသူတို့၏ အင်အားကလည်း ကောင်းလှပါသည်။ ရှင်ဘုရင်၏ ပုဆိုး-ပိုးချည်းဆိုသလိုဖြစ်နေ၍ နောက်ထပ်ချီးကျူးရန် နေရာလပ်မရှိတော့ချေ။ ထိုစာအုပ်ကို ဘာသာပြန်သူ၏ ပုဆိုးမှာကား စုတ်ပုဆိုး-ချုပ်ရိုးက ဗလပွ ဖြစ်နေသည်။

သို့ရာတွင် ဤစာအုပ်ကို ဘာသာပြန်ရာမှာ ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်နှစ်ယောက်ကား ဘာသာပြန်သူ၏ရှေ့သို့ အစဉ်ရောက်နေပါသည်။ ရှေးဦးစွာ ကျေးဇူးတင်ရမည့် သူမှာ ဗလဒေဝတို့၏ ဟိန္ဒူတက္ကသိုလ်ပြန် ဦးအောင် ဖြစ်ပါသည်။သူသည် ဘာသာပြန်သူအား ဗုဒ္ဓဒဿနကို လေ့လာရန် တိုက်တွန်း

ပြီး သူပိုင်စာအုပ်ကိုလည်း ပေးပါသဖြင့် သူ၏ ဖြစ်စဉ်သော စေတနာကိုပါ လေးစားရပါသည်။ ဒုတိယ ကျေးဇူးတင်ရမည့် သူမှာ သောကြာ-ဦးမောင်ကလေးဖြစ်သည်။ သူသည် ဘာသာပြန်သူ၏ စာမူကို တစိတ်တဒေသကိုမျှ မမြင်ရပါဘဲလျက် ယုံကြည်စိတ်ချစွာဖြင့် ပုံနှိပ်ထုတ်ဝေရန် တာဝန်ခံလေသည်။ သို့ရာတွင် ဆက်ရန် တာဝန်ကား ကျန်ရှိပေသေးသည်။

တောင်ဥက္ကလာပ
အမှတ် ၁၀၅-၆-ရပ်ကွက်
သာ-၂၅၀၀

} သော်ဇင်

# ဗုဒ္ဓအမြင်ကိုလေ့လာခြင်း

ပဌမ ကဏ္ဍ

(မူလ ဗုဒ္ဓ–ဓမ္မ)

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။

ဓမ္မ ပဒ

No. 2

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# ၁—ကျမ်း၏ရည်ရွယ်ချက်

ပုညမယ-ကောင်းမှုအတိပြီးသော မဇ္ဈိမဒေသ(အိန္ဒိယ)သည် ပကတိ မြစ်နဒီအား ထာဝစဉ် ကြည်နူးဘွယ်သဘင် ပြုလုပ်ပေးနေ၏။ ပကတိဒေဝီသည် သူ၏ ပဒုမာရွှေကြာလက်ဖြင့် သူ့အား တန်းဆာဆင်၍ လှပတင့်တယ်သော ဘုံဗိမာန် ဆောက်လုပ်ပေး၏။ မဇ္ဈိမဒေသ၏ အပြင်ဗဟိဒ္ဓ ပုံသွင်မှာ အလွန်ပင်မွေ့လျော်ဘွယ်ကောင်း၏။ သူ၏အတွင်းသဘောမှာ ထိုထက်ပင် ချစ်စဖွယ်ကောင်း၍ လှပတင့်တယ်၏။ ထိုတွင် ယဉ်ကျေးမှု အနုပညာနှင့် သက္ကတဘာသာ ဖြစ်ပေါ်ခဲ့၏။ ဝေဒ တည်းဟူသော ဉာဏရေကန်မှလျှံတက်လာသော အတွေးအမြင် ရေလျဉ်တို့မှာ အိန္ဒိယမှာသာမဟုတ်၊ကမ္ဘာ့နိုင်ငံအရပ်ရပ်တွင် ယနေ့တိုင် ပုံသွင်တမျိုးမျိုးဖြင့် ပျံ့နှံ့နေလေသည်။

ဗုဒ္ဓဓမ္မသည် ကမ္ဘာ၏ ကြီးကျယ်သော ဓမ္မတရားတို့တွင် တပါးအပါအဝင်ဖြစ်၏။ဗုဒ္ဓမြတ်စွာသည် အိန္ဒိယနိုင်ငံတွင် ပွင့်ထွန်းပေါ်ပေါက်ခဲ့၏။သူသည် ကမ္ဘာ၏ တောက်ပသော အဆင်တန်းဆာဖြစ်၏။ အခါကာလ ခေတ်သမယ အားလျော်စွာ ဓမ္မစကြာကို လှည့်ခဲ့ရာ နှစ်ပေါင်း၊နှစ်ထောင့်ငါးရာကျော်လွန်ခဲ့သည့် ယနေ့တိုင်အောင် ထိုဓမ္မတရား၏ တန်ခိုးရှိန်စော် အာနုဘော်မှာ လူ့အဖွဲ့အစည်းတွင် ယုတ်လျော့ခြင်းမရှိချေ။အာရှ၏

သေးငယ်သော အနှောက်ပိုင်းမျှကို မဆိုထားဘိ၊ ကမ္ဘာတဝှမ်းလုံးမှာပင် သူ၏ အာနုဘော်မှာ အတုမရှိဖြစ်၏။ ဗုဒ္ဓဓမ္မသည် ကုဋေပေါင်းများစွာသော သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာမင်္ဂလာကိုဖြစ်စေခဲ့လျက် ယင်းသည် ယနေ့လည်း ထိုသူတို့၏ အကောင်းဆုံးသော အကျိုးစီးပွါးကိုပြုလျက်ရှိ၏။ အနှောက်တိုင်းအတွေးအခေါ် အဘိဓမ္မာဆရာများ အပေါ်တွင် ဤဓမ္မနှင့်ဒဿန(အဘိဓမ္မာ)၏ ကြီးစိုးလွှမ်းမိုးခြင်းအာနုဘော်မှာ ရှေးအခါမှ ယနေ့တိုင်အောင်ပင်ဖြစ်၏။

ဗုဒ္ဓသည်လွန်ကဲထူးမြတ်သော သမ္မာသမ္ဗောဓိဉာဏ်ကိုရသောအခါ သစ္စာလေးပါး မြတ်တရားကို ထင်ရှားထုတ်ဘော်ခဲ့၏။ ထိုတွင်ရှေးဦးစွာသောသစ္စာမှာ ဒုက္ခဖြစ်၏။ဤလောကကြီးသည် ဆင်းရဲအတိပြီး၏။ဤစကားကို ကိုးကားပြီး ခေတ်သစ်ပညာရှိကြီးများက ဗုဒ္ဓဓမ္မကို မြှော်လင့်ချက်မရှိသော ‘နိရာသျဝါဒ’ ဟု စွပ်စွဲကြ၏။သို့ရာတွင် ဤစွပ်စွဲချက်မှာ စင်စစ်အမှားသက်သက်ဖြစ်၏။ယင်းအဖွင့်အပြ အဆိုအမိန့်မှာ အကယ်၍ ဒုက္ခ၏သဘောတရားမျှမှာသာ အဆုံးသတ်နေဘိမူ သူတို့၏ နိရာသျဝါဒဟူသော စွပ်စွဲချက်မှာ ဖြစ်နိုင်ပါသည်။သို့ရာတွင် ဗုဒ္ဓသည် ဒုက္ခ၏သမုဒယ(အကြောင်း)နှင့် ဒုက္ခ၏နိရောဓ (နိဗ္ဗာန်)ကိုထုတ်ပေါ်ပြီးလျှင်ထိုဒုက္ခနိရောဓ၏ လမ်းခရီး(မဂ္ဂ)ကိုလည်း အထင်အရှားညွှန်ကြားခဲ့လေသည်။သို့ကြောင့် အခြားသော အိန္ဒိယအဘိဓမ္မာများကဲ့သို့ ဤလောက၏ ဒုက္ခများမှ နောက်ဆုံးတွင် အပန်းဖြေမှုရခြင်းသည် ဗုဒ္ဓဓမ္မ၏ အမှတ်လက္ခဏာဖြစ်၏။အိန္ဒိယ၏သဘာဝအသိဉာဏ်အမြင်မှာ မြှော်လင့်ခြင်း အာသာဝါဒဖြစ်၏။ ယင်းသည် ဒုက္ခများမြောင် လူ့ဘောင်လောက၏ ပကတိပုံစံကို သိရှိ

ရန်ပုံနှိုးနေ၏။ ယင်းမှလွတ်မြောက်ရန်နည်းလမ်းကိုစူးစမ်းရာတွင် သူ၏ အလုံးစုံသောအစွမ်းသတ္တိကို အသုံးပြုခြင်းဖြင့် မြော်လင့်ချက်လုံးဝမရှိသော လောကတွင် မြော်လင့်ခြင်း အာသာကို ကျက်စားလျက် ကိလေသာအလျဉ်ကို နှစ်လိုဘွယ် အသွင်သို့ ယိမ်းယိုင်ကိုင်းညွတ်စေ၏။ အကြင်သူသည် လူများ၊ ပုရောဟိတ်များ၊ဒေဝတာများနှင့် ဘုရားသခင်ကိုယ်တိုင်၏ အကူအညီနှင့် ကင်း၍ ကောင်းမွန်ရေးနှင့်ပြည့်စုံကြွယ်ဝမှု (ကလျာဏသမ္ပဒါ) ကို ကိုယ့်အစွမ်းသတ္တိပေါ်တွင် တာဝန်ပေး၍ ပြောဆို၏။ထိုသူ၏ ဓမ္မကို မြော်လင့်ဘွယ် မရှိသော နိရာသျဝါဒီဟု စွပ်စွဲခြင်းမှာ စင်စစ်မှားယွင်း၏။ နည်းလမ်းမကျချေ။ လူ၏ လွတ်လပ်ခြင်း၊ သဘာဝအား မှီငြမ်းခြင်းနှင့် ကြီးကျယ် မြင့်မြတ်ခြင်းကို ညွှန်ပြမှုသည် ဗုဒ္ဓဓမ္မ၏ ကြီးမားသော ထူးခြားချက်ဖြစ်၏။

ဗုဒ္ဓဓမ္မ၏ အရင်းမူလ အယူအဆမှာ သုံးပါးရှိသည်(၁) သဗ္ဗံ အနိစ္စံ-အလုံးစုံအမြဲမရှိ။ (၂)သဗ္ဗံအနတ္တံ-အလုံးစုံသော အရာဝတ္ထုတို့သည် အတ္တ(အာတမာ) မှ ကင်း၏။ (၃)နိဗ္ဗာနံ သန္တံ-နိဗ္ဗာန်သည် ငြိမ်းချမ်း၏။ ဤသဘောတရားတို့ကို အသေးစိတ်လေ့လာမှုသည် ဗုဒ္ဓဓမ္မ၏ ထူးခြားချက်ကို သိမြင်ရန်အတွက်ဖြစ်လိမ့်မည်။

ကမ္ဘာ၏ အလုံးစုံသော အရာဝတ္ထုတို့သည် အနိစ္စဖြစ်၏။ တည်မြဲခြင်းမရှိ၊ ထာဝစဉ် တည်မြဲသည့် တစုံတခုသော ဝတ္ထု ထင်ရှားမရှိချေ။ ဤအယူအဆ၏ တစိတ်တဒေသမှာ အခိုက်အတန့်(ခဏိကတာ) ဝါဒဖြစ်၏။ လောကသည် အတိုင်းအရှည်

ပမာဏသဘောဖြစ်၏။ ဘယ်အရာဝတ္ထုမျှအစဉ်ထာဝရ မရှိချေ။ ခဏတိုင်း-ခဏတိုင်းတွင် အရာဝတ္ထုများ အတိုင်းအရှည်ပမာဏ ပြောင်းလဲနေကြသည်။လောကတွင် သတ္တဝါမရှိ၊ အတိုင်းအရှည် ပမာဏသည်သာ သက်သက်သစ္စာဖြစ်၏။ယင်းသည် ဗုဒ္ဓဒဿန၏ မူချအယူအဆဖြစ်၏။ဂရိဂ်အဘိဓမ္မာဆရာဟိရေကလိတက်စ်သည် လည်း ပြောင်းလဲမှု(ပရိဝတ္တန)သဘောတရားကို လက်ခံသည်။ သို့ရာတွင် ဗုဒ္ဓ၏ ဤအယူအဆသည် ဂရိဂ်အဘိဓမ္မာဆရာထက် များစွာသာလွန်၍ ရှေးကျသည်။

အလုံးစုံသော အရာဝတ္ထုတို့သည် အတ္တ(အာတမာ)မှ ကင်း၏။ အတ္တ၊ဇီဝ (အသက်)ဟူသော အမည်နာမဖြင့် ခေါ်ဝေါ်နေသော အရာတို့သည် လွတ်လပ်သော သတ္တဝါ မဟုတ်ချေ။ ယင်းသည် သက်သက် စိတ်ညွတ်ခြင်း၏ အပေါင်းအစုမျှသာဖြစ်၏။ စင်စစ်ဒြပ်၏သတ္တဝါ မဟုတ်ချေ။ယင်းသည်ကြံဆအပ်သော ဂုဏ်တို့၏ အပေါင်းအစုမျှသာဖြစ်၏။ ယင်းသဘောတရားသည် အတွင်းအဇ္ဈတ္တနှင့် အပြင်ဗဟိဒ္ဓ-လောကနှစ်ပါး၏ ပဒတ္ထလျှော် အရာရှိ၏။ အတွင်းအဇ္ဈတ္တ စိတ်လောက၏ အရာဝတ္ထုပုံသွင်နှင့် လည်းတကွမဖြစ်ချေ။ အပြင်ဗဟိဒ္ဓလောက၏ အရာဝတ္ထုလည်း မဟုတ်ချေ။ရှေးဦးစွာ အစိတ်အပိုင်း၏ အမည်နာမမှာ ပုဂ္ဂလနိရာတမျ(ပုဂ္ဂိုလ်တွင် အတ္တမရှိခြင်း)ဖြစ်၍ နောက်အစိတ်အပိုင်းမှာ ဓမ္မနိရာတမျ(ဓမ္မတွင် အတ္တမရှိခြင်း)ဖြစ်၏။နှစ်ပါးစုံကိုအတူတကွ ပေါင်းဆုံပေးခြင်းကြောင့် သံသရာကမ္ဘာလောကကြီးတခုလုံးမှာ အတ္တသုည ဖြစ်ကြောင်းထင်ရှား၏။ ဤအယူအဆ၏ လေ့လာစူးစမ်းခြင်းကို ဟီနယာနနှင့် မဟာယာနတွင် များစွာသော ယုတ္တိတို့ဖြင့် တွေ့မြင်ရပေလိမ့်မည်။

နိဗ္ဗာန်သည်သာသန္တ(ငြိမ်းချမ်းမှု)ဖြစ်၏။လောကမှာ ဒုက္ခ၏ နိုင်ငံဖြစ်၏။ ယင်းမှလွတ်မြောက်ခြင်းသည်သာ လူ့ဘဝ၏ မြင့်မြတ်သော အမှတ်လက္ခဏာဖြစ်၏။ ကာမနှင့်တဏှာကြောင့် လောကကြီးဖြစ်လာ၏။ တဏှာအစရှိသော ကိလေသာ အညစ်အကြေးတို့၏ မူလမှာ အဝိဇ္ဇာဖြစ်၏။ အဝိဇ္ဇာကိုမဖြိုခွင်းနိုင်သမျှ ဒုက္ခလွတ်ငြိမ်းခွင့်ကိုမရနိုင်၊သို့ကြောင့်သတ္တဝါတို့မှုချလိုအပ်သည်မှာ သီလ,သမာဓိ, ပညာဖြစ်၏။ယင်းသည် ဗုဒ္ဓမြေ၏ ရတနာသုံးပါးဖြစ်၏။ သတ္တဝါဖြစ်ပေါ်မှု ငြိမ်းအေးကြောင်းဖြစ်၏။ ဤသို့လျှင် ဗုဒ္ဓသည် လောက၏ ဒုက္ခအတိပြီးသောဘဝမှ လွတ်ငြိမ်းချမ်းသာခွင့်ရရန်အတွက် နိဗ္ဗာန်ကို သန္တဟု မိန့်ကြားတော်မူခြင်းဖြစ်၏။

ဤမူလ အယူအဆ၏ အဖွင့်အပြကိုယူ၍ အမျိုးမျိုးသော ဂိုဏ်းဂဏတို့ ပေါ်ပေါက်ခဲ့၏။ ဗုဒ္ဓမြေ၏ ပဓာန နှစ်ဂိုဏ်းမှာ ဟီနယာနနှင့် မဟာယာနဖြစ်၏။ဗုဒ္ဓမြေ၏ ရှေးဦးစွာသောပုံသွင်မှာ ဟီနယာနဖြစ်၍ အလားတူ ပွင့်လာသော အသွင်မှာ မဟာယာနဖြစ်လေသည်။ ဗုဒ္ဓ၏ ပုဂ္ဂိုလ်ရေး လေ့လာခြင်း ဖြင့် ဗုဒ္ဓမြေ၏ မူလအသွင်ကိုသိရန် လွယ်ကူသည်။ ဤတွင် ပထမဆုံး အာဒိကမ္မိကဖြစ်သော ဟီနယာန ဗုဒ္ဓမြေကို ဖွင့်ဆိုသွားပါမည်။ ထို့နောက် သူ၏မြေပွင့်ထွန်းသော မဟာယာနနှင့် ဝဇရယာန၏ဘက်သို့ မျှော်ကြည့်ပါမည်။ ဗုဒ္ဓဒဿန၏ အထူးထူးအပြားပြားသော ဂိုဏ်းများဖြစ်သည့်-ဝေဘာသိက, သုတ္တန္တိက, ယောဂါဝါရနှင့် မဇ္ဈိမိက၏ ကျယ်ပြန့်သော အယူအဆများကို တတိယပိုင်းတွင် ဖော်ပြပါမည်။ စတုတ္ထပိုင်းတွင် ဗုဒ္ဓတက္က,ယောဂနှင့် တန္တရ၏ အယူအဆ အပြင် ပြီးစီးကြောင်း အတိုင်းအရှည်

ပမာဏကို စိစစ်ပါမည်။ဤသို့လျှင် ဗုဒ္ဓဓမ္မ၏ အမျိုးမျိုးသော ရုပ်ပုံတို့၏ ကျယ်ပြန့်ခြင်းအကြောင်းသည် ပကာတိ ကျမ်း၏ အကျဉ်းချုပ်ရည်ရွယ်ချက်-ဥဒ္ဒေသဖြစ်လေသည်။

## ဗုဒ္ဓဘဝကျင့်စဉ်

ဗုဒ္ဓဓမ္မ ထာပနာသော သမိုင်းကာလအတွင်း ဂေါတမဗုဒ္ဓပွင့်ထွန်းခဲ့၏။ သကျမုနိသည် နောက်ဆုံးဗုဒ္ဓဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာတို့ ယုံကြည်ကြ၏။များစွာသော ဘဝတို့တွင် ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူ၍ သူသည် ဤဉာဏ်တော်ကိုရခဲ့၏။ သူ၏ရှေ့တွင် ၂၃-ဆူသော ဗုဒ္ဓတို့သည် ခေတ်အမျိုးမျိုးတို့တွင် ဤဓမ္မတရားကို ဖြန့်ချိခဲ့ကြ၏။ သကျမုနိ၏ဘဝကို လေ့လာခြင်းအားဖြင့် ဤဓမ္မတရား၏ ထူးခြားချက်ကို သိရန်အတွက် အချက်အချာဖြစ်သည်။ရှေးသရောအခါ ကောသလ ဇနပုဒ်၏ ပဓာနမြို့ဖြစ်သော ကပိလဝတ္ထုသည် သကျတို့၏ ဂဏနိုင်ငံ (ပြည်သူ့အစိုးရ) ဖြစ်ခဲ့၏။ ထိုပြည်တွင် ဗုဒ္ဓမြတ်စွာ ဖွားမြင်ခဲ့၏။ သူ၏ခမည်းတော်အမည်မှာ သုဒ္ဓေါဒနဖြစ်၍ မယ်တော်၏ အမည်မှာမဟာမာယာဖြစ်သည်။ဝိကြမ မပေါမီ သက္ကရာဇ် ၅၀၅-ခုနှစ်၊ဝိသာခါ (ကဆုန်) လပြည့်နေ့တွင် လုမ္ဗိနီအမည်ရှိသော ဥယျာဉ်မှာ သူ့ကိုဖွားမြင်ခဲ့၏။ မဟာမာယာဒေဝီသည်သားဖွားပြီး၍ ခြောက်ရက် သို့မဟုတ်၊ ခုနစ်ရက်နောက်မှာ ပင်တမလွန်လောကသို့ ပြောင်းသွားလေသည်။

**မဟာဘိနိက္ခမန -** သို့ကြောင့် သူ့အားမွေးမြူ စောင့်ရှောက်ဘို့ သူ၏မိထွေးတော် ပဇာပတီ မိဘုရား၏ အပေါ် တာဝန်ကျ၏။သူ၏ အမည်နာမကို

သိဒ္ဓတ္ထဟု မှည့်ခေါ်၏။ ထိုအချိန်အခါက အစဉ်အလာအား လျော်စွာသင်ကြားအပ်သည့် အလုံးစုံသောအတတ်ပညာတို့တွင် တဘက်ကမ်းရောက် တတ်မြောက်လျက် သိဒ္ဓတ္ထသည်သူ၏ အစ စွာသော ၁၉-နှစ်ကိုလောကီဘဝတွင်ကုန်လွန်စေ၏။ ဤအတွင်း တွင် သူ၏ ထိမ်းမြားမှုမှာ ဒေဝဒဟမင်းသမီး ယသောဓရာ (ဂေါပါ) ဒေဝီနှင့် အတူတကွဖြစ်၏။ မွေးဖွားစဉ်အခါက နက္ခတ်ဆရာတို့သည် သူ့အား အာရုံတွင် ဝိရာဂနှင့် ပြည့်စုံသည့် အနာဂတ်အသံတည်း ဟူသော သစ္စာကို ထုတ်ဖော်လိမ့်မည်ဟု ဟောကြသည်။ မင်းစည်းစိမ်ကို ခံစားရသော်လည်း သူ၏စိတ်ကို ဝိရာဂဖြင့် အမြဲသွန်းလောင်းနေ၏။ သူ၏သဘာဝက ဘဝသံ သရာကို စက်ဆုပ်နေစဉ် ခရီးလှည့်လည်ရာ သူအို၊သူနာ၊သူသေနှင့် ရဟန်းတို့ကိုတွေ့မြင်ရ၍ သူ၏ စိတ်တွင် ဘဝသံသရာ၏ အနိစ္စ သဘောကိုပို၍ပြီးထိတ်လန့်သွား၏။ သို့ကြောင့် ၂၉-နှစ်တွင် နူပျို သော ကြင်ယာတော်၏ အချစ်အတိုပြီးသော ပွေ့ဖက်ခြင်း၊ ဖွါးစကလေး၏ ကြည်နူးဘွယ်အတိုပြီးသောကြည့်ရှုခြင်း၊ ထိုမှ တပါး ကျယ်ဝန်းသော သမတနိုင်ငံ၏ စည်းစိမ်ချမ်းသာကို ရက် ရက်စွန့်၍ သူသည်တောခရီးကို ယူလိုက်၏။ သူ၏အိမ်ဂေဟာစွန့် ခွါခြင်းသည် 'မဟာဘိနိက္ခမဏ' အမည်ဖြင့် ထင်ရှား၏။

**ဓမ္မစကြ ပဝတ္တန**

ထို့နောက် သူသည် များစွာသော နှစ်တို့ ပတ်လုံး ကောသလနှင့် မဂဓတောများတွင် လှည့်လည်၍ သင့်လျော်သော ဆရာကိုရှာဖွေ ခဲ့သည်။ ဤတွင် သူသည် အာဠာရ ကာလာမအမည်ရှိသော ဆရာ နှင့်တွေ့၏။ ဆရာသည်သူ့အားအတ္တနှင့် ဝပ်လျှိုးသော လမ်းကို သင်ကြားပေး၏။ ထိုလမ်းမှာ သချ်အယူအဆနှင့် အလျော်

ဖြစ်၏။ ခြောက်နှစ်တိုင်မျှ သူသည်ပြင်းထန်လှစွာသော တပ အ ကျင့်ကို ကျင့်၍ သူ၏ ကိုယ်ခန္ဓာကို ကြုံလှီချောက်ကပ်စေခဲ့၏။ သို့ရာတွင် သူသည် သမ္ဗောဓိကိုမရချေ။ထိုအခါ သူသည်ဤလမ်းစဉ်ကိုအချည်းနှီးဟုမြင်၍ ဗုဒ္ဓဂယာ၏ အနီး'ဥရုဝေလာ'အမည်ရှိသော ဌာနတွင် အရိယာသစ္စာတို့ကိုထင်ရှားစွာတွေ့မြင်၍ ထိုနေ့မှာပင် ဗုဒ္ဓ၏အဆင့်သို့ရောက်ခဲ့လေသည်။ ဝိကြမ နှစ်မပေါမီ ၄၇၁-ခု၊ ကဆုန်လပြည့်နေ့ကိုအတ္တလောကမှ အနတ္တလောက အဖြစ်သို့ ရောက်သောနေ့ဟု သတ်မှတ်ကြ၏။ ထိုစဉ်အခါက သိဒ္ဓတ္ထမှာ ၃၅-နှစ်အရွယ် လုလင်ပျိုဖြစ်၏။ ထိုနောက် ထိုနှစ် ဝါဆိုလပြည့်နေ့မှာ ကာသီ၏ အနီးမိဂဒါဝုန် (ဣသိပတန-သာရနာထ) တွင် ကောဏ္ဍည အစရှိသောပဉ္စဝဂ္ဂီရဟန်းတို့၏ မျက်မှောက်၌ သူ၏ ဓမ္မတရားကို ပထမဟောကြားတော်မူ၏။ ယင်းသည်'ဓမ္မစက္ကပဝတ္တန'အမည်ဖြင့်ဗုဒ္ဓစာပေတွင် ထင်ရှား၏။

ထိုနောက် သူသည် သူ၏ကြွင်းသော အသက်ကို ဤဓမ္မတရား ဖြန့်ချိခြင်းဖြင့် ကုန်လွန်စေ၏။သူ၏ တိုင်းပြည် ဂဏနိုင်ငံ (ပြည်သူ့ အစိုးရ)၏ စံပြအနေဖြင့် သူသည် ဘိက္ခုတို့အတွက် သံဃအဖွဲ့ အစည်း ဖွဲ့စည်းပြီးလျှင် ထိုသံဃာတို့လိုက်နာရမည့် ဥပဒေသကိုလည်းပြု၏။ ယင်းကို 'ဝိနယ ပိဋက'တွင် ပေါင်းစုထား၏။

**နိဗ္ဗာန** ပဏ္ဍိတ်တို့၏ ဘာသာဖြစ်သော သက္ကတကို စွန့်ပယ်၍ ဗုဒ္ဓသည် သာမန်လူတို့၏ အသဲနှလုံးတိုင်အောင် ရောက်စေနိုင်ရန်အတွက် ထိုစဉ်အခါက လောက ဘာသာ (ပါဠိ)ကို အမှီပြု၏။ ဓမ္မ၏ အဖွင့်အပြမှာလည်း သူသည် သဘောတရားတို့ကို သိရန်အတွက် ကထာပုံပြင်နှင့် ဥပမာများ

ပေးရန် အစီအစဉ်ကို လက်ခံခဲ့၏။ ထို့ကြောင့်လည်း သူအသက် ထင်ရှားရှိစဉ်မှာပင် သူ၏ ဓမ္မတရားသည် အရပ်လေးမျက်နှာတွင် ပျံ့နှံ့ခဲ့ခြင်းဖြစ်၏။ နောက်ဆုံး ဝိကြမ သက္ကရာဇ်၏ ရှေးဖြစ်သော ၄၂၆-ခုနှစ်၊ ကဆုန်လပြည့် သက်တော် ၈၀-မှာ မလ္လတို့၏ ဂဏ တန္တရမင်းနေပြည် ကုသိနဂရ (ယခု ကဆယာ၊ ကိုရခပုရ် ဒိစတြိတ်)တွင် ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်သို့ ကြွသွားခဲ့၏။ ဤသို့ လျှင် ဗုဒ္ဓဓမ္မ၏သမိုင်းတွင် ကဆုန်လပြည့်၏ တိထိကို လွန်စွာမြင့် မြတ်သည် ဟု ယူဆကြ၏။ အကြောင်းမှာ ဤတိထိမှာပင် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ဖြစ်သော ဖွားတော်မူခြင်း၊ ဘုရားအဖြစ်သို့ရောက် တော်မူခြင်းနှင့် နိဗ္ဗာန်ဝင်စံခြင်းတို့ ဖြစ်တော်မူခဲ့သည်။ သူ၏ဘဝ နှင့် ဆက်စပ်သော လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ သာရနာထနှင့် ကုသိနဂရ (ကုသိနာရုံ) တို့ကို လွန်စွာ မြင့်မြတ်သည် ဟု ယူဆကြလေ သည်။

## ၂—ဗုဒ္ဓဝစန (တိပိဋက)

မြတ်စွာဗုဒ္ဓသည် သာမန်လူတို့ပြောဆိုသော ဘာသာစကား ဖြင့် သူ၏ဥပဒေသများကို ညွှန်ပြခဲ့၏။ထိုစကားကို ထိုစဉ်အခါ က ကောသလနှင့် မဂဓတွင် ပြောဆိုကြသည်။သို့ကြောင့် သူ၏ အမည်မှာ 'မာဂဓီ'(မာဂဓိ)ဘာသာဖြစ်ခဲ့သည်။ ယင်းကိုပင် ယခုအခါ 'ပါဠိ'အမည်ဖြင့် ခေါ်ဆိုနေကြ၏။ ဗုဒ္ဓ၏စကားနှင့် ဥပဒေသများ၏ တည်ရာကျမ်းများကို 'ပိဋက' (ခြင်းတောင်း) ခေါ်ကြ၏။ ပိဋကမှာ သုံးပါးရှိ၏-ဝိနယ၊ သုတ္တ၊ အဘိဓမ္မ။ ယင်း တို့၏ အတွင်းတွင် များစွာသော ကျမ်းများ သက်ဝင်လေ သည်။

**ဝိနယပိဋကာ** 'ဝိနယ' ၏ အနက်အဓိပ္ပါယ်မှာ နိယာမ အစဉ်အလာဖြစ်၏။ဘိက္ခုများ ဘိက္ခုနီများနှင့် ထိုအလုံးစုံတို့ကို စောင့်ရှောက်ရန်အတွက် ဗုဒ္ဓသည်အစဉ်အလာ နိယာမများ၏ ဥပဒေသကို ပေးခဲ့သည်။ ယင်းတို့၏ အပေါင်းသည် ဤပိဋကတွင်ဖြစ်၏။ ယင်းသည် အကျင့်အားစာရ ပဓာန ကျမ်းဖြစ်၍ ဗုဒ္ဓခေတ်အခါက အိန္ဒိယ လူ့အဖွဲ့အစည်း၏ နမူနာပုံစံပြရာတွင် ဤပိဋကမှာ အထူးပင် အကူအညီရ၏။ သူ့အား ဝိဘာဂသုံးပါးဖြင့် ဝေဘန်ခွဲခြားထားသည်။ (၁)သုတ္တဝိဘင်္ဂ (၂)ခန္ဓက၊ (၃) ပရိဝါရ ဝိဘင်္ဂတွင် အစဉ်အလာ အတိုင်း ဥပုသ်နေ့များတွင် ဘိက္ခုတို့ ဥပုသ်ပြုခြင်းလည်း အကြုံးဝင်သည်။ယင်းကို ပါတိမောက်ပြခြင်း ဟု ခေါ်ကြ၏။ ယင်းကိုလည်း ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်ဟု နှစ်ပိုင်းခွဲထား၏။ ခန္ဓက၏ပဓာန အခန်း နှစ်ခန်းမှာ (၁) မဟာဝဂ္ဂနှင့် (၂)စူဠဝဂ္ဂဖြစ်၏။ပရိဝါရ သို့မဟုတ် ပရိဝါရပါဌတွင် ယင်းအစဉ်အလာနိယာမတို့ကို အကျဉ်းချုပ် ဖွင့်ပြထားသည်။

**သုတ္တ—ပိဋက** ဝိနယ ပိဋက၏ ပဓာန အမှတ်လက္ခဏာမှာ'သဃ်ာ'အားဆုံးမခြင်းဖြစ်၏။ ထို့အတူ သုတ္တပိဋက၏ ပဓာနအချုပ်မှာဓမ္မ၏ တည်ရာဖြစ်၏။ ဗုဒ္ဓသည် အခွင့်အခါ အားလျော်စွာ အမျိုးမျိုးသော ဓမ္မတရားသင်္ဂန်းစာတို့ကို ဟောကြားတော်မူခဲ့၏။ ယင်းတို့၏ အပေါင်းအစုသည် ဤပိဋကတွင်ဖြစ်၏။ဗုဒ္ဓ၏ ဘဝနှင့် ဥပဒေသတို့ကို သိရန်အတွက် ဤပိဋကသည် ကျွန်ုပ်တို့၏တခုတည်းသော အား

ထားရာဖြစ်၏။ ယင်းကို အပိုင်းကြီးငါးပိုင်းခွဲခြားပြီး 'နိကာယ' (သဂ်ဳဟ)ဟုခေါ်ကြ၏။

(၁) ဒီဃနိကာယ။ ရှည်လျားသော ဥပဒေသတို့၏အပေါင်းဖြစ်သော ၃၄-သုတ် ပါဝင်သည်။ယင်းတို့တွင် ပထမ 'ဗြဟ္မဇာလသုတ်'မှာ ဗုဒ္ဓခေတ်က ဝါသဒ (ဝါဒသေဌ)အဘိဓမ္မာဆရာ၏ အယူအဆများကို ဖွင့်ပြထား၍ အိန္ဒိယအဘိဓမ္မာသမိုင်းအတွက် အလေးအမြတ် ပူဇော်အပ်၏။သာမည-ဖလသုတ်တွင် ဗုဒ္ဓခေတ်အခါက လွန်စွာထင်ရှားသော တိတ္ထကာရ(တိတ္ထိ)ဆရာကြီးများ၏ အယူအဆများကို ဖွင့်ပြထား၏။ သူတို့ကား (၁)ပူဏ္ဏကဿပ (ပူရာဏကဿပ)၊ (၂)မက္ခလိဂေါသာလ (၃)အဇိတကေသကမ္ဗလ (၄)ပကုဓကစ္စာယနနှင့် (၅)နိဂဏ္ဌနာဋပုတ္တ-တို့ဖြစ်ကြ၏။ တေဝိဇ္ဇာသုတ် (၁-၁၃)တွင် ဗုဒ္ဓသည် ဗေဒကျမ်းပြုရသေ့ကြီးများအား ရည်ညွှန်းလျက် အထူးစဉ်းစားချက်ရစေရန် ဝေဘန်မှုပေးထား၏။

(၂) မဇ္ဈိမနိကာယ။အလယ်အလတ်ဖြစ်သော ၁၅၂-သုတ်တို့၏ အပေါင်းဖြစ်သည်။ သစ္စာလေးပါး 'ကမ္မ'ဈာန သမာဓိ၊ အတ္တဝါဒ၏အပြစ်၊ နိဗ္ဗာန-အစရှိသော အကြောင်းအရာတို့ကို ဟောကြား၏။ စကားပြော၏အသွင်ဖြစ်သောကြောင့် အလွန်စိတ်ဝင်စားဘွယ်ကောင်း၏။

(၃) သံယုတ္တနိကာယ။ ရောစပ်သော ၅၆-သုတ်တို့၏ အပေါင်းဖြစ်သည်။

(၄) အင်္ဂုတ္တရနိကာယ-။၁၁-ခု သော နိပါတ်၊သို့မဟုတ် ဝိဘာဂအပိုင်း အခြားကို ဝေဘန်သော အယူဝါဒ၏ တည်ရာဖြစ်သည်။

(၅) ခုဒ္ဒက နိကာယ။ ဤနိကာယ်တွင် ၁၅-ကျမ်းပါဝင်သည်။

(၁) ခုဒ္ဒကပါဌ။ ယင်းမှာ လွန်စွာသေးငယ်သောကျမ်းဖြစ်၏။ ဤတွင် အစိတ်အပိုင်းကိုးခုပါဝင်သည်။ အစတွင် သရဏဂုံသုံးပါး၊ ဆယ်ပါးသီလ၊ ကုမာရ ပြဿနာ၏နောက်တွင် မင်္ဂလသုတ်၊ ရတနသုတ်၊ တိရောကုဋ္ဋသုတ်၊ နိဓိကဏ္ဍသုတ်နှင့် မေတ္တာသုတ်တို့ဖြစ်ကြ၏။ မင်္ဂလသုတ်တွင် မြတ်သော မင်္ဂလာများကို ဖွင့်ပြထား၏။ မေတ္တာသုတ်တွင် မေတ္တာ၏မွန်မြတ်သော ပွါးများမှုကို ကြည်ညိုစဖွယ် ဖွင့်ဆိုထား၏။

(၂) ဓမ္မပဒ။ ဗုဒ္ဓစာပေသမိုင်းတွင် အလုံးစုံတို့ထက် ထင်ရှား၍ လူကြိုက်များသော ကျမ်းမှာ ဓမ္မပဒဖြစ်၏။ ယင်းကိုကမ္ဘာပေါ်တွင် ယဉ်ကျေးသော ဘာသာတိုင်းမှာ ဘာသာပြန်ဆိုထားကြ၏။ ယင်းတွင် ဂါထာပေါင်း ၄၂၃-ပုဒ်ပါဝင်၍ဗုဒ္ဓမြတ်စွာသည် မိမိခေတ်ကာလကအမျိုးမျိုးသော တပည့်များအားဥပဒေသပေးခဲ့၏။ ဂါထာတို့တွင် နီတိနှင့် အကျင့်အာစာရ သင်္ခန်းစာတို့ဖြင့် ဖုံးလွှမ်းထား၏။ ကျမ်းကို ၃၆-ဝဂ်တို့ဖြင့် ဝေဘန်ထားရာ သူ၏ အမည်နာမကိုလည်း ဖွင့်ပြသည့်အကြောင်းအရာနှင့် တင်စားချက် ဥပမာများအပေါ်တွင်မှီငြမ်းထား၏။ ဥပမာ-ပုပ္ဖ-ပန်း၏ ဥပမာဖြင့် တင်စားထားသော ဂါထာအပေါင်းကို စုပေါင်း၍ 'ပုပ္ဖဝဂ်'ဟု သီးခြားဖေါ်ပြထား၏။ ဤဂါထာတို့တွင် ဗုဒ္ဓဓမ္မ၏ လူတိုင်းနှင့် သက်ဆိုင်ကြောင်းကို အလွန်စိတ်ဝင်စားဘွယ် အသွင်ဖြင့် ဖွင့်ဆိုထား၏။ အချို့သောဂါထာတို့မှာ သုတ္တနိပါတ် အစရှိသော ကျမ်းများမှဖြစ်၍ အချို့သောဂါထာတို့ကိုမူ မနု

နှင့်-မဟာဘာရတ စသည်တို့တွင် တွေ့မြင်နိုင်လေသည်။ ဥဒါဟ ရဏ်အတွက်ဂါထာတပုဒ်အောက်တွင် ဖော်ပြလိုက်၏။

အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလောဟိ ဗဟုဇ္ဇနော။

ဘာသာပြန်-ဥပမာ စစ်မြေပြင်တွင် ဆင်သည်လေးဖြင့် ပစ်သော မြှားကို သည်းခံသကဲ့သို့ ထို့အတူလျှင် ငါသည် ခါးသော်စကားဝါကျတို့ကို သည်းခံပေအံ့။ကမ္ဘာပေါ်တွင် အကျင့်သီလ ပျက်ယွင်းသော သူတို့များလှစွာ၏။

(၃)ဥဒါန-။ ဖြစ်ရိုးဖြစ်စဉ်ထက်လွန်ကဲခြင်းကြောင့်ရှင်လန်းဝမ်းမြောက်သောစကားသည် လူကြီးလူကောင်းတို့၏နှုတ်ပျားမှ တခါ-တခါ ထွက်ပေါ်သွား၏။ ထိုစကားကို ဥဒါန- ဥဒါန်းဟု ခေါ်ကြ၏။ ဤသေးငယ်သောကျမ်းတွင် ဗုဒ္ဓမြတ်စွာ၏ဤကဲ့သို့သော ဥဒါန်းများကို ပေါင်းစုထား၏။ ဥဒါန်းစကားဝါကျတို့၏ရှေ့အဖို့တွင် ကထာခေါ်ဝတ္ထုဇာတ်လမ်းနှင့်အကြောင်းအရာများကို ဖော်ပြထား၏။ ယင်းဇာတ်လမ်းပေါ် အမှီပြုပြီး စကားဝါကျဖြစ်ပေါ်လာခြင်းဖြစ်၏။ စကားဝါကျမှာ လွန်စွာစိတ်ဝင်စားဘွယ်ကောင်း၏။ ဗုဒ္ဓ၏လှပသော သင်္ခါးစာများနှင့် ဆက်စပ်နေ၏။ဤတွင်ဝဂ်(အစု)အပေါင်းရှစ်ခုပါဝင်၏။ခြောက်ခုမြောက် ဇာတျန္တဝဂ်တွင် သူကန်းများဖြင့်ဆင်၏ရုပ်သွင် မှတ်မိကြပုံ စိတ်ဝင်စားဘွယ် ပုံပြင်ကို တင်ပြထား၏။ ဤတွင် ဗုဒ္ဓ သင်္ခါးစာပေးလိုသည်မှာ လူတို့သည် သစ္စာ (အမှန်တရား)ကို ပြည့်ပြည့်စုံစုံ မသိမမြင်ကြဘဲ တစိတ်တဒေသ ရုပ်သွင်ကိုသာ သိမြင်ကြ၍ သူတို့သည် ဤနည်းတူစွာ အချင်းချင်း ဆန့်ကျင်သော စကားများ ပြောကြားကြသည်။

(၄) ဣတိဝုတ္တ။ ဤကျမ်းတွင် ဗုဒ္ဓအားဖြင့် ရှေးအခါက ပြောဆိုကြသော ဥပဒေသများကို ဖွင့်ပြထား၏။ ဤတွင်သေးငယ်သော အစိတ်ကလေး ပေါင်း ၁၁၂-ခုပါဝင်၏။ ဂါထာ စကားပြေနှစ်တွေရောနှောနေ၏။ဤနာမည်၏ အနက်အဓိပ္ပါယ်မှာ-"ဤသို့ဆိုကြ၏" ဖြစ်၏။ ထို့ပြင် ဥပဒေသတိုင်း၏ ရှေ့တွင် ဤသဒ္ဒါပြယုဂ်ကို ပေါ်ထွတ်ထား၏။ ဥပမာတို့ဖြင့်သခ်ာစကို နှလုံးသားသို့ရောက်အောင် ပို့ဆောင်နိုင်လေသည်။

(၅) သုတ္တနိပါတ။ ဗုဒ္ဓစာပေသမိုင်းတွင် လွန်စွာထင်ရှားသောကျမ်းဖြစ်၏။ ဤတွင် ၅ ဝဂ်နှင့် ၇၂-သုတ်ပါဝင်၏။ ဤသုတ်တို့တွင် ဗုဒ္ဓမူ အယူအဆနှင့်ပတ်သက်သော ဖွင့်ပြချက်တို့မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်း၏။ များသောအားဖြင့် တကျမ်းလုံးမှာ ဂါထာပုံစံဖြစ်၏။ တခါတရံပုံပြင် ကလေးများကို လွယ်ကူစေရန်အတွက် စကားပြေစပ်ယှဉ်ထား၏။ပဝဇ္ဇာသုတ်နှင့် ပဓာနသုတ်တွင် ဗုဒ္ဓဘ၏ ပဓာန အကြောင်းအရာ များကိုထိုသို့ ပင်ဖွင့်ပြထားလေသည်။

(၆) ဝိမာနဝတ္ထု } ဤနှစ်ကျမ်း၏ အကြောင်းအရာမှာ တူ
(၇) ပေတဝတ္ထု } ၏။သေလွန်ပြီးနောက် ကုသိုလ်ကောင်းမှုပြုသောသူများကောင်းရာသုဂတိသို့ရောက်ကြ၍ မကောင်းမှုအကုသိုလ်ပြုသူများ ဒုဂ္ဂတိဘဝသို့ ရောက်ကြ၏။ဤကျမ်းများကို အသေးစိတ်လေ့လာခြင်းဖြင့် ဗုဒ္ဓ၏ပြိတ္တာနှင့် ပက်သက်သောယူဆချက်နှင့် အတွေးအခေါ်တို့၏ အထူး လေ့လာချက်ကို ကျွန်ုပ်တို့ရနိုင်၏။

(၈) ထေရဂါထာ } ဗုဒ္ဓဓမ္မကို လက်ခံကြသောဘိက္ခုများ
(၉) ထေရီဂါထာ } နှင့် ဘိက္ခုနီများသည် သူတို့၏ အယူအဆနှင့် ရည်မှန်းချက်ကို ပုံဖော်၍ ဂါထာတို့ဖြင့် ဖွဲ့ဆိုကြ၏။ ထိုဂါထာတို့၏ အပေါင်းသည် ဤကျမ်းတို့တွင်ဖြစ်၏။ ထေရဂါထာတွင် ကဗျာ ၁၀၇-ပုဒ်ရှိ၍ ဂါထာပေါင်း ၁၂၇၉-ခုပေါင်းစုနေ၏။ ထေရီဂါထာမှာ သူ့ထက်သေးငယ်၏။ ယင်းတွင် ကဗျာ ၇၃-ပုဒ်ရှိ၍ ၅၂၂-ဂါထာ ပါဝင်၏။ ဤဂါထာတို့သည် စာပေသမိုင်း ရှုထောင့်ဖြင့်ကြည့်ပါလျှင် နှိုင်းယှဉ်စရာမရှိကြချေ။ ယင်းတို့ကိုဘတ်ရှုခြင်းဖြင့် ဂီတ-ကဗျာကဲ့သို့သောနှစ်သက်မှုကို ရနိုင်၏။ ဥဒါဟရဏ်အတွက် ဒန္တိကာအမည်ရှိသောထေရီ၏ ဤဂါထာမှာ အဘယ်မျှ ကြည်နူးဘွယ် ကောင်းပါသနည်း။

ဒိသွာ အဒန္တံ ဒမိတံ၊ မနုဿာနံ ဝသံ ဂတံ။
တတော စိတ္တံ သမာဓေမိ၊ ခလုတာယ ဝနံ ဂတာ။

(၁၀)ဇာတက။ ဇာတက၏ဆိုလိုချက်မှာ ဗုဒ္ဓ၏ ရှေးဘဝနှင့် ဆက်စပ်သော အကြောင်းအရာ ဇာတ်လမ်းများဖြစ်၏။ ဤတွင် ဇာတ်ဝတ္ထုပေါင်း ၅၅၀-ရှိ၏။ စာပေနှင့်သမိုင်းရှုထောင့်ဖြင့် သူ၏လွန်ကဲသော ကြီးစိုးလွှမ်းမိုးခြင်းမှာ မြင့်မားလှစွာ၏။ ဗုဒ္ဓ၏ အနုပညာအပေါ်မှာသော်လည်း ဤဇာတကတို့၏ အာနုဘော်မှာလွန်ကဲနေ၏။ အကြောင်းကား ဤဇာတ်ဝတ္ထုတို့သည် များစွာ ရှေးကျသော နေရာဌာနတို့တွင် ကျောက်တုံးများပေါ်၌ ထုထွင်းထားကြ၏။ ဇာတ်ဝတ္ထုတို့၏ မူချရည်ရွယ်ချက်မှာ ဗုဒ္ဓ၏ သင်ကြားချက်တို့ဖင်ပြစ်၏။ သို့ရာတွင် အတူတကွပင်

ဝိကြမ၏ ရေးခြောက်ရာစုက အိန္ဒိယနိုင်ငံ၏ လူ့အဖွဲ့အစည်းနှင့် စီးပွါးရေးအခြေအနေ၏ပုံသွင်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်ကြသည်။ ဤအချက်မှာ လွန်စွာအဖိုးထိုက်တန်၍ လေးစားမြတ်နိုးထိုက်လှပေသည်။

(၁၁) နိဒ္ဒေသ။ ဤသဒ္ဒါ၏ အနက်အဓိပ္ပါယ်မှာ အဖွင့်ဗျာချာပင်ဖြစ်၏။ ယင်းတွင် မဟာနိဒ္ဒေသနှင့် စူဠနိဒ္ဒေသ ဟုနှစ်ပိုင်းရှိ၍ အဋ္ဌကဝဂ်နှင့် ခဂ္ဂဝိသာဏသုတ် (သုတ္တနိပါတ်၏ တတိယမြောက်သုတ်)ကို အစဉ်အတိုင်း ဖွင့်ပြသွား၏။ ရှေးအခါက ပါဠိသုတ်များကို အဘယ်ပုံဖွင့်ပြကြောင်းသိရ၏။

(၁၂) ပဋိသမ္ဘိဒါမဂ္ဂ။ (ခွဲခြမ်းစိတ်ဖြာသောလမ်း) ဤကျမ်းတွင် အပိုင်းကြီးသုံးပိုင်းရှိ၍ ဗုဒ္ဓအယူအဆ၏ ကြီးကျယ်မြင့်မြတ်သောအကြောင်းအရာတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဖွင့်ပြထားလေသည်။

(၁၃) အပဒါန။ ဤကျမ်းတွင် ဗုဒ္ဓတပည့်သားတို့၏ဘဝနှင့် ပတ်သက်သော အချက်အလက်တို့ကို အလွန်စိတ်ဝင်စားဘွယ်ဖွင့်ဆိုထား၏။ ဝတ္ထုသမိုင်းတွင် ဗုဒ္ဓဓမ္မ၏ ထူးခြားချက်ဖြစ်သော်လည်း အလုံးစုံသော ဝတ္ထုတို့သည် ဇာတကတွင် အကြုံးမဝင်ကြချေ။ဗုဒ္ဓဓမ္မကို အမှီပြု၍ ထေရတို့၏ သိက္ခာပဒဘဝရုပ်သွင်သည် ဤတွင်စုပေါင်းနေ၏။ သက္ကတနွယ်သော မဟာယာနကျမ်းတို့တွင် 'အဝဒါန'ဟု ခေါ်၏။ နှစ်ကျမ်းလုံးကို နှိုင်းချိန်ပါမူ ကြီးကျယ်မြင့်မြတ်သော တည်ရာတခုတည်းသာတည်း။

(၁၄)ဗုဒ္ဓဝံသ။ ဤတွင် ဂေါတမဗုဒ္ဓအားဖြင့် ရှေးအခါက ပွင့်တော်မူခဲ့ကုန်သော ၂၄-ဆူကုန်သောဗုဒ္ဓတို့၏အကြောင်းအတ္ထုပ္ပတ္တိဂါထာတို့ကို ပြဆိုထား၏။အစတွင် မိတ်ဆက်နိဒါန်း

ကိုဖော်ပြပြီးလျှင် ထိုမှနောက်တွင် ၂၄-ဆူသောဗုဒ္ဓနှင့် နောက်ဆုံးတွင် ဂေါတမဗုဒ္ဓ၏ ပဓာနအကြောင်းအရာများကို ကဗျာအတိုဖြင့် ဖွင့်ဆိုသွား၏။ ဗုဒ္ဓမြတ်စွာတို့သည် ဂေါတမ ဗုဒ္ဓအားနှစ်ဆဲ့ငါးဆူမြောက် ဗုဒ္ဓဖြစ်သည် ဟု သတ်မှတ်ကြ၏။ သူ၏ရှေးတွင် ပွင့်တော်မူကြသော နှစ်ဆဲ့လေးဆူသော ဗုဒ္ဓတို့၏ အဆက်အနွယ်မှ ဆင်းသက်လာခြင်းဖြစ်၏။ ယင်းအခါတွင် ဤကျမ်းကို ကည်ဆောက်ခြင်းဖြစ်၏။

(၁၅)စရိယာပိဋက။ ဤကျမ်းတွင် ၃၅-ဇာတ်ကိုဂါထာအဖွဲ့ဖြင့် ဖွဲ့ဆိုထား၏။ ဇာတ်လမ်းမှာ ရှေးကျသော်လည်း သူ၏ဂါထာတို့မှာ လှပသော အသွင်ဖြင့် အသစ်ဖြစ်၏။ဤဂါထာ၏မူချရည်ရွယ်ချက်မှာ ရှေးအခါက ဘုရားလောင်းကျင့်ဆောင်ခဲ့သော ပါရမီတို့ကို ဖွင့်ပြခြင်းဖြစ်၏။ ပါရမီ၏ အနက်အဓိပ္ပါယ်မှာ ပြည့်စုံခြင်း၊တဘက်ကမ်းသို့ရောက်ခြင်းဖြစ်၏။ဤတွင်ပါရမီ ၆-ပါးကို ဖွင့်ဆိုထား၏။ ဒါန၊သီလ၊ အဓိဋ္ဌာန၊ သစ္စ၊ မေတ္တာ၊ ဥပေက္ခာ ဤပါရမီတို့၏ ထူးခြားသော အသွင်ကို ဖော်ပြရန်အတွက် ဤဇာတ်လမ်းကို စီစဉ်ခြင်းဖြစ်၏။ ဤသို့လျှင် ခုဒ္ဒကနိကာယ်တွင် ဤတဆဲ့ငါးကျမ်း၏ သင်္ချားစာများနှင့် အဖွင့်အပြကို စိတ်ဝင်စားဘွယ် ဖွင့်ပြထားလေသည်။

**အဘိဓမ္မ** — အဘိဓမ္မသည် ဗုဒ္ဓစာပေသမိုင်း၏ တတိယမြောက် ပိဋကဖြစ်၏။ အဘိဓမ္မာသဒ္ဒါ၏ အနက်ကို အရှင်အသင်္ဂအမည်ရှိသော ပုဂ္ဂိုလ်က မဟာယာနသုတ္တာလင်္ကာရကျမ်းမှာ (၁၁-၃) ဤသို့ဖော်ပြထား၏။

'အဘိဓမ္မာ' ဟူသော အမည်ကို အကြောင်းလေးပါးဖြင့် တည်ဆောက်ထား၏။ သစ္စာ၊ ဗောဓိ၊ ဝိမောက္ခ၊ သုခ အစရှိသော ဥပဒေသကို ပေးသောအားဖြင့် နိဗ္ဗာန်သို့ ရှေးရှု ဓမ္မတရားကို ညွှန်ပြသောကြောင့် အဘိဓမ္မာမည်၏။ ဓမ္မတရားတခုကို ညွှန်ပြသဖြင့် အထူးထူးအပြားပြား မြောက်မြားစွာကိုသိမြင်ရသော ကြောင့်လည်း အဘိဓမ္မာမည်၏။ သုတ္တပါးတို့၏အယူအဆကို ချီး ဖျက်သောကြောင့်လည်း အဘိဓမ္မာမည်၏။ ထိုမှတပါး သုတ္တန် တွင် ဟောကြားတော်မူသော အယူအဆ သဘောတရားများ ကို သင့်လျော်စွာ ဖွင့်ပြသောကြောင့် ဤပိဋကၡ၏ အမည်မှာ အဘိဓမ္မာမည်၏။

အကျဉ်းချုပ်အားဖြင့် ကျွန်ုပ်တို့ပြောနိုင်ပါသည်။ သုတ္တန် တွင် အကြမ်းအားဖြင့် ဟောကြားသော အယူအဆ ဥပဒေသ များကို အသေးစိတ် ချဲ့ထွင်ခြင်းသည် အဘိဓမ္မာ၏ ပဓာန ရည်ရွယ်ချက်ဖြစ်၏။ အကြင်အကြောင်းအရာကို သုတ္တန်တွင် ဗုဒ္ဓ သည် လူတိုင်းနားလည်သော အသွင်ဖြင့် ဟောကြားခဲ့၏။ ထိုအ ကြောင်းအရာကို စာပေရှုထောင့်ဖြင့် ဤပိဋကတွင် ချဲ့သွင် ထား၏။

အဘိဓမ္မာ ပိဋကကို ခုနစ်ပိုင်းခွဲခြားထား၏။

၁။ ဓမ္မသင်္ဂဏီ၊ ၂။ ဝိဘင်္ဂ

၃။ ဓာတုကထာ၊ ၄။ ပုဂ္ဂလ ပညတ္တိ၊

၅။ ကထာ ဝတ္ထု၊ ၆။ ယမက၊

၇။ ပဋ္ဌာန၊

(၁)ဓမ္မသင်္ဂဏီ။ ။အဘိဓမ္မာ ပိဋကတွင် ဤကျမ်းကို အလုံး စုံသော ကျမ်းတို့ထက် ကြီးကျယ် မြင့်မြတ်သော ကျမ်း ဟု ဆို

သင့်၏။ ဓမ္မသင်္ဂဏီ အဘိဓမ္မာ ပါဠိတော်မှာ မာနသိက စိတ်၏ဖြစ်ခြင်းတို့ကို ရေတွက်ခြင်း။ သို့မဟုတ် ဖွင့်ပြခြင်းဖြစ်၏။ ပါဠိဒ္ဒိကာတွင် ယင်း အနက်ကို ဤသို့ဖွင့်ဆို၏။

ကာမာဝစရ ရူပါဝစရာဒိ ဓမ္မေသင်္ဂဟာ သံခိပိတွာဝါ
ဂဏယတိ သင်္ချာတိ ဧတ္တာတိ ဓမ္မသင်္ဂဏီ။

အဘိဓမ္မာ ကာမာဝစရ, ရူပါဝစရ တရားတို့ကို အကျဉ်း ချုပ်၍ ဖွင့်ပြသော ကျမ်းဖြစ်၏။ ရှေးဟောင်းဗုဒ္ဓဓမ္မတွင်ပြုသော ကျမ်းဂန်နှင့် မနောဝိညာဉ်မှာ တခဲနက် ဆက်စပ်နေ၏။ ဤနှစ် ပါးသော အကြောင်းကို ဖွင့်ဆိုခြင်းမှာ ဤကျမ်း၏ ထူးခြား ချက်ဖြစ်၏။ ကျမ်းမှာ ခက်ခဲနက်နဲ၍ ပညာရှိ ရဟန်းများသာ လေ့လာသင်ကြားကြသည်။ သိဟိုဠ်ကျွန်းတွင် ဤကျမ်းကို အ လွန်လေးစားမြတ်နိုး၍ သဒ္ဓါကြည်ညိုသော မျက်စိဖြင့် ကြည့်ရှု ကြ၏။ ဤကျမ်းတွင် စိတ်၏ အမျိုးမျိုးဖြစ်ပုံများကို ဖွင့်ဆို ထား၏။

(၂)ဝိဘင်္ဂ။ ။ဝိဘင်္ဂသဒ္ဒါ၏ အနက်မှာ ခွဲခြမ်းဝေဘန်ခြင်း ဖြစ်၏။ ဤကျမ်းတွင် ဓမ္မသင်္ဂဏီ၏ အကြောင်းအရာကို ပိုပြီးချဲ့ ထွင်ထား၏။ အချို့သော အကြောင်းအရာကို ခွဲခြမ်းစိတ်ဖြာ သည်။ဓမ္မသင်္ဂဏီတွင် မပါဝင်သော အသစ်ဖြစ်သည့် အကြောင်း အရာများလည်း ဤကျမ်းတွင်ပါဝင်၏။ပထမပိုင်းတွင် ဗုဒ္ဓဓမ္မ၏ မူလအယူအဆတို့ကို ဖွင့်ပြ၏။ ဒုတိယပိုင်းတွင် သာမည ဉာဏ်မှ စ၍ဗုဒ္ဓ၏ မြင့်မြတ်သော အသိဉာဏ်တိုင်အောင် ဖွင့်ပြထား၏။ တတိယပိုင်းတွင် ဉာဏ်နှင့်ဆန့်ကျင်သော အကြောင်းအရာတို့ကို စူးစမ်းဖွေရှာထား၏။ နောက်ဆုံးပိုင်းတွင် မနုဿလူသားနှင့်လူမှု

တပါးသော သတ္တဝါများ၏ အခြေအနေအမျိုးမျိုးကို ဖွင့်ဆို ထား၏။

(၃) ဓာတုကထာ။ ။ဓာတ်၏ အကြောင်းအရာကို အမေး အဖြေပြု၍ ဤကျမ်းတွင်ဖေါ်ပြထား၏။ တဆယ့်လေးပိုင်းတို့ဖြင့် ပိုင်းခြားထားသော ကျမ်းကလေးဖြစ်၏။ ဓမ္မသင်္ဂဏီကျမ်းအား တနည်းတလမ်းအားဖြင့် ထောက်ပံ့ကူညီသောကျမ်း ဟု ဆိုနိုင် ၏။ဤတွင် ခန္ဓာ-အာယတန၊ဓာတ်၊သတိပဋ္ဌာန်၊ ဗိုလ်၊ဈာန်ဣန္ဒြေအစ ရှိသည်တို့၏ အထူးကို ဖွင့်ဆိုထား၏။

(၄) ပုဂ္ဂလပညတ္တိ။ ။ပုဂ္ဂလ၏ အနက်မှာ ဇီဝ(သတ္တဝါ) ဖြစ်၍ ပညတ္တိ၏ အနက်မှာ ဝေဘန်ခြင်း။သို့မဟုတ် ဖွင့်ပြခြင်း ဖြစ်၏။ သို့ကြောင့် အမျိုးမျိုးသော သတ္တဝါ (ဇီဝ) တို့၏ ဥဒါဟရုဏ်ပုံစံနှင့် ဥပမာ၏ အင်အားကို အကျယ်တဝင့် ဝေဘန် မှုသည် ဤကျမ်း၏တည်ရာဖြစ်၏။ ယင်းသည် သုတ္တနိပါတ်၏ နိကာယ်များမှ အကြောင်းအရာနှင့် အချက်အလက် ထူးခြား ခြင်းကိုမျှ၍ထား၏။ ယင်းမှာ ဒီဃနိကာယ် သံဂီတိ ပရိယာယ သုတ် (၃၃)နှင့် ခြားနားခြင်းမရှိလှချေ။ ဤတွင် ဆယ့်တပိုင်း ရှိ၏။

ဤအပိုင်းတို့တွင် ဂုဏ်တပါး, နှစ်ပါးမှစ၍ ဂုဏ်ဆယ်ပါးတိုင် အောင်ရှိသော သတ္တဝါ(ဇီဝ) တို့၏ အကြောင်းကို အကျယ်တ ဝင့် ဖွင့်ပြထား၏။ အောက်တွင် ဖေါ်ပြသော ဥဒါဟရုဏ်ဖြင့် ဤကျမ်းကို ခန့်မှန်းနိုင်၏။

အမေး။ ။ဤလောကတွင်ကြွက်လေးမျိုးရှိသကဲ့သို့လူလည်း လေးမျိုး ဘယ်ပုံရှိပါသနည်း။

အဖြေ။ ။ကြွက်လေးမျိုးရှိ၏(၁)အချို့ကြွက်တို့သည် ကိုယ်တိုင်တွင်းတူး၏။ သို့ရာတွင် ထိုတွင်းတွင် မနေချေ။ (၂)အချို့ကြွက်တို့သည် တွင်းထဲမှာကားနေပါသည်။ သို့ရာတွင် ကိုယ်တိုင်တွင်းမတူးချေ။ (၃) အချို့မှာ ထိုတွင်းထဲမှာလည်း နေသည်။ ကိုယ်တိုင်လည်း တွင်းတူးသည်။ (၄)အချို့ကား တွင်းလည်း မတူး တွင်းထဲမှာလည်းမနေချေ။ သတ္တဝါလည်း ဤသို့လေးပါးအပြားရှိ၏။အချို့လူတို့သည် သုတ္တ၊ဂါထာ၊ဥဒါန်၊ဇာတက အစရှိသည်တို့ကို လေ့လာကြ၏။ သို့ရာတွင် သစ္စာလေးချက်သဘောအနက်ကို ကိုယ်တိုင်မခံစားကြချေ။ ကျမ်းဂန်ကို သင်ကြားပါသော်လည်း ထိုကျမ်း၏သဘောတရားမှာ နှလုံးသားသို့မရောက်ချေ။ ဤကဲ့သို့သော သူများသည် ပထမကြွက်နှင့်တူ၏။ အချို့သူတို့သည် ကျမ်းဂန်ကို သင်ကြားလေ့ကျင့်ခြင်းကား မရှိကြချေ။ သို့ရာတွင် အရိယသစ္စာ၏ အာနုဘော်ကို ခံစားကြသည်။ ထိုသူတို့ကား ဒုတိယကြွက်နှင့်တူကြ၏။ အချို့မှာ ကျမ်းဂန်ကိုလည်း လေ့လာကြသည်။ ထို့နှင့်အတူပင် အရိယသစ္စာ၏ သဘာဝကိုလည်း ခံစားကြ၏။ ထိုသူတို့ကား တတိယမြောက်ကြွက်နှင့်တူကြ၏။ အချို့မှာ ကျမ်းဂန်ကိုလည်း လေ့လာခြင်းမရှိ၊ အရိယသစ္စာကိုလည်း ခံယူခြင်းမရှိချေ။ထိုသူတို့သည် စတုတ္ထမြောက် ကြွက်နှင့်တူကြ၏။

(၅)ကထာဝတ္ထု။ ။ဤအဘိဓမ္မာကျမ်းသည် ဗုဒ္ဓဓမ္မသမိုင်းကို လေ့လာရန်အတွက် အကောင်းဆုံးဖြစ်၏။ ကထာ၏ အနက်မှာ ဝိဝါဒ ငြင်းခုံခြင်းဖြစ်၍ ဝတ္ထု၏အနက်မှာအကြောင်းအရာဖြစ်သည်။ ဗုဒ္ဓဓမ္မ၏ (၁၈)ပါးသော သမ္ပဒါ(နိကာယ)တို့တွင် ဝိဝါဒဖြစ်သော အချက်အလက်တို့ကို လုပသော အစီ

အစဉ်ဖြင့် ရှင်းလင်းပြသောကျမ်းဖြစ်သည်။ အသောက ဘုရင်လက်ထက် တတိယသံဂါယနာတင်၏ ပဓာနဖြစ်သော မောဂ္ဂလိပုတ္တတိဿသည် ဤကျမ်းကို စီရင်သည်ဟု များစွာသော ပညာရှင်များ ယုံကြည်စွာ မှတ်တမ်းတင်ကြ၏။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး၍ နှစ်တရာအတွင်းမှာ ဗုဒ္ဓသံဃာတို့၏ အကျင့်သိက္ခာနှင့်အယူအဆ၊ ဝိနည်းနှင့် သုတ္တန်အကြောင်းအရာတွင် အမျိုးမျိုးအယူအဆကွဲပြားကြ၏။ အသောက လက်ထက်သို့ရောက်သောအခါ ဆန့်ကျင်ဘက် သမ္မဒါတို့၏ သင်္ချာမှာ ၁၈-တိုင်အောင် ရောက်ခဲ့၏။ ဤတဆဲ့ရှစ်ပါးသော နိကာယတို့ အချင်းချင်းဆန့်ကျင်သော အယူဝါဒတို့၏ ဖြေရှင်းချက်မှာ ဤကျမ်း၏ ထူးခြားချက်ပင် ဖြစ်၏။

(၆) ယမက။ ။ဤကျမ်းတွင်ပြသနာနှစ်မျိုးနှင့် အဖြေနှစ်မျိုးကို တင်ပြထား၏။ သို့ကြောင့် သူ့ကို ယမက ဟုခေါ်ကြ၏။ ကျမ်းမှာ ခက်ခဲ၍ ရှေးက အဘိဓမ္မာပါးကျမ်းတွင် ယုံမှားသံသယဖြစ်နေသည်များကို ပယ်ဖျောက်ရန်အတွက် ဤကျမ်းကို စီစဉ်ခြင်းဖြစ်၏။

(၇)ပဋ္ဌာန။ ။ဤကျမ်းနှင့် သဗ္ဗတ္ထိဝါဒ၏ ဉာဏပဋ္ဌာန်းမှာ အဘိဓမ္မာ၏ နောက်ဆုံးကျမ်းဖြစ်၏။ ပဋ္ဌာန်ကျမ်း၏အနက်မှာ အကြောင်းနှင့် ဆက်စပ်ခြင်းကို ညွှန်ပြခြင်းဖြစ်၏။ ကျမ်းမှာ ဧက,ဒုက နှင့် တိကဟူ၍ သုံးမျိုးရှိ၏။ ကမ္ဘာလောကတွင်ရှိသော အရာဝတ္ထုတို့သည်အချင်းချင်း ၂၄-ပါးသော အကြောင်းဖြင့် ဆက်စပ်နေကြ၏။ ဤဆက်စပ်ခြင်းကို ညွှန်ပြခြင်းသည် ဤကျမ်း၏ မူချအကြောင်းဖြစ်၏။ဤ ၂၄-ပါးသောပစ္စယ(အကြောင်း) တို့၏ အမည်ကား ဤသို့တည်း။

(၁) ဟေတုပစ္စယ၊ (၂) အာရမ္မဏ ပစ္စယ၊ (၃) အဓိပတိ ပစ္စယ၊ (၄) အနန္တရ ပစ္စယ၊ (၅) သမနန္တရပစ္စယ၊ (၆) သဟဇာတပစ္စယ၊ (၇) အညမည ပစ္စယ၊ (၈) နိဿယ ပစ္စယ၊ (၉) ဥပနိဿယ ပစ္စယ၊ (၁၀) ပုရေဇာတ ပစ္စယ၊ (၁၁) ပစ္ဆာဇာတပစ္စယ၊ (၁၂) အာသေဝန ပစ္စယ၊ (၁၃) ကမ္မပစ္စယ၊ (၁၄) ဝိပါက ပစ္စယ၊ (၁၅) အာဟာရ၊ (၁၆) ဣန္ဒြိယ၊ (၁၇) ဈာန၊ (၁၈) မဂ္ဂ၊ (၁၉) သမ္ပယုတ္တ၊ (၂၀) ဝိပ္ပယုတ္တ၊ (၂၁) အတ္ထိ၊ (၂၂) နတ္ထိ၊ (၂၃) ဝိဂတ နှင့် (၂၄) အဝိဂတ ပစ္စယ။

လောကတွင် ပရမတ္ထတခုတည်းသာရှိသည်။ ယင်းမှာ နိဗ္ဗာန်ဖြစ်၏။ ထိုမှတပါး လောကတွင်ရှိရှိသမျှ အရာဝတ္ထုတို့သည် အချင်းချင်းဆက်သွယ်နေကြ၏။ သူတို့သည် ဤ ၂၄-ပါးသော ဆက်စပ်ခြင်းဖြင့် ဆက်သွယ်နေကြ၏။ ကြောင်းကျိုးဆက်စပ်ခြင်းတို့မှာ သိမ်မွေ့နက်နဲလှသော်လည်း ထေရဝါဒတို့သည် ခက်ခဲစွာ စူးစမ်းလေ့လာကြ၏။ ကျမ်းမှာ သေးငယ်သော်လည်း ဒဿန ဆရာတို့၏ အမြင်မှာ အစဉ်ပင် ကြီးကျယ်မြင့်မားနေလေသည်။

ဗုဒ္ဓဒဿန၏ မူလအသွင်ကို သိရန်အတွက် အဘိဓမ္မာကိုလေ့လာရန် အမှန်ပင်လိုအပ်၏။ ထေရဝါဒီတို့သည် ဤကျမ်းကို ပိဋကများအတူပင် ပမာဏထား၍ ဗုဒ္ဓစစန (ဘုရားဟော) ဟု ယုံကြည်ကြ၏။ သို့ရာတွင် ဘာသာခြားတို့သည် သူ့ကို လေးစားသော မျက်စိဖြင့် မကြည့်ကြချေ။ ပိဋက၏ ရေးကြခြင်းကိုကား တစုံတရာ ယုံမှားဘွယ်ရာမရှိချေ။ ကထာဝတ္ထုကျမ်းပင် ခရစ်မပေါ်မီ တတိယ ရာစု အသောက မင်းလက်ထက်ကဖြစ်၏။အခြား (၆)ကျမ်းမှာ သူ့အယင် ရေးယခင်က စီရင်ခဲ့လေသည်။

**အဘိဓမ္မ သင်္ဂဟာ**

အဘိဓမ္မ ပိဋကမှာ ဟိမဝန္တာနှင့်တူ၏။ ဟိမဝန္တာမှာ အလျားအနံ ရှည်လျား၍ တောအထပ်ထပ်ဖြင့် တခဲနက် ပိတ်မှောင်နေခြင်းကြောင့် သက်ဝင်ရန်ခက်၏။ အဘိဓမ္မာပိဋကလည်း ထို့အတူပင်ဖြစ်၏။မြေပုံ၏အကူအညီဖြင့် ဟိမဝန္တာသို့ သက်ဝင်နိုင်သကဲ့သို့ အဘိဓမ္မတ္ထသင်္ဂဟာ၏ အကူအညီဖြင့် အဘိဓမ္မာကိုသက်ဝင်ရန် လွယ်ကူ၏။ ဤကျမ်းကို စီရင်သူမှာ ဘိက္ခုအနုရုဒ္ဓဖြစ်၍ ၁၂-ရာစုတွင် မြန်မာနိုင်ငံတွင်ဖြစ်၏။ (မြန်မာတို့ကမူ သီဟိုဠ်ကျွန်း အရှင်အနုရုဒ္ဓါ မထေရ် ဟု ဆိုကြ၏။) မြန်မာတို့သည် ရှေးအခါက စ၍ ယနေ့တိုင်အောင် အဘိဓမ္မာကို သရဇ္ဈာယ်၍ သရဇ္ဈာယ်ရန် မကျိုင်ပြုကြသည်။ ဤကျမ်း၏အပေါ်တွင် ခေတ်အမျိုးမျိုးမှ ဋီကာများဖွင့်ဆိုကြ၏။ယင်းတို့တွင် ဝိဘာဝိနီနှင့် ပရမတ္ထဒီပနီ ဋီကာတို့မှာ ပညာရှိတို့၏အမြင်အားဖြင့် လွန်စွာ မြင့်မားလှပေသည်။ ယခုအခါ ‘ဓမ္မာနန္ဒကောသမ္ဗိ’သည် ‘နဝနီတ’အမည်ရှိသော ဋီကာဖြင့် နက်နဲသော ပရမတ္ထဓမ္မတို့ကို လွယ်ကူစေရန် ဖွင့်ဆိုထား၏။ယင်းနှင့် ဆက်စပ်၍‘မိလိန္ဒပြဿနာ’မှာလည်း ထင်ရှားမှု မနည်းလှချေ။ ဗုဒ္ဓဒဿန၏ အယူအဆကို ဥပမာ,ဥပမေယျတို့ဖြင့် စိတ်ဝင်စားဘွယ်ဖွင့်ဆိုထားသဖြင့် ဤကျမ်းမှာ အဖိုးထိုက်၍ ထူးခြားလှပေ၏။ ဤကျမ်းတွင် အရှင်နာဂသေနနှင့် ယဝနဘုရင် မိလိန္ဒ(မိနေဏ္ဍရ) တို့ အချင်းချင်း မေးဖြေကြသော အသွင်ဖြင့် ဗုဒ္ဓ၏ ပရမတ္ထများကို ဖွင့်ပြထား၏။ဤကျမ်းဂန်တို့၏ အကူအညီဖြင့် ထေရဝါဒ၏ ဒဿနိက ရုပ်သွင်ကို တွေ့မြင်နိုင်လေသည်။

# ၃–ဗုဒ္ဓခေတ်လူများနှင့်ဓမ္မတရား

## (က) လူလောကအခြေအနေ

ဗုဒ္ဓဥပဒေသ၏ တန်ခိုးရှိန်စော် အာနုဘော်၏ လျှို့ဝှက်ချက်ကို သိရန်အတွက် ထိုစဉ်အခါက လူ့လောကနှင့် ဓမ္မတရား အခြေအနေကို ကောင်းစွာ သိရန်လိုအပ်လှပေသည်။ ပိဋကများကို စိတ်ဖြာလေ့လာခြင်းဖြင့် လူလောကနှင့် ဓမ္မတရားအခြေအနေ၏ စိတ်ဝင်စားဘွယ် ပုံသွင်ကို တွေ့မြင်နိုင်ပါသည်။ ဗုဒ္ဓခေတ်အခါက လူလောက၏အခြေအနေမှာလွန်စွာရှုပ်ထွေးနေ၏။ထိုတွင် အထူးထူး-အပြားပြားသော ဇာတ်များနှင့်အမျိုးအနွယ်များမှာ ညီမျှခြင်းမရှိကြချေ။ လူလောကသည် အမျိုးမျိုးသော လူတန်းစားတို့ဖြင့် ဝေဖန်ပိုင်းခြားထားသကဲ့သို့ပင် ဖြစ်နေ၏။ထိုတွင်သူတို့သည် သနားကြင်နာခြင်းနှင့် ဓမ္မတရား ဆာလောင်ခြင်းကို မျက်မှောက်ပြုနေကြ၏။ တောက်လောင်နေသော ဝမ်းမီးကို ငြိမ်းစေရန်အတွက် လက်ဖြန့်နေသူများလည်းရှိ၏။ ထိုလက်ကို လက်ချည်းသက်သက် ပြန်လည် မရုပ်သိမ်းစေသူများလည်းရှိ၏။ လူလောက၏ မညီမျှမှုသည် ပညာရှိတို့ အမြင်တွင် အံ့သြဘွယ်တရပ်ပင် ဖြစ်၏။

ဆာလောင်ခြင်းကို ငြိမ်းစေရန်အတွက် အချို့သော လူတို့သည် ပစ္စည်းရှင်တို့ ပေးကမ်းစွန့်ကြဲသမျှဖြင့် ရောင့်ရဲကြ၏။တက်ကြွသောသဘာဝရှိသည့် လူအချို့ကား လုယက်, ခိုးဝှက်ခြင်းဖြင့် သူတို့ဘဝ ကို ပြေလည်စေ၏။ စက္ကဝတ္တိသီဟနာဒသုတ်တွင် ခိုးသားထားပြတ္တိုဖြစ်ပေါ်လာခြင်းအကြောင်းရင်းကို ရှင်းလင်း

ဖွင့်ဆိုထား၏။ ဓနရှင်တို့၏ အပေါ်မှာသာ ခိုးသားတို့သည် လက်ရောက် ကျူးကျော်မည်မဟုတ်ချေ။ ဗုဒ္ဓဓမ္မနှင့် ဆန့်ကျင်သော သူများကြောင့် ဤကျူးကျော်မှုများ ဖြစ်ကြောင်းကိုလည်း အများအပြားပင် တွေ့မြင်နိုင်၏။ ဥဒါန်းတွင် ဖွင့်ဆိုထားသော အရှင်နာဂသမာလ၏ လုပသော အတ္တုပ္ပတ္တိသည် ဤသဘောတရားကို စူးစမ်းရန်အချက်ပင်ဖြစ်၏။ ဗုဒ္ဓခေတ်က လောကစည်းစိမ်ခံစားမှုတွင် နစ်မြုပ်နေသူများကို တွေ့မြင်ရ၍ ထိုအရှင်သည် ဤသို့ ဥဒါန်းကျူးလေသည်။

ကာမန္ဓာ ဇလ သဉ္ဆန္နာ၊ တဏှာ ဆဒန ဆာဒိတာ။
ပမတ္တာ ဗန္ဓုနာ ဗန္ဓာ၊ မစ္ဆာဝ ကုမိနာ မုခေ။

(ကာမဂုဏ်လိုက်စားသော လူများ၏ အခြေအနေမှာ ငါးများနှင့်တူလှပေ၏။ ငါးတို့သည် ရသတဏှာဖုံးလွှမ်းခြင်းကြောင့် ပိုက်ကွန်တွင်မိကြ၏။ မျှားချိတ်တွင် ငြိကြ၏။ ထို့အတူ ကာမလိုက်စားသော လူသည် ပိုက်ကွန်တွင်မိနေ၏။ တဏှာ၏ အဖုံးအလွှမ်းဖြင့် ဖုံးလွှမ်းခြင်းခံရ၍ မေ့လျော့ခြင်း အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းခံနေကြရ၏။)

စည်းစိမ်ခံစားမှုတွင် နစ်မြုပ်နေခြင်းမှာမကောင်းသောပမာဏ အတိုင်း အရှည် အရေအတွက်ပင်ဖြစ်၏။ သူတို့သည်ပြည့်တန်းဆာအလုပ်အားထုတ်ခြင်းကို ပိတ်ပင်ခြင်းမရှိကြချေ။ ပိဋကတွင် အလှန်စိတ်ဝင်စားဘွယ် ကောင်းသော ဖြစ်ရပ်ဖြင့် ထိုသဘောကိုမှန်းဆနိုင်၏။ ရာဇဂြိုဟ်မှ သူကြွယ်တဦးသည် သာဝတ္ထိသို့သွားရာ ထိုတွင် 'အမ္ဗပါလီ'အမည်ရှိသော ပြည့်တန်းဆာ၏ အဆိုအကကို လွန်စွာသဘောကျလာခဲ့၏။ ပြန်လာ သော အခါ သူသည် မဂဓပြည့်ရှင်ဘုရင် ဗိမ္ဗိသာရအား ရာဇဂြိုဟ်တွင်

ဤကဲ့သို့ပြည့်တန်းဆာမျိုးထားသင့်ကြောင်း တိုက်တွန်း၏။ ထိုအခါ မင်းကြီးသည် 'သာလဝတီ' အမည်ရှိသော လှကလျာအား ပြည့်တန်းဆာပြုလုပ်ပေးလိုက်၏။

**လယ်ယာ**

နိုင်ငံ၏ အခြေအနေမှာ လွန်စွာ ကြွယ်ဝလှပေ၏။ လယ်ယာနှင့် ကုန်သွယ်မှုမှာ လူတို့၏ အဓိက လုပ်ငန်းဖြစ်၏။ လယ်ယာကို လူတိုင်းလိုလိုပင် ပြုလုပ်ကြ၏။ အချို့သော ဗြာဟ္မဏတို့၏ အသက်မွေးမှုမှာလည်း လယ်ယာပင်ဖြစ်၏။ သူတို့၏ လယ်ယာပြည့်စုံမှုမှာ လွန်စွာများပြား၏။ ကသိဘာရဒွါဇ အမည်ရှိသော ဗြာဟ္မဏ၏ အိမ်တွင် ထွန်တုံးငါးရာရှိကြောင်းဖွင့်ဆိုထား၏။ ထို့ပြင် ပိပ္ပလိလုလင်၏ အတုမရှိသော စည်းစိမ်ဥစ္စာအကြောင်းကို တွေ့ရသဖြင့်လည်း ကျွန်ုပ်တို့အံ့သြခဲ့ရ၏။ သူတို့ရဟန်းပြုသောအခါ လင်မယားနှစ်ယောက်သည် ကျေးကျွန်များနေသောရွာသို့သွားပြီး ဤသို့ပြောကြား၏။

"အကယ်၍ သင်တို့တွင် တယောက်-တယောက်စီ သီးခြား ကျွန်အဖြစ်မှ လွတ်နေပါလျှင် အနှစ်တရာကြာသော်လည်း ကုန်မည်မဟုတ်ပါ။ သို့ကြောင့် သင်တို့သည် မိမိဦးခေါင်းကို မိမိဆေးလျှော်ပြီး ကျွန်အဖြစ်မှ လွတ်မြောက်ကြပါလော့"…… (ဗုဒ္ဓစရိယ စာမျက်နှာ ၄၄) ထို့ပြင်သူ၏ သမ္ပတ္တိကိုလည်း ဤသို့ ဖွင့်ဆို၏။

"သူတို့၏ ကိုယ်ကိုလိမ်းသ၍ တိတ်စင်သော အမွှေးနံ့သာမှုန့်မှာ မဂဓ အချင်အတွယ်ဖြစ်သော နာလိခေါ် ကွမ်းစားပြည့် ၁၂-ကွမ်းစားရှိ၏။ ချို့ဝက်ကညာတိုက်ပေါင်း ၆၀-ရှိ၏။ လယ်ယာတို့မှာ ၁၂-ယူဇနာတိုင်မျှ ရှည်လျား၏။ ကျွန်ရွာ ၁၄-ရွာ၊

ဆင်တင်းကုတ် ၁၄-မြင်းစောင်း ၁၄၊နှင့် ရထားအုပ်စု ၁၄-ခုရှိ၏။" (ဗုဒ္ဓစရိယ စာမျက်နှာ ၄၂)

**ကုန်သွယ်မှု** ကူးသန်းရောင်းဝယ်မှုအင်အားတွင် အတုမရှိ ပြည့်စုံကြွယ်ဝနေသော သူဌေးကြီးများရာဇဂြိုဟ်မင်းနေပြည်တွင်အနှံ့အပြားနေကြ၏။ မဂဓတွင် နိုင်းယှဉ်ဘက်ကင်းအောင် ကြွယ်ဝသော ပုဂ္ဂိုလ်ငါးဦးကို တွေ့ရ၏။ ယင်းတို့မှာ ဇောတိယ (ဇောတိက) ဇဋိလ၊မေဏ္ဍက၊ပုဏ္ဏကနှင့် ကာကဗလိယ(ဝလ္လိယ)တို့ဖြစ်ကြ၏။ ဤသူတို့ကို မင်းများသည် မိမိတို့၏ နေပြည်တော်တွင်ထားရန် လိုလားကြ၏။ ကောသလမင်း ပသေနဒိ (ပသေနဒီ)၏ တောင်းပန်ချက်အရ မဂဓမင်း ဗိမ္ဗိသာရသည် မေဏ္ဍကကို သူ၏ နေပြည်တော်သို့ ပို့ပေးခဲ့၏။ ညနေချမ်းအခါ စခန်းတနေရာသို့ အရောက်တွင် 'သာကေတ'အမည်ရှိသော မြို့သစ်တည်၏။ ထိုမြို့၏ သဒ္ဒါနက်ကို ညနေချမ်းအခါတွင် တည်းခိုစရာ မြို့သစ်တည် ခြင်းဟု ပိဋကတွင် ဖွင့်ဆို၏။ ဓနဉ္စယ သူဌေး၏ သမီးကညာ ဝိသာခါ၏ ဝိဝါဟလက်ထပ်မင်္ဂလာမှာ သာဝတ္ထိသူဌေးမိဂါရ၏ သား ပုဏ္ဏဝဍ္ဎနနှင့်အတူဖြစ်၏။ ဤလက်ထပ်ပွဲ၏ ကြီးကျယ်ခမ်းနားခြင်းကို လက်ဖွဲ့ပစ္စည်းများဖြင့်ကောင်းစွာသိနိုင်၏။ ဓနဉ္စယ သူဌေးသည် လက်ဖွဲ့အနေဖြင့် ဤပစ္စည်းများကိုပေးခဲ့၏။ အဖိုးကိုးကုဋေထိုက်တန်သော အဆင်တန်ဆာများ၊ ၅၄-ရာသော နွားများ၊ကျွန်ငါးရာနှင့် ရထားငါးရာ။ လယ်ယာနှင့်ရောင်းဝယ် မှုဆောင်ရွက်ရန် ယောကျ်ားကျွန်များလည်း အမှန်ပင် လိုအပ်ပေလိမ့် မည်။ဤသည်တို့ကိုကား ပြောပြရန်မှာအချည်းအနှီးပင်ဖြစ်လိမ့် မည်။ ဤသို့လျှင် ဗုဒ္ဓခေတ်တွင် အတုမရှိ ကြွယ်ဝချမ်းသာသူများ

ရှိသကဲ့သို့ပင် မရှိ နွမ်းပါးဆင်းရဲသားများလည်း နိုင်ငံတော်ဝယ် တင့်တယ်စမွယ်လျက်ရှိကြမည်မှာ ယုံမှားဘွယ်ရာမရှိချေ။

**ခတ္တိယ**

လူ့လောကတွင်သူဌေး သူကြွယ်တို့အားဝိသေသထား၍ လေးစားရ၏။ သို့ရာတွင်သူတို့ထက် ပိုလွန်၍လေးစားမှု၏ တည်ရာမှာခတ္တိယမျိုးပင်ဖြစ်၏။အုပ်ချုပ်မှု၏ အဓိကမှာ ခတ္တိယတို့၏ လက်ဝယ်တွင်ရှိ၍ သူတို့အားလေးစားရမည်မှာ ယုံမှားဘွယ်ရာ မရှိချေ။လောက၏ အလိုသို့လိုက်၍ဗုဒ္ဓသည် ခတ္တိယမျိုး၌ မွေးဖွါးခဲ့၏။ခတ္တိယသည် သူတို့၏စင်ကြယ်သော အမျိုးအပေါ်တွင် လွန်စွာမာနထားကြ၏။ မွေးဘွားလာခြင်းကိုပင် မြင့်မြတ်ချင်း အဖြစ်ဖြင့် သတ်မှတ်ကြ၏။ ထို့ပြင်သူတို့၏ထံတွင် ကျွန်မများသည် မယားအသွင်ဖြင့် နေကြရပြီးလျှင် မွေးဘွားလာသော သမီးကညာ၏ လက်ထပ်ရေးတွင် တခါတရံ ကြောက်မက်ဘွယ်ရာပြဿနာပေါ်လာတတ်၏။ ပရသေနဇိတ (ပသေနဒီ) သည် သကျတို့၏ သမီးကညာနှင့် လက်ထပ်ရန်လိုလားခဲ့၏။ သကျတို့ကားသူတို့၏စင်ကြယ်သောအမျိုးအပေါ်တွင် လွန်စွာမာနထားကြ၏။ ပရသေနဇိတအား သူတို့၏ သမီးကညာကို မပေးလိုချေ။ သို့ရာတွင်သူတို့သည်ကြောက်ရွံ့သဖြင့် "မဟာနာမ"အမည်ရှိသောသကျသည်သူ၏ကျွန်မသမီးဖြင့်ထိုဘုရင်အား ထိမ်းမြားပေးလိုက်၏။သူဖြင့် ဝိဒူရဘ(ဝိပဒူပ) အမည်ရှိသောသားကိုဖွါးမြင်၏။သူသည်နောင်သောအခါကောသလဘုရင်ဖြစ်၏။ကျွန်မ၏သားဖြစ်ကြောင်း ကောင်းစွာ သိကြသော သကျတို့သည် သူ၏အပေါ်တွင် လေးစားမှု မရှိကြချေ။ အပြင်အပကဟန်ပြကြသော်လည်း နှလုံးသားက လေးစားခြင်းမရှိကြချေ။သူထိုင်သောနေရာကို နွားနို့ဖြင့် ဆေးကြောကြ၏။ ဤ

ပြင်းထန်သော ရှုံ့ချမှုကိုသိရသောအခါ ကျွန်မ၏သားဝိဒူရဘသည် သကျတို့အား ကျူပင်ခုတ်ကျူငုတ်မျှ မကျန်ရအောင်သုတ်သင်ခြင်းဖြင့် လက်စားချေလိုက်၏။ ဤသို့လျှင်အမျိုးဂုဏ်တက်ကြွသော အကျိုးဖလကိုသကျတို့ခံစားလိုက်ကြရလေသည်။

**ရာဇာ** 'ရာဇာပကတိရဋ္ဌန မင်းသည် ပြကတိ ကြည်နူးဘွယ်ဖြစ်၏' ဟူသော စကားပုံမှာ အဝေးကြီး ဖယ်ရှားပစ်လိုက်လေပြီ။ ပကတိ နှစ်သက်ကြည်နူးဘွယ်အစား ပုဂ္ဂိုလ်ရေးရာအလိုဆန္ဒသာလျှင် သူတို့တွင်အမိကနိုးကြားနေကြ၏။ ဗုဒ္ဓခေတ်တွင် မင်းလေးပါးမှာ ထူးခြားပေါ်လွင်နေ၏။ (၁)မဂဓမင်း ဗိမ္ဗိသာရ၊ (၂)ကောသလမင်း ပသေနဒီ၊ (၃) ကောသမ္ဗီမင်း ဥဒယန နှင့် (၄) ဥဇ္ဇေနီမင်း စဏ္ဍပဇ္ဇောတတို့ဖြစ်ကြ၏။ ဤမင်းလေးပါးတို့ အကြားတွင် ပြဿနာများရှိ၏။ ပဇ္ဇောတသည် ဥဒယနကို သူ၏အလိုသို့ လိုက်စေလို၏။ သူကြောင့် သူသည် သူ့အား ဖမ်းချုပ်ထား၏။ သို့ရာတွင် နောက်ဆုံး၌ သူ၏ သမီးကညာ ဝါသဝဒတ္တာ၏ ဝိဝါဟမင်္ဂလာမှာ သူနှင့်အတူတကွဖြစ်၍ သူ့အား မိမိသားမက်ပြုလိုက်ရ၏။ ဤမင်းများ၏နန်းတော်တွင် မိဘုရားများစွာရှိ၏။ ဥဒယန၏ အနောက်ဆောင်တွင် မိဘုရားပေါင်း ငါးရာရှိကြောင်းဖွင့်ဆိုထားသည်ကိုတွေ့ရ၏။ ဤမင်းများသည် ဗုဒ္ဓအား ကြည်ညိုလေးစား သဒ္ဓါပွါးကြ၏။ မင်းများနှင့် သူဌေးများဥစ္စာကြွေးငွေနှင့် နည်းလမ်းအကူအညီကြောင့်သာ ဗုဒ္ဓဓမ္မ၏အရှိန်အဝါသည် လူတို့တွင်ပျံ့နှံ့ခဲ့၏။ မိဘုရားများလည်း ဗုဒ္ဓဓမ္မကိုကြည်ညိုလေးစားကြ၏။ သို့ရာတွင် အသေးအဖွဲ့ကလေးများပေါ် အမှီပြုပြီးခိုက်ရန်ဖြစ်ပွါးသည်လည်း ဤအမိပတိကြီးများ၏ သာမညအလုပ်ကိစ္စ

ဖြစ်ခဲ့၏။ ရောဟိဏီ မြစ်ရေအတွက် တရံသောအခါက သကျတို့နှင့် ကောလိယတို့ အခြင်းများခဲ့ဘူးရာ ဗုဒ္ဓမြတ်စွာ အကြံဉာဏ်ပေး၍ အေးငြိမ်းစေခဲ့ရ၏။ ထိုခေတ်က အုပ်ချုပ်ရေးကို ခတ္တိယတို့ လက်တွင် ထားကြလေသည်။

**ဗြဟ္မဏ** ဗြဟ္မဏ လူစုသည် လူလောက၏ အာတမာ (အတ္တ) ဝါဒနှင့် စပ်လျဉ်းသော ခေါင်းဆောင်ဖြစ်၏။ သူတို့သည် သီလ၊ အာစာရနှင့် အကျင့်ကိုသာလျှင် သူတို့၏ စီးပွါးဉစ္စာ ဟု ယူဆကြ၏။ သို့ရာတွင် တဖြည်းဖြည်း ဗြဟ္မဏတို့၏ ထံတွင် ငွေ့ဉစ္စာများ များပြားလာခဲ့၏။ အမြောက်အမြား လယ်ယာမြေရှိသူများ၊ နန်းတော်တမျှ ကြီးမားသော ဘုံဗိမာန်ကို ပိုင်ဆိုင်သူများ၊ စည်းစိမ်ခံစားသော ဗြဟ္မဏများစသဖြင့် အများအပြား ပေါ်ထွက်လာကြ၏။ သူတို့ကို တွေ့မြင်ရ၍ ဗုဒ္ဓမြတ်စွာသည် ရှေးအခါက အကျင့်သီလနှင့် ပြည့်စုံကြသော ဗြဟ္မဏများကို သတိရလာ၏။ ဤရှေးအခါက အကျင့်သီလကောင်းမွန်သော ဗြဟ္မဏတို့ကို ရည်ညွှန်း၍ ဗုဒ္ဓသည် ဥဒါန်းကျူးရင့်ခဲ့လေသည်။

> န ပသူ ဗြဟ္မဏာနာသုံ၊ န ဟိရညံ န ဓာနိယံ၊
> သဇ္ဈာယ ဓန ဓညာသုံ၊ဗြဟ္မံ နိဓိမပါလယုံ။(၁)

ဗြဟ္မဏတို့၏ အထံမှာ သားကောင်လည်းမရှိပါ။ ဓနဉစ္စာနှင့် ဆန်စပါးလည်းမရှိပါ။ဝေဒကို သရဇ္ဈာယ်ခြင်း၊ဟောကြားခြင်းသာလျှင် သူတို့၏ ဉစ္စာဖြစ်၏။ ထိုသူတို့သည်ဗြဟ္မနိဓိခေါ် ဝေဒ ရွှေအိုးကြီးကို စောင့်ရှောက်ရာတွင်သာ စိတ်ဝင်စားနေကြသည်။ ဤကောင်းမြတ်သောအကျင့်၏ အကျိုးဖလကိုလည်း

သူတို့ရကြ၏။ တရားစောင့်ကြသည်။ သို့ကြောင့်ဘယ်အိမ်ကိုပင် ဝင်ဝင် ဘယ်သူမျှ သူတို့အား မတားမြစ်ကြချေ။ သူတို့အတွက် အမြဲတန်း တံခါးဖွင့်ထားကြ၏။

အဝဇ္ဈာ ဗြဟ္မဏာ အာသုံ၊ အဇေယျာ ဓမ္မရက္ခိတာ၊
န တေ ကောစိ နိဝါရေသိ၊ ကုလဒွါရေသု သဗ္ဗသော။ (၂)

သုတ္တနိပါတ် ဗြဟ္မဏ ဓမ္မိကသုတ်တွင် ရှေးဗြဟ္မဏတို့၏ အကျင့်သီလ အာစာရကို ဗုဒ္ဓသည် သူ၏ ကြက်သရေခံတွင်းမှ ချီးကျူးထုတ်ဖော်ခဲ့လေသည်။ ခတ္တိယတို့၏ စည်းစိမ်ဥစ္စာနှင့် အစိုးရခြင်းကို တွေ့မြင်ရ၍ သူတို့နှင့်အတူနေကြသော ဗြဟ္မဏတို့လည်း စည်းစိမ်ခံလိုစိတ် တက်ကြွလာကြ၏။ သို့ရာတွင် တကယ်စွန့်လွှတ်သော ဗြဟ္မဏလည်း ဗုဒ္ဓခေတ်က မနည်းလှပါ။ ဘဝ၏ နောက်ဆုံးမှတ်တိုင်သို့ရောက်ရန်အတွက်နှင့် လူလောကကောင်းကျိုးအတွက် သူတို့အမြဲအသင့် ဖြစ်နေကြသည်။ သို့ရာတွင် မကောင်းသော ခေတ်ကာလသည် သူတို့အားလည်း အားလပ်ခွင့်ပေးခဲ့လေသည်။ သူတို့စိတ်လည်း လွတ်ငြိမ်းခွင့်မှ ဖယ်ရှား၍ ကိုင်းညွှတ်ခြင်းဘက်သို့ လှုပ်ရှားနေခဲ့၏။ ဝေဒသရဇ္ဈာယ်ခြင်းတွင် အားပျော့လာ၏။ အတ္တဝါဒကိုလမ်းပြသူတို့ မကောင်းခြင်းကြောင့် လူလောကလည်း အပိုင်းပိုင်းဖြစ်သွားလေတော့သည်။

**အမျိုးသမီးများ**

အမျိုးသမီးများ၏အခြေအနေမှာ ဝေဒိကခေတ်ကဲ့သို့ပင် တိုး တက်ခြင်းမရှိလှချေ။ ဝေဒခေတ်အခါက သူတို့၏ လွတ်လပ်ရေး၊ အတ္တနှင့်ဆိုင်သော အရေးတို့မှာ တဖြည်းဖြည်း လျော့ပါးသွား၏။ ဓမ္မတွင် လွန်ကဲနေခြင်းကြောင့်

သူတို့ကို လှည့်ဖျားရှ်ထားကြသည်။ ဗုဒ္ဓကိုယ်တိုင် သူတို့အား တာဝန်ခံပေးရန် မလိုလားခဲ့ချေ။ သို့ရာတွင် မိမိမယ်တော်အား ချစ်မြတ်နိုးသောကြောင့်၊တပည့်များတောင်းပန်တိုက်တွန်းခြင်း ကြောင့် သူတို့အား ဘိက္ခုနီလုပ်ခွင့်ပေးခဲ့၏။ဗုဒ္ဓတို့သည် အမျိုးသမီးများအား ယုတ်နိမ့်သည် ဟု ယူဆကြ၏။ 'သိက္ခာသမုစ္စယ' တွင် အမျိုးသမီးများ အမျိုးသားအဖြစ်သို့ရောက်အောင် ကြိုးစားရမည်။ အမျိုးသားဘဝသို့ရောက်သောအခါ ရဲရင့်ခြင်း၊ လုံ့လဝီရိယနှင့် ပညာရှိဖြစ်သောအခါ ဗောဓိ(ဘုရားလောင်း)၏ အကျင့်အာစာရကို ကျင့်နိုင်၍ ပါရမီခြောက်ဖြာကိုလေ့လာ နိုင်လေသည် ဟု ဖော်ပြထား၏။

ဤသည်တို့ကား ဗုဒ္ဓခေတ်က မှန်ပြဲ စံနမူနာ ဟု မဆိုနိုင်ပါ။ထိုခေတ်က မနေရှင်ကြီးများရှိသကဲ့သို့ဆင်းရဲသားများလည်း အများအပြားပင်ရှိကြ၏။ မနေရှင်ကြီးများသည် စည်းစိမ်ခံခြင်းဖြင့် ဘဝကို ကုန်လွန်စေကြ၏။မင်းများသည် အချင်းချင်းမသင့်မမြတ်ဖြစ်ကြလျက် အချိန်တိုင်း စစ်တိုက်ကာ လူများကို သေကြေပျက်စီးစေခဲ့ကြ၏။ ကျွန်ယောကျ်ား၊ကျွန်မိန်းမများထားရန် လွန်စွာ လိုလားကြသည်။ လယ်ယာနှင့် ကုန်သွယ်မှုတွင် ဤကျေးကျွန်တို့၏ အကူအညီကို အထူးရယူသော်လည်း သူတို့အား အခြေအနေ ကောင်းမွန်ရေးကို မပေးကြချေ။ အမျိုးသမီးများ၏ အခြေအနေသည်လူ့လောကမှာ အိုးနှင့်လက်ဖြစ်၏။ သူတို့၏ ပဓာနလုပ်ငန်းမှာ သား ဘွား ပေး ခြင်း သာ ဖြစ်၏။ ဗုဒ္ဓသည် လူလောက၏ ဤမညီမျှမှုကို ကပ်၍ရှုပြီး စဉ်းစားခဲ့၏။ ယင်းတို့ကို ဖယ်ရှားရန်အတွက် သူ၏ လမ်းသစ်ကိုထုတ်ဖော်ပေး

ခဲ့၏။ ထိုလမ်းသည် လူများ၏ ဒုက္ခကို ဖယ်ခွါပေးလိမ့်မည်ဟု ယုံကြည်ခဲ့၏။

## (ခ) ဓမ္မတရား အခြေအနေ

**အတ္တဝါဒကို သွေဖီလာခြင်း** ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းလာသော အခါသည် ဒဿနိက (Philosophieal) သမိုင်း အဆက်မပြတ် လှုပ်ရှားနေသော အခါ ဖြစ်၏။ ထိုအခါက အသစ်-အသစ်ဖြစ်သော အတွေးအကြံများပြည့်လျှံနေ၏။ ပညာရှိတို့သည် စင်ကြယ်သော ဗုဒ္ဓဝါဒခေါ် အသိဉာဏ်တရား၏ အင်အားပေါ်တွင် နည်းလမ်းသစ် တည်ဆောက်နေကြ၏။ တဘက်က ယုံမှားခြင်း သံသယဝါဒ စတင်လိုက်သော အခါ အခြားတဘက်တွင်ရှိသော မျက်ကန်းယုံကြည်မှုစျေးမှာ ပူပူလောင်လောင်ဖြစ်သွား၏။ အချို့သော လူတို့သည် အာတမ (အတ္တဝါဒ) နှင့် စပ်သော အချက်အလက်တို့ကို လွန်စွာ ယုံမှားသောအကြည့်ဖြင့် ကြည့်လာကြ၏။ ထိုအခါ လူအချို့တို့သည် ဤအချက်များပေါ်တွင် အခြေအမြစ်မရှိ ဟု ယုံကြည်ပြီး အသစ်-အသစ်ဖြစ်သော အယူအဆကို တွေးဆလာကြ၏။ ဒဿန (Philosophy) ၏ မူလသဘောတရားကို စူးစမ်းခြင်းသည် ထိုခေတ်၏ ထူးခြားချက်ဖြစ်၏။ ဥပနိသဒ်များကိုစီရင်ခဲ့ကြသည်။ သို့ရာတွင် သူတို့၏ အယူအဆကို လူတို့၏ ခေါင်းဆောင်များ လေးစားမှုနည်းပါးလှသည်။ အစဉ်အလာနှင့်

ကင်းကွာပြီး တိုင်းနိုင်ငံတွင် မင်းမဲ့အဖြစ် ပျံ့နှံ့နေသကဲ့သို့ကျမ်းဂန်နှင့် ကင်းကွာပြီး ဒဿနိက လောကတွင် မင်းမဲ့အဖြစ်သို့ ရောက်နေ၏။ လူတိုင်းသည် အသစ်ဖြစ်သော အကြံဉာဏ် အယူအဆကို တွေးဆရန် အရေးကြီးသည်ဟု ယူဆနေကြ၏။အလုပ်ကိစ္စလုပ်သင့်-မလုပ်သင့်အတွက် ကျမ်းဂန်သည်သာ တခုတည်းသော ပြီးမြောက်မှုဖြစ်သည်ဟူသော အယူအဆကို ဤခေတ်သည် သပိတ်သွပ်အမျှဝေလိုက်လေပြီ။ အသစ်ဖြစ်သော အယူဝါဒတို့ဖြစ်ပေါ်နေခြင်းမှာ အဆုံးမရှိဟု ဆိုလိုခြင်းဖြစ်သည်။ ဂျိန်းစာပေကျမ်းတို့တွင် ကြိယာဝါဒ,အကြိယာဝါဒ, အညာနိကဝါဒနှင့် ဝေနယိကဝါဒတွင် အကျုံးဝင်သော(၃၆၃)ပါးသော အယူဝါဒများ ထွက်ပေါ်လာသည်ကို တွေ့ရ၏။ ဤထူးထွေ ဆန်းပြားသော အယူအဆများမှာ တချိန်တည်းမှာပင် ပေါ်ထွက်လာခဲ့ကြသည်။ ယင်းတို့ကို ကျွန်ုပ်တို့ ယုံမှားသံသယဖြင့် ကြည့်ကြပါသည်။ သို့ရာတွင် နောက်ထပ်လည်း မြောက်မြားစွာသော အယူဝါဒများ ထွက်ပေါ်လာမည်မှာ ယုံမှားဘွယ်ရာမရှိပါ။

**ဗြဟ္မဇာလသုတ်မှ ၆၂–ပါးသောအယူ**

ဒီဃနိကာယ်တွင် ဗုဒ္ဓထင်ရှားရှိစဉ်အခါက ၆၂-ပါးသော အယူအဆများ ထွန်းကားနေသည့် အကြောင်းကို ဖွင့်ဆိုထား၏။ ဤတွင် အချို့သော လူတို့သည် အတ္တ (အာတမာ) နှင့် လောက နှစ်မျိုးလုံးကို နိစ္စ မြဲသည် ဟု ယူဆကြ၏။ (သဿတဝါဒ)။ အချို့သော သူတို့က အတ္တနှင့် လောကကို

တစိတ်တဒေသမြဲ၍ တစိတ်တဒေသ မမြဲ ဟု ယူဆကြ၏။ (နိစ္စ-အနိစ္စဝါဒ)။ အချို့သောပညာရှိတို့သည် အန္တာနန္တဝါဒီဖြစ်ကြသည်။ လောကသည် အဆုံးအပိုင်းအခြားရှိသည်လည်းရှိ၏။ အဆုံးအပိုင်းအခြားမရှိသည်လည်း ရှိ၏ ဟု ယူဆကြခြင်းဖြစ်၏။ အချို့သောလူတို့သည်လုပ်သင့်-မလုပ်သင့်ကိုအတိအကျဆုံးဖြတ်သော အယူအဆမရှိကြချေ။(အမရာဝိက္ခေပဝါဒ)။အချို့သောလူတို့သည် ဘယ်အရာဝတ္ထုမဆို အကြောင်းမဲ့ဖြစ်သည် ဟု ယူဆကြ၏။ (အကာရဏဝါဒ) ဤသို့အစရှိသဖြင့် 'အာဒိ' အစနှင့်ပတ်သက်၍ (၁၈)ပါးသော အယူဝါဒကိုဆောင်ကြ၏။'အန္တ' အဆုံးနှင့် ပတ်သက်၍ ထိုထက် တဆတက်လေရာ (၄၄) ပါးသော အယူဝါဒတို့ဖြစ်ပွါးသွား၏။ အချို့သော ဗြဟ္မဏသမဏတို့သည် ဆဲ့ခြောက်ပါးသော အကြောင်းဖြင့် သေပြီးနောက်တွင် အတ္တတွင် သညာရှိသည် ဟု ယူဆကြ၏။ အချို့ကထိုဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သည်။ သူတို့က သေပြီးနောက်တွင် အတ္တမှာ သညာမရှိ ဟုယူဆကြ၏။ အချို့လူတို့ကနှစ်ပါးသောဝါဒကို မျှတကာ သေပြီးနောက်တွင် အတ္တမှာသညာရှိခြင်းမရှိခြင်းဝါဒကိုဝေဘန်ယူဆကြ၏။ဤလောကကြီးသည် ကြည့်ယင်း-ကြည့်ယင်း ငြိမ်းချမ်းသွား၏ ဟု ယူဆသော(ဒိဋ္ဌဓမ္မနိဗ္ဗာန်ဝါဒ)အယူအဆလည်း မနည်းလှချေ။ ဤသို့လျှင် ဗြဟ္မဇာလသုတ်ကို လေ့လာပါက ထူးထွေဆန်းပြားလျက် အချင်းချင်းအယူအဆ ကွဲပြားသော ဝိဝါဒများကို တွေ့မြင်ရမည်ဖြစ်သည်။

## ဝေဒကျမ်းတို့တွင် ညွှန်ပြသော အယူဝါဒ

ဝေဒဆိုင်ရာ ဝေဒိက ကျမ်းဂန်တို့ဖြင့်လည်း ဤထူးထွေဆန်းပြားသော အယူဝါဒများရှိကြောင်း သိနိုင်ပါသည်။သွေတာသွတရနှင့်မေတြာယဏီ အမည်ရှိသော ဥပနိသျှဒ်(ဒသာန)ကျမ်းများတွင် မူလအကြောင်းကို စူးစမ်းသောအခါ အမျိုးမျိုးသော အယူဝါဒများဖွင့်ဆိုထားသည်ကို တွေ့ရ၏။ ယင်းတို့တွင် ကာလ,သဘာဝ,နိယတ,ယဒိစ္ဆာ,ဘူတ အစရှိသော လောက၏ မူလ အကြောင်းကိုလက်ခံယုံကြ၏။ ဤမျှသာမဟုတ်သေးပါ။မဟာဘာ္ဂ ကပိလ၏‘သင်္ချာ’အမည်ရှိသော ဥပနိသျှဒ်တို့တွင်‘သဋ္ဌိတန္တရ’(တန္တရခြောက်ဆယ်) အကြောင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ဖွင့်ဆိုထား၏။ထိုတွင် ဗြဟ္မတန္တရ၊ပုရိသတန္တရ၊သတ္တိတန္တရ၊နိယတိတန္တရ၊ကာလတန္တရ၊ဂုဏတန္တရ၊အက္ခရတန္တရအစရှိသော ၃၂-ပါးသော တန္တရ(အယူဝါဒ)များကိုဖွင့်ဆိုထား၏။ ဤတွင် အချို့သော အယူအဆတို့သည် သွေတာသွတရ ဥပနိသျှဒ်တွင် ညွှန်ပြသော အယူအဆတို့နှင့်တူကြောင်း သူတို့၏ အမည်နာမများနှင့် မှန်းဆ၍သိနိုင်လေသည်။ဗုဒ္ဓခေတ်က အိန္ဒိယတွင် အချင်းချင်းဆန့်ကျင်သော အယူအဆဝါဒ တစ်ပါးတို့ အထူးအဆန်း အံ့မခန်းဖြစ်အောင် တိုက်ခိုက်နေကြပါသည် ဟု ဆိုသောစကားမှာ မလွန်ပါ။ ဤပမာဏများအပေါ်တွင် ထောက်ထား၍ ဆိုနိုင်ပါသည်။

**အကျင့်သီလ ဆုတ်ယုတ်ခြင်း**

အကျင့်သီလ လျော့ကျလာခြင်းသည် ဤခေတ်၏ ဒုတိယမြောက် ထူးခြားချက်ဖြစ်၏။ဒဿနိက အယူအဆများ၏ လှုပ်ရှားနေမှုသည် အကျင့်အာစာရကို လုံးဝ အကျင့်မဲ့အောင် ပြုလုပ်ပစ်လိုက်၏။ ဝိစာရခေါ် အတွေးအကြံ၏ ခိုင်မြဲလှသော နံရံပေါ်တွင် အကျင့်အာစာရ ပြဿဒ်မှာ မားမားမတ်မတ်ရပ်နေခဲ့သော်လည်း အတွေးအဆဝိစာရလှုပ်ရှားလာသောအခါ ကောင်းမွန်လှသော အကျင့်အာစာရ အခြေအနေမှာ မကောင်းဖြစ်သွားရ၏။ ဓမ္မတရားကို အပပြုသော အစဉ်အလာတွင် လူတို့၏လုံ့လပယောဂသည် နှလုံးသားက ဓမ္မတရားကို မေ့ပစ်လိုက်ကြ၏။ ဓမ္မတရား၏။ အတွင်းမှ လျှို့ဝှက်ချက်ကို သိသော်လည်း သူ့ကို စောင့်ရှောက်ရန် အတွေးအကြံက ပယ်ထုတ်ပစ်လိုက်၏။ မမှန်မကန်သော စကားများ၊ အပြင်အပမှ ချိမ်းခြောက်ချက်များသည် တရားသမားများ၏ နှလုံးသားကို ဆွဲဆောင်သွား၏။များစွာသော ဒေဝတာဝါဒသည်ဤကမ္ဘာလောကကြီးကို အမျိုးမျိုးသော နတ်ဆိုး နတ်ကောင်းတို့ဖြင့် ပြည့်နက်စေ၏။သူတို့နှစ်သက်ကြေနပ်စေရန်အတွက် လူတို့သည် အမြဲထိတ်လန့် နေကြ၏။ ဧကေသရ ဝါဒတွင် တဆူတည်းသောဘုရားကို ပူဇော်ကြသော်လည်း ထိုနှင့်အတူတကွပင် အရှင်သခင်အား ဆည်းကပ်လုပ်ကျွေးခြင်းသဘောသည် လူတို့၏ မြင့်သောအဆင့်ကို အမြဲနိမ့်ကျစေခဲ့၏။ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းကို လူတို့အညီအမျှ နှစ်သက်ကြ၏။ အစဉ်အလာအရ ကုသိုလ်ကောင်းမှုပြုခြင်းတို့မှာ တန်ဖိုးရှိ၍ မြင့်မြတ်လှပါသည်။ သို့ရာတွင် သူတို့သည် အတွေး

အဆကို အဓိကထားလာကြသောအခါ ထိုကိစ္စမှာ တန်ဖိုးကျဆင်းလာခဲ့၏။ ကုသိုလ်ရေးကိစ္စ ကျယ်ပြန့်ခြင်းနှင့် သားသတ္တဝါတို့အား ညှဉ်းပန်းမှုများပြားခြင်းသည် လူတို့၏ စိတ်နှလုံးတွင် လုံးထွေးဆန့်ကျင်သော အတွေးများ လုံးထွေးနိုးကြားနေ၏။ သူတို့သည် ဤအနှောင်အဖွဲ့မှ လွတ်မြောက်မှုလမ်းစကို ရှာဖွေနေကြ၏။ဤအချင်းချင်း ဆန့်ကျင်ဘက်ဖြစ်သောအမြင်ကြောင့် သာမန်လူသည် ဓမ္မလမ်းစဉ်ကို ရွေးချယ်ရန် ရှုပ်ထွေးသွား၏။ သူ၏ လမ်းဟောင်းမှာ ယဇ်ပူဇော်ခြင်းဖြစ်၍ ယင်းဖြင့်ပင် ဤလောကတွင် ကောင်းမွန်မှုကိုလိုချင်၍ ပရလောကမှာလည်း အဆင့်အတန်းမြင့်ချင်သည်။ သို့ရာတွင် သူတို့၏ ကောင်းမွန်သော အကျင့်အာစာရလျော့ပါးမှုကြောင့် သနားစရာဖြစ်ရလေသည်။

## ဗုဒ္ဓ၏ လမ်းစဉ်

ဤကဲ့သို့သော အခြေ အနေတွင် ဗုဒ္ဓမြတ်စွာ ပွင့် ထွန်း လာ ခဲ့ လေသည်။ သူသည် ရှေးဦးစွာ လူတို့၏ အမြင်ကိုကောင်းသော အကျင့်အာစာရဘက်သို့ ဖြန့်ကျက်ကြည့်၏။လူတို့သည် အချည်းနှီးမာန်တက် တက်ကြွနေကြ၏။ကံကြမ္မာနှင့် ဘုရားသခင်၏အပေါ်မှာသာယုံကြည်ကိုးစားနေကြသော လူများသည် အတ္တ(အာတမာ) ယုံကြည်မှုကို ရှာဖွေနေကြ၏။ ဗုဒ္ဓသည် ထိုမေ့ပျောက်နေသော ယုံကြည်မှုကို တဖန်နှိုးဆွပေး၏။ သူသည် ကြည်ညိုဆပ္ပါး သဒ္ဓါတရားကို ဖယ်ရှားပြီး အသင့်ယုတ္တိနှင့် ကြောင်းကျိုးသဘာဝတက္ကကို သူ၏ အသစ်ဖြစ်သော ဓမ္မတရား၏ တည်ရာပြုလုပ်ပေး၏။ ဗုဒ္ဓသည် တက္ကဖြင့် သဘောတရားကို ပြီးမြောက်ခြင်းကို သင်ကြားပေး၍ ဤကဲ့သို့သော

ဓမ္မတရားကို လက်ခံသော သူတို့သည် ပုရောဟိတ်၏ အကူအညီနှင့် နတ်ဒေဝတာတို့အား ယုံကြည်မှုမပါဘဲ မိမိ၏ မောက္ခ (လွတ်မြောက်ခြင်း)ကို ကိုယ်တိုင် စွမ်းဆောင်နိုင်၏။ လူ့အဖြစ်ကို လူတို့ပိုပြီး လေးစားလာ၏။ လူဖြစ်ရခြင်းသည် နတ်ဖြစ်ရခြင်းအောက် ယုတ်နိမ့်ခြင်းမရှိချေ။ အကြောင်းကား နိဗ္ဗာန် (ငြိမ်းချမ်းခြင်း) ကို ရရှိရန်မှာ ကိုယ်တိုင် ကြိုးပမ်းခြင်းဖြင့် ပြီးမြောက်စေသောကြောင့်ဖြစ်၏။ နတ်ဒေဝတာတို့သည်လည်း နိဗ္ဗာန်နှင့် ကင်းကွာကြသောကြောင့်သာလျှင် ဤကဲ့သို့ ဆင်းရဲဒုက္ခခံစားနေကြရခြင်းဖြစ်၏။ ဗုဒ္ဓသည် ဗုဒ္ဓိဝါဒီဖြစ်၏။ မျက်ကန်းယုံကြည်မှု အမိုက်မှောင်သည် ဝိရာဂ (ရာဂကင်းခြင်း) နှင့် ငြိမ်းချမ်းခြင်း၏ အလှကို ဖုံးကွယ်ထား၏။ ဗုဒ္ဓသည် ဝိရာဂ၏ သန့်ရှင်းခြင်းနှင့် အလှအပကို တဖန်ထွန်းပြထား၏။ အကျင့်သီလသည် ဗုဒ္ဓဓမ္မ၏ ကျောရိုးဖြစ်၏။ သီလ,သမာဓိနှင့် ပညာသည် ဗုဒ္ဓဓမ္မ၏ အနှစ်သာရ သုံးပါးဖြစ်၏။ သီလဖြင့် ကိုယ်ခန္ဓာ၏ စင်ကြယ်ခြင်း၊ သမာဓိဖြင့် စိတ်၏စင်ကြယ်ခြင်းရ၏။ ထို့ပြင် ပညာဖြင့် တွေဝေ မိန်းမောခြင်းကို ဖျက်ဆီးပစ်၏။ ဤသည်ကား ဗုဒ္ဓဓမ္မ၏ အကျင့်သင်္ခေပ လမ်းစဉ်ဖြစ်လေသည်။

## (ဂ) ခေတ်ပြိုင် ဒဿနိက

ဗုဒ္ဓသည် သူ့ခေတ်အခါက မြင့်မြတ်ထင်ရှားသော ဓမ္မလမ်းပြဖြစ်ခဲ့သည်။ သို့ရာတွင် သူ့ခေတ်တွင် လောကက လက်ခံ၍ ထင်ရှားသော အခြားအတွေးအခေါ် ဒဿနိကများလည်း အထင်အရှားရှိခဲ့ကြောင်းမှာ ယုံမှားစရာမရှိချေ။ သူနှင့်ခေတ်ပြိုင်ဖြစ်

သောတိတ္ထိဆရာကြီး ၆-ဦး၏အမည်နာမကိုဗုဒ္ဓ(ဒီဃနိကာယ်)နှင့် ဂျိန်း(သုတြ ကရိတင်)ကျမ်းဂန်များတွင် တွေ့မြင်နိုင်လေသည်။ သူတို့၏ အမည်နာမများကား(၁)ပူရဏကဿပ(ပုရာဏကဿပ) (၂)အဇိတ ကေသ ကမ္ဗလ၊ (၃)ပကုဓ ကစ္စာယန၊(၄)မက္ခလိ ဂေါသာလ၊ (၅) သံဇယ ဗေလဋ္ဌိပုတ္တနှင့် (၆)နိဂဏ္ဌ နာထ ပု တ္တ တို့ ဖြစ် ကြ သည်။ ဤ ၆-ဦးသော ဓမ္မာစရိယတို့သည် ဗုဒ္ဓမှတပါး ထင်ရှားသော ပုဂ္ဂိုလ်ကြီးများဖြစ်ကြ၏။တရံသော အခါ အသက်အရွယ် နုနယ်သေးသော မြတ်စွာဘုရားဓမ္မတရား ဟောကြားနေသည်ကိုကြည့်၍ ပရသေနဇိတ(ပသေနဒီ) က လျှောက်ထားဘူးသည်။ (သံယုတ္တနိကာယ်) သမဏ-ဗြာဟ္မဏတို့၏ အဓိပတိ၊ ဂဏာဓိပတိ၊ ဂဏာစရိယ၊ဂဏပါမောက္ခ ဟု ထင်ရှားကျော်ကြားသော ပူရဏကဿပ အစရှိသည့် တိတ္ထိ ဆရာကြီး ခြောက်ဦးကို မေးလျှောက်သော်လည်း ဤအချက်ကို ဆုံးဖြတ်ခြင်းမပြုကြပါ။ အရှင်သည်ကား မြတ်သောဉာဏ် (သမ္မာသမ္ဗောဓိ)ကို ရပါသည်။ တဖန် အသက်အရွယ်ငယ်၍ ရဟန်းအဖြစ်တွင် ဥပဒေသ အသစ်ကို ပေးသည့်အတွက် အဘယ်ဆိုဘွယ်ရာ မရှိပါ။ဤစကားကို ထောက်ဆ၍ ထိုဥပဒေသကပုဂ္ဂိုလ်များသည် ဗုဒ္ဓထက် အသက်ကြီးကြောင်းသိရ၏။ နိဂဏ္ဌနာထပုတ္တ(မဟာဝီရ ဝဒ္ဓမာန)ကွယ်လွန်ခြင်းမှာ ဗုဒ္ဓခေတ်တွင်ဖြစ်၏။ ဂျိန်းစာပေတွင် ဂေါသာလ ကွယ်လွန်ခြင်းမှာ မဟာဝီရထက် ဆဲ့ခြောက်နှစ် စောကြောင်း ဖေါ်ပြထား၍ ဂေါသာလ၏ အသက်လည်း ဗုဒ္ဓထက်ကြီးကြောင်း မှန်းဆသိရ၏။

# (၁) ပုဏ္ဏကဿပ— အကြိယဝါဒ

သူ၏ဘဝစရိတ (အတ္ထုပ္ပတ္တိ)နှင့် ပတ်သက်၍ တစုံတရာဘာမျှ မသိရကြချေ။ သူ၏အယူဝါဒတို့ကိုကား များစွာသော နေရာတို့တွင် ဖွင့်ဆိုကြ၏။မဂဓမင်း အဇာတသတ်မေးလျှောက်၍ကဿပ သည် သူ၏ အယူဝါဒများကိုရှင်းပြခဲ့လေသည်။(ဒီဃနိကာယ်)

လုပ်သည်ဖြစ်စေ- လုပ်စေသည်ဖြစ်စေ၊ဖြစ်သည် ဖြစ်စေ-ဖြစ်စေသည်ဖြစ်စေ၊ ချစ်သည်ဖြစ်စေ- ချစ်စေသည်ဖြစ်စေ၊ စိုးရိမ်သောကရောက်သည်ဖြစ်စေ- စိုးရိမ်သောက ရောက်စေသည် ဖြစ်စေ- နှောင့်ရှက်သည်ဖြစ်စေ- နှောင့်ရှက်စေသည်ဖြစ်စေ၊ သွားသည်ဖြစ်စေ-သွားစေသည်ဖြစ်စေ၊သတ်သည်ဖြစ်စေ၊ အရှင်မပေးဘဲ ယူသည်ဖြစ်စေ၊ ဖေါက်ထွင်းသည်ဖြစ်စေ၊ရွာကိုဖျက်ဆီးသည် ဖြစ်စေ၊ ခိုးသည်ဖြစ်စေ၊ တိုက်သည်ဖြစ်စေ၊ သူတပါးသားမယားပစ်မှားကျူးလွန်သည်ဖြစ်စေ၊ မုသားစကားပြောသည်ဖြစ်စေ၊ ပါပခေါ်မကောင်းမှု အကုသိုလ်မဖြစ်နိုင်ချေ။ မြေပြင်တွင် လူကောင်တို့ တောင်နှယ်ပုံနေသော်လည်း ထိုကြောင့်မကောင်းမှု အကုသိုလ်မဖြစ်ချေ။ သတ်ဖြတ်ခုတ်ထစ်၍ ဂင်္ဂါမြစ်၏တောင်ဘက်တွင် ပြည့်လျှံစေကာမူ အကုသိုလ်ဖြစ်မည်မဟုတ်ချေ။ ထို့အတူ အလှူဒါနပြုခြင်း၊ ယဇ်ပူဇော်ခြင်းစသော ကောင်းမှုပြု၍ ဂင်္ဂါမြစ်၏ မြောက်ဘက်တွင် ပြည့်လျှံစေကာမူ ကုသိုလ်ဖြစ်လိမ့်မည် မဟုတ်ချေ။အလှူပေးခြင်းဒါန၊ဆုံးမနှိပ်ကွပ်ခြင်းဒမ၊စောင့်စည်းခြင်း သံယမတို့ဖြင့်ရင်း၊သစ္စာစကား ပြောကြားသဖြင့်ရင်း၊ ပုညကုသိုလ်မဖြစ်၊ ကုသိုလ်ပုည ဖြစ်ပေါ်မလာချေ။

ပုဏ္ဏကဿပ၏ ဤဝါဒမှာ ကြိယာဖလ (အလုပ်၏ အကျိုး) ကို အချင်းခပ်သိမ်း ပိတ်ပင်ထား၏။ ကောင်းသော အလုပ်ဖြင့်လည်း ကောင်းမှုကုသိုလ်မဖြစ်၊ မကောင်းသောအလုပ်ဖြင့်လည်း မကောင်းမှု အကုသိုလ်မဖြစ်ချေ။ ဤအယူအဆကို အကြိယာဝါဒ ဟုခေါ်ကြ၏။ မျက်မှောက်အကျိုး ဖလသည် အလုပ်ကိစ္စများကို ဖြစ်စေကြောင်း လူတိုင်းလက်ခံကြပေမည်။ သို့ကြောင့် ဤလောကမှာ ပြုလုပ်သော အလုပ်ကိစ္စများ၏အကျိုးဖလသည် တမလွန်လောကသို့ ဘယ်နည်းနှင့်မျှ မရောက်နိုင်ဟူသောအချက်သည် ဆက်ကာ ပေါ်ထွက်လာခဲ့လေသည်။

## (၂) အဇိတကေသကမ္ဗလ — ဥစ္ဆေဒဝါဒ

ဤဝါဒကို တည်ထွင်သော ပုဂ္ဂိုလ်၏အမည်မှာ အဇိတဖြစ်၏။ "ကေသကမ္ဗလ"မှာ သူ၏ ဂုဏ်ထူးဘွဲ့တံဆိပ်ဖြစ်၏။ ဆံပင်များကို ယက်လုပ်ထားသော အခင်းကမ္ဗလာကိုဆောင်သောကြောင့် ဖြစ်၏။ သူ၏အကြောင်းအရာကိုလည်း မသိကြရချေ။ အယူဝါဒကား ဘူတိက(ရုပ်ဝါဒ) စစ်စစ်ဖြစ်၏။ ဒီဃနိကာယ်တွင်သူ၏ ဝါဒများကို ဖွင့်ပြထား၏။

အလှူဒါနမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ၊ ဟုန်းပူဇော်ခြင်းမရှိ၊ ကုသိုလ်- အကုသိုလ်၊ အကောင်း- အဆိုး- အကျိုး-ဖလမရှိ၊ ညီအကိုမောင်နှမ၊ အဖေ- အမေနှင့်နတ်ဒေဝတာမရှိ။ ဤလောကနှင့် တမလွန် လောကသို့သွားပြီး အထင်အရှားတစုံတရာ ပြောကြားနိုင်လောက်အောင် စွမ်းဆောင် နိုင်လောက်အောင်ဉာဏ်ရှိသော

သမဏ- ဗြာဟ္မဏမရှိ။ လူသည် လေးပါးသော မဟာဘုတ်ကို စွဲ၍ ဖြစ်၏။ ဇလ-ရေ၊ တေဇ- တေဇော၊ ဝါယု-လေနှင့် ဣန္ဒြေများ သည် အာကာသ- ကောင်းကင်တွင် ရောနှောသွားကြ၏။ လူတို့ သေသောအခါ ကတ်ပေါ်တင်ပြီး ယူဆောင်သွားကြ၏။ သူ့ကို ကဲ့ရဲ့ကြ၏။ ချီးကျူးကြ၏။ အရိုးများတိုင်အောင် မီးလောင် ကျွမ်းပြန့်ကြဲပြီးလျှင် အလုံးစုံ ပြာဖြစ်သွား၏။ သူမိုက်များသည် အလှူဒါနပြုကြ၏။ ထိုအကျိုးဖလ တစုံတရာ မျှမရချေ။ အာတ မာ ဝါဒမှာအချည်းနှီးသာတည်း။ သူမိုက်နှင့် ပညာရှိ အလုံးစုံ သည် ကိုယ်ခန္ဓာပျက်စီးခြင်း ဥစ္ဆေဒကိုအတူတကွရကြသည်။သေ ပြီးနောက် ဘယ်သူမျှမနေနိုင်ကြချေ။အဇိတ၏အယူအဆမှာစင် စစ်ဘူတိကဝါဒ(ရုပ်ဝါဒ) ဖြစ်၏။ မြေ-ရေ-လေ-တေဇော ဤ လေးမျိုးသော မဟာဘုတ်ဖြင့်ဤခန္ဓာကိုယ်ကိုပြုလုပ်ထား၏။သို့ ကြောင့်သေပြီးနောက် မဟာဘုတ်လေးပါးသည် မိမိတို့၏ မူလ သဘာဝတွင် နစ်မြုပ်သွားကြ၏။ မည်သို့မျှ မကယ်တင်နိုင်သော ကြောင့်သေပြီးနောက် ထိုအာတမာ၏ အရှိန်အဝါမှာ ယုံကြည် ဘွယ်ရာမရှိချေ။ ပရလောကခေါ် နောက်ဘဝမှာ မမှန်စကား ဖြစ်၏။နတ်ပြည်-ငရဲပြည်ကို တွေးတောကြံဆမှုသည် ဘာမျှတည် ရာမရှိချေ။ ထိုကောင်းမှု-မကောင်းမှု၏ အကျိုးဖလကိုနှစ်လိုရန် မကြိုးစားချေ။ ကေသကမ္ဗလသည် ဗုဒ္ဓထက် ရှေးကျသည်။ ဗုဒ္ဓ ခေတ်တွင် အဇိတသည်ဤအယူဝါဒ ဥပဒေသကဟုထင်ရှားခဲ့၏။ လူ့အကြိုက်တွင်ပေါ်လွင်ထင်ရှားပြတ်သား လှသောကြောင့်ထို စဉ်အခါက လူများတွင် သူ၏သိက္ခာ အရှိန်အဝါမှာ မနည်း လှချေ။

# (၃) ပကုဓ ကစ္စာယန အကြိယဝါဒ

ပကုဓ ကစ္စာယန၏ အဋ္ဌုပ္ပတ္တိကိုကျွန်ုပ်တို့ မသိကြပါ။လူတို့နှစ်သက်သောလမ်းကို ညွှန်ပြသူ တိတ္ထိဆရာကြီးအဖြစ်ဖြင့်သာ သိကြပါသည်။ သူ၏ အယူအဆမှာ ခုနစ်ပါးသော ကာယ (အပေါင်းအစု) ဖြစ်သည်။ ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ သုခကာယ၊ ဒုက္ခကာယနှင့် ဇီဝကာယဖြစ်သည်။ ဤကာယခုနစ်ပါးသည် အကြိယဖြစ်သည်။ ချမ်းသာ-ဆင်းရဲနှင့် စပ်ယှဉ်၍ဖြစ်လာသည်မဟုတ်၊ အနိမိတ္တဖြစ်၏။ အကြောင်းမရှိချေ။ သတ်ဖြတ်သူ၊သို့မဟုတ် သေစေသူမရှိချေ။လှုပ်ရှားခြင်းမရှိ၊ဖေါက်ပြန်ခြင်းမရှိ၊တယောက်က အခြားတ ယောက် ကို ဒုက္ခပေးခြင်းလည်း မ ရှိ ချေ။ နားထောင်သူမရှိ၊ နားထောင်စေသူမရှိ။ သိသူမရှိ၊ သိစေသူမရှိ၊ ထက်လှစွာသော ဓါးဖြင့် ဦးခေါင်းကိုဖြတ်သော်လည်း အသတ်ကိုသတ်ခြင်းမဟုတ်ချေ။ ခုနစ်ပါးသော ကာယမှတပါးကိုသာ လက်နက်ဖြင့် ထိခိုက်သည်။

ဤအယူအဆတွင် သတ္တဝါသည် ခုနစ်ပါးသော အရာဝတ္ထုတို့၏ အပေါင်းအစုဖြစ်သည်။ ဤတွင် လေးမျိုးမှာ ကေသကမ္ဗလ၏ အယူအဆနှင့်တူ၏။ အခြားသုံးပါးဖြစ်သော သုခ, ဒုက္ခနှင့် ဇီဝသာ မတွေ့ မမြင်ရသေးသော သဘောတရားဖြစ်သည်။ ဇီဝကို သီးခြားအရာဝတ္ထု ဟု ယူဆသော ကစ္စာယနသည် နာမ်ဝါဒဘက်သို့ ယူဆောင်သွားနေ၏။ သူလက်ခံသော ပရမာဏုမြူမှာ နေရာတကာတွင် ပျံ့နှံ့၍မတည်ချေ။ စင်စစ်မှာမူ ဤ ခုနစ်ပါးသော အရာဝတ္ထုမှတပါး သီးခြားနေရာရှိနေသေး

၏။ လက်နက်ဖြင့်သတ်သော်လည်း သတ်ခြင်းမမည်ချေ။ အကြောင်းမှာ လက်နက်သည် ဤခုနစ်ပါးသော ကာယတွင်မထိခိုက်ဘဲ ထိုမှတပါး သီးခြားနေရာအလွတ်တွင် သွားပြီးထိသောကြောင့်ဖြစ်၏။ ဘယ်အရာဝတ္ထုကိုမျှ မဖြစ်နိုင်ချေ။ ဤအယူအဆလည်း အကြိယာဝါဒပင်ဖြစ်၍ လူ့စည်းကမ်းကို အစိတ်စိတ် အမွှာမွှာလုပ်ပစ်လေသည်။ ဤကဲ့သို့သော အယူဝါဒတို့ကို ဖြတ်တောက်ကာ ဗုဒ္ဓသည် သူ၏ ကြိယာဝါဒကို ထွန်းပြပြီးလျှင် ကောင်းမြတ်သောအကျင့်ကို တိကျပြတ်သားစွာပေးပြီး လူ့လောကကို ကမောက်ကမမှ ကယ်တင်လိုက်လေသည်။

## (၄) မက္ခလိဂေါသာလ - ဒေဝဝါဒ

သူကား ဗုဒ္ဓခေတ်တွင် ချောက်ခြားသော ဓမ္မာစရိယတို့တွင် တဦးအပါအဝင်ဖြစ်သည်။ ဂျိန်းစာပေတို့တွင် အ ထူး သ ဖြင့် 'ဥဝါသဂ-ဒသာသြ'နှင့် 'ဘဂဝတီ သုတ္တ'နှင့် ဗုဒ္ဓပိဋကတို့တွင် မက္ခလိဂေါသာလ၏ အကြောင်းကို တွေ့နိုင်၏။ သူ၏ အဖေမှာ မက္ခလိ (မသကရီ)ဖြစ်၍ အမေမှာ ဘဒ္ဒါဖြစ်သည်။ နှစ်ဦးသော လင်မယားသည် အရုပ်တကာလှည့်သည်၍ တောင်းရမ်းစားသောက်ပြီး အသက်မွေးသည်။ သို့လှည့်လည်စဉ် ဂေါဗဟုလ အမည်ရှိသော ဗြာဟ္မဏ၏ နွားတင်းကုတ်(ဂေါသာလ) တွင် သူ့ကိုမွေးဖွားသေသောကြောင့် သူ့အား ဂေါသာလ ဟု ခေါ်ကြခြင်းဖြစ်၏။ သူသည် မဂဓတိုင်းတွင်နေ၏။ ဂျိန်းတိတ္ထိဆရာကြီး မဟာဝီရ၏ တပည့်ကြီးဖြစ်၍ ဝတ္တရားလည်း ကြေပြွန်သည်။ မဟာဝီရသည် သူ့အားကယ်တင်ခဲ့ဘူး၏။ တရံသောအခါ

'ဝေသျှာယန'အမည်ရှိသော ရှေသ့တဦးသည် သူ၏ မထိမဲ့မြင်ပြုခြင်းကို မခံမရပ်နိုင်ဖြစ်ပြီး ဂေါ်သာလသို့ 'တေဇော လေသျှာ'အမည်ရှိသော သတ္တိ(လက်နက်)ကို လွှတ်လိုက်၏။ ထိုအခါ မဟာဝီရသည်'သီတလေသျှာ'ပြယုဂ်ထုတ်၍ သူ၏ အသက်ကို ကယ်တင်လိုက်လေသည်။ သို့ရာတွင် သူသည် မဟာဝီရ၏ ဂျိန်းဝါဒမှ တပါးဖြစ်သော အယူအဆဝါဒဖြင့် မဟာဝီရနှင့် အတူယှဉ်ပြိုင်၍ ရပ်ခဲ့လေသည်။

ဂေါ်သာလ၏ အယူဝါဒနှင့်ပတ်သက်၍ ပိဋကနှင့် ဂျိန်းစာပေတို့တွင် အများအပြားတွေ့မြင်နိုင်လေသည်။ အများအားဖြင့် ကွဲပြားခြားနားချက်မရှိလှချေ။ ဒီဃနိကာယ်အလိုအားဖြင့် သူ၏ဝါဒမှာ ဤကဲ့သို့ဖြစ်၏။ သတ္တဝါတို့ညစ်နွမ်းခြင်း (ကလေသ)မှာ အကြောင်း (ဟေတု)မရှိ။ အကြောင်းမရှိဘဲ ညစ်နွမ်းကြရသည်။သတ္တဝါတို့ စင်ကြယ်ခြင်း(သုဒ္ဓိ)မှာလည်း တစုံတရာ အကြောင်းမရှိချေ။ အကြောင်းမရှိဘဲ စင်ကြယ်ကြသည်။ ကိုယ်တိုင်လည်း ဘာမျှမတတ်နိုင်ချေ။ သူတပါးတို့လည်း ဘာမျှ လုပ်ဆောင် မပေးနိုင်ကြချေ။ ဘယ်သူသည် ဘာမျှ မတတ်နိုင်ချေ။ အလုံးစုံသောသတ္တဝါ၊ အလုံးစုံသောပါဏ၊အလုံးစုံသောဘူတ၊ အလုံးစုံသော ဇီဝသည် မိမိအလိုအတိုင်း မဖြစ်ချေ။ စွမ်းအားသတ္တိမရှိ၊ ဘာဂျ (ကံကြမ္မာ)နှင့် သံယောဂ (စပ်ယှဉ်ခြင်း)၏ လှည့်လည်မှုကြောင့် သတ္တဝါဖြစ်ပြီး သုခနှင့် ဒုက္ခခံစားကြသည်။သုခ နှင့် ဒုက္ခသည် ချိန်ခွင်ဘှင် ညီမျှစွာရှိ၏။ ကမ္ဘာလောကတွင် အယုတ်,အမြတ်,အသေးအကြီးမရှိချေ။ကျောက်ခဲကိုပစ်လိုက်သောအခါ လှည့်ပတ်ပြီး ပြန်ကျလာသကဲ့သို့ပင် မဏ္ဍိတနှင့်

ဗာလလည်း အတူတူပင်၊ မေးဖွယ်ပါးလာပြီး သေပြီးနောက် ဒုက္ခ၏ အဆုံးသို့ရောက်ကြပေမည်။

စင်စစ် သူ၏အယူအဆသည် နိယတိဝါဒကို ထောက်ကူထား၏။ ကံကြမ္မာ၏ အစွမ်းဖြင့်သာလျှင် အလုံးစုံသောသတ္တဝါတို့ သုခ-ဒုက္ခစက်တွင် လှည့်ပတ်နေကြ၏။ ကမ္မခေါ် အလုပ်သည် အချည်းနှီးအခိုးပွ ါယ်မရှိချေ။ ထိုတွင် အစွမ်းသတ္တိ ဘာမျှမရှိ။ အစဉ်အလာ နိယမကို ပုံအပ်ထားပြီး ချမ်းသာစွာ အိပ်ငိုက်နေရုံသာရှိ၏။ သူ၏ အယူဝါဒကို လက်ခံပါက အကျိုးစီးပွါးပျက်ပြားဆုတ်ယုတ်မှာ သေချာလှပေသည်။

## (၅) သိဉ္စယဝေလဋ္ဌိပုတ္တ—အနိဂ္ဂံတတာဝါဒ

သိဉ္စယ(သဥ္စယ)၏ ဝါဒမှာ ထူးဆန်းသော ဝါဒတခုဖြစ်သည်။ တစုံတခုသော သဘောတရား၊ သို့မဟုတ်၊ ပရလောက (တခြားတဘဝ)နတ်ဒေဝတာနှင့် ကုသိုလ်-အကုသိုလ်တို့၏ အကျိုးဖလတွင် ဆုံးဖြတ်ချက်အတိအကျမရှိသောဝါဒဖြစ်၏။

အကယ်၍ သင်က "ပရလောကရှိပါသလား-"ဟု မေးလျှင် "အကယ်၍ ပရလောကရှိကြောင်း ငါသိလျှင်သင့်ကို ပရလောကရှိသည် ဟု ပြောပြလိမ့်မည်။ ငါသည် ဤကဲ့သို့လည်းမပြော။ ထိုကဲ့သို့လည်းမပြောပါ။ တခြားတနည်းအားဖြင့်လည်း မပြောပါ။ ပရလောကသည် အတ္ထိ-ရှိ၏။ နတ္ထိ-မရှိ။ အတ္ထိ-နတ္ထိ ရှိ-မရှိ၊ န အတ္ထိ-ရှိခြင်း မရှိ၊ န နတ္ထိ-မရှိခြင်းမရှိ"ဟု ဖြေဆိုပေလိမ့်မည်။ သူ၏ဝါဒမှာ ဧကန်မဟုတ်၊ အနေကန်ဖြစ်သည်။ လောကတွင် နတ်ဒေဝတာများ ရှိ-မရှိနှင့် ပတ်သက်၍ရင်း၊ ကုသိုလ်-အကုသိုလ်

တို့၏ အကျိုးဖလနှင့်ပတ်သက်၍ငင်း၊ သူ၏ ယူဆချက်ဘို့မှာ ကောန်-ကေမဟုတ်ချေ။ ယတိပြတ်ဆုံးဖြတ်ချက်မရှိသောကြောင့် သူ၏အယူအဆကို အနိစ္စတတာဝါဒ ဟု ခေါ်ဆိုကြခြင်းဖြစ်လေသည်။ အမေးပုစ္ဆာပြဿနာတိုင်းမှာပင် ဝေ့လည်ကြောင်ပတ်ဖြင့် ငြင်းပယ်တားမြစ်၏။

## (၆) နိဂဏ္ဌ နာဋပုတ္တ—စတုယာမ သံဝရ

နိဂဏ္ဌ နာဋပုတ္တသည် ခရစ်မပေါ်မီ ၅၉၉-နှစ်ခန့်က ဝေသာလီတွင် ဘွားမြင်ခဲ့၏။ ဝေသာလီမှာ ဂဏာဘန္တရနိုင်ငံဖြစ်၏။ သူသည် ထိုနိုင်ငံမှ ဉာတိဝံသ ခတ္တိယမျိုးဖြစ်သော သိဒ္ဓတ္ထ၏ သားဖြစ်၏။ သူ၏ မယ်တော်မှာ တြိသလာအမည်ရှိ၏။ သူသည် ယသောဒါဒေဝီနှင့် လက်ထပ်ခဲ့သည် ဟု ဂျိန်းဘာသာဝင်များ ယူဆပြောဆိုကြသည်။ အသက် သုံးဆယ်တွင် ရဟန်းပြုပြီး ၁၃-နှစ်မျှ တရားကျင့်၍ ထူးခြားသော အသိဉာဏ်ကိုရခဲ့၏။ အလယ်ပိုင်းဖြစ်သော ကောသလနှင့် မဂဓတို့တွင် သူ၏ဓမ္မတရားများဖြန့်ချိခဲ့၏။ သူ၏ ဗဟိုဌာနမှာ ထိုစဉ်အခါက မဂဓတိုင်း၏ မင်းနေပြည်ဖြစ်သော ရာဇဂြိုဟ်ဖြစ်၏။ အဒ္ဓမာဂဓီ ခေါ် ပြာကရိတ်ဘာသာဖြင့် သူ၏ဓမ္မကို ဟောကြားခဲ့သည်။ ဗုဒ္ဓ၏ အလျင် အသက် ၇၂-နှစ်တွင် ကွယ်လွန်သွားလေသည်။

ဂျိန်း အင်္ဂခေါ် စာပေတို့မှာ သူ၏ ဥပဒေသများသာဖြစ်ကြသည်။ ဗုဒ္ဓနိကာယ်တို့တွင်လည်း သူ၏အယူဝါဒများကို အများအပြားပင် တွေ့မြင်နိုင်၏။ 'စတုယာမသံဝရ'မှာ သူ၏ ပဓာနတရားဖြစ်သည်။ အဓိပ္ပါယ်မှာ စောင့်စည်းရမည့် တရားလေးပါးပင်ဖြစ်၏။ (၁) သက်ရှိသတ္တဝါတို့အား ညှဉ်းဆဲခြင်းကို

ကြောက်သောကြောင့် အနံ့ကင်းသော ရေကို သက်သေထား၍ စောင့်စည်းခြင်း၊(၂)အလုံးစုံသော ပါပညစ်ကျုမကောင်းမှုတို့ကို စောင့်စည်းခြင်း၊(၃)အလုံးစုံသော ပါပညစ်ကျုမကောင်းမှုတို့ကို စောင့်စည်းရာတွင် ကပ်၍ နေခြင်း၊(၄)ပါပညစ်ကျုမကောင်းမှုတို့ကို စောင့်စည်းရန် အကြောင်းဖြစ်သော အလုံးစုံသော ထိုပါပညစ်ကျုမကောင်းမှုတို့နှင့် ကင်းလွတ်ခြင်း။ နိဂဏ္ဌသည် ကာယကံမှုအပေါ်တွင် အထူးသတိထား၍ စောင့်စည်းသည်။ သူကိုယ်တိုင် အကျင့်ကိုမပြတ်ကျင့်၍ သူ၏ ဥပဒေသတို့မှာလည်း ပြင်းထန်သောအကျင့်ပင်ဖြစ်သည်။

ဤတိတ္ထိ ဆရာကြီးခြောက်ဦးတို့တွင် နိဂဏ္ဌ နာဋပုတ္တ၏ ဥပဒေသသာကျန်ရှိလေသည်။ ဂျိန်းတို့သည် ယင်းဥပဒေကို မြတ်နိုးစွာ ခံယူကြသည်။အခြားတိတ္ထိဆရာကြီး ငါးဦးတို့၏။အယူအဆဝါဒတို့မှာ ဗုဒ္ဓခေတ်ကပင် ဖြစ်ခဲ့သော်လည်း သူတို့၏ အယူအဆတို့မှာ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းကို ဆက်စပ်၍ မပေးခဲ့ချေ။ ထို့ကြောင့် လူတို့သည်ရင်း၊ ပညာရှိတို့သည်ရင်း၊ ယင်းအယူအဆဝါဒများကို လက်မခံကြခြင်းဖြစ်၏။ စင်စစ်မှာမူ ထိုသူတို့သည် ရာစုပေါင်းများစွာကရှိခဲ့ဘူးကြောင်း မှတ်တမ်းတင်ရှိသာဖြစ်သည်။

## ၄—ဗုဒ္ဓဒဿန သမိုင်းဆရာများ

မြတ်စွာဘုရား၏ လုပ်ငန်းမှာ အစဉ်အလာနှင့် မြင့်မြတ်ခြင်းပေါ်တွင် အမြဲမှီတွယ်နေလေသည်။ ဗုဒ္ဓသည် ကိုယ်တော်တိုင် အသစ်ဖြစ်သော ဓမ္မတရား၏ ခရုသင်းသံကို အနှံ့အပြားမှုတ်ခဲ့သည်။ကောသလနှင့်မဂဓတိုင်းတို့တွင် အထူးထင်ရှား ပျံ့နှံ့သွား

၏။ သတ္တဝါအများ၏ ကောင်းကျိုးချမ်းသာအတွက် သူ၏ဓမ္မတရားကို ဖြန့်ချိရာတွင် ထိပ်တန်းပုဂ္ဂိုလ်ကြီးများ၏ အကူအညီကိုများစွာရရှိခဲ့၏။ မဂဓမင်း ဗိမ္ဗိသာရနှင့် အဇာတသတ်သည် ဗုဒ္ဓမြတ်စွာ၏ ဓမ္မဒေသနာအတိုင်း လိုက်နာ၏။ ကောသလမင်း ပရသေနဇိတ (ပသေနဒီ) လည်း ဗုဒ္ဓဓမ္မကို နက်နဲစွာပင် ယုံကြည်၏။ ထိုမင်းသည် ဗုဒ္ဓအား လွန်စွာကြည်ညို မြတ်နိုးသောတပည့်ဖြစ်ကြောင်းကို ဗုဒ္ဓစရိတ (၄၄၀) တွင် ဖွင့်ပြ သည်- 'ပရသေနဇိတမင်းကြီးသည် နေ့စဉ်ကျောင်းတော်သို့ သွားပြီး မြတ်စွာဘုရား၏ ခြေတော်ကို ဦးဖြင့် ရှက်၍ ခံတွင်းဖြင့် စုပ်လေသည်-' ဟူသော စကားဝါကျဖြင့် သိနိုင်လေသည်။

ကောသမ္ဗီမင်း ဥဒယနလည်း ဗုဒ္ဓသံဃာအား အထူးပင် လေးစားကြည်ညိုသည်။ ထိုမင်းသည် မိဘုရားများနှင့်အတူတကွ သံဃာတော်များအားများစွာသော အလှူဒါနကို ပေးလှူသည်။ တခါက ဥဒယနမင်း၏ မိဘုရားများသည် ရှင်အာနန္ဒာအား သင်္ကန်း ၅၀၀-ပေးလှူခဲ့သည်။ ဤများစွာသော သင်္ကန်းတို့ကို ရှင်အာနန္ဒာ မည်သို့အသုံးပြုမည်နည်း ဟု မင်းကြီးအံ့သြခဲ့၏။ ရှင်အာနန္ဒာက ထိုသင်္ကန်းများကို မည်သို့မည့်ပုံ အသုံးချမည်ဖြစ်ကြောင်း ရှင်းပြသောအခါ ဥဒယနမင်းသည် သံဃာတော်တို့အား ပိုမိုဆပွါးကြည်ညိုလေးစားသဖြင့် နောက်ထပ် သင်္ကန်း ၅၀၀-ထပ်ပြီး ပေးလှူလိုက်လေသည်။ တရံသောအခါ ဥဒယနမင်း၏ နန်းတော် အနောက်ဆောင်ကို မီးလောင်လေရာ မိဘုရားပေါင်း ငါးရာမျှ မီးလောင်သွားသည် ဟု ကြားဘူး၏။

ထိုထွင် ဗုဒ္ဓမြတ်စွာ၏ ဥပါသိကာ (တပည့်မ)များအတော်များ ပြားစွာ ပါဝင်ကြောင်း ဥဒါန်း (၇-၉)ဖြင့် သိနိုင်လေသည်။

မဂဓနှင့် ကောသလတိုင်းတွင်ရှိသော သူဌေးသူကြွယ်များ သည်လည်း ဗုဒ္ဓဓမ္မဖြန့်ချိရာတွင် အထူးကြိုးပမ်းကြသည်။ သာဝတ္ထိ သူဌေးကြီး'အနာထ ပိဏ္ဍိက'(အနာထပိဏ်)၏ အမည် ကို ဗုဒ္ဓဓမ္မသမိုင်းတွင် ရွှေအက္ခရာဖြင့် ရေးထားထိုက်၏။ သူသည် ဗုဒ္ဓအား အဘယ်မျှ သဒ္ဓါကြည်ညိုလေသနည်း။ မြတ်စွာဘုရား သာသနာသုံးတော်မူရန် ဇေတဝန်ကျောင်းတော်ဆောက်လုပ်ရာ ကျောင်းမြေရာအပြည့်တွင် ရွှေဒင်္ဂါးအပြည့် ဖြန့်ခင်းခဲ့လေသည်။ မှန်ပါသည်။ အတ္တ (အနက်)၏ အကူအညီနှင့် ကင်းကွာ၍ ဓမ္မ (တရား)၏ ပျံ့နှံ့ခြင်းမှာ မဖြစ်နိုင်ပါ။ ဗုဒ္ဓဓမ္မ၏ သမိုင်းသည် ယင်းအချက်ကို ပဓာန ညွှန်ပြလေသည်။

ဗုဒ္ဓသည် မိမိ၏လုပ်ငန်း တည်တံ့ခိုင်မြဲရေးအတွက်'သံဃ' အဖွဲ့ကို တည်ထောင်ခဲ့လေသည်။ ဖွဲ့စည်းပုံမှာ ပြည်သူ့ အုပ်ချုပ် ရေးအဖွဲ့နှင့် အလားတူဖြစ်၏။ သကျတို့သည် ဂဏတန္တရ(ပါတီ အဖွဲ့) ကို လေးစားသည်။ဗုဒ္ဓကား ပဇာတန္တရ(လူထု)ဘက်က ဖြစ်သည်။စင်စစ် ဗုဒ္ဓသည် မိမိသံဃအဖွဲ့ကိုလည်း ပဇာတန္တရ အဖွဲ့အစည်းသဘောဖြင့် မွေမြူထားလေသည်။ ရဟန်းတို့ကို စောင့်ရှောက်ရန်အတွက် နိယာမ အစဉ်အလာများထားခဲ့၏။ ထိုနိယာမတို့သည် ဝိနယာ ပိဋကတွင် ပေါင်းစုနေလေသည်။ဗုဒ္ဓ ဓမ္မ၏ ရတနာသုံးပါးမှာ ဗုဒ္ဓ-ဓမ္မနှင့် သံဃာဖြစ်၏။ဤသုံးပါးကို မှီခိုအားထားသူသည် ဗုဒ္ဓ၏ တပည့်သားဖြစ်၏။ သံဃာတို့စောင့် ရှောက်ရန် များစွာသောအစဉ်အလာများပြုလုပ်ထား၏။ပြစ်မှု

လွန်ကြူးသော ရဟန်းအား ဒဏ်ပေးရန် သဃ်ာကပင် ပြုလုပ်သည်။ သို့ကြောင့် ဗုဒ္ဓ၏ဓမ္မတရား ကြာမြင့်စွာ တည်တံ့ခြင်းဖြစ်သည်။

## ဗုဒ္ဓဓမ္မ၏ အကိုင်းအခက်များ

ဗုဒ္ဓဓမ္မတွင် ဂိုဏ်းကြီးနှစ်ဂိုဏ်းရှိသည်- (၁) ဟီနယာန (၂) မဟာယာနပင်ဖြစ်၏။ ဤဟီနယာန ဟူသော အမည်နာမကို မဟာယာနတို့က မှည့်ခေါ်ခြင်းဖြစ်၏။သူတို့သည် မိမိတို့ဂိုဏ်းကိုမူ မြင့်မြတ်သည် ဟု ယူစွဲကာ'မဟာ' ဟူသောပုဒ်ဖြင့် အထူးပြုပြီးလျှင်ရှေးရိုး အယူအဆရှိသူများကို ဟီနယာနဟူသောအမည်ဖြင့် တင်စားလိုက်ခြင်းဖြစ်သည်။ ဟီနယာနတို့သည် ရှေးရိုးပါဠိပိဋကတော်လာသည့်အတိုင်း ဗုဒ္ဓဓမ္မကို ထိန်းသိမ်းကြသည်။ ယခုအခါလင်္ကာ(သီဟိုဠ်)ယိုးဒယား,မြန်မာအစရှိသော အိန္ဒိယ၏ တောင်းပိုင်းဒေသများမှာ ဟီနယာနဂိုဏ်းသားများဖြစ်ကြသည်။ သူတို့ကိုယ်တိုင်ကမူ မိမိတို့ကို 'ထေရဝါဒီ'ဟု ခေါ်တွင်စေ၏။ မဟာယာနတို့၏ ဖြစ်ပေါ်ရာမှာ တရုပ်၊ဂျပန်၊ မွန်ဂိုလီယား၊ကိုရီးယား အစရှိသော အိန္ဒိယ၏ မြောက်ပိုင်းဒေသများဖြစ်၏။ ဤဂိုဏ်းကြီး နှစ်ဂိုဏ်း၏ အယူအဆကွဲပြားမှု အကျယ်ကို ရှေ့တွင် တွေ့မြင်ရပါလိမ့်မည်။

မဟာယာနသည်ဘယ်အခါက ပေါ်ပေါက်ခဲ့သနည်း။

ဤပြဿနာကို တည့်မတ်စွာ မဆုံးဖြတ်နိုင်ကြပါ။ အချို့သော ပညာရှင်တို့သည် အဿဃောသ (သုန္ဒရနန္ဒ ကဗျာကိုဖွဲ့ဆိုသူ)အားမဟာယာနဂိုဏ်းအယူအဆ၏တည်ရာဟုယူဆကြသည်။ တရုပ်ဘာသာတွင် အဿဃောသ၏ "မဟာယာနသဒ္ဓုပ္ပါဒ"

အမည်ရှိသော ကျမ်း ယနေ့တိုင် ထင်ရှားရှိလေသည်။ အထက်က ပြောပြခဲ့သော အချက်အလက်တို့၏တည်ရာမှာ ဤကျမ်းပင်ဖြစ်၏။ သို့ရာတွင်ဤစကားမမှန်ပါ။ "မဟာယာန-သဒ္ဓုပ္ပါဒ" ၏ အဆိုအမိန့်ကို ခရစ်ပထမ ရာစုနှစ်ဖြစ်လိမ့်မည်ဟု မှန်းဆသည်မှာ မဖြစ်နိုင်ပါ။တိဗက်စာပေတို့တွင် နေရာတကာမှာ အဃဃောသကို "သဗ္ဗတ္ထိဝါဒီ" ဟု ယူဆကြသည်။ အဃဃောသ ကိုယ်တိုင် ဟီနယာန် ဟု ဆိုလိုခြင်းဖြစ်သည်။ ဟီနယာနသည် အခါကာလ အားလျော်စွာ မိမိဘာသာပြောင်းလဲမှု မဖြစ်နိုင်ပါ။ သို့ကြောင့် မဟာယာနသည်သာ အခြေအနေအရ ပြုပြင်ပြောင်းလဲခြင်းဖြစ်ပေလိမ့်မည်။ မဟာယာနအယူအဆတွင်ဗြဟ္မဏဝါဒကြီးစိုးလွှမ်းမိုးနေ၏။အထူးသဖြင့် မဟာယာန၏အလုပ်မှာ ဘဂဝတ် ဂီတာ၏ ကမ္မယောဂ (အကျင့်)ဖြစ်သည်။ မဟာယာနထွန်းကားသော အချိန်ကာလမှာဝိကြမသက္ကရာဇ်၏ ဒုတိယရာစုတွင်ဖြစ်နိုင်ဘွယ် အကြောင်းရှိ၏။ ကျွန်ုပ်တို့သည် နာဂဇ္ဇုနအမည်ရှိသောပုဂ္ဂိုလ်ကြီးကို မဟာယာနတွင် အစစ္စာဟု ယူဆနေကြပါသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီးထက်ရှေးကျသော မဟာယာန၏ "သမတ္ထကသုတ္တ" ကျမ်းကို တွေ့ကြရသည်။

မဟာယာန၏ အကိုင်းအခက်တို့မှာ မန္တရယာနနှင့် ဝဇီရယာနတို့ဖြစ်သည်။ မန္တရနှင့် တန္တရမှာ သဘာဝချင်း တူမျှသည်။ ထိုဝါဒ အယူအဆများသည်။ ဗင်္ဂါ၊ ဩရိဿနှင့် အာသန်ပြည်တို့တွင် အထူးထင်ရှား၏။မူလဗဟိဋ္ဌာနမှာ တိဗက်ဖြစ်၏။ဤသို့လျှင် ဗုဒ္ဓမ၏ အခက်အလက်ဖြစ်သောယာနများ တိုးတက်ပြန့်ပွါးလာခဲ့လေသည်။

(၁) ဟီနယာန- ဝိကြမသက္ကရာဇ်မပေါမီ အနှစ် ၅၀၀နှင့် ဝိကြမသက္ကရာဇ် အနှစ် ၂၀၀၊
(၂) မဟာယာန- ဝိကြမသက္ကရာဇ်မပေါမီ အနှစ် ၂၀၀နှင့် ဝိကြမသက္ကရာဇ် အနှစ် ၇၀၀၊
(၃) ဝဇရယာန- ဝိကြမသက္ကရာဇ်မပေါမီအနှစ် ၇၀၀နှင့် ဝိကြမသက္ကရာဇ် အနှစ် ၁၂၀၀။

## ဗုဒ္ဓဓမ္မသံဂါယနာ

ကမ္ဘာ၏ပဓာနနိယာမအစဉ်အလာမှာ တစ-တစပြောင်းလဲ တိုးတက်ခြင်း ဝိကေသပင်ဖြစ်၏။ ဖြစ်ပေါလာခြင်း၏ အခြားမဲ့တွင် အယ်အရာဝတ္ထုမျှတိုးပွါးခြင်းနှင့်ကင်းကွာ၍ မဖြစ်နိုင်ချေ။ အညှောင့်သည် တဖြည်းဖြည်း၊ တစ-တစ တိုးတက်ဖွံ့ဖြိုးလာပြီး သစ်ပင်၏အသွင်ကိုဆောင်၏။ အဖူးများသည်အပွင့်၏အသွင်သို့ ပြောင်းလဲလာပြီး ကြည့်ရှုသူတို့၏ စိတ်ဝင်စားဘွယ် ဖြစ်လာ၏။ ဓမ္မတရားသည်ဤအစဉ်အလာ နိယာမသဘောတရားကိုဆန့်ကျင်ခြင်းမပြုချေ။ ဓမ္မတရား၏မျိုးစေ့သည်လည်းအညွန့်-အညှောက် ပေါက်ကာ ခက်လက်ဝေဖြာ၍ လာလေသည်။ ဗုဒ္ဓဓမ္မသည် တစ-တစတိုးတက်လာပြီးလျှင်အလွန်စိတ်ဝင်စားဘွယ်ဖူးပွင့်လာခဲ့လေသည်။

**ပထမ-ဒုတိယ သံဂါယနာတင်**

ဝိကြမ သက္ကရာဇ်မပေါ-မီ ၄၃၆-နှစ်တွင် မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်။ ထိုအခါ ဗုဒ္ဓဓမ္မမူလအယူအဆကို ဝေဘန် ဆုံးဖြတ်ရန်အတွက်- မြတ်စွာဘုရား၏ပဓာန တပည့်ကြီးများ အကူအညီ

ဖြင့် မဂဓနိုင်ငံ၏ မင်းနေပြည်ဖြစ်သော ရာဇဂြိုဟ်တွင် ပထမဆုံး သံဂါယနာတင်လေသည်။ ဤတွင် သုတ္တနှင့် ဝိနယ ပိဋကတို့ ပုံစံ ကို ချမှတ်ပြီးလျှင် အကျွရာတင်ခဲ့၏။ သို့ရာတွင်ထို့နောက် အနှစ် တရာ အတွင်းမှာပင်လျှင် ဝိနယ၏ပြင်းထန်သော နိယမ (သိက္ခာ ပုဒ်) တို့ကို ယူဆောင်၍ အင်အားကြီးမားသော ဆန့်ကျင်ဘက် များ ပေါ်ပေါက်လာခဲ့၏။ ဤဆန့်ကျင်ဘက်တို့၏ ဝင့်ကြွား သော အလံကိုကိုင်ဆောင်သူတို့မှာ ဝဇ္ဇီတိုင်းသား ရဟန်းများ ဖြစ်၏။ သူတို့ကို ဝဇ္ဇီပုတ္တ၊ ဝဇ္ဇီပုတ္တက- ဟုခေါ်ကြ၏။ ဤဆန့် ကျင်ဘက်များ ငြိမ်းချမ်းစေရန်အတွက် ဝိကြမသက္ကရာဇ်မပေါ်မီ ၃၂၆-ခုနှစ်တွင် ဝေသာလီပြည်မှာ ဒုတိယ သံဂါယနာတင်လေ သည်။ သို့ရာတွင် ရှေးရိုးသမားကျ ဝိနယများကို အစွဲသန်သော ရဟန်းများ၏ရှေ့တွင် ထိုဆန့်ကျင်ဘက် ရဟန်းများ တခဏမျှ မနေကြချေ။ ဤသို့ရှားသော အခြေအနေတွင် ထိုရဟန်းတော် များသည် ဝေသာလီမှ ဝေးကွာရာသို့ ဖယ်ခွါလာကြပြီး ကော သမ္ဗီ (ပယာဂ၏ အနီး"ကောသမ") တွင် တသောင်းသော သံဃာတို့၏ အကူအညီဖြင့် သီခြားသံဂါယနာတင်ကြလေသည်။ ထိုနေ့တွင် ဗုဒ္ဓသံဃာတွင်ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲပြားသွားလေသည် (၁) ထေရဝါဒီနှင့် (၂) မဟာသံဃိကဖြစ်၏။

ဝိနယကို ဘယ်နည်းနှင့်မျှ ပြုပြင်ပြောင်းလဲမှုကို မလိုလား သော သမားရိုးကျ ရဟန်းတို့ကို ထေရဝါဒီဟု ခေါ်၏။ ဝိနယ ကို အခါကာလအားလျော်စွာ ပြုပြင်ပြောင်းလဲသင့်သည် ဟု အယူရှိသော ရဟန်းများ၏ အရေအတွက်မှာ လွန်စွာ များပြား လေရကား 'မဟာသံဃိက' ဟု ခေါ်ကြ၏။

**တတိယ သံဂါယနာ**

အသောကခေတ် (ဝိကြမ သက္ကရာဇ်မပေါ်မီ တတိယရာစု) ၏ ရှေးမဆွကပင်လျှင် ဗုဒ္ဓမြတ်စွာဘုရား၌ အယူအဆကွဲပြားသော ဂိုဏ်းပေါင်း ၁၈-ဂိုဏ်းပေါ်ပေါက်နေလေသည်။ ယင်းသည် ခေတ်က ကြိုက်နှစ်သက်ခြင်း၏ တန်ဖိုးဖြစ်၏။ ဗုဒ္ဓဓမ္မသည် အခါခပ်သိမ်း ခေတ်၏အကြိုက်ဖြစ်သောကြောင့် ထိုတွင် အထွေထွေ-အပြားပြား သဘောထားရှိသော သူများပါဝင်လာပြီးလျှင် ဗုဒ္ဓ၏ မူလ အစဉ်အလာကို စောင့်ရှောက်ရာတွင် ဒုက္ခပေးမည့်သူများ ထွက်ပေါ်လာခဲ့လေသည်။ အသောကမင်းကြီးသည် မူလ ဗုဒ္ဓဓမ္မတွင် အတု အယောင်များ ရောထွေး ရှက်နှောင်နေသည်ကိုတွေ့ရ၍ အစစ်နှင့် အတုကွဲပြားစေရန် ကြိုးပမ်း၏။ အစစ်နှင့် အတုကို ကောင်းစွာ သိရှိသောအခါ ဝိဝါဒ ကွဲပြားခြင်းကို ငြိမ်းအေးစေရန် ရှင်မောဂ္ဂလိပုတ္တတိဿ မဟာထေရ်အား အကြီး အမှူး ပြု၍ ပါတလိပုတ်တွင် တတိယ သံဂါယနာတင်လိုက်လေသည်။ ဤသံဂါယနာသည် ဗုဒ္ဓဓမ္မသမိုင်းတွင် ထူးခြားကြီးမားသည်ဟု ဆိုရပေမည်။ အကြောင်းသော်ကား သံဂါယနာတင် ဆုံးဖြတ်သည့် အားလျော်စွာ အသောကမင်းကြီးသည် ဗုဒ္ဓဓမ္မပျံ့နှံ့စေရန်အတွက် အိန္ဒိယမှ အခြားတပါးသော နိုင်ငံများသို့ရဟန်းများအား သာသနာပြု စေလွှတ်ခဲ့လေသည်။ ထိုအခါမှ စ၍ ဗုဒ္ဓဓမ္မသည် ကမ္ဘာ့တရား ဟူသော ဂုဏ်ထူးကို ခံယူရန် အတွက် အဦးအစဖြစ်ခဲ့လေသည်။

**စတုတ္ထ သံဂါယနာ**

စတုတ္ထ သံဂါယနာကို ကုသာဏအမျိုး ဘုရင် 'ကနိသက' ၏ လက်ထက် (ပထမ ရာစု) တွင် တင်ခဲ့လေ သည်။ ဤအကြောင်းနှင့် ပတ်သက်၍ သီဟိုဠ်ကျမ်း များ ရေငုံ့နေကြသော်လည်း သံဂါယနာမှာ အမှန်ပင်တင်ခဲ့ ကြောင်းကို ပမာဏဖြစ်သော တိဗက်၊ တရုပ် နှင့် မွန်ဂိုလီယန် စာပေတို့တွင် ရေးသားဖွင့်ဆိုထားလေသည်။ ကနိသက မင်း လည်း ဗုဒ္ဓဓမ္မနှင့် ဆန့်ကျင်သောသူများကို နှိပ်ကွပ်ခဲ့သည်။ ထိုမင်းသည် သူ၏ဆရာဖြစ်သော 'ပါသွ'၏ တိုက်တွန်းချက်အရ ရဟန်းတို့၏ အစည်းအဝေးကြီးတခုပြုလုပ်ပေး၏။ ထိုတွင်ရဟန်း ငါးရာပါဝင်၍ ကသ္မီရတိုင်း မင်းနေပြည်၏ အနီးအပါးဖြစ် သော ကုဏ္ဍလဝနကျောင်းတွင် သံဂါယနာတင်ကြလေသည်။ ထိုသံဂါယနာတင်ပွဲ၏ ဦးစီးဥက္ကဋ္ဌမှာ ဝသုမိတ္တဖြစ်၍ ဒုတိယ ဥက္ကဋ္ဌမှာ ကနိသက မင်း ပါဋလိပုတ်မှ ကိုယ်တိုင် ပင့်ဆောင် လာသော မဟာကဝိ အဿဃောသဖြစ်သည်။

ဤသံဂါယနာတင် အရှင်တို့၏ အယူအဆကို သဗ္ဗတ္ထိဝါဒ ဟု ခေါ်ကြ၏။ ထိုပုဂ္ဂိုလ်တို့သည် အလွန် ပင်ပန်းစွာဖြင့် ဗုဒ္ဓဓမ္မ၏ ထူးခြားချက် အယူအဆများပေါ်တွင် မိမိတို့၏ ထင်မြင်ချက် များပေးကြသည်။ ဆန့်ကျင်ဘက်များကို ဖယ်ရှင်းပြီး ပိဋက များကို အကျယ်တဝင့် ဖွင့်ဆိုကြသည်။ ထိုအဖွင့်ကျမ်းကြီး မှာ 'မဟာဝိဘာသာ' ဟူသော အမည်ဖြင့် ထင်ရှား၏။ တရုပ်ဘာသာတွင် ဤကျမ်းသည် ယနေ့လည်း ပြိုင်ဘက်ကင်းလျက်ရှိလေ သည်။

သံဂါယနာတင်ပြီးသောအခါ ကနိသက မင်းသည် အလုံးစုံသော အဖွင့်ဋီကာများကို စဉ့်ပြားများပေါ်တွင် ရေးစေပြီးလျှင် ထိုစဉ့်ပြားများကို စေတီတဆူတွင် မြုပ်နှံထားသည် ဟုကြားဘူးပါသည်။ ထိုကျမ်းမြတ်ရတနာတို့သည် ယနေ့တိုင် ကသ္မီရပြည် မြေအောက်ဘယ်နေရာတွင် ရောက်နေ၍ ဘယ်အခါတူးဖေါ်ရရှိမည်နည်း။ သို့ရာတွင် ယနေ့တိုင်စေတီတော်၏ အစအန မတွေ့ရသေးချေ။ ထိုနောက် ကနိသကသည် ကသ္မီရမှ ပက်ရှဝါ(ပေသာဝရ)သို့ ပြန်သွား၏။ခရစ်သက္ကရာဇ် ၁၀၀-၏ ပတ်ဝန်းကျင်တွင် ဤသံဂါယနာတင်ပွဲဖြစ်ခဲ့သည် ဟု ယူဆကြသည်။ ဤသံဂါယနာများကြောင့်သာ ဗုဒ္ဓဓမ္မကို ထင်ရှားပြတ်သားစွာ တွေ့မြင်နေကြရခြင်းဖြစ်သည်။အကယ်၍ သံဂါယနာမတင်ခဲ့ပါလျှင် ဘယ်ကဲ့သို့သော အခြေအနေမျိုးတွင် ရှိလိမ့်မည် ဟု မပြောပြနိုင်ချေ။

---

ဤနေရာတွင် မြန်မာတို့၏ အစဉ်အလာ အယူအဆအတိုင်း သံဂါယနာတင်ခြင်းအကြောင်း မှတ်တမ်းကိုလည်း နှိုင်းယှဉ်ရန်အတွက် ဖေါ်ပြသင့်သည် ဟု ယူဆပါသည်။ဗုဒ္ဓဒေသနကို လေ့လာရာတွင် အဘက်ဘက်က လှည့်၍ကြည့်နိုင်လေ အမှန်နှင့် နီးစပ်လေဖြစ်ပါသည်။ ထို့ပြင် မိမိတို့၏ အယူအဆကိုသာ သိပြီး သူတပါးတို့၏ အယူအဆကိုမသိလျှင် ပြည့်စုံလိမ့်မည် မဟုတ်ချေ။ သူတပါးတို့၏ အယူအဆကိုသာသိပြီး မိမိတို့၏ အယူအဆကို မသိခြင်းမှာမူ လွန်စွာ အရုပ်ဆိုးလှပေသည်။ သို့ကြောင့် ဤတွင် မြန်မာတို့၏ အစဉ်အလာ အယူအဆ အတိုင်း သံဂါယနာတင်များကို ကြားညှပ်၍ ထည့်သွင်းလိုက်ပါသည်။

# ပထမ သံဂါယနာအကျဉ်း

ဇယတု-မင်းချင်လေ....၊
ကုသိနာရုံ၊ ပန်းရဂုံဝယ်၊
ဘုံပြိုသလဂ်၊ တည့်မွန်းရက်၌၊
ငွေစက်မပြန်၊ သုံးနိဗ္ဗာန်တွင်၊
နှစ်တန်ကူးမြောက်၊ လေးလရောက်ဝယ်၊
ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်၊
ဗြဟ္မာအသွင်၊ လူကရှင်သည်၊
မုတင်တေရသ်၊ သူ့ထက်မြတ်သား၊
ထေရ်ကဿပ၊ သာဝကတို့၊
ခ ခ ပဉ္စာ (၅၀၀)၊ ရဟန္တာနှင့်၊
ပြည်ရာဇဂြိုဟ်၊ နဂိုရ်စိုးခြင်း၊
သံဝေပြင်းသည့်၊ မင်းဇာတသတ်၊
သမုတ်နတ်ကို၊ ထေရ်မြတ်တစု၊
အမှီပြု၍၊ ငါးခုသာတောင်၊
ပြည်ရန်အောင်ဝယ်၊ မြရောင်ဆိုင်းဆိုင်း၊
ညိုညိုမှိုင်းသား၊ ခက်ကျိုင်းညွန့်ရှင်၊
စရည်းပင်နှင့်၊ ခေါတွင်ပဗ္ဗတ၊
ဝေဘာရဟု၊ သာလှရိပ်ချမ်း၊
ရဂုံဝှမ်းဝယ်၊ ကျမ်းပုဒ်ပဒ၊
ညှိနှိုင်းဆ၍၊ ပထမသံဂါယနာ၊

တင်သောခါဝယ်၊ ကြယ်မသံကြီး၊
လနှင့်နီးမှ၊ ပြီးစီးအောင်မြင်၊
ယင်းသဘင်ဝယ်၊ အရှင်အာနန်၊
ရှစ်ဆုပန်လျှင်၊ အရဟန်စစ်၊
တိုင်မြောက်ဖြစ်သည့်....
ရှစ်ဆယ်ကျော်သက်တွင်တည့်လေ....
သူကောင်းဘော်ရွှေမင်းချင်းတို့....။

## ဒုတိယသံဂါယနာအကျဉ်း

မင်းချင်းလေ....
တိုင်းမဂဓိုရ်၊ရာဇဂြိုဟ်ဝယ်၊
ထိုဇာတသတ်၊ နှယ်မပြတ်သား၊
သည်းပွတ်မြေးမြစ်၊ မင်းအဖြစ်ကို၊
ညှစ်ပတ်သတ်လု၊ ငါးဆက်ပြုမှ၊
သုသုနာဂ ါ၊သာသနာကို၊
ဝေသာလီမည်၊ ချက်မြှုပ်ပြည်သို့၊
ရွှမ်းစည်ကျူးရင့်၊ ခါီလေပင့်သော်၊
နှစ်မြင့်ငြိမ်ဆိမ်၊ ရွှေနန်းအိမ်ဝယ်၊
စည်းစိမ်စံပြီး၊ နတ်ဘုံမှီးသော်၊
သားကြီးရတနာ၊ ကာလာသောက၊
ရိပ်ဖြူသရှင့်၊ ဘုရား့သာသနာ၊
နှစ်တရာသည်၊ ကြိုက်လာပြန်လျှင်၊
တိဘုရင်ကို၊ အရှင်ယသ၊

တူကွမကွာ၊ ခုနှစ်ရာတည့်၊
ရဟန္တာစု၊ တိုင်ပင်ပြု၍၊
ဝါလုကာရုံ၊ ကမ္ဗည်းခံသည့်၊
သာစံထပ်ထပ်၊ နက်သန်ရပ်ဝယ်၊
မဏ္ဍပ်ကြီးစွာ၊ သုဓမ္မာသို့၊
ရတနာကိုးသွယ်၊ မွန်းမံချယ်သား၊
ပန်းနွယ်ခြူးစိပ်၊ သဘင်ရိပ်၌၊
စက်အိပ်နည်းဘိ၊ ထေရ်မုနိတို့၊
ဒုတိယသံဂါယနာ တင်သောခါသည်၊
ရှစ်မာသ တိုင်တိုင်တည့်လေ....
သူကောင်းဘော်ရွှေမင်းချင်းတို့။

## တတိယ သံဂါယနာ အကျဉ်း

မင်းချင်းလေ....
ဝဇ္ဇီတိုင်းချာ၊ ပြည်ဝေသာဝယ်၊
ကာလာမင်းနောက်၊ ဆဲ့ကိုးထောက်တွင်၊
မင်းမြောက်စိမ့်ရန်၊ ပုဏ္ဏားဖန်သည့်၊
စန္ဒကုတ်မြေး၊ ဗိန္ဒုသွေး ဟု၊
ဘုန်းကျေးဇူးဟုန်၊ မြေမိုးတုန်မျှ၊
ရှေးကုန်သည်ဖြစ်၊ ဘဝဇာစ်က၊
ပျားနှစ်ရသာ၊ ကုသိုလ်ပါသည့်
ဓမ္မာသောက၊ **နရိန္ဒလျှင်**၊
ဇမ္ဗူဘူမိ ၊ ပါဋ္ဌလိဝယ်၊

ဆယ်ဒိသာလုံး၊ အာဏာကျုံးသား၊
ပေါင်းရုံးများစွာ၊ ဇောပွါတွင်၊
မဟာမောဂ္ဂလိပုတ္တ၊ ထေရ်တိဿတို့၊
ဓမ္မမင်းအား၊ နိမန်ကြား၍၊
လက်သားအရဟန်၊ တထောင်မှန်နှင့်၊
ဗိမာန်ရတနာ၊ ကျယ်ဝန်းစွာသည့်၊
သောကာရာမ၊ ရွှေကျောင်းလှထက်၊
တတိယသံဂါယနာ၊ အာဏာဖေါ်ပြ၊
တင်ကုန်ကြသည်....
သုံးလယုတ် တနှစ်တည့်လေ....
သူကောင်းဘော်ရွှေ-မင်းချင်းတို့....။

ဤသံဂါယနာ သုံးတန်ဘွဲ့ အဏ်ချင်းကို စဥ့်ကူးမင်းလက်ထက် စာဆိုတော် ဦးယာသီဆိုခဲ့သည်။ စတုတ္ထသံဂါယနာဘွဲ့ကို ကား မင်းတုန်း မင်းတရားကြီးလက်ထက် ဆီးဘန်းနှိုဆရာတော် သီကုံးလေသည်။

## စတုတ္ထ သံဂါယနာ အဏ်ချင်း

ဇေယတု-သူကောင်းလေ....
ကုသဝတီ၊ ပူရိပြည်ထူး၊
စိလွတ်ကျူးဝယ်၊ တန်းခူးလည်းကုန်၊
နတ်မြူးခုန်သား၊ ကဆုန်ပုဏ္ဏမာ၊
နေ့အင်္ဂါဟု၊ ဗေသာခါနက်၊
တည့်မွန်းရက်တွင်၊ စက်တော်မပြန်၊

ဓာတ်နိဗ္ဗာန်ကို၊ ချန်ခဲ့တုံမြောက်၊
ဆန်ကြွနောက်ဝယ်၊ သာလျောက်လှည့်ဗိုလ်၊
ကပ်မှီခိုသည့်၊ သိဟိုဠ်ရာဇာ၊
ရှစ်ဆက်လာသား၊ သဒ္ဓါတိဿ၊
မင်းတရာ့ရင်သွေး၊ မြတ်လေးသက်နှိုး၊
ချစ်အားသံသည်၊ ဝဋ္ဋဂါမ်ဘုန်းတောက်၊
နန်းစံခြောက်တွင်၊ အရောက်ထိုခါ၊
သာသနာကား၊ ရာလေးခုပေါ်၊
ငါးဆယ်ကျော်ဟု၊ စာတော်မဟာဝင်၊
သံပိုင်းတင်ရှင့်၊ ရဋ္ဌင်သတ္တာ၊
ပြည့်စုံလှသည့်၊ အမရ ရန်အောင်၊
ပြည်ထောင်မင်းအား၊ ညွတ်တွားရိုသေ၊
ဆက်လှပေသည့်၊ သန္ဒေသကထာ၊
သိဟိုဠ်စာ၌၊ လေးရာတွက်ဖွဲ့၊
သုံးဆဲ့နှစ်သုံး၊ ပါဠိစိကုံးရှင့်၊
ထုံးနှစ်ဖြာထွက်၊ ထိုနှစ်ချက်ကို၊
နှစ်သက်ကျရာ၊ မှတ်လေပါလော့၊
နှစ်မှာတွက်ဖွဲ့၊ တဆဲ့ခွန်သာ၊
မျှလောက်ကွာ၏၊ မဟာသမယ၊
ထိုကာလဝယ်၊ ဝဋ္ဋမင်းအား၊
အမှီထား၍၊ ငါးခုနှစ်ရာ၊
ထောင်သဿာတို့၊ သုံးခါတိုင်တိုင်၊
သံပြိုင်တွတ်တွတ်၊ ရေးကရွတ်သား၊
မုက္ခပါဠိမြတ်စွာ၊ ဋ္ဌကထာပါဠိ၊

တိပိဋက၊ ဂမ္ဘီရကို၊
အာသဝကင်းကွာ၊ ထေရ်ငါးရာတို့၊
ပေါ်ဌကာရှင့်၊ စတုတ္ထသံဂါယနာ၊
တင်ပြန်လှာသည်....
အာလောကလိုဏ်တွင်တည့်လေ....
မေတ္တာသက်ဝေ သူကောင်းတို့....။

# ဒဿနဆရာများ တိုးပွါးလာခြင်း

ဗုဒ္ဓဓမ္မနှင့် ဒဿနဏ်သမိုင်းတွင် အကယ်၍ ကျွန်ုပ်တို့အာဘက်ဘက်က ဖြန့်ကျက်၍ကြည့်ပါလျှင် သိမှတ်ဖွယ်ရာ အများအပြားကို တွေ့ကြရမည်ဖြစ်လေသည်။ ဝိကြမသက္ကရာဇ်မပေါ်မီ ဆဋ္ဌရာစုမှစ၍ တတိယရာစုတိုင်အောင် ထေရဝါဒသည် ပဓာနအနေဖြင့် ကြီးစိုးလွှမ်းမိုးခဲ့သည်။ အသောကဘုရင်၏ လက်ထက်တွင် ဗုဒ္ဓဓမ္မမှာ မင်း၏ အကူအညီကို အပြည့်အဝရခဲ့၏။ ဘုရင်သည် ဗုဒ္ဓဓမ္မကို သူ့အတွက် သက်သက်သာမဟုတ်ချေ။ ကမ္ဘာသုံးဘာသာဖြစ်စေရန်အတွက် များစွာကြိုးပမ်းခဲ့၏။ သူ၏ ကြိုးလုပ်ငန်းမှာ လွန်စွာအကျိုးကျေးဇူးဖြစ်ထွန်းခဲ့သည်။ အသောကသည် ထေရဝါဒကိုသာ လက်ခံ၍ ယင်းသည်သာ ဗုဒ္ဓ၏အလိုကျ အယူအဆဖြစ်သည်ဟု ယုံကြည်သည်။ ဝိကြမသက္ကရာဇ် စသည့်တိုင်အောင် ဤအယူအဆ ခိုင်မြဲနေလေသည်။

ဝိကြမ၏ ဒုတိယရာစုတွင် ကုသာဏမင်း 'ကနိသက' လက်ထက်တွင် အပြောင်းအလဲဖြစ်လာသည်။ ထေရဝါဒ၏ နေရာ

တွင် သဗ္ဗတ္ထိဝါဒသော မြတ်နိုးဘွယ် အယူအဆအသွင်ဖြင့် ယုံကြည်ခြင်းခံလာရ၏။ ဘေ့ထ္ထ သံဂါယနာတင်ပြီးသည်မှ စ၍ သဗ္ဗတ္ထိဝါဒ၊သို့မဟုတ် ဝေဘာသိက အယူအဆသည်အရပ်ဒေသတို့တွင် ပျံ့နှံ့သွား၏။ ကာန်သက မင်းသည် ဤဝါဒကို လက်ခံပြီးနောက် မြောက်ပိုင်းဒေသများသို့ ဤဝါဒကို ပို့ပြီး ဖြန့်ချိစေခဲ့၏။ဤခေတ်ကစ၍ တရုပ်နိုင်ငံသို့ သဗ္ဗတ္ထိဝါဒရောက်ခဲ့လေသည်။ တရုပ်ဘာသာမှသာလျှင် ဝေဘာသိက၏ ကျယ်ဝန်းသော စာပေများ ယနေ့တိုင်ကောင်းစွာ စောင့်ရှောက်လျက်ရှိသည်မှာ အထူးသတိပြုသင့်သော အချက်ပင်ဖြစ်၏။ ဤစာပေတို့၏ မူလမှာ သက္ကတဘာသာဖြစ်သော်လည်း လေးစားမှုမပြုကြသောကြောင့် မူလသက္ကတဘာသာ အလုံးစုံ မျှပ်ကွယ်နေခြင်းဖြစ်သည်။ ပဌမ ရာစုမှာလည်း စန္ဒဂုတ် ဝိကြမ ဒိတျနှင့် ကုမာရဂုတ္တမင်း၏ လက်ထက်တွင် သဗ္ဗတ္ထိဝါဒလွန်စွာ အားကောင်းခဲ့သည်။ ဝသုဗန္ဓုနှင့် ထုလဘဒ္ဒကဲ့သို့သော ဆရာတို့သည် မိမိတို့၏ အသစ်ဖြစ်သော လက်စွမ်းပြကျမ်းတို့ဖြင့် အသက်သွင်းပေးခဲ့သည်။ ခေတ်အတန်ကြာသည့်တိုင်အောင် ဤဝါဒ အမန်ပင် တောက်ပနေခဲ့သည်။ သို့ရာတွင် မီး၏ နောက်ဆုံးအလင်းရောင်ကဲ့သို့သာဖြစ်လေသည်။

ဝိကြမ၏ တတိယရာစုအားဖြင့် ကျွန်ုပ်တို့ ဗုဒ္ဓဒဿနိက လောကတွင် အလင်းရောင်သစ်ကို တွေ့မြင်ကြရသည်။ ကျွန်ုပ်တို့သည် သဗ္ဗတ္ထိဝါဒ တောက်စွန်းမှ ဖယ်ခွါခဲ့၍ သုညတာဝါဒ၏ အခြားအစွန်းသို့ရောက်ခဲ့ကြသည်။ ဤလမ်းသည် သတ္တန္တိကတို့ဖြင့် အထင်အရှားစီစဉ်ထား၏။ ဤရာစုတွင် ကျွန်ုပ်တို့သည် လုပ်ရှားသော အဆုံးနှင့်ဦး၏ ဒဿနကို တွေ့မြင်ကြရပါသည်။ (၁)ဆရာ

ကုမာရလာတနှင့်(၂)ဆရာ နာဂဇ္ဇုန်ဖြစ်သည်။ ကုမာရလာတ သည် အပြင်ဗဟိဒ္ဓ၏ အနက် (အတ္ထ)ဖြစ်သည့် ထင်ရှားဖြစ်ခြင်း (သတ္တ)၏ ပစ္စုပ္ပန်အသင့်ယုတ္တိကို လက်မခံဘဲ အနုမာန မျက် ရမ်းဆသော ယုတ္တိကို ပြီးမြောက်စေသည်။ နာဂဇ္ဇုနကား သုည၏ သဘောတရားကို တက္ကပညာ၏ အစီအစဉ်ဖြင့် တည် ဆောက်ထား၏။

'ကုမာရလာတ'ကို သုတ္တန္တိက ဝါဒမှ မွေးဘွားပေးသည်။ နာဂဇ္ဇုနသည်ကား မဇ္ဈိမိက (သုညဝါဒ)ကို ထိပ်တန်းဖြန့်ချိသူ ဖြစ်သည်။လာမည့် ရာစုများတွင် သူ၏ အယူအဆများ အရေး ကြီးသောကျက်စားရာအာရုံဖြစ်ခဲ့သည်။ ကုမာရလာတ၏ အယူ အဆမှာ အိန္ဒိယပညာရှင်တို့၏။ အတွေးအဆကို ထူးခြားသော အသွင်ဖြင့် မဆွဲဆောင်နိုင်ချေ။ သို့ရာတွင် သူ၏တပည့်တဦးသည် တရုပ်ပြည်တွင်လမ်းသစ်ကို တည်ထွင်တွေးကြံစေခဲ့၏။ ထိုတပည့် ၏ အမည်မှာ "ဟရိဝမ္မာ" ဖြစ်၍ သူ၏ဓမ္မလမ်းသစ် အမည်မှာ "သစ္စသိဒ္ဓိ" ဖြစ်သည်။ ဟရိဝမ္မာ၏ "သစ္စသိဒ္ဓိ" အမည်ရှိသော ကျမ်း၏ တရုပ်ဘာသာပြန် (ကုမာရဇီဝ, ခရစ်သက္ကရာဇ် ၄၀၃) သည်သာ ဤအယူဝါဒ၏မူလဖြစ်သည်။ သို့ကြောင့် ကုမာရလာ တ၏ လှုပ်ရှားခြင်းကို အနည်းငယ်မျှ ယုံမှားဘွယ်မရှိချေ။

နာဂဇ္ဇုန၏ ကျော်စောကိတ္တိမှာမူ ဒဿနိကလောကတွင် အ တုမရှိဖြစ်ခဲ့သည်။ သူသည် ဒဿနဆရာလည်းဖြစ်သည်။ အောင် မြင်သောသူလည်းဖြစ်သည်။ သူ၏"မဇ္ဈိမိက"ကဗျာတို့သည်သုည ဝါဒကို အစဉ်ခိုင်ခန့်သည့် တက္ကပညာ၏နံရံပေါ်မှာ တင်ထား သည်။ စတုတ္ထ-ဆဋ္ဌရာစုများတွင် သူ၏နောက်လိုက် ပညာရှိကြီး အများအပြားကို ကျွန်ုပ်တို့တွေ့ရပါသည်။

ဝိကြမ၏ပဥ္စမရာစုတွင် ဗုဒ္ဓအယူအဆမှာ "သဗ္ဗသုညတ" ၏ တဘက်စွန်းဝါဒကိုဖဲခွါ၍ တဖန်နောက်သို့ပြန်သွား၏။ သို့ရာတွင် ဤအတွင်းမှာ "ဝိညာန" ကို သတ္တဝါတမျိုးအဖြစ်ဖြင့် လက္ခံယုံကြည်၏။ ဝိညာနဝါဒဖြစ်ပေါ်လာသည်မှာဤခေတ်တွင်ဖြစ်၏၊ ဤသဘောတရားကိုကြံဆသူမှာ "ဆရာမေတ္တေယနာထ" ဖြစ်သည်။ သို့ရာတွင်ထိုသဘောတရားကိုဆရာအသင်္ဂနှင့် ဝသုဗန္ဓုသည်တက္ကပညာဖြင့်ခိုင်ခန့်အောင် အမွမ်းတင်လေသည်။ ဝသုဗန္ဓု၏တပည့်မှာ ဒိဿနာဂဖြစ်သည်။ သူသည် "ပမာဏသမုစ္စယ" ကဲ့သို့ခိုင်ခန့်သောကျမ်းကိုပြုပြီး ဗုဒ္ဓနည်းကျ လေ့လာစေခဲ့၏။ ယင်းဖြင့်ဓမ္မကိတ္တိသည် သူ၏ "ပမာဏဝတ္တိက" ကျမ်းဖြင့် တန်ဆာဆင်၍နည်းလမ်းဗိမာန်ပေါ်တွင် ရေချမ်းစင်တင်ခဲ့လေသည်။

ဂုတ္တတို့၏ခေတ်သည် ပြဟ္မဏစာပေသာ မြင့်မားထွန်းကားသော ခေတ်မဟုတ်ချေ။ ထိုနှင့်ဆန့်ကျင်သော ဗုဒ္ဓဒဿနတိုးတက်ဖွံ့ဖြိုးလာလေသည်။ ပဥ္စမရာစုမှစ၍ အဋ္ဌမရာစုသို့ တိုင်အောင် သုညဝါဒနှင့် ဝိညာနဝါဒသည် အညီအမျှ တိုးတက် မြင့်မားနေကြသည်။ သို့ရာတွင် သုညဝါဒ၏ သဘောတရားကိုလူကြိုက်များ၍ ဝိညာနဝါဒမှာ သာမညလူတို့သိရန် ခက်ခဲလှပေသည်။ ဟဿဝဒ္ဓန၏ လက်ထက်တွင်ကျွန်ုပ်တို့သည် နာလန္ဒာတက္ကသိုလ်၌ဝိညာနဝါဒလေ့လာမှုကို တွေ့ကြရသည်။ ဓမ္မကိတ္တိ၏လက်ထက်ရောက်သောအခါ အထူး ထင်ရှားလာ၏။ ဓမ္မပါလသည် နာလန္ဒာကျောင်းအုပ်ကြီးဖြစ်လာသောအခါ သုညဝါဒ နှင့် ဝိညာနဝါဒ နှစ်ခုလုံးကိုပင် ကောင်းစွာ ထုတ်ဖော်ခဲ့လေသည်။

ဝိကြမ၏ အဋ္ဌမရာစုတွင် ကျွန်ုပ်တို့သည် နာလန္ဒာကို ဗုဒ္ဓဒဿန၏ ဗဟိုချက်ချာအသွင်ဖြင့်သာတွေ့မြင်ကြရတော့သည်။ ဤတွင်

ဆရာမြတ်တို့ထံတွင် ဓမ္မတရား၏ သင်္ကေတ်းစာသင်ယူရန်အတွက် တရုတ်ပရိဗိုဇ် များလာသည်ကိုတွေ့မြင်ကြရသည်။ခရစ်သက္ကရာဇ် ၈၀၀-မှ ၁၂၀၀-တိုင်အောင် အနှစ်လေးရာ သမိုင်းအတွက် ကျွန်ုပ်တို့သည် နာလန္ဒနှင့် ဝိကြမ ကျောက်သမိုင်း ပေါ်တွင် ကြည့်ရှုကြရပေလိမ့်မည်။ မဟာယာန၏ တန္တရိကသည် ဝဇရ ယာန၏ ပုံစံသို့ ပြောင်းလဲပြီး သီရိပဝတ္တ (အိန္ဒိယတောင်ပိုင်း) အနီးတွင် တစ–တစ တိုးတက်လာခဲ့သည်။ သို့ရာတွင် ထိုဝါဒကို အိန္ဒိယ အရှေ့ပိုင်းဆရာများက ဖြန့်ချိခဲ့လေသည်။ တိဗက်သို့ ဗုဒ္ဓဓမ္မရောက်သည်မှာ ထိုအခါကပင်ဖြစ်၏။

နာလန္ဒတွင် အသက်အရွယ်ကြီးသောဆရာကြီးများဖြစ်သည့် ပဒုမ သံဘဝနှင့် သန္တရက္ခိတသည် တိဗက်ဘုရင်ထိ-စတရင်ဒေ စတာန်(ခရစ်သက္ကရာဇ် ၇၄၃-၇၈၉) ၏ ပင့်ဖိတ်ချက်အရ ထိုသို့သွားရန် လက်ခံလိုက်ပြီးလျှင် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးသည် တိဗက်တွင် ဗုဒ္ဓမ္မကို အခြေခိုင်အောင် ကြိုးပမ်းခဲ့ကြသည်။ဝဇရ ယာန၏ ၈၄-ပါးသော အယူဝါဒတို့ ထင်ရှားဖြစ်ပေါ်သည်မှာ အနှစ်လေးရာအတွင်းမှာဖြစ်၏။

ဤသို့လျှင် အချို့သော ဗြဟ္မဏတို့ နှိပ်စက်ခြင်းကြောင့် ၎င်း၊ မိမိ၏ အဆင့်အတန်းမြင့်သော နီတိကြောင့်၎င်း၊ သန့်ရှင်းသော ဥပဒေသကြောင့်၎င်း၊ ဗုဒ္ဓဓမ္မသည် အိန္ဒိယအပြင်ဘက် သို့ ပြန့်ထွက်သွားခဲ့လေသည်။ အရှေ့ပိုင်းတွင် သူ၏ ကြီးစိုးလွှမ်း မိုးမှုဖြစ်ခဲ့ပြီးနောက် ယခုအခါ တကမ္ဘာလုံးတွင် ဦးရေအများ ဆုံးသော ဓမ္မတရားဖြစ်နေလေသည်။ ဗုဒ္ဓဓမ္မသည် ဉာဏ်အလင်း ပေးပြီး ကုဋေပေါင်းများစွာသော မျက်ကန်းယုံကြည်သူတို့အား

ထုတ်နုတ်ကယ်ဆယ်ပြီး လမ်းစဉ်ပြခဲ့လေသည်။ အကျင့်စာရိတ္တပေါ်တွင်အမှီပြုပြီး လူသည် မိမိ၏ အစွမ်းသတ္တိဖြင့် ငြိမ်းချမ်းရေး (နိဗ္ဗာန်)ကို ရနိုင်၏။ ယင်းသည် ဗုဒ္ဓဓမ္မ၏ စည်သံဖြစ်လေသည်။

## ၅-ဗုဒ္ဓ၏ ဓမ္မ သိက္ခာ

**ဗုဒ္ဓိဝါဒ** ဗုဒ္ဓ၏ ပုဂ္ဂိုလ်ရေး လေ့လာပါလျှင် ပြည့်စုံသော ဗုဒ္ဓိဝါဒီဖြစ်ကြောင်း လွယ်ကူစွာ သိနိုင်၏။ ဗုဒ္ဓိဝါဒ-( Rationalism ) ၏ ပဓာနအကြောင်းမှာ အတွေးအကြံ စဉ်းစားဆင်ခြင်ခြင်းကို ဖြန့်ကျက်စေခြင်းပင်ဖြစ်၏။ သူသည် ဘယ်သဘောတရားကိုမဆို အဝိမ်းဘိုက် ယုံကြည်ခြင်းကို လက်မခံချေ။ တကျော့ဗုဒ္ဓိ-ခေါ် ဆင်ခြင်နိုင်းဆခြင်း မှတ်ကျောက်တွင်တင်ပြီး စူးစမ်း စစ်ဆေးဝေဘန်ခြင်းသည် သူ၏ ပဓာန ရည်ရွယ်ချက် ဖြစ်သည်၊ မြတ်စွာဘုရားသည် ကာလာမ အမျိုးသားတို့အား ဥပဒေသပေးသောအခါ လွယ်ကူသော စကားတို့ဖြင့် ဟောကြားတော်မူလေသည်။

မည်သည့် အယူအဆသဘောတရားမဆို ဤသည်ကား ပရံပရ- အဆက်ဆက်ဖြစ်သည် ဟုငင်း၊ ရှေးအထက်ကျော်ကာလကပင် ပြောဆိုကြသည်ဟုငင်း၊ စာပေ ကျမ်းဂန် အတိုင်းဖြစ်သည်ဟုငင်း၊ ဆရာစဉ်ဆက်တို့၏ လက်သုံးနည်းလမ်းဖြစ်သည်ဟုငင်း၊ ဘယ်ဝါဒကြောင့် လက်ခံသင့်သည်ဟုငင်း၊ ဤသို့သော အကြောင်းပြချက်မျိုးဖြင့် ဘယ်သဘောတရားကိုမျှ လက်မခံ

သင့်။အကြင်သဘောတရားသည် ကောင်းမြတ်၏။ မရှုံ့ချအပ်၊ လိုက်နာကျင့်သုံးလျှင် အကျိုးစီးပွါးဖြစ်၏။ ထိုသဘောတရားကို သာ လက်ခံကျင့်သုံးထိုက်သည်။ (အင်္ဂုတ္တနိကာယ)

---

ကာလာမတို့အား မြတ်စွာဘုရား ဥပဒေသပေးပုံကို ခေတ်သစ် ဘာသာရေး လေ့လာသူများ အလွန် လေးစားကြ၍ ဤတွင် မှတ်ချက်အနေဖြင့် မူရင်းပါဠိတော်နှင့်တွဲဘက်ပြီးအနက် မြန်မာပြန်ဆိုလိုက်ပါသည်။ သို့ဖြင့် မြတ်စွာဘုရား၏မူလစကား တော်ကိုလည်း ကြားနာရမည်။ အကိုးအကားလည်း ပိုမိုခိုင်လုံ သွားပေလိမ့်မည်။

ဧထ တုမှေ ကာလာမာ-
ကာလာမတို့ သင်တို့လာကြကုန်။

မာ အနုဿဝေန-
ပြောသံကြားကာမျှဖြင့်ဟုတ်ပြီမှန်ပြီဟု အတည်မယူကြလင့်။

မာ ပရမ္ပရာယ-
အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်။

မာ ဣတိ ကိရာယ-
ဤသို့ဖြစ် သတတ်ဟူသော စကားမျှဖြင့်လည်းမယူကုန်လင့်။

မာ ပိဋကသမ္ပာဒါနေန-
ပိဋကစာပေနှင့် ညီညွတ်ပေသည်ဟုလည်း မယူကုန်လင့်။

မာ တက္ကဟေတု-
ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်။

မာ နယ ဟေတု-
နည်းမိုးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်။
မာ အာကာရ ပရိဝိတက္ကေန-
အခြင်းအရာကို ကြံစည်ခြင်းအားဖြင့်လည်းမယူကုန်လင့်။
မာ ဒိဋ္ဌိ နိဇ္ဈာန ခန္တိယာ-
ငါတို့ ကြံစည် နှစ်သက်၍ ယူထားသော အယူနှင့်တူညီ
ပေသည်ဟုလည်း မယူကုန်လင့်။
မာ ဘဗ္ဗရူပတာယ-
မှတ်ယူဆိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်။
မာ သမဏော နော ဂရူတိ-
ငါတို့ လေးစားသော ရဟန်း၏ စကားဟူ၍လည်း မယူ
ကုန်လင့်။
(ဒိကင်္ဂုတ္တရ၊ မဟာဝဂ်၊ ကေသမုတ္တိသုတ်-၁၈၄)

---

မြတ်စွာဘုရားသည် သူ၏တပည့်များအား ဟောကြားတော်မူသည်။ ကျွမ်းကျင်လိမ်မာသောသူသည် ရွှေကို မီးပေါ်တင်လှော်ပြီးနောက် မှတ်ကျောက်တင်ကာ ရွှေ၏ အကောင်းအဆိုး အကြောင်း အကျိုးကိုဝေဘန်ဆုံးဖြတ်သည်။ ထို့အတူပင် ငါ၏ ဥပဒေသတို့ကိုသည်း ဗုဒ္ဓဝါဒ မှတ်ကျောက်တွင်တင်ပြီးမှ ဆုံးဖြတ်လက်ခံရမည်။ 'ငါ၏ စကားဖြစ်သည်။သို့ကြောင့် လက်ခံရမည်'ဟုဘယ်အခါမျှ မပြုကြလင့်။ယင်းကိုကိုယ်တိုင် ဆည်းပူးလေ့လာပါ။ပြီးနောက် စစ်ဆေးဝေဘန်ပြီးလျှင် လိုက်နာကျင့်သုံးပါ။

တာပဋ္ဌေဒ္ဒစ္စ နိကာသာ သုဝဏ္ဏမိဝ ပဏ္ဍိတော၊
ပရိချ ဘိက္ခဝေါ ဂါဟယံ မာဝစေါ န တု ဂါရဝ ါ။
(တိဗက်'ဉာနသာရ-သမုစ္စယ'ကျမ်းကို ပါဠိပြန်ဆိုချက်)

ဗုဒ္ဓသည် သဘောတရားရေးရာကို ရည်ညွှန်းပြီး မိမိဘာဝဖြစ်စဉ်ကို ထင်ရှားစွာ မိန့်ကြားခဲ့သည်။ဗောဓိသတ္တ-ဘုရားလောင်းသည် 'ယုတ္တိသရဏ'သာ ဖြစ်သင့်သည်။ ယုတ္တိ၏ အကူအညီဖြင့်သာ သဘောတရားကို လက်ခံရမည်။ ယုတ္တိကိုသာ ကိုးစားရမည် ဟု ဆိုလိုသည်။ 'ပုဂ္ဂလသရဏ'မဖြစ်သင့်၊ ဘယ်သူ့ကိုမျှ ပုံပြီး ယုံကြည်ကာ သဘောတရားကို လက်မခံသင့်။ ထိုသဘောတရားသည် မဟာထေရ်ကြီးကပြောသည်။ တထာဂတ(မြတ်စွာဘုရား)ကပြောသည်။ သံဃာကပြောသည်ဟူသော အကြောင်းဖြင့် အခိုင်အမာမပြုရ။ သဘာဝ ယုတ္တိကိုသာ ကိုးစားရမည်။ ယုတ္တိသရဏဖြစ်ခြင်းကြောင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ၊ ထို့ပြင် သူတပါးတို့၏ ယုံကြည်ချက်ပေါ်မှာလည်း မသွားချေ။

**ဒိဝါဒဖြစ်ရခြင်း**

ယုတ္တိဝါဒီ စစ်စစ်ဖြစ်သော ဗုဒ္ဓမှာ အမြဲဝိဝါဒတို့ဖြင့် ရင်ဆိုင်ရ၏။ ချောက်သွေ့နေသော တက္ကသက်သက်ဖြင့် ခက်ခဲသော သဘောတရားကို ဖွင့်ဆိုရန် ဗုဒ္ဓတွင် ရည်ရွယ်ချက်မရှိချေ။ သူ၏ခေတ်တွင် အတ္တ(အာတမာ)နှင့်စပ်လျဉ်းသော ဝါဒတို့မှာ လွန်စွာပင် အင်အားကောင်းနေသည်။ ဤဝါဒတို့ကို ယူဆသော သူတို့သည် သဘောရေးရာနှင့် ပတ်သက်၍ အမျိုးမျိုး အချည်းနှီး ယုတ္တိများကို ပြလျက်ရှိကြသည်။ ဗုဒ္ဓကား သူတို့၏ အချီးနှီး ယုတ္တိများကို လက်မခံချေ။ အကြင်အချင်းအရာဖြင့် ဆေးဆရာသည် ရောဂါသည်အား

အမုန်မုချလိုလားအပ်သော ရောဂါ၏အကြောင်းရင်း နိဒါန်းနှင့် ဆေးကို ညွှန်ပြ၏။ ထိုအချင်းအရာဖြင့် ဘဝရောဂါသည်တို့အတွက် ဗုဒ္ဓသည် အမှန်မုချလိုအပ်သော အရာဝတ္ထုကို ညွှန်ပြ၏။ မလိုလားအပ်သော အရာဝတ္ထုနှင့်ပတ်သက်၍ အကြိမ်ကြိမ်ပြဿနာလုပ်ရာတွင် သိလျက်နှင့် သူသည် အခါသိမ်းတုဏှိဘာဝေ ဆိတ်ဆိတ်နေခဲ့၏။

အချည်းနှီး အကျိုးမရှိသော စကားတို့ကို ပြောကြားခြင်းထက် ဆိတ်ဆိတ်နေရခြင်းက မြတ်သေး၏။ သူ၏ ဥပဒေသများနှင့် ပတ်သက်၍ တခါတရံ ပြဿနာများစွာပေါ်ပေါက်ခဲ့သော်လည်း မြတ်စွာဘုရားသည် ဆိတ် ဆိတ် သာ လျှင် နေ ခဲ့ သည်။ ဤလောကသည် နိစ္စ-မြဲသလော၊သို့မဟုတ် အနိစ္စ-မမြဲသလော။ ဤလောကသည် အန္တ-အဆုံးအပိုင်းအခြားရှိသလော၊ သို့မဟုတ် အနန္တ-အဆုံးအပိုင်းအခြားမရှိသလော။ ဇီဝ-အသက်နှင့် သရီရ-ကိုယ်ခန္ဓာမှာ ဧက-တခုတည်းပင်လော။သို့မဟုတ် ဘိန္န-ခြားနားသလော။ ဤသို့အစရှိသော ပြဿနာတို့ဖြစ်၏။ ဤပြဿနာများကို မြတ်စွာဘုရားသည် မဆိုအပ်ဟု မိန့်ကြားတော်မူခဲ့၏။ မစဉ်းစားအပ်သောပြဿနာများဖြစ်သည်ဟု ဆိုလိုသည်။

**အဖြေမရှိသော ပြဿနာများ**

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်အခါ မာလုံကျပုတ္တသည် မြတ်စွာဘုရားအား လောက၏ သဿတ-အသဿတ-အန္တ-အနန္တဖြစ်ခြင်းနှင့် ဇီဝ ကာယ၏ ဘိန္န-အဘိန္နအကြောင်းနှင့်ပတ်သက်၍ မေဏ္ဍက ပြဿနာများ မေးလျှောက်

ခဲ့သည်။သို့ရာတွင် မြတ်စွာဘုရားသည်အဗျာကတ(မဖြေဆိုသင့်) ဟု ပြောပြပြီး သူ၏ အမေးကို ငြိမ်းအေးစေ၏။ ထို့အတူ ပေါဋ္ဌပါဒ အမည်ရှိသော ပရိဗိုဇ်လည်း ဤကဲ့သို့ ပြဿနာများ မေးလျှောက်လေရာ ဗုဒ္ဓသည် လွယ်ကူသောစကားဝါကျတို့ဖြင့် သူ၏ ဆိုလိုရင်းကို ရှင်းပြခဲ့လေသည်။

"အကြင်ပြဿနာသည်အကျိုးစီးပွါး(အတ္တယုတ္တ)နှင့်လည်း မဆက်စပ်၊ဓမ္မတရား (ဓမ္မယုတ္တ)နှင့်လည်း မဆက်စပ်၊မြတ်သော အကျင့်(အာဒိ-ဗြဟ္မာစရိယ)နှင့်လည်း ဆက်စပ်ခြင်းမရှိ၊ ငြိမ်း ချမ်းရေး(နိဗ္ဗဒ)အတွက်လည်းမဟုတ်၊ရာဂကင်းကွာမှု(ဝိရာဂ) အတွက်လည်းမဟုတ်၊ ကိလေသာချုပ်ငြိမ်းမှု (နိရောဓ) အတွက် လည်းမဟုတ်။ကိလေသာ ငြိမ်းရန်(ဥပသမ)အတွက်လည်းမဖြစ်၊ အဘိညာအတွက်လည်းမရှိ၊ သမ္ဗောဓိ နှင့် နိဗ္ဗာန်အတွက်လည်း မဟုတ်၊ ထိုပြဿနာကို ငါသည် ဖြေရှင်းပေးလိမ့်မည်မဟုတ်။ ငါဖြေရှင်းပေးမည် ပြဿနာမှာ ဆင်းရဲဒုက္ခ၊ ဆင်းရဲခြင်း အ ကြောင်း၊ ဆင်းရဲချုပ်ငြိမ်းခြင်းနှင့် ဆင်းရဲချုပ်ငြိမ်းရာသို့ရောက် ရာရောက်ကြောင်း လမ်းကောင်းပင်ဖြစ်သည်။ ဤအကြောင်းကို လွယ်ကူစွာ သိစေရန် ဗုဒ္ဓသည် အလွန်လှပသောဥပမာကို ထုတ် ဆောင်ခဲ့လေသည်။

ဘိက္ခုတို့၊ တစုံတယောက်သောသူကို အဆိပ်လူးသောမြား စူးနေ၏။ သူ၏အပေါင်းအသင်း မိတ်ဆွေရင်းတို့က သူ၏မြားကို နှုတ်ရန်ဆရာ၏ထံသို့ ခေါ်ဆောင်သွားကြ၏။ သို့ရာတွင် သူက ပြောပြသည်။ ငါ့မှာစူးဝင် နေသောမြားကို မနှုတ်ခင် ငါသိချင် ပါသည်။ ငါ့ကိုမြားဖြင့်ပစ်သူသည် အဘယ်သူနည်း။ ခတ္တိယ- မင်းမျိုးလား၊ ဗြာဟ္မဏ-ပုဏ္ဏားလား၊ဝေဿ- ကုန်သည်လား၊သုဒ္ဒ

သန့်ရှင်းသော အလုပ်သမား လယ်သမားလား။ ဘယ်အမျိုး အနွယ်သည် ငါ့ကို မြှားပြင့်ပစ်သနည်း။ ထို့ပြင် မြှားပစ်သူသည် အရပ်ရှည်သလော၊ တိုသလော။ သို့မဟုတ် ဝသလော၊ ပိန်လှီသလော။ ဘိက္ခုတို့၊ ထိုသူသည်မြှားပစ်သူ၏ အကြောင်းအရာကို မသိရပါလျှင် ထိုနေရာမှာပင်လျှင် သေသွားပေလိမ့်မည်။ ဆိုလိုသည်မှာ အဆိပ်လူးမြှားအပစ်ခံရသူသည် မြှားပစ်သူ၏အရောင် အသွေးအမျိုးအနွယ်စသည်တို့ကို သိရန်အရေးကြီးပြီးမသိရသေးက ဆေးမကုဟု ငြင်းဆန်သော လူမိုက်ကဲ့သို့ ဘဝရောဂါသည်များမှာ ထို့အတူဖြစ်နေကြသည်။ ဘဝရောဂါနှင့်ပတ်သက်၍ အချည်းနှီးသော စကားတို့မှာအကျိုးမရှိချေ။

အာတမာဝါဒများနှင့်ပတ်သက်၍ မြတ်စွာဘုရားနှုတ်ပိတ်၍နေသည်မှာ လျှို့ဝှက်ချက်ရှိပါသလား၊ ဤအကြောင်းကိုအထက်ကပြောပြခဲ့လေပြီ။ အကြင်အကြောင်းကိုပြောပြသဖြင့် အကျိုးမရှိချေ။ ထိုအကြောင်းကို မြတ်စွာဘုရား ပြောမပြချေ။ ဗုဒ္ဓစာပေကျမ်းဂန်တို့ကို အသေးစိတ်လေ့လာခြင်းဖြင့်လည်း ထိုမှတပါးသော အကြောင်းများကိုလည်း ပြောပြနိုင်သေးသည်။

ဗုဒ္ဓဓမ္မသည် မဇ္ဈိမပဋိပဒါ-အလယ်လမ်းဖြစ်သည်။ သူသည်အစွန်းနှစ်ခုကိုလွတ်၍အလယ်ဗဟိုကသွားခြင်းကိုမြတ်သည်ဟုလက္ခံသည်။ ထိုပြဿနာတို့၏ အဖြေကိုအကယ်၍ "သတ္တာတမက"ဟုပေးလိုက်ပါလျှင် သဿတဝါဒ(အာတမာကို မြဲသည်ဟုယူဆသူတို့အလို) ဖြစ်၍အကယ်၍ "နိသေဓာတမက"ဟု အဖြေပေးလိုက်ပါလျှင် ဥစ္ဆေဒဝါဒ (အာတမာကိုမမြဲဟုယူဆသူတို့အလို) ဖြစ်သွားမည်။ ဗုဒ္ဓသည်နှစ်မျိုးလုံးသော အယူအဆကို လက်မခံချေ။ ဤကဲ့သို့သော အခြေအနေတွင် အဖြေပေးပါက အံသစ္စာ၏ အ

ကျင့်သာဖြစ်ပေလိမ့်မည်။ ဤအကြောင်းကိုကောင်းစွာသိ၍ ဗုဒ္ဓသည် လွန်ကဲသောပြဿနာများကို မဖြေဆိုဘဲ တုဏှိဘာဝေဆိတ်ဆိတ်နေခြင်းဖြစ်လေသည်။

## ပြဿနာလေးမျိုး

မြတ်စွာဘုရားသည် အချို့သော ပြဿနာများကို ဖြေဆိုခြင်းမပြုခဲ့ချေ။တုဏှိဘာဝေ ဆိတ်ဆိတ်နေခဲ့၏။ ဤအကြောင်းနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးသည် ရှင်နာဂသေနအား မေးလျှောက်ခဲ့ဘူးလေသည်။

အရှင် နာဂသေန, မြတ်စွာဘုရားက အာနန္ဒအား မိန့်ကြားတော်မူဘူးပါသည်။

နတ္ထာနန္ဒ တထာဂတဿ ဓမ္မေသု အာစရိယ မုဋ္ဌိ။

အာနန္ဒာ, မြတ်စွာဘုရားအား တရား၌ ဆရာစားချန်ထားခြင်းမရှိဟု မိန့်ကြားခဲ့ပါလျက် မာလုကျပုတ္တရဟန်းမေးလျှောက်သော ပြဿနာကို ဖြေကြားတော်မမူခဲ့ပါ။အရှင်ဘုရား ဤပြဿနာသည် အစွန်းနှစ်ဘက် ထွက်နေပါသည်။ မြတ်စွာဘုရားသည် ထိုသဘောတရားကို မသိသောကြောင့် ဖြစ်သလော။သို့မဟုတ် လျှို့ဝှက်အပ်သော စကားဖြစ်သလော။အကယ်၍ ဗုဒ္ဓသည် အာနန္ဒာအား ဟောကြားသည့်အတိုင်း ဘုရားမှာ ဆရာစား မထားဆိုသည့် စကားမှန်ပါလျှင် မာလုကျပုတ္တရဟန်းမေးလျှောက်သော ပြဿနာကို အဘယ်ကြောင့် မဖြေဆိုဘဲနေပါသလဲ။ ဤသဘောတရားကို လျှို့ဝှက်ကာ ဆရာစားထားခြင်းလော။သို့မဟုတ် မသိ၍ပါလော။ ဤပြဿနာသည် နှစ်ဘက်အစွန်းထွက်ခဲ့၏။ အရှင်ဘုရားဖြေကြားတော်မူပါ။

မင်းကြီး၊ဘုရားရှင်သည် ရှင်အာနန္ဒာအား ဘုရားအား ဆရာ စားမထား ဟု ဟောကြားတော်မူသည်မှာ မှန်ပေသည်။မာလု ကျ၏သားမထေရ်မေးသော ပြဿနာကို ဖြေကြားတော်မမူသည် မှာလည်းမှန်၏။ ထိုအမေးပြဿနာကို သိတော်မမူသောကြောင့် လည်း မဟုတ်။လျှို့ဝှက်အပ်သောကြောင့်လည်းမဟုတ်။မဟုတ် ကြောင်းကား၊ မင်းကြီး အမေးပြဿနာတို့၏ သဘောသည် လေးပါးအပြားရှိကုန်၏။ လေးပါးဟူသော်ကား ဤသို့တည်း။

(၁) ဧကံသ ဗျာကရဏ ပြဿနာ၊
(၂) ဝိဘဇ္ဇ ဗျာကရဏ ပြဿနာ၊
(၃) ပဋိပုစ္ဆာ ဗျာကရဏ ပြဿနာ၊
(၄) ထပနီယ ပြဿနာ၊

(၁) မင်းကြီးထိုလေးပါးတို့တွင် ဧကံသ ဗျာကရဏပြဿ နာဟူသော်ကား ရုပ်သည့်အနိစ္စလော၊ ဝေဒနာသည်အနိစ္စလော သညာသည်အနိစ္စလော၊ သင်္ခါရသည်အနိစ္စလော၊ ဝိညာဏသည် အနိစ္စလော ဟူသောအမေး၌ မေးသော စကားအတွင်းတွင် တစိတ်အဖြေဝင်ပြီးဖြစ်သောကြောင့် ဧကံသဗျာကရဏပြဿနာ မည်၏၊ မေးခွန်းတွင်းမှာပင် အဖြေတစိတ်တဒေသ ပါနေသည် ဟုဆိုလိုသည်။ မင်းသွားတယ်မဟုတ်လား။မင်းလာတယ်မဟုတ် လား ။ မင်းပြောတယ်မဟုတ်လား- စသော မေးခွန်းမျိုးဖြစ်၏။ လမ်းခင်းပေးသော၊ လမ်းကြောင်းပေးသော မေးခွန်းဟု ဆိုနိုင် သည်၊ ဤမေးခွန်းမျိုးကို ယခုခေတ်ရှေ့နေများထံတွင် အများ ဆုံးကြားနိုင်သည်။

(၂) ဝိဘဇ္ဇ ဗျာကရဏ ပြဿနာ ဟူသည်ကား၊ အနိစ္စမည်သောတရားသည် ရုပ်အစုလော၊ အနိစ္စမည်သော တရားသည် ဝေဒနာ အစု၊ သညာ အစု၊ သင်္ခါရ အစု၊ ဝိညာဏ အစုလော ဟူသော မေးခွန်း၌ ဝေဘန်ခွဲခြမ်း၍ ဖြေ အပ်သော စကား အမေးတွင်ပါလေပြီဖြစ်သောကြောင့် ဝိဘဇ္ဇ ဗျာကရဏ ပြဿနာမည်၏။ ဤသူသည် မူးယစ်သောက်စား လောင်းကစားခြင်းရှိပါသလား။ အပျော်အပါးလိုက်စားခြင်း ရှိပါသလား။စသော မေးခွန်းမျိုးပင်ဖြစ်၏။ ဤကဲ့သို့သော မေးခွန်းမျိုးတွင် ထိုသူအား ဝေဘန်ခြင်း ပါဝင်နေ၍ ဝိဘဇ္ဇ ဗျာကရဏ ပြဿနာ ဟု ခေါ်နိုင်လေသည်။

(၃) ပဋိပုစ္ဆ ဗျာကရဏ ပြဿနာကား။ကိန္နုခေါ စက္ခုနာ သဗ္ဗံ ဝိဇာနာတိ။အသို့နည်း၊ မျက်စိဖြင့်အလုံးစုံကိုသိသလော-ဟူသော အမေး၌ (မေးလေလျှင်) မျက်စိဖြင့် အလုံးစုံကို မသိနိုင်ပါ။ မျက်စိသည် အဆင်းကိုသာ သိခြင်းသဘောရှိသည် မဟုတ်ပါလော ဟု တဖန်ပြန်မေးပြီးဖြေရမည်ဖြစ်သောကြောင့် ပဋိပုစ္ဆဗျာကရဏ ပြဿနာမည်၏။

(၄) ထပနီယပြဿနာသည်ကား၊လောကသည်မြဲသလော၊ လောကသည် မမြဲသလော၊ လောကသည် အဆုံးရှိသလော၊ လောကသည် အဆုံးမရှိသလော၊ လောကသည်အဆုံးလည်းရှိ၊ အဆုံးလည်းမရှိသလော၊ လောကသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်သလော။ အသက်တခြား၊ ကိုယ်တခြားလော။သတ္တဝါတို့သည်သေသည်မှ နောက်ကာလ၌ ဖြစ်သလော။ သတ္တဝါတို့သည်သေသည်မှ နောက် ကာ လ ၌

မဖြစ်သလော။ သတ္တဝါတို့သည် သေသည်မှ နောက်ကာလ၌ ဖြစ်သည်လည်းရှိ၊ မဖြစ်သည်လည်းရှိသလော။ သတ္တဝါတို့သည် သေသည်မှ နောက်ကာလ၌ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်လော ဟု မေးသောအမေးသည်ရှိ၏။ ဤအမေးမျိုးသည် မေးသောအတိုင်း ထားအပ်သော အမေးဖြစ်သောကြောင့် ထပနီယ ပြဿနာမည်၏။

မင်းကြီး, မြတ်စွာဘုရားသည် မာလုင်္ကျ၏သား ရဟန်း၏ ထပနီယ ပြဿနာကို ဖြေတော်မမူ၊ သူ့အတိုင်းပင် ထားလိုက်သည်။ ထိုပြဿနာသည် အဘယ်ကြောင့် ထပနီယပြဿနာမည်လေသနည်းဟူမူကား၊ ထိုအမေးကိုဖြေပြအံ့သောငှါ အကြောင်းလည်းမရှိ၊ ပြုဘွယ်လည်းမရှိ။ ထိုကြောင့်ထပနီယပြဿနာမည်၏။ မင်းကြီး၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားအား အကြောင်းပြုဘွယ်မရှိသော ပြဿနာကိုအသံတော်ဖြင့် မြွက်ဆိုတော်မူခြင်းမရှိ ဟု ရှင်နာဂသေနက ရှင်းပြလိုက်၏။

## အရိယသစ္စာ

ဗုဒ္ဓမြတ်စွာသည် လေးပါးသော သစ္စာတို့ကို ထုတ်ဖေါ်ခဲ့သည်။ ဤသစ္စာတို့ကို ကောင်းစွာသိခြင်းကြောင့် သူသည် သမ္ဗောဓိအဖြစ်ကို ရခဲ့သည်။ ဤသစ္စာတို့၏ အမည်မှာ 'အရိယသစ္စ' ဖြစ်၏။ ထိုသစ္စာကို အရိယာ (ရဟန္တာ)တို့သာ ကောင်းစွာသိနိုင်သည်။ သစ္စာတို့၏သဒ္ဒါမှာအဆုံးအပိုင်းအခြားမရှိပါ။ သို့ရာတွင် ဤလေးပါးသည်သာ မူလအရင်းခံပဓာနဖြစ်၍ အားလုံးတို့ထက် မြင့်မြတ်သည်။

စန္ဒရကိတ္တိဆရာ၏ အလိုအားဖြင့် ဤသစ္စာတို့ကို 'အရိယ'ဟု ခေါ်ဆိုခြင်းအကြောင်းမှာ ဤသို့တည်း။ အရိယာပုဂ္ဂိုလ်တို့သည် သာလျှင် ဤသစ္စာ၏သဘောတရားတိုင်အောင် သိကြသည်။ ပုထုဇဉ်တို့သည် ပဋိသန္ဓေတည်နေပြီး မွေးဘွားကြသည်။ အိုနာ သေးတို့ဖြင့် သေကြသည်။ ထိုပြင်ဒုက္ခအတိပြီးသော လောက၏ ခဏာတိုင်းကို သာယာခံစားနေကြသည်။ သို့ရာတွင် ဤသစ္စာတို့ကို စူးစမ်းထုတ်ဖေါ်ရန် သူတို့သည် ဘယ်နည်းနှင့်မျှ မစွမ်းကြချေ။ သိုးမွေးချည်မျှင်ကို လက်ဝါးပေါ်တင်ထားသောအခါ ဘယ်နည်းနှင့်မျှ ဆင်းရဲဒုက္ခမဖြစ်နိုင်ချေ။ သို့ရာတွင် မျက်စိအဲ ထည့်သွင်းဘိမူကား ခံနိုင်မည်မဟုတ်ချေ။ ပုထုဇဉ်သည် လက်ဝါးပြင်နှင့်တူ၍ အရိယ ပုဂ္ဂိုလ်သည် မျက်စိကဲ့သို့ဖြစ်၏။ အရိယပုဂ္ဂိုလ်၏ နှလုံးသားတွင်သာ ဤဒုက္ခတို့ကြောင့် နာကျဉ်ခြင်းဖြစ်သည်။ သာမညာ လူတို့သည်ကား နေ့ရော ညပါ ဒုက္ခများ ဖိစီးလွှမ်းမိုးနေပါသော်လည်း သူတို့၏ နှလုံးသားမှာ ဤသို့ ဝုက်ချက်ကို မသိကြချေ။

## အရိယ သစ္စာ လေးပါး

(၁) ဒုက္ခ။ ဤလောက၏ ဘဝသည် ဒုက္ခဖြင့် ပြည့်နက် နေ၏။

(၂) သမုဒယ။ ဤဒုက္ခ၏ အကြောင်းမှာ ထင်ရှားရှိပါ သည်။

(၃) နိရောဓ။ ဤဒုက္ခမှ အမှန်မုချ လွတ်မြောက်မှု ရနိုင် သည်။

(၄) နိရောဓဂါမိနီ ပဋိပဒါ။ ဒုက္ခကို တားမြစ်ရန်နည်းလမ်း ရှိသည်။

ဤသစ္စာလေးပါးမြတ်တရားကို ဗုဒ္ဓသည် ရှေးစွာ တွေ့မြင်ခဲ့သည် ဟု ဆိုကြသည်။ သို့ရာတွင် သမိုင်းရှုထောင့်မှနေ၍ ကြည့်ပါလျှင် ဤသဘောတရားမှာ ရှေးအထက်ကျော်ကာလ ကြာမြင့်စွာကပင် အိန္ဒိယ အာတမာဝါဒနှင့်ပတ်သက်သော ဆရာများထုတ်ဖော်ခဲ့ပြီးဖြစ်ကြောင်းတွေ့ရသည်။ ဗျာသနှင့် ဝိညာဏဘိက္ခု၏ အဇ္ဈာတမကျမ်းတွင် ဆေးကျမ်းကဲ့သို့ စတုဗျူဟကို ထုတ်ဖော်ထားခဲ့လေသည်။ ဆေးကျမ်း၏ စတုဗျူဟမှာ ဤသို့တည်း။

(၁) ရောဂ-အနာရောဂါ၊
(၂) ရောဂဟေတု-အနာရောဂါဖြစ်ခြင်း အကြောင်း၊
(၃) အရောဂျ-အနာရောဂါကို ဖယ်ရှားခြင်း၊
(၄) ဘေသဇ္ဇ-အနာရောဂါကို ကုသသောဆေးဝါး၊

ထိုနည်းတူစွာ ဒဿနကျမ်းဆရာများကလည်း စတုဗျူဟ စစ်ခင်းကြသည်။

(၁) သံသာရ-ဘဝသံသရာတွင် ကျင်လည်ရသောဒုက္ခ၊
(၂) သံသာရဟေတု-ဆင်းရဲဒုက္ခဖြစ်ရခြင်းအကြောင်းရင်း၊
(၃) မောက္ခ-ဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်း၊
(၄) မောက္ခောပါယ- ဆင်းရဲဒုက္ခမှလွတ်မြောက်မှုဥပါယ်။

ဆေးသမားသည် ဤသို့လျှင် သူ၏ဆေးဖြင့် ရောဂါသည်များအားကုသသကဲ့သို့ ထို့အတူဒဿနဆရာများသည်း ဘဝသံသရာမှ သတ္တဝါအများကို ကယ်တင်ကြသည်။ သို့ကြောင့်

မြတ်စွာဘုရားအား ဆေးကျမ်းဝေါဟာရဖြင့် မဟာဘိသက္က ဝဇ္ဇရာဇဟုခေါ်ဆိုကြခြင်းဖြစ်လေသည်၊ဗုဒ္ဓစာပေများစွာတို့တွင် ဗုဒ္ဓ၏ဤအဘိဓာန်သင်္ကေတများကိုများစွာတွေ့နိုင်လေသည်။

# (က) ဒုက္ခ

ဘဝသံသရာ၏နေ့သည် နေ့တိုင်း- နေ့တိုင်း ခံစားတွေ့ထိနေရသည်မှာ ဘယ်နေရာမှာမဆို နေရာတကာတွင် ဒုက္ခ၏ နိုင်ငံပင် ဖြစ်သည်။ ဘယ်နေရာကိုဘဲ ကြည့်ကြည့်၊ ဒုက္ခကိုသာ တွေ့မြင်ရသည်။ ထိုမှတပါးအခြားဘာမျှမရှိချေ။ ဒုက္ခ၏သဘာဝကို တထာဂတသည် ဤသို့ဖွင့်ပြခဲ့လေသည်။

ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊
ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊
သောကပရိဒေဝဒေါမနဿုပါယာသာပိ ဒုက္ခာ၊
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယံပိစ္ဆံ နလဗ္ဘတိ၊တမ္ပိ ဒုက္ခံ၊
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

(မြန်မာမှုနှင့် အချို့နေရာတွင်ကွဲပြားခြင်းရှိပါသည်။ သို့ရာတွင် ဟိန္ဒီမူကိုသိစေရန်အတွက်မူအတိုင်းထည့်သွင်းလိုက်ပါသည်၊ ထို့အတူဘာသာပြန်ကိုလည်း ဟိန္ဒီမူအတိုင်းပင် ပြန်ဆိုပါမည်။)

အိုရဟန်းအပေါင်းတို့။ဒုက္ခသည် ပထမအရိယသစ္စာ မည်၏။ မွေးဘွားရခြင်းသည်လည်း ဒုက္ခဖြစ်၏။ အိုမင်း ခြင်းသည်လည်း ဒုက္ခဖြစ်၏။ သေရခြင်းလည်းဒုက္ခဖြစ်၏။ စိုးရိမ်ပူဆွေးငိုကြွေးရ

ခြင်းတို့သည်လည်း ဒုက္ခဖြစ်၏။မချစ်မနှစ်သက်အပ်သော အရာဝတ္ထုနှင့်အတူတကွ ပေါင်းဆုံရခြင်းလည်းဒုက္ခဖြစ်၏။ ချစ်သူနှင့် ကွေကွင်းရခြင်းလည်းဒုက္ခဖြစ်၏။ အလိုရှိအပ်သောအရာဝတ္ထုကို မရခြင်းလည်း ဒုက္ခဖြစ်၏။ အချုပ်အားဖြင့် ရာဂအားဖြင့် တည်ဆောက်သော ခန္ဓာငါးပါး (ရုပ်,ဝေဒနာ,သညာ,သင်္ခါရနှင့် ဝိညာဏ)ကိုလည်းဒုက္ခဟုဆိုနိုင်ပါသည်။ လောက၏ အလုပ်ကိုစွဲ ဟူသော၊တွေ့ထိခံစားချက်ဟူသမျှသည် ဆင်းရဲခြင်းဟုဆိုလိုသည်။

မိမိဘဝ၏ပဓာနရည်ရွယ်ချက်မှာ အချစ်ခင်ဆုံးသော ချစ်သူနှင့် ပျော်ရွှင်စွာ ပေါင်းသင်းရခြင်းပင်ဖြစ်သည်။ သို့ရာတွင် ထိုချစ်သူနှင့် တနေ့တွင် အမှန်မုချကွေကွင်းရမည်ဖြစ်သည်။ မိမိ ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းသော ပစ္စည်းဥစ္စာတို့သည်လည်း မိမိကို ပြန်ပြီး ဒုက္ခပေးတတ်ကြသည်။ရှာဖွေရခြင်းလည်း ဒုက္ခ၊ စောင့်ရှောက်ထိန်းသိမ်းရခြင်းလည်း ဒုက္ခ၊ ထို့ပြင် ပျက်စီးသွားခြင်းလည်း ဒုက္ခဖြစ်၍ ထိုပစ္စည်းဥစ္စာများက ချမ်းသာသုခဖြစ်စေပါသည် ဟု ဘယ်မှာဆိုနိုင်မည်နည်း။ ဤဘဝသံသရာမှာ မီးလောင်နေသောအိမ်ကြီးနှင့်တူ၍ ဘယ်မှာ ရယ်မောနိုင်မည်နည်း။ နှစ်သက်ဘွယ် ဟု ဘယ်ပုံယူဆနိုင်မည်နည်း ဟု ဓမ္မပဒတွင် ညွှန်းဆိုလေသည်။

ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ"

(ဓမ္မပဒ ဂါထာ ၁၄၆)

ဤဘဝသံသရာသည် မီးလောင်နေသော ဗိမာန်နှင့်တူသည်။ သို့ရာတွင် လူမိုက်သည် ဤအသွင်ကို မမြင်ဘဲအမျိုးမျိုးသော ပစ္စည်းဥစ္စာတို့ကို စုဆောင်းနေလေသည်။ သို့ရာတွင်ဘာဖြစ်လေ

သနည်း။ ကြည့်ရှုနေစဉ် သန်ရှိန့်တူသောကြီးမားလှသည့်သခ ဗိမာန်ကြီးသည် မြေကြီးပေါ်သို့ လဲကျသွား၏။ ထိုဗိမာန်ကြီး သည် အစိတ်စိတ်အမွှာမွှာပြန့်ကြဲသွား၏။ ပင်ပန်းကြီးစွာရှာဖွေ စုဆောင်းရသော ပစ္စည်းဥစ္စာတို့သည် ချမ်းသာသုခကို မဖြစ်စေ ဘဲ၊ ဒုက္ခဆင်းရဲကိုသာ ဖြစ်စေပါသည်။ သာမည လူတို့သည်သုခ ကိုနေ့တိုင်းခံစားနေကြသော်လည်းသူဖြင့်အနှောက်အယှက်မဖြစ် ကြချေ။ သူတို့တွင်ထိခိုက်ပါသော်လည်း ဆက်လက်၍ပင် ဒုက္ခ ၏ဘက်သို့ ဦးညွှတ်နေကြသည်။ ဗုဒ္ဓကားယင်းကို စင်စစ်ဒုက္ခဖြစ် သည်ဟု ယုံကြည်သည်။ ရသေ့ကြီးပတဉ္စလိကလည်းယောဂ သုတ္တ(၂-၁၅)တွင်'ဒုက္ခမေဝ သဗ္ဗံဝိဝေကိနော' ဟု ဆိုလေသည်။ ငြိမ်းချမ်းမှုကိုလိုလားသူ၏အမြင်မှာ ဤအလုံးစုံသည်ဘဝသံသရာ ၏ ဒုက္ခဖြစ်သည်။ ဗုဒ္ဓမြတ်စွာလည်း ဤအတိုင်းမြင်တော်မူလေ သည်။

## (ခ) ဒုက္ခ သမုဒယ

ဒုတိယ အရိယ သစ္စာမှာ ဒုက္ခသမုဒယဖြစ်သည်။ သမုဒယ၏ အနက်မှာ အကြောင်းကာရဏဖြစ်၏။ သို့ကြောင့် ဒုတိယ မြောက်သစ္စာမှာ ဒုက္ခ၏အကြောင်းဖြစ်သည်။ အကြောင်းမရှိ ဘဲ အကျိုးဖလဖြစ်ခြင်းမရှိချေ။အကျိုးမှာ အကြောင်းမြဲသည်။ ဒုက္ခ၏အကျိုးပေါ်လာလျှင် အကြောင်းလည်းအမှန်ပင် ရှိလိမ့် မည်။ ဒုက္ခ၏အကြောင်းဟေတုမှာ တဏှာဖြစ်သည်ဟု မြတ်စွာ ဘုရားမိန့်ကြားတော်မူခဲ့သည်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊
ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ၊
တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမ တဏှာ၊
ဘဝတဏှာ, ဝိဘဝတဏှာ။

အိုရဟန်းတို့, ဒုက္ခသမုဒယသည် ဒုတိယမြောက်သစ္စာဖြစ်၏။ ဒုက္ခ၏မူလအကြောင်းမှာတဏှာဖြစ်၏။ယင်းသည်သတ္တဝါတို့အား မပြတ်ဖြစ်နေ၏။ အာရုံတို့တွင် ရာဂနှင့် ယှဉ်၍ထိုအာရုံတို့ကို အလွန် နှစ်သက်နေကြ၏။ ဟိုဟို- သည်သည် နေရာတကာတွင် မိမိလိုလားမှုကို ရှာဖွေ နေကြ၏။ ဤတဏှာမှာ သုံးမျိုးရှိသည်။ ကာမတဏှာ,ဘဝတဏှာနှင့်ဝိဘဝတဏှာဖြစ်၏။ အချုပ်အားဖြင့် ဒုက္ခဖြစ်ကြောင်းသည် သူ၏သရုပ်ဖြစ်၏။

ဒုက္ခဖြစ်ခြင်း၏အကြောင်းသည် တဏှာဖြစ်၏။ တဏှာသည် မှတ်သိပ်ခြင်းဖြစ်၍ အာရုံတို့ကိုမှတ်သိပ်နေ၏။ အကယ်၍ကျွန်ုပ်တို့၏ အသဲနှလုံးသည် အာရုံကိုသောက်သုံးလိုသောမှတ်သိပ်ခြင်း မရှိပါမူ ကျွန်ုပ်တို့သည် ဤဘဝသံသရာတွင် မလည်ဘဲ ဒုက္ခကိုလည်း ခံစားရတော့မည်မဟုတ်ချေ။တဏှာသည်အကြီးဆုံးသောအနှောင်အဖွဲ့ဖြစ်ရာ ကျွန်ုပ်တို့ကို ဘဝသံသရာဖြင့်နှောင်ဖွဲ့ထားလေသည်။ ထက်မြက်သော ပညာရှိတို့သည် သံကြိုး၊ ကျောက်ကြိုးတို့ကိုခိုင်လှပြီဟုမယူဆကြချေ။တကယ်ခိုင်ခံ့သောအနှောင်အဖွဲ့မှာ ပစ္စည်းဥစ္စာတို့တွင် တွယ်တာ တပ်မက်ခြင်း၊ သို့မဟုတ် ရွှေငွေရတနာ သားမယားကို လိုလားခြင်းပင်ဖြစ်သည်။

နတ္ထိ ဒုဋ္ဌံ ဗန္ဓနမာဟု ဓီရာ၊
ယဒါယသံ ဒါရုဇံ ပဗ္ဗဇဉ္စ။
သာရတ္တ ရတ္တာ မဏိ ကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။
-ဓမ္မပဒ ၃၄၅-ဂါထာ

ဓမ္မပဒ၏ စကားမှာ လွန်စွာမှန်သည်။ ပင့်ကူသည် သူယက်လုပ်သောပိုက်ကွန်တွင် သူပင် နှောင်ဖွဲ့ခြင်းခံနေရသည်။ ထို့အတူ သတ္တဝါတို့သည်လည်း မိမိတို့ ပြုလုပ်သောတဏှာက မိမိတို့ကို တုပ်နှောင်ထားလေသည်။

ယေ ရာဂရတ္တာ နု ပတန္တိ သောတံ၊
သယံ ကတံ မက္ကဋကောဝ ဇာလံ။
ဓမ္မပဒ ၃၄၇-ဂါထာ၊

ဘဝသံသရာ၏ သတ္တဝါတို့သည်လည်း ဤသို့ပင်ဖြစ်၏။ သူတို့သည် တဏှာအားဖြင့် အမျိုးမျိုးသော အာရုံတို့တွင် တပ်မက်ခြင်းဖြစ်နေကြ၍ ရာဂ၏ အနှောင်အဖွဲ့ခံနေကြရသည်။ နေ့ရောညပါ နှောင်ဖွဲ့ထားသဖြင့် ကြပ်တည်းနေကြသည်။ တဏှာမှာ သုံးမျိုးရှိကြောင်း အထက်က ဆိုခဲ့ပြီ။

(၁) ကာမတဏှာ-ဤတဏှာမှာ အမျိုးမျိုး အဖုံဖုံသော အာရုံတို့ကို တပ်မက်ခြင်းပင်ဖြစ်၏။

(၂) ဘဝတဏှာ- ဘဝသံသရာ၊ သို့မဟုတ် ပဋိသန္ဓေနေခြင်း၊ မွေးဘွားခြင်းဖြစ်၏။ ဤဘဝသံသရာအား အထင်အရှား ပြုလုပ်ပေးသူမှာ တဏှာဖြစ်၏။ ဘဝသံသရာ တည်နေခြင်းအကြောင်းမှာလည်း သူပင်ဖြစ်၏။ ကျွန်ုပ်တို့၏ တဏှာသည်သာ

ဤဘဝသံသရာကိုဖြစ်စေသည်။ သံသရာတည်ရှိနေသောကြောင့်လည်း ကျွန်ုပ်တို့၏ သုခဝေါသနာမှာအလိုပြည့်ရသည်။ သို့ကြောင့် သံသရာကို တွယ်တာမှုမှာလည်း တဏှာတမျိုးပင်ဖြစ်၏။

(၃) ဝိဘဝတဏှာ-ဝိဘဝ၏ အဓိပ္ပါယ်မှာ ဉစ္ဆေဒဖြစ်၏။ သံသရာကို ဖြတ်တောက်ခြင်းပင်တည်း။ သံသရာကို ဖြတ်တောက်ခြင်း၊ တည်မြဲလိုခြင်းသည်လည်း ဒုက္ခတမျိုးပင်ဖြစ်၏။ ဤတဏှာသည် လောက၏ အလုံးစုံသော ဆန့်ကျင်ဘက်တို့ကို မွေးဖွားပေ၏။ အလုံးစုံသော မကောင်းမှုတို့၏ ဖြစ်ကြောင်းမှာ ဤတဏှာပင်ဖြစ်၏။ ခိုးသူလည်း သူ့ကြောင့်ပင်ခိုးသည်။ သူ့ကြောင့်ပင် သူ့သားမယားကို ပြစ်မှားလွန်ကျူးသည်။ ခနရှင်သည် ဆင်းရဲသားတို့၏ သွေးကိုစုပ်၏။ ဤသံသရာ၏ မူလမှာ တဏှာဖြစ်၏။ တဏှာသာလျှင် ဒုက္ခ၏ အကြောင်းဖြစ်၏။ သူ့ကိုလူတို့ ဖယ်ခွါသင့်လှပါသည်။

## (ဂ) ဒုက္ခနိရောဓ

တတိယ အရိယသစ္စာ၏ အမည်မှာ ဒုက္ခ နိ ရော ဓဖြစ်၏။ နိရောဓ သဒ္ဒါ၏ အနက်အဓိပ္ပါယ်မှာ ချုပ်ငြိမ်းခြင်း၊ဖျက်ခြင်း၊ စွန့်လွှတ်ခြင်းဖြစ်၏။ ဤသစ္စာက ညွှန်ပြသည်မှာ ဒုက္ခကိုသတ်ရန်ဖြစ်၏။ ဒုက္ခ၏ သတ္တဝါကိုညွှန်ပြကာ ဗုဒ္ဓသည် သင်ကြားခြင်းကို အဆုံးမသတ်ပါ။ စင်စစ်မှာ သူ၏ ဥပဒေသမှာ ဤဒုက္ခ၏ အဆုံးလည်းဖြစ်၍ ဗုဒ္ဓသည် ရဟန်းတို့၏ရှေ့တွင် ဤသစ္စာကို ဤသို့ ဟောကြားတော်မူလေသည်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊
သော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော
စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

အဓိပ္ပါယ်မှာ ဒုက္ခနိရောဓ အရိယ သစ္စာသည် ထိုတဏှာမှ အကြွင်းမဲ့ကင်းကွာခြင်းဖြစ်သည်။ ထိုတဏှာအား စွန့်ပယ်ခြင်း၊ ဖယ်ခွါခြင်း၊ မတွယ်တာခြင်းသည် ဤသစ္စာ၏ အမည်ဖြစ်၏။

ဗုဒ္ဓဓမ္မ၏ ကြီးကျယ်မြင့်မြတ်ခြင်း, ထူးခြားခြင်းမှာ ကျိုးကြောင်းမပြတ် ဆက်စပ်ခြင်းကို လက်ခံခြင်းပင်ဖြစ်၏။ လောကဥ္စရှိရှိသမျှတို့သည် အခါခပ်သိမ်း ဤသဘောတရားနှင့် ဆက်စပ်နေ၏။ အတွင်းတွင် နိုးကြားခြင်းမရှိသော အရာ တစုံတရာ မရှိချေ။ ဒုက္ခ၏အကြောင်းကို အထက်က ဖွင့်ဆိုခဲ့လေပြီ။ ထိုအကြောင်းကို အကယ်၍ ဖြတ်တောက်လိုက်ပါလျှင် အကျိုးသည် အလိုအလျောက် ပျောက်ကွယ်သွားလိမ့်မည်။ သို့ကြောင့် ကျိုးကြောင်း ဆက်စပ်ခြင်းသည်သာ ဤသစ္စာ၏ ထင်ရှားသော ပမာဏဖြစ်သည်။

ဒုက္ခနိရောဓ၏ အမည်မှာ လူကြိုက်များသော နိဗ္ဗာန်ဖြစ်၏။ တဏှာကို ဖယ်ခွါသဖြင့် ဤဘဝမှာပင်၊ အသက်ထင်ရှားရှိနေစဉ်မှာပင်၊ နိဗ္ဗာန်ဟူသောအမည်ဖြင့် ခေါ်ဝေါ်အပ်သော အဆင့်သို့ရောက်နိုင်လေသည်။ နိဗ္ဗာန်နှင့် ပတ်သက်၍ ဗုဒ္ဓဓမ္မ ပညာရှင်များ များစွာပင် အယူအဆကွဲပြားလျက် ရှိသည်။ ထိုအကြောင်းရှေ့တွင် တင်ပြပါမည်။ ဤတွင်နိဗ္ဗာန်မှာ ဇီဝမုတ္တိဖြစ်သော ဗုဒ္ဓ အလိုကျဖြစ်ကြောင်း သိသင့်ပေသည်။ အင်္ဂုတ္တရနိကာယ်တွင် နိဗ္ဗာန်သို့ရောက်သောသူအား တောင်နှင့် ဥပမာ

ပေးထား၏။ ကြမ်းတမ်းသောလေသည် တောင်ကိုမလှုပ်နိုင်၊ လေမုန်တိုင်းတိုက်သော်လည်း တောင်သည် မလှုပ်မရှက်တည်နေ၏။ နိဗ္ဗာန်သို့ရောက်သောသူသည်လည်း ထို့အတူပင်ဖြစ်၏။ ရူပ၊ သဒ္ဒ၊ ဂန္ဓ အစရှိသော သန့်ကျင်ဘက်အာရုံတို့နှင့် အဘယ်မျှပင် တွေ့ကြုံသော်လည်း သူ၏ ငြိမ်သက်သောစိတ်ကား လှုပ်ရှား၍ မသွားချေ။

> သေလော ယထာ ဧကဃနော ဝါတေန န သမီရတိ၊
> ဧဝံ ရူပါ၊ သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ ဖဿာ စ ကေဝလာ။
> ဣဋ္ဌာ ဓမ္မာ အနိဋ္ဌာ စ၊ နပ္ပဝေဓေန္တိ တာဒိနော၊
> ဌိတံ စိတ္တံ ဝိပ္ပမုတ္တံ ဝယံ စဿာနုပဿတိ။
>
> အင်္ဂုတ္တရနိကာယ ၃-၃၂

## (ဃ) ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ

ပဋိပဒါ၏အနက်မှာ လမ်းခရီးဖြစ်သည်။ ယင်းမှာ လေးခုမြောက် အရိယသစ္စာဖြစ်၍ ဒုက္ခချုပ်ငြိမ်းသည့် တိုင် အောင်ပို့ဆောင်သောလမ်းဖြစ်သည်။ ရောက်အပ်သောနေရာဌာနရှိဘိမူ အမှန်မုချပင် လမ်းခရီးကိုလိုလားအပ်ပေသည်။ နိဗ္ဗာန်သည် သတ္တဝါတိုင်း ရောက်ထိုက်သော နေရာဖြစ်၍ ၎င်း၏အတွက်လမ်းကို ကြံဆတွေးတောခြင်းမှာ နည်းကျသည်။ဤလမ်း၏အမည်ကို 'အဋ္ဌင်္ဂိက မဂ္ဂ'ဟု ခေါ်၍ ရှစ်ပါးအပြားရှိသည်။

(၁) သမ္မာ ဒိဋ္ဌိ }
(၂) သမ္မာ သင်္ကပ္ပ } ပညာ

(၃) သမ္မာ ဝါစာ }
(၄) သမ္မာ ကမ္မန္တ } သီလ
(၅) သမ္မာ အာဇီဝ }

(၆) သမ္မာ ဝါယမ }
(၇) သမ္မာ သတိ } သမာဓိ
(၈) သမ္မာ သမာဓိ }

‘အဋ္ဌင်္ဂမဂ္ဂ’သည် ဗုဒ္ဓဓမ္မ၏ အကျင့်အာစာရစူးစမ်းရေးမှာ အကောင်းဆုံးသော ဥပါယ်ဖြစ်သည်။ ဤလမ်းပေါ်သွားပါလျှင် လူတိုင်းသည် မိမိ၏ဒုက္ခကို ဖယ်ရှားပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ သို့ကြောင့် ဤလမ်းရှစ်သွယ်ကို အမြတ်ဆုံး ဟု ဆိုခြင်းဖြစ်သည်။

## မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်အခါ ရဟန်းများအား ဤလမ်း၏အသိဉာဏ်စင်ကြယ်ရန်နှင့် သေခြင်းမှလွတ်မြောက်ကြစေရန် ဥပဒေသပေးတော်မူခဲ့သည်။

ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတံ ဟိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။

ဓမ္မပဒ ၂၇၄

ဗုဒ္ဓဓမ္မအားလျော်စွာ ပညာ,သီလနှင့် သမာဓိ-ဤသုံးပါးသည် မုချငြိမ်းမြောက်ကြောင်းဖြစ်သည်။ အဋ္ဌင်္ဂိကမဂ္ဂသည် ဤငြိမ်းမြောက်ကြောင်း သုံးပါး၏ အရွက်အသွင်ဖြစ်သည်။ ဗုဒ္ဓဓမ္မတွင် အကျင့်အာစာရမှာ ပဓာနဖြစ်၏။ တထာဂတသည်နိဗ္ဗာန်အတွက် သဘောဉာဏ်အား ရှုပ်ထွေးသောလမ်းပေါ်တွင်သွားရန် ဘယ်အခါမျှ သင်ကြားပေးခြင်းမရှိချေ။ သဘောဉာဏ်နှင့်မညီမျှသောပြဿနာတို့၏အဖြေတွင် သူသည် တုဏှီဘာဝေဆိတ်ဆိတ်နေခြင်းကိုသာ ကောင်းသည် ဟု ယူဆ၏။သူ၏ပဓာနရည်ရွယ်ချက်မှာ အကျင့်အာစာရသာဖြစ်၏။ အကယ်၍ အဋ္ဌင်္ဂိကမဂ္ဂအား ကောင်းစွာစောင့်ရှောက်ပါလျှင် ငြိမ်းချမ်းရေးကို အမှန်ပင်ရပေလိမ့်မည်။ ယင်းသည် ဗုဒ္ဓဥပဒေသတို့၏ အနှစ်သာရဖြစ်၏။ လမ်းပေါ်သို့အဟုတ်တကယ်တက်ရန်လိုသည်။ အပြောသက်သက်ဖြင့် ဤလမ်းစဉ်အား အမွှမ်းတင်နေပါလျှင် သင့်လျော်သောအကျိုးဖလကို ပေးရန်စွမ်းနိုင်လိမ့်မည်မဟုတ်ချေ။ သို့အတွက်ကြောင့်မြတ်စွာဘုရားသည် ငါးထောင်သောရဟန်းတို့၏ ရှေ့တွင် မိမိ၏သဘောထားကို လေးနက်စွာ မိန့်ကြားတော်မူလေသည်။

တုမှေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

ရဟန်းတို့၊သင်တို့ကြိုးစား အားထုတ်ကြလော့။ ဥပဒေသကို နားထောင်ခါမျှဖြင့် ဒုက္ခနိရောဓကို ဘယ်တော့မျှ မရောက်နိုင်ချေ။သို့ကြောင့် စင်စစ်ကြိုးစားအားထုတ်ရလိမ့်မည်။တထာဂတ၏အလုပ်ကိစ္စမှာ ဥပဒေသပေးရုံသက်သက်သာဖြစ်သည်။ လမ်းကို ညွှန်ပြရန်မှာ ငါ၏ အလုပ်ဖြစ်၍ ထိုလမ်းပေါ်သို့သွားရန်

မှာ သင်တို့၏ တာဝန်ဖြစ်သည်။ ထိုလမ်းပေါ်သို့တက်၍ ဈာနသမာဓိတွင် ကပ်ငြိသောသူသည်သာလျှင် သေခြင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်မည်။ အခြားသူများ လွတ်မြောက်ကြမည်မဟုတ်ပါ။ ထိုထက်သာလွန်သော ကြိုးပမ်းခြင်း သို့မဟုတ် ကိုယ်တိုင်ကို သက်သေထူသော သင်ကြားချက်မျိုး ဘယ်သူတတ်နိုင်ဦးမည်နည်း။

## မဇ္ဈိမ ပဋိပဒါ

ဤအကျင့်လမ်းစဉ်၏ အင်္ဂါရှစ်ပါးတွင် သမ္မာ (ကောင်းစွာ မှန်စွာ) ကို အထူးဝိသေသနပြုထား၏။ သမ္မာ၏ မှတ်ကျောက်ကား အဘယ်နည်းဟု စဉ်းစားကြသည်။ ဘယ်အခြေ အနေမျိုးမှာမဆို သမ္မာ-ကောင်းစွာဆိုရမည်။ ထို့အတူ ဘယ်အခြေ အနေတွင် တည်ရှိနေစေကာမူ အမြင်မှန်ရမည်။ အန္တ-အစွန်း၏ မဇ္ဈ-အလယ်မှာနေခြင်းသည်သာ သမ္မာ ဖြစ်ကြောင်း တထာဂတ မိန့်ကြားတော်မူသည်။ ဘယ်အရာဝတ္ထုမှာမဆို အစွန်း-အန္တနှစ်ဘက်တို့မှာ မကောင်းသော လမ်းသို့ ဆွဲဆောင် သွားကြသည်။ ဘယ်အရာဝတ္ထုမှာပင်ဖြစ်ဖြစ် အလွန်အကျွံ ယစ်မူးခြင်း၊ သို့မဟုတ် အတိုင်းထက်လွန်ကဲစွာ ကင်းလွတ်ခြင်း-နှစ်မျိုးလုံးပင်မကောင်းဟုဆိုလိုသည်။ ဥပမာ၊ အစာအာဟာရကို လွန်ကဲစွာစားလျှင်လည်း ဒုက္ခဖြစ်မည်။ လုံးဝမစားသုံးဘဲ နေလျှင်လည်း ဒုက္ခ၏အကြောင်းဖြစ်သည်။ သို့ကြောင့်သစ္စာသည် အစွန်းအန္တနှစ်ဘက်၏ အလယ်ဗဟိုတွင် အမြဲတေသဖွယ် တည်နေခြင်းဖြစ်သည်။ ဤကောင်းမြတ်သော အလယ်ဗဟိုကို အထွတ်အထိပ်ပေး

လိုသောကြောင့် ဗုဒ္ဓ၏လမ်းစဉ်ကို မဇ္ဈိမပဋိပဒါဟု ခေါ်ကြခြင်း ဖြစ်သည်။ မဇ္ဈိမပဋိပဒါအစဉ်ကို မြတ်စွာဘုရားဤသို့ ဟော ကြားတော်မူလေသည်။

ဒွေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊
ကတမေ ဒွေ၊
ယော စာယံ ကာမေသု ကာမ သုခလ္လိကာနုယောဂေါ၊
ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထ
သံဟိတော၊
ယော စာယံ အတ္တကိလ မထာနုယောဂေါ-
ဒုက္ခော အနရိယော အနတ္ထသံဟိတော၊
ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ-
မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ-
စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ-
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနံ သံဝတ္တတိ။

(ဟိန္ဒီမှ)

အို ရဟန်းတို့- သံသရာ(လောကီ)ကိုစွန့်လွှတ်၍လွတ်မြောက် သောလမ်းပေါ်သို့ သွားနေသော ရဟန်းသည် အစွန်းအန္တ နှစ် ပါးသို့ချဉ်းကပ်သင့်ချေ။ အစွန်းအန္တနှစ်ခုကား အဘယ်နည်း။ တခုသောအစွန်းမှာကာမဝတ္ထုတို့တွင် ခံစားလိုသဖြင့်အမြဲတွယ် ကပ်နေခြင်းဖြစ်သည်။ ယင်းအာရုံ ခံစားမှုမှာ ယုတ်ညံ့၏။ လူ သာမညတို့၏ အလုပ်ဖြစ်၏။အဆင့်အတန်း မြင့်ခြင်းမှအခြားတ ပါးသို့ခေါ်ဆောင်သွား၏။ အကျိုးအဖလကိုလည်းမရနိုင်ချေ။ ဒုတိယအန္တ အစွန်းမှာ ကိုယ်ခန္ဓာအား ပင်ပန်းစေသည်။ ယင်း

သည်လည်း ဆင်းရဲဒုက္ခပင်ဖြစ်သည်။ အကျိုးမရှိ၊ယုတ်ည့ံခြင်း ဖြစ်၏။ ဤအစွန်းနှစ်ဘက်သို့ ချဉ်းကပ်သောသူသည် ဘဝစက်မှ ဘယ်တော့မျှ လွတ်မြောက်မှုမရနိုင်ချေ။ထိုမှထွက်မြောက်သော လမ်းမှာ ဤအစွန်းနှစ်ဘက်လွတ်သော အလယ်ဗဟိုလမ်းပင်ဖြစ် သည်။ ဗုဒ္ဓသည် ဤလမ်းကို ထုတ်ဖော်ညွှန်ကြား၏။ ထိုလမ်း သည် မျက်စိပွင့်၏။ အသိဉာဏ်ဖြစ်ပေါ်၏။ စိတ်၏ငြိမ်းချမ်းမှု ကိုပြု၏။ ကောင်းစွာဉာဏ်တိုးပွါး၍ နိဗ္ဗာန်ကိုဖြစ်စေနိုင်၏။ ဤလမ်းကို ချဉ်းကပ်သူတိုင်းအကျိုးရှိ၏။

ဤအလယ်လမ်းမကို ထုတ်ဖော်သောဗုဒ္ဓ၏ဘဝမှာမြင့်မြတ် သော လျှို့ဝှက်ချက်ရှိသည်။ဂေါတမမြတ်စွာသည် မိမိဘဝ မှတ် ကျောက်ပေါ်တွင် အန္တလမ်းစဉ်နှစ်ခုကိုတင်ကြည့်ရာ ဘာမျှ အ နှစ်သာရမရှိကြောင်းတွေ့ရ၏။ ထိုလမ်းစဉ်တို့မှာ မြင့်မြတ်သော ငြိမ်းချမ်းမှုမရှိချေ။သူသည် ရှေးအခါက နန်းတော်ပေါ်မှာမွေ့ လျော်စံပျော်ခဲ့သည်။ ထိုစဉ်အခါက အလုံးစုံသော မင်းစည်းစိမ် ကို ခံစားခဲ့သည်။ သူ၏ ခမည်းတော်သည် သူ၏စိတ်ကို လောကီ အာရုံ ကာမဂုဏ်တို့ဖြင့် နှောင်ဖွဲ့ရန်အတွက် စည်းစိမ်ခံမှုဟူသမျှ ကိုအနည်းငယ်မျှ မလျှော့စေရချေ။ သို့ရာတွင် ဗုဒ္ဓသည် ဤစည်း စိမ်ခံဘဝကို မြတ်သော ငြိမ်းချမ်းမှုကို မပေးနိုင် ဟု ယူဆ၏။ ထိုနောက် သူသည် ဟဌယောဂ (ဟိန္ဒူအကျင့်) ကို ခက်ခက်ခဲခဲ စိတ်ဝင်စားစွာ အားထုတ်သည်။သူသည် သူ၏ကိုယ်ကိုချောက် ကပ်ပိန်ကြုံသွားစေခဲ့သည်။ ခက်ခဲစွာကြိုးစား အားထုတ်ရသော ကြောင့် သူ၏ ကိုယ်ခန္ဓာမှာ အရိုးပေါ် အရေတင်နေ၏။သို့ရာ တွင် ဤလမ်းမှာလည်း ငြိမ်းချမ်းရေးကို မတွေ့ရချေ။ ဤသစ္စာ

ပေါ်သို့ ရောက်သောအခါတွင်မှ အာရုံတို့ကို ခံစားမှုသည်၎င်း၊ ခက်ခဲစွာကျင့်ပြီး ကိုယ်ကာယကို ချောက်ကပ်စေခြင်းသည်၎င်း၊ မြတ်သောသုခချမ်းသာအတွက် မဟုတ် ကြောင်း သိရသည်။ ရဟန်းသည် အာရုံတို့ကိုလည်း မခံစားရ၊ ကိုယ်ကာယကိုလည်း ချောက်ကပ်အောင် မပြုရ။ စင်စစ် သီလ,သမာဓိနှင့် ပညာမှာ စိတ်ကိုချဉ်းကပ်ပါလျှင်အတုမရှိသော ငြိမ်းချမ်းမှုကိုရလိမ့်မည်။ ဤသို့သောအလယ်လမ်းသာ ဗုဒ္ဓ၏ စစ်မှန်သော ကိုယ်တွေ့ခံစားချက်ပေါ် မှီငြမ်းထားခြင်းဖြစ်သည်။

မဇ္ဈိမ ပဋိပဒါသည် အင်္ဂါရှစ်ပါးရှိသည်။ ဒိဋ္ဌိမှာ လမ်းစဉ်နှစ်ပါးရှိသည်။တခုမှာ သဿတ ဒိဋ္ဌိဖြစ်၍နောက်တခုမှာ ဥစ္ဆေဒဖြစ်သည်။ အကြင်သူသည် ခန္ဓာကိုယ်ပျက်စီးပြီးနောက် ဖေါက်ပြန်ခြင်းမရှိသော အစဉ်သဖြင့် အာတမာ (အတ္တ) ရှိသည်ကို လက်ခံ၏။ ထိုသူသည် သဿတ ဒိဋ္ဌိမည်၏။အကြင်သူသည် ကိုယ်ခန္ဓာကို အာတမာနှင့် မကွဲပြား ဟု ယူဆ၍ ခန္ဓာကိုယ်ပျက်စီးသည်နှင့် အတူတကွ အာတမာလည်း ပျက်စီး၏ ဟု ညွှန်ပြ၏။ ထိုသူသည် ဥစ္ဆေဒ ဒိဋ္ဌိမည်၏။ ထိုနှစ်ပါးသော ဒိဋ္ဌိ တို့မှာ အင်္ဂါချင်းတူညီ၍ အလားတူပင် ဆုတ်ယုတ်မှုကို ဖြစ်စေသည်။ သမ္မာဒိဋ္ဌိမှာမူ ထိုနှစ်ပါးတို့ အလယ်ဗဟိုကဖြစ်၏။ ဒုက္ခမရှိလျှင် သဿတမှာ မအောင်မြင်ဘဲ မိမိကိုယ်ကိုသတ်ပြီး သူ၏အဆုံးကိုလည်းမပြုနိုင်ချေ။ ဒုက္ခကိုမြဲ၏ ဟု ယူဆ၍ သူ့အပေါ်အောင်မြင်မှုယူသော လူပျင်းကို ရှုတ်ချသကဲ့သို့ မိမိကိုယ်ကိုသတ်၍ ဒုက္ခ၏ အဆုံးကိုပြုသော လူညံ့ကိုလည်း ကဲ့ရဲ့ထိုက်၏။

သင့်လျော် လျောက်ပတ်သော လမ်းမှာ ဒုက္ခများဖြစ်ကြောင်း တဏှာကို ကောင်းစွာသိမြင်ပြီး သူ့ကိုဖယ်ခွါခြင်းပင်

ဖြစ်၏။ တဏှာဖြစ်ရခြင်းမှာ အဝိဇ္ဇာကြောင့်ဖြစ်၏။ အဝိဇ္ဇာသည် အလုံးစုံသော ဒုက္ခတို့ကို မွေးဖွါးပေး၏။ ထိုအဝိဇ္ဇာ (အမိုက်မှောင်)ကို ဝိဇ္ဇာ (အလင်းရောင်) ဖြင့် ဖယ်ရှင်းသဖြင့် မှန်မြတ်သော ငြိမ်းအေးခြင်းကိုရနိုင်၏။ ဗုဒ္ဓမြတ်စွာသည်လည်း "ရိတေ ဉာနန္တ မုတ္တိ" ဟူသော ဥပနိသဒ်နည်းလမ်းကို လိုက်လျှောထားသည်။ သို့ရာတွင် ယင်းဉာဏ်သည် အချည်းနှီးအပြောသက်သက် မဖြစ်သင့်ချေ။ အပြောမျှဖြင့် ငြိမ်းချမ်းမှုမဖြစ်နိုင်။ ဉာဏ်ကို အကျင့်အာစာရ လမ်းစဉ်ပေါ်အမြိုပြုမှ တိုးပွါးမည်ဖြစ်သည်။ အကျင့်အာစာရအသွင်သို့ပြောင်းလဲသွားသောဉာဏ်သည်သာ သစ္စာဉာဏ်ဖြစ်၏။ အကြင်ဉာဏ်ကို ဘဝအာစာရ၏ ခိုင်ခန့်သော နံရံ၌ မှီတွယ်ခြင်းမရှိချေ။ ထိုဉာဏ်ကို အဘယ်မျှ မြောက်ပင့် မောင်းနှင်စေကာမူ စိတ်ပညာလမ်းပေါ်က ကလေးသူငယ်သက်သက်သာဖြစ်၏။ သူသည် မိမိကိုယ်ကို ကိုယ်တိုင်လှည့်ပတ်နေ၍ သံသရာကိုလည်း လိမ်လည်နေခြင်းပင်ဖြစ်သည်။

## အဋ္ဌင်္ဂိက မဂ္ဂ

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။
ဓမ္မပဒ ၂၇၃

အလုံးစုံသော မဂ္ဂလမ်းစဉ်တို့တွင် အမြတ်ဆုံး ဖြစ်သော အဋ္ဌင်္ဂိက လမ်းစဉ်၏ သာမညသရုပ်ကို ယခုညွှန်ပြပါမည်။ ယခုအခါ သူ၏ ထူးခြားသော သရုပ်ကို ဖွင့်ပြရန် ဤတွင်အခွင့်ဆိုက်ရောက်ပါပြီ။

(၁) သမ္မာဒိဋ္ဌိ။ ဒိဋ္ဌိ၏အနက်မှာ ဉာဏ-အသိဉာဏ်ဖြစ်၏။ ကောင်းမွန်သော အလုပ်ကိစ္စအတွက် ဉာဏ်၏တံတိုင်းနံရံမှာ လွန်စွာပင် လိုအပ်လှပါသည်။ အာစာရ-အကျင့်နှင့် ဝိစာရ အတွေးသည် အချင်းချင်းဆက်စပ်၍ အစဉ်မပြတ် ရောနှောနေ၏။ ဝိစာရ အတွေးအဆ၏ နံရံပေါ်တွင် အကျင့်အာစာရရပ်နေ၏။ သို့ကြောင့် အာစာရ မဂ္ဂလမ်းစဉ်တွင် သမ္မာဒိဋ္ဌိမှာ ရှေးဦးစွာသော အင်္ဂါဖြစ်လေသည်။ အ ကြင် လူ သည် အ ကု သိုလ် နှင့် အကုသိုလ်၏ မူလကိုသိ၏။ ကုသိုလ်နှင့် ကုသိုလ်၏မူလကိုသိ၏။ ထိုသူသည် သမ္မာဒိဋ္ဌိနှင့် ကောင်းစွာပြည့်စုံသူမည်၏။ ကာယိက ကိုယ်,ဝါစသိက နှုတ်နှင့် မာနသိကစိတ်မှာအလုပ်နှစ်မျိုးရှိသည်။ ကုသလ-ကုသိုလ်နှင့် အကုသလ အကုသိုလ်အလုပ်ပင် ဖြစ်၏။ ဤနှစ်ပါးကို ကောင်းစွာသိလျှင်သမ္မာဒိဋ္ဌိ ဟုခေါ်ဆိုလေသည်။ မဇ္ဈိမနိကာယ်တွင် ဤအလုပ်များကို ဖွင့်ဆိုထား၏။

| အကုသလ | ကုသလ |
|---|---|
| **ကာယကမ္မ** | |
| (၁) ပါဏာတိပါတ | (၁) သူ့အသက်မသတ်ခြင်း |
| (၂) အဒိန္နာဒါန | (၂) မခိုးမဝှက်ခြင်း၊ |
| (၃) မိစ္ဆာစာရ | (၃) အကျင့်မဖောက်မပြန်ခြင်း၊ |
| **ဝစီကမ္မ** | |
| (၄) မုသာဝါစာ | (၄) မုသားမဆိုခြင်း၊ |
| (၅) ပိသုဏာဝါစာ | (၅) ကုန်းမတိုက်ခြင်း၊ |
| (၆) ဖရုသဝါစာ | (၆) ကြမ်းသောစကားမဆိုခြင်း။ |

(၇) သမ္မပလာပ (၇) အချည်းနှီးစကားမဆိုခြင်း၊

**မနော ကမ္မ**

(၈) အဘိဇ္ဈာ (၈) မနာလိုမဖြစ်ခြင်း၊
(၉) ဗျာပါဒ (၉) ပျက်စီးမှုမလိုလားခြင်း၊
(၁၀) မိစ္ဆာဒိဋ္ဌိ (၁၀) အမြင်မမှားခြင်း။

အကုသိုလ်၏ မူလမှာ လောဘ, ဒေါသနှင့် မောဟဖြစ်သည်။ ယင်းတို့၏ အပြန် အလှန်ဆန့်ကျင်ဘက်မှာ ကုသိုလ်၏ မူလ ဖြစ်သော အလောဘ, အဒေါသနှင့် အမောဟဖြစ်သည်။ ဤကမ္မ အလုပ်ကိစ္စတို့တွင် ကောင်းစွာ ဉာဏ်သက်ဝင်ဘို့အမှန်ပင် လို အပ်လှပေသည်။ ထို့နှင့်အတူတကွပင် အရိယသစ္စာ၏ ဒုက္ခ, ဒုက္ခ သမုဒယ, ဒုက္ခနိရောဓနှင့် ဒုက္ခနိရောဓမဂ္ဂကို ကောင်းစွာသိမြင် ခြင်းသည် သမ္မာဒိဋ္ဌိဖြစ်၏။

(၂) သမ္မာသင်္ကပ္ပ။ ကောင်းစွာဆုံးဖြတ်ခြင်း၊ ကောင်း သောအသိဉာဏ် ဖြစ်ပေါ်သောအခါမှသာ ကောင်းစွာဆုံး ဖြတ်ခြင်း သမ္မာသင်္ကပ္ပဖြစ်၏။ (သမ္မာ သင်္ကပ္ပကို မြန်မာတို့က ကောင်းစွာကြံစည်ခြင်း၊ စဉ်းစားခြင်း ဟု အနက်ပြန်ကြသည်။) ဘယ်ပုံဆုံးဖြတ်သနည်း။ လိုလားတောင့်တမှုမရှိခြင်း၊ မညှဉ်းဆဲ၊ မနှိပ်စက်ခြင်းကို ဆုံးဖြတ်သည်။ လိုလား တောင့်တခြင်းသည် အလုံးစုံသော ဒုက္ခကို ဖြစ်ပေါ်စေ၏။ သို့ကြောင့် လူတိုင်းသည် ထိုအာရုံအား လိုလားတောင့်တမှုကို ခိုင်မြဲစွာဆုံးဖြတ်သင့်၏။ သတ္တဝါတို့အား မတော်မတရား ညှဉ်းပန်းနှိပ်စက်ခြင်းကို ဘယ် သောအခါမျှ မပြုဟု ဆုံးဖြတ်ရမည်။ မကောင်းမှု အကုသိုလ်ကို ဘယ်အခါမျှ မပြုဟု ဆုံးဖြတ်ရမည်။ ဤသို့ ဆုံးဖြတ်ခြင်းကို သမ္မာသင်္ကပ္ပ ဟု ခေါ်သည်။

(၃) သမ္မာဝါစာ။ မှန်ကန်စွာပြောဆိုခြင်း။ မုသားပြောဆိုခြင်း၊ ချောပစ်ကုံးတိုက်ခြင်း၊ ကြမ်းတမ်းသောစကားကိုပြောခြင်းနှင့် သိမ်ဖျင်းသော စကားကိုပြောဆိုခြင်း။ ဤအလုံးစုံကို အမြဲရှောင်ကြဉ်ရမည်။ သစ္စာထက်လွန်မြတ်သော အခြား ထက်စုံတရသော ဓမ္မတရားမရှိချေ။ အကြင်စကားဖြင့် တပါးသူတို့၏စိတ်နှလုံးကို ထိခိုက်နာကျင်ခြင်းသို့ရောက်၏။ အကြင်စကားသည် ကြမ်းတမ်း၏။ သူတပါးတို့အား ကဲ့ရဲ့ရှုတ်ချ၏။ အချည်းနှီးပြောဆို၏။ ထိုစကားမျိုးတို့ကို ဘယ်အခါမျှမပြောမဆိုသင့်ချေ။ ခက်ထန်ကြမ်းတမ်းသောစကားဖြင့် ရန်မငြိမ်းနိုင်၊ စင်စစ်မှာ ရန်သာလျှင် တိုးပွါးလာစေနိုင်၏။

နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

မေ္မပဒ ၁-၅

အချည်းနှီးသော ပုဒ်ပဒတို့နှင့် စပ်ယှဉ်သော အထောင်မကသော စကားဝါကျတို့ဖြင့် အကျိုးမပြီးနိုင်ချေ။ အကျိုးစီးပွါးနှင့် စပ်ယှဉ်သော စကားဝါကျတခုသာလျှင် မြတ်လှပေသည်။ ယင်းစကားကို ကြားရပါလျှင် ငြိမ်းအေး၍သွားနိုင်သည်။

သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒ သံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

ဓမ္မပဒ ၈-၁

(၄) သမ္မာကမ္မန္တ။ ဟိန္ဒူဓမ္မနှင့် အတူသာလျှင်ဖြစ်သော ဗုဒ္ဓဓမ္မတွင် ကမ္မ သိဒ္ဓန္တ (ကံအယူအဆ)ကို ကောင်းစွာ မြှင့်တင်ထားသည်။ လူသည် သုဂတိ ကောင်းသောဘဝ၊ ဒုဂ္ဂတိ-မကောင်းသောဘဝကိုလားရခြင်းအကြောင်းရင်းမှာ သူ၏ ကမ္မ

ကံသာလျှင်ဖြစ်၏။ ကံကြောင့်လူသည် ဤလောကတွင် သုခ သို့မဟုတ် ဒုက္ခကို ခံစားရ၏။ ပရလောက- (တမလွန်ဘဝ)မှာလည်း နတ်ပြည် သို့မဟုတ် ငရဲသို့လားရ၏။ ညှဉ်းပမ်းခြင်း၊ ခိုးခြင်း၊ လွန်ကျူးခြင်း စသော စက်ဆုပ်ဘွယ်ကံတို့ကို အခါခပ်သိမ်း စွန့်ပယ်ရမည်။ ကံငါးပါးကို စောင့်ထိန်းသော လူတိုင်း ရှောင်ကြဉ်ရမည်။ ကံငါးပါးမှာ ပဉ္စသီလပင်တည်း။ ပဉ္စသီလမှာ အဟိံသာ-မညှဉ်းပန်းခြင်း၊ အထေယ၊ မခိုး မဝှက်ခြင်း၊ ဗြဟ္မစရိယ၊ မြတ်သောအကျင့်ကိုကျင့်ခြင်း၊ သစ္စာ၊ မှန်ကန်စွာ ပြောဆိုခြင်းနှင့် သုရာမေရယ အစရှိသော ယစ်မူးစေတတ်သော အရာတို့ကို မမှီဝဲခြင်းပင်ဖြစ်သည်။ လူတိုင်းပင် ဤကံတို့ကိုထိန်းသိမ်းနေရမည်။ ပြည့်စုံစေရမည်။ ဤကံတို့ကို စွန့်ပယ်သောသူသည် ဓမ္မပဒတွင် ဆိုသည့်အတိုင်း မိမိ၏ အခြေအမြစ်ကို မိမိပင် တူးဖြိုနေလေသည်။

> ယောပါဏမတိပါတေတိ၊ မုသာဝါဒံ စ ဘာသတိ၊
> လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
> သုရာမေရယပါနံ စ ယော၊ နရော အနုယုဉ္ဇတိ၊
> ဣဓေဝ မေသော လောကသ္မိံ၊ မူလံ ခနတိ အတ္တနော။

မိမိအပေါ်မှာ အောင်မြင်သောသူသည် နှစ်သက်ဖွယ် ငြိမ်းအေးမှု၏ မြင့်မြတ်သော ပြီးမြောက်ခြင်းဖြစ်သည်။ မိမိကိုယ်ကို ဆုံးမ၍ ဤကံတို့ကို စီရင်သင့်သည်။ "အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ၊ အတ္တနော ဝ သုဒန္တေန နာထံ လဘတိ ဒုလ္လဘံ-" ဟု ဆိုသည့်အတိုင်း မိမိသာလျှင် မိမိ၏ ကိုယ်ကွယ်ရာ အရှင်သခင်ဖြစ်သည်။ မိမိမှတပါး

မိမိ၏အရှင်သခင် တခြားမရှိချေ။ မိမိကိုယ်ကို ဆုံးမပါလျှင် ရနိုင်ခဲ့သော နိဗ္ဗာန်ကိုရနိုင်၏။ရဟန်းများအတွက်မှာမူ မိမိကိုယ်ကိုဆုံးမရန် သိက္ခာပုဒ်များလွန်စွာကြပ်တည်းလှသည်။သူတို့တွင် ဤကံများမှတပါး အခြားကံငါးပါးရှိသေးသည်။ နေလှဲ့ညစာ ပန်းနံ့သာ၊ တူရိယာဂီတ၊ ရွှေငွေနှင့် မြင့်မြတ်သော အိပ်ရာနေရာကို စွန့်ပယ်ခြင်းပြုလုပ်ရသည်။ ယင်းတို့ကို ဒသသီလ-ဆယ်ပါးသီလ ဟု ခေါ်ကြသည်။ ရဟန်းတို့ လွတ်မြောက်သော ပဓာန ဘဝကို စံပြုရန်အတွက် ဗုဒ္ဓသည် အခြားသော ကံတို့ကိုလည်း ညွှန်ပြခဲ့သည်။ ယင်းတို့ကို ဝိနယ ပိဋကတွင် ဖွင့်ဆိုထားလေသည်။

(၅) သမ္မာအာဇီဝ။ ကောင်းသော အသက်မွေးခြင်း။ မကောင်းသော အသက်မွေးခြင်းကို စွန့်ပယ်၍ မှန်ကန်စွာ အသက်မွေးသောအားဖြင့် ကိုယ်ခန္ဓာကို မွေးမြူခြင်းပင်ဖြစ်၏။ အသက်မွေးမှုနှင့် ကင်းကွာ၍ အသက်တည်နေရန်မှာ မဖြစ်နိုင်ချေ။ လူသည် ကိုယ်ခန္ဓာကို စောင့်ရှောက်ရန်အတွက် တစုံတခုသော အသက်မွေးမှုကိုယူလေရာ ယင်းအသက်မွေးမှုမှာ မှန်ကန်ဘိုလိုသည်။ ယင်းအသက်မွေးမှုဖြင့် အခြားသော သတ္တဝါများ မငြိစ်နွမ်းစေရန်နှင့် သူတို့အား ညှဉ်းပန်းသည့်အနေသို့မရောက်စေရန်ဖြစ်သည်။ အဖွဲ့အစည်းသမဂ္ဂကို လူများအစုအပေါင်းဖြင့် ပြုလုပ်ထား၏။ အကယ်၍ လူသည် အချင်းချင်းကောင်းသော အတွေးအဆဖြင့် ချစ်ကြည်စွာဆက်ဆံကြပါလျှင် အဖွဲ့အစည်းသမဂ္ဂသည် အမှန်ပင် မင်္ဂလာအတိပြီးနေပေလိမ့်မည်။ ထိုစဉ် အခါက ကုန်သန်းရောင်းဝယ်ရေးတို့တွင် ဗုဒ္ဓသည် ဤငါးမျိုးသော အသက်မွေးဝမ်းကျောင်းမှုတို့ကို ပြစ်တင်ခဲ့သည်။ (၁) သတ္တ

ဝါယာမ။ လက်နက်ကုန်ကူးခြင်း၊ (၂)သတ္တဝါဏိဇ္ဇာ။ သတ္တဝါကုန်ကူးခြင်း၊ (၃)မံသဝါဏိဇ္ဇာ။ အသားကုန်ကူးခြင်း၊ (၄)မဇ္ဇဝါဏိဇ္ဇာ။ သေအရက်ကုန်ကူးခြင်း၊ (၅) ဝိသဝါဏိဇ္ဇာ။အဆိပ်ကုန်ကူးခြင်း။ လက္ခဏာသုတ် ၃-တွင် ဗုဒ္ဓသည် အလေးစဉ်းလဲ၊ တောင်းစဉ်းလဲ၊ ချိန်စဉ်းလဲ စသည်တို့ဖြင့် အသက်မွေးမှုတို့ကို ရှုတ်ချပြစ်တင်ထားသည်။

(၆) သမ္မာဝါယာမ။ကောင်းစွာ အားထုတ်ခြင်း၊တင့်တယ်စွာ ကြိုးစားခြင်း၊ကောင်းသော အလုပ်များကို လုပ်ဆောင်မှုအတွက် ကြိုးပမ်းသင့်သည်။ လူ့ဘဝတွင်း ရှိသော ကိလေသာများကို စောင့်ရှောက် ၍ မကောင်းသော အတွေးအကြံတို့ကို ပိတ်ပင်ပြီးလျှင် ကောင်းသောအကြံအစည်တို့ဖြစ်ပေါ်စေရန် ကြိုးစားရမည်။ ဖြစ်ပြီးသော ကောင်းမွန်သည့် အတွေးအကြံတို့ကို ကောင်းစွာစောင့်ရှောက်ထားရန် ကြိုးစားခြင်းတို့သည် သမ္မာဝါယာမ မည်၏။ ကြိုးစားမှုမရှိပါက လှုပ်ရှားသောစိတ်သည် ကောင်းမြတ်သော အတွေးအကြံတို့ကို အဝေးသို့ ပြေးစေပြီး မကောင်းသော အတွေးအကြံတို့ကို စုပုံထား၏။ သို့ကြောင့် ယင်းကြိုးပမ်းမှုကို အမှန်ပင် လိုအပ်လေသည်။

(၇) သမ္မာသတိ။ ဤအင်္ဂါ၏ အကျယ်အဖွင့်မှာ ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ် (၂-၉)တွင်ရှိလေသည်။ သတိပဋ္ဌာန်မှာ လေးမျိုးရှိ၏။ (၁) ကာယာနုပဿနာ၊(၂)ဝေဒနာနုပဿနာ၊ (၃) စိတ္တာနုပဿနာနှင့် (၄) ဓမ္မာနုပဿနာဖြစ်၏။ ကိုယ်ကာယ,ဝေဒနာ,စိတ်နှင့် ဓမ္မ၏ သရုပ်အမှန်ကိုသိခြင်းနှင့် အစဉ်မပြတ် သတိထားခြင်းပင်ဖြစ်၏။ ကိုယ်ကာယသည် ကျင်ကြီး ကျင်ငယ် ဆံပင်နှင့် ခြေသည်းအစရှိသော အရာဝတ္ထုတို့၏

အပေါင်းအစုဖြစ်သည်။ ကိုယ်ခန္ဓာကို ဤအသွင်ဖြင့် ရှုသော သူကို "ကာယေ ကာယာ နုပဿီ-"ဟုခေါ်၏။ဝေဒနာမှာ သုခ, ဒုက္ခနှင့် အသုခ-အဒုက္ခ ဟု သုံးမျိုးရှိ၏။ ဝေဒနာ၏ အသွင်ကို ရှုမြင်သော သူကို "ဝေဒနာနုပဿီ-"ဟု ခေါ်၏။ စိတ်ကား အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေ၏။ တခါတရံရာဂနှင့်တကွဖြစ်၏။ တခါတရံ ရာဂမှ ကင်း၍ဖြစ်၏။ တခါတရံ ဒေါသ၊ တခါတရံ အဒေါသ၊ တခါတရံ မောဟနှင့်တကွဖြစ်၍ တခါတရံအမောဟဖြစ်သည်။ ဤကဲ့သို့ အခိုက်အတန့်အမျိုးမျိုးမှာဖြစ်သော စိတ်ကိုသိပါက "စိတ္တာနုပဿီ"ဖြစ်၏။ ဓမ္မလည်း အမျိုးမျိုးကွဲပြားသည်။ (၁)နီဝရဏ၊ (၂) ခန္ဓာ၊ (၃) အာယတန၊ (၄) ဗောဇ္ဈင်္ဂ၊(၅) စတုသစ္စာ။ ဤတရားတို့၏အသွင်ကို ကောင်းစွာ ထင်မြင်ပါက "ဓမ္မာနုပဿီ" ဖြစ်၏။ သမ္မာသမာဓိကြောင့် ဤသမ္မာသတိကို အထူးလိုအပ်၏။ ကာယနှင့် ဝေဒနာ၏ အသွင်ကို ကောင်းစွာဆင်ခြင်ပါလျှင် ငြိတွယ်ကပ်ငြိမှု မဖြစ်တော့ချေ။ စိတ်သည် တပ်မက်မှုကင်းကွာ၍ ရာဂလွတ်ရာသို့တက်သွားပြီး ဧကဂ္ဂတာဖြစ်ရန် ပြည့်စုံသွားပေမည်။

(၈) သမ္မာ သမာဓိ။ အရိယသစ္စာကို လေ့လာသဖြင့် ဗုဒ္ဓ၏ လမ်းစဉ်မှာ ဥပနိသဒ် လမ်းစဉ်နှင့် မကဲ့ကြောင်း ထင်ရှားသည်။ ဥပနိသဒ်တွင် 'ရိတေ ဉာနန္တ မုတ္တိ-'ဟု လာရှိ၏။ ဉာဏ်ပညာနှင့် ကင်းကွာ၍ လွတ်မြောက်မှုကိုမရနိုင် ဟု ဆိုခြင်းဖြစ်သည်။ဤအယူအဆကို ဗုဒ္ဓလက်ခံသည်။သို့ရာတွင် သူ့ကိုဆောင်ထားကာဖြင့်ကိုယ်ခန္ဓာတွင် စင်ကြယ်သောဉာဏ်ဖြစ်ပေါ်မလာနိုင်ချေ။ဉာဏ်ဖြစ်ပေါ်ရန်အတွက် ကိုယ်ခန္ဓာ အစဉ်သန့်ရှင်းနေဘို့လိုသည်။ သို့အတွက် ဗုဒ္ဓသည် သီလနှင့် သမာဓိအားဖြင့်

အစဉ်အတိုင်း ကာယသုဒ္ဓိ ကိုယ်ခန္ဓာသန့်ရှင်းမှုနှင့် စိတ္တသုဒ္ဓိ စိတ်သန့်ရှင်းမှုအပေါ်တွင် အထူးဂရုစိုက်လေသည်။

ဗုဒ္ဓဓမ္မတွင် သီလ၊ သမာဓိနှင့်ပညာမှာအဖိုးထိုက်တန်လှသောသဘောတရားသုံးပါးဖြစ်သည်၊ အဋ္ဌင်္ဂိကမဂ္ဂ၏အချုပ်မှာဤသုံးပါးပင်ဖြစ်၏။ သီလဖြင့် ဆိုလိုသည်မှာ မြင့်မြတ်သောအလုပ်ကိစ္စများအားဖြင့် ဖြစ်၏။ ဗုဒ္ဓတွင် တပည့်နှစ်မျိုးရှိသည်။ အိုးအိမ်ကိုစွန့်ခွာသောရဟန်းနှင့် အိုးအိမ်နှင့်နေသောလူပင်ဖြစ်၏။ အချို့သောအလုပ်ကိစ္စတို့မှာ တပည့်နှစ်မျိုးလုံးနှင့် သက်ဆိုင်သည်။ ဥပမာ၊ ငါးပါးသီလကို ရဟန်းရောလူပါ စောင့်ထိန်းရ၏။ ဆယ်ပါးသီလတွင် နောက်ငါးပါးကား ရဟန်းတို့အတွက် သက်သက်ဖြစ်သည်။ လူတို့အတွက် မိမိတို့၏ အမိ-အဘ-ဆရာသမား-သား-မယား၊ မိတ်ဆွေသင်္ဂဟနှင့် ရဟန်း ပဏ္ဏားတို့အား ရိုသေစွာ လုပ်ကျွေး ပူဇော်သင့်သည်။ မကောင်းမှု ဒုစရိုက်မှုတို့ကို ပြုပါလျှင် စည်းစိမ်ဥစ္စာပျက်စီးမည်။ လောင်းကစားခြင်း၊ မူးယစ်သောက်စားခြင်း၊ အပျော်အရွှင်ပွဲသဘင် ကျူးခြင်းစသည်တို့မှာ စီးပွါးပျက်ကြောင်းတို့ဖြစ်သည်။ ဤသို့စသဖြင့် ဗုဒ္ဓသည် အိုးအိမ်နှင့်နေသောလူတို့ကို ညွှန်ပြခဲ့သည်။

သီလနှင့်သမာဓိ၏ အကျိုးဖလမှာ ပညာဖြစ်ပေါ် လာခြင်းဖြစ်၏။ ဘဝစက်၏ မူလတွင်အဝိဇ္ဇာ ထင်ရှားရှိနေ၏။ ပညာဖြစ်ပေါ်မလာသေးသမျှ အဝိဇ္ဇာပျောက်ကွယ်ခြင်းမဖြစ်နိုင်။ ပညာဖြစ်ပေါ်လာခြင်းသည်သာပဓာနရည်ရွယ်ချက်ဖြစ်သည်။ ပညာမှာသုံးမျိုးရှိသည်။(၁) သုတမယ (၂) စိန္တာမယနှင့် (၃) ဘာဝနာမယဖြစ်၏။ သုတပညာ၊ စိန္တာပညာနှင့် ပြည့်စုံသောသူသည် ဘာဝနာဉာဏ်ကို အထူးကြိုးစားသည်။ ပညာနှင့်ပြည့်စုံသဖြင့်

အမျိုးမျိုးသော တန်ခိုးဣဒ္ဓိကို မရပါ။ စင်စစ်မှာ သတ္တဝါတို့၏ ရှေ့ဘဝကိုသိခြင်း၊ သူတပါးတို့၏ စိတ်အလိုဆန္ဒကို သိခြင်း။ ဒိဗ္ဗသောတနတ်နားကိုရခြင်း။ ဒိဗ္ဗစက္ခု-နတ်မျက်စိရခြင်းနှင့် ဒုက္ခကုန်ဆုံးသောအသိဉာဏ်ကိုရလေသည်။ သူ၏စိတ်သည် ကာမာသဝ-(ကာမဂုဏ်ခံစားလိုခြင်း)၊ဘဝါသဝ-(နောက်ဘဝဖြစ်ပြန်လိုခြင်း) နှင့် အဝိဇ္ဇာသဝ- (မောဟအညစ်ကြေး)မှ အကုန်လုံး လွတ်မြောက်သွား၏။ အထင်အရှားနိဗ္ဗာန်သို့ရောက်၍ ရဟန္တာ၏အဖိုးတန် ထိပ်တန်းအဆင့်သို့ ရောက်သွားတော့သည်။ ဓမ္မပဒတွင်ဗုဒ္ဓ၏ ဆုံးမဩဝါဒ သုံးချက်ကို လေးနက်စွာ ဖေါ်ပြထားသည်မှာ မှတ်သားလိုက်နာဘွယ်ကောင်းလှပါ၏။

(၁) အလုံးစုံသော မကောင်းမှုကို မပြုရန်၊
(၂) ကုသိုလ်ကောင်းမှုတို့ကိုဆည်းပူးရန်၊
(၃) မိမိစိတ်ကို စင်ကြယ်စွာထားရန်။

သဗ္ဗပါပဿ အကရဏံ၊ကုသလဿ ဥပသမ္ပဒါ။
သ-စိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

ဓမ္မပဒ ၁၄-၅

## ဗုဒ္ဓ ဒဿန ဝိစာရ

**(က) ပဋိစ္စ သမုပ္ပါဒ** ဗုဒ္ဓမြတ်စွာသည် အကျင့်အာစာရလမ်းစဉ် ဥပဒေသပေးရာမှာသာ မိမိကိုယ်ကအခါခပ်သိမ်း ပျံ့နှံ့စေသည်။ အာတမာနှင့်ပတ်သက်သော သဘောတရားကို လေ့လာခြင်းမရှိပါက သူကိုယ်တိုင်နှင့် သူ၏

တပည့်သားတို့ကိုလည်း ဤအကြောင်းများကို စဉ်းစားရန် ကြိုပမ်းလိမ့်မည်မဟုတ်ချေ။ သို့ရာတွင် သူ၏ဥပဒေသများသည် နှစ်ပေါင်းနှစ်ထောင်ကျော်ကပင် ဒဿနိက တံတိုင်းပေါ်တွင် မားမားမတ်မတ် ရပ်တန့်ပြီး လူ့အဖွဲ့အစည်း၏ ကောင်းကျိုးချမ်းသာမဂ်လာကို ပြုနေခဲ့လေသည်။

ပဋိစ္စ သမုပ္ပါဒ်သည် အလွန်စိတ်ဝင်စားဘွယ် ကောင်းလှသော သဘောတရားဖြစ်သည်။ ယင်းသည် ဗုဒ္ဓဒဿန၏တည်ရာကျောရိုး ဖြစ် သည်။ ပဋိစ္စ သမုပ္ပါဒ်၏ အနက်မှာ 'သာပက္ခကာရဏဝါဒ,ဖြစ်သည်။ ပဋိစ္စ-တစုံတခုသော အရာဝတ္ထုကိုရခြင်းသည်၊ သမုပ္ပါဒ-အခြားသော အရာဝတ္ထု၏ဖြစ်ပေါ်ခြင်းဖြစ်သည်။ အကြောင်းကြောင့် အကျိုးဖြစ်သည် ဟု ဆိုလိုသည်။ ဤအဓိပ္ပါယ်ကို ဗုဒ္ဓမြတ်စွာက-"အသ္မိံသတိ ဣဒံဘဝတိ-"ဟု ရှင်းပြ၏။ ဤအရာဖြစ်၍ ဤအရာဖြစ်ရသည်။ ကမ္ဘာလောက၏ အရာဝတ္ထု၊ သို့မဟုတ် အဖြစ်အပျက်ဟူသမျှတွင် နေရာတိုင်းမှာ ဤအကျိုးအကြောင်း အစဉ်အလာမှာ နိုးကြားနေလေသည်။ အရာဝတ္ထုတခုရှိနေပါလျှင် အခြားသော အရာဝတ္ထုဖြစ်သည်။ မည်သည့် အရာဝတ္ထုမှ အကြောင်းနှင့် ကင်းကွာ၍မဖြစ်ချေ။ ဤကြီးကျယ် မြင့်မြတ်သောကျိုးကြောင်းဆက် သဘောတရားကို ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်ရှာဖွေတွေ့မြင်ရခြင်းဖြစ်သည်။ မြတ်စွာဘုရားသည် မိမိ၏ခေတ်အခါက ဒဿန ဆရာများ၏ အယူဝါဒများကို လေ့လာစူးစမ်းသည်။

အချို့သော သူတို့မှာ 'နိယတိဝါဒီ'ဖြစ်ကြောင်း သူတွေ့ရသည်။ သူတို့၏ ဝါဒအယူအဆမှာ လောကတွင် ရှိရှိသမျှ ကောင်းမကောင်း အကျိုးဖလတို့သည် ကံကြမ္မာနှင့် ဆက်စပ်

နေ၏။ ကံကြမ္မာလှည့်လည်သော နေရာတွင် ပေါင်းစုကိုင်း ညွတ်နေ၏။

အချို့သော သူတို့မှာ 'ဣဿရ'ဝါဒီဖြစ်ကြသည်။ လောက တွင်ရှိသော အကျိုးအာနိသင်တို့ကို ဖန်ဆင်းသော အရှင်ကိုသာ ညွှန်ပြကြသည်။ အကောင်းကိုဖြစ်စေ၊ အဆိုးကိုဖြစ်စေ၊ ဘုရား သခင်ကိုညွှန်ပြကြသည်။ဘုရားသခင်၏ အလိုကျဖြစ်သည် ဟု ယူဆ ကြသည်။သို့ရာတွင် အချို့ကမူ 'ယဒိစ္ဆာ'ဝါဒသာ မြင့်မြတ်၍ မှန်ကန်တိကျသည် ဟု ယူဆကြသည်။ သူတို့၏ အဆိုပြုချက်မှာ ဤကမ္ဘာလောကကြီးသည် ယဒိစ္ဆာအကြောင်းမဲ့ သဘာဝ အ တိုင်း အမျိုးမျိုး အထွေထွေအပြားပြားသော အသွင်များဖြစ် နေသည်။

ဗုဒ္ဓ၏ အသင့်ယုတ္တိတို့နှင့် ပြည့်နှက်နေသော နှလုံးသားသည် ဤလေ့လာချက်တို့ကို လက်ခံရန် အသင့်မရှိချေ။ထိုကဲ့ပြားခြား နားသော အယူဝါဒတို့မှာ ချောက်သွေ့လှသောကြောင့် သူ၏ အသိဉာဏ်တွင်စွဲထင်ခြင်းမရှိချေ။ အကယ်၍ ဤဝါဒများကို လက်ခံယုံကြည်ပါလျှင် တစ်ခုတယောက်သည် မိမိ၏ အလုပ်ကိစ္စ အကျိုးဖလတို့အတွက် အဖြေပေးနိုင်လိမ့်မည် မဟုတ်ချေ။ ထို ဆင်းရဲသားသည် ကံကြမ္မာ၏ လက်သည်းကြားထဲရောက်နေပေ လိမ့်မည်။ သို့မဟုတ်ဘုရားသခင်၏ အလိုတော်အတိုင်းဖြစ်ပေလိမ့် မည်။ သို့မဟုတ်သူ့သဘာဝအတိုင်း ဖြစ်ချင်သလို ဖြစ်နေပေလိမ့် မည်။ ကိုယ်ရေးကိုယ်တာကိစ္စကို သူတပါးအပေါ် မှီတွယ်ထား သောကြောင့် သူ၏ အဖြေမှာဘယ်သို့လျှင် အသင့်ယုတ္တိနှင့် စပ် ယှဉ်မည်နည်း။ ဤကဲ့သို့ သောအခက်အခဲ အကြပ်အတည်းကို

တားမြစ်လျက် ဗုဒ္ဓမြတ်စွာသည် ဤကျိုးကြောင်းဆက် (ပဋိစ္စ သမုပ္ပါဒ) ကို ထုတ်ဖော်လိုက်ခြင်းဖြစ်လေသည်။

ဤနိယမအစဉ်အလာသည်မြဲ၏။ မနိုင်းယှဉ်အပ်။ ဒေသ၊ ကာလ၊ ဌာန- ဤသုံးပါးသော အကြောင်းတွင်နှိုးကြားနေ၏။ ဤကာမလောကတည်းဟူသော အသက်ဇီဝ သည်သာ နိယမ၏အလိုအတိုင်းဖြစ်သည်မဟုတ်သေး၊ စင်စစ်မှာ ရူပဓါတုဖြစ်သောနတ်ဒေဝတာ အစရှိသည် တို့လည်း ဤနိယမ၏ ရှေ့တွင်ဦးညွှတ်နေကြသည်။ ဤနိယမသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်- ကာလသုံးပါးတွင် စပ်ယှဉ်နေ၏။ အဌကထာ- ဋီကာဆရာတို့ကမူ အကြောင်းဖြစ်သောသံသရာစက်သည်အနန္တ- အဆုံးမရှိ။ အနာဒိ-အစမရှိဟု ယူဆကြသည်။ သို့ကြောင့်သူတို့သည် ဤလောက၏ မူလအကြောင်းကို လက်ခံသော်လည်း ယင်း၏အစကိုလက်ခံရန်အသင့်မရှိကြခြင်းဖြစ်သည်။

ဤနိယမမှာ အလုံးစုံသောအရာဌာနတို့တွင် သက်ဝင်သည်။ ယင်းကိုတားမြစ်ထားသူမှာ နိစ္စ(မြဲ)၍ အနုပ္ပန္န(မဖြစ်)သဘောရှိသော'အသင်္ခတဓမ္မ'ပင်ဖြစ်၏။ စိတ်၊ စေတသိက်၊ ရုပ်ဖြစ်သောသင်္ခတဓမ္မသည် ဟေတုပစ္စည်းကြောင့်ဖြစ်၏။ အဌကထာ ဆရာကြီးများသည် ဤအကြောင်းကို အထူးခွဲ၍ထင် ထားကြ၏။ ဗုဒ္ဓကိုယ်တိုင်လည်း ဤကျိုး-ကြောင်း နိယာမ၏ အလိုအတိုင်းဖြစ်ခဲ့သည်။

## ကာရဏ ဝါဒ

ပါဠိနိကာယ်တို့တွင် ကြောင်း-ကျိုးဆက်နှင့် ပတ်သက်၍ ထူးထူးခြားခြား စဉ်းစားဘွယ်ကိုမရချေ။ 'အသ္မိံ သတိ ဣဒံဘဝတိ'

ဤတရားရှိသောကြောင့် ဤဝတ္ထုဖြစ်သည်ဟူသည်ကိုသာ တွေ့ရသည်။ ယင်းတွင်ဟေတုနှင့်ပစ္စယသဒ္ဒါတို့၏ပြယုဂ်မှာအတူတူပင်ဖြစ်နေသည်။ ကာရဏဝါဒကို လေ့လာရန်အတွက် ဤနှစ်ပါးကုန်သောဟေတုနှင့်ပစ္စယ သဒ္ဒါကိုရှင်းလင်းရန် အမှန်ပင်လိုအပ်ပေသည်။ ထေရဝါဒ၏ အလိုအားဖြင့် ဟေတုသဒ္ဒါ၏အနက်မှာ ကျယ်ပြန့်ခြင်းမရှိလှချေ။ လောဘ, ဒေါသ နှင့် မောဟအားဖြင့် စိတ်ဖေါက်ပြန်သော ဟေတု၏ ပြယုဂ်ကိုနိကာယ်တို့တွင် တွေ့ရသည်။ သို့ကြောင့် ဝိညာဉ်၏ဤအခိုက်အတန့်ကိုပင် 'သဟေတုက' ခေါ်ကြသည်။

အလောဘ၊ အဒေါသ နှင့် အမောဟ ဤသုံးပါးသည် ကုသိုလ်ဟေတုများဖြစ်ကြသည်။ ပစ္စယ၏ ပြယုဂ်သည် ကျိုးကြောင်း ဆက်စပ်သော တစုံတခုသော ရုပ်ကို ထွန်းပြခြင်းပြုသည်။ တစုံတခုသော အရာဝတ္ထုသည် အခြားတစုံတခုသော အရာဝတ္ထုနှင့် ဆက်စပ်တည်ရှိကြောင်းကိုညွှန်းပြခြင်းပင်ဖြစ်၏။ အဘိဓမ္မာ၏ နောက်ဆုံးကျမ်းဖြစ်သော ပဋ္ဌာန်းတွင် ၂၄-ပါးသော ပစ္စည်းတို့ကို အကျယ်ဖွင့်ဆိုထားလေသည်။

သုတ္တပိဋကဒီနှင့်ယောဂါစာရတွင် ဤသဒ္ဒါနှစ်ပါး၏အနက်မှာကွဲပြား၏။ ဟေတု၏အနက်မှာမုချအကြောင်းဖြစ်၍ ပစ္စယ၏အနက်မှာ ထိုနှင့် သင့်လျော်သော အခြံအရံ အကြောင်းဖြစ်သည်။ ဥပမာ-မြေပေါ်တွင်စိုက်ပျိုးသော မျိုးစေ့ပင်ပေါက်ကလေးသည် မြေ,နေ-ရေ-အစရှိသည်၏ အကူအညီဖြင့်ကြီးပွါးလာပြီး သစ်ပင်ကြီးဖြစ်ရ၏။ ဤတွင်မျိုးစေ့ (ဗီဇ)က ဟေတုဖြစ်၍ မြေ-ရေစသည်တို့မှာ ပစ္စယဖြစ်သည်။ အကြောင်းမူနေ၏အာပူ

ဓာတ်နှင့် မြေ၏စိုစွတ်ခြင်းမရှိပါလျှင် ဘယ်နည်းနှင့်မျှ အညွန့် မပေါက်နိုင်ချေ။ ကြီးပွါးပွံ့ဖြိုးပြီးသစ်ပင်လည်းမဖြစ်နိုင်ချေ။ သစ်ပင်ကိုပင် အကျိုးဖလဟုခေါ်သည်။ထေရဝါဒတွင်ပစ္စယ၏ သင်္ချာမှာ ၂၄-ပါးရှိသော်လည်းသဗ္ဗတ္ထိဝါဒီတို့၏ အလိုအားဖြင့် ဟေတု ၆-ပါး၊ ပစ္စယ ၄-ပါးနှင့် ဖလ ၅-ပါးရှိလေသည်။

လူတို့နှင့် ပတ်သက်သော အကြောင်းကို နိကာယ်တို့တွင် လွယ်ကူစွာပင် ဖွင့်ဆိုထား၏။ ပဋိစ္စသမုပ္ပါဒ်တွင် တပါးသည် တပါး၏ အကြောင်းဖြစ်သော အင်္ဂါ ၁၂-ပါးရှိသည်။ယင်းကို ဘဝစက္က(ဘဝစက်)ဟူသော အမည်ဖြင့် ခေါ်ဝေါ်၏။ ဤစက် ကြောင့် ဤဘဝသံသရာမှာ သတ္တဝါများဖြစ်ကြသည်။ဤအင်္ဂါ တို့၏ သင်္ချာမှာ အကြောင်းနိဒါန်းလည်းဖြစ်သည်။ သူတို့၏ အမည်နာမတို့မှာ အစဉ်အတိုင်း ဤသို့တည်း။

(၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ၊
(၃) ဝိညာဏ၊ (၄) နာမရူပ၊
(၅) သဠာယတန၊ (၆) ဖဿ၊
(၇) ဝေဒနာ၊ (၈) တဏှာ၊
(၉) ဥပါဒါန၊ (၁၀) ဘဝ၊
(၁၁) ဇာတိ၊ (၁၂) ဇရာမရဏ။

ဤဆဲ့နှစ်ပါးသည် ပညာရှိကြီးများ၏ အဖွင့်တွင် အမျိုး မျိုးသော အယူအဆဝါဒတို့ဖြင့် ကွဲပြားခြားနားနေလေသည်။ မဟာယာနတို့၏ အံ့ဩစရာကောင်းသော အယူအဆတခုမှာ ဤ ဆက်စပ်ခြင်းတွင် တမလွန်ဘဝ အယူအဆကို အကျိုးပြုသော ဆဲ့နှစ်ပါးသော နိဒါန်းတွင် ဘဝသုံးပါးဖြင့် ဆက်စပ်ခြင်းကို

လက်ခံယုံကြသည်။ ပထမ နိဒါန်းနှစ်ခုမှာ အတိတ်ဘဝဖြင့် ဆက်စပ်သည်။ ထို့နောက် နိဒါန်းရှစ်ခုမှာ ပစ္စုပ္ပန်ဘဝဖြင့် ဆက်စပ်၍ နောက်ဆုံးနိဒါန်းနှစ်ခုမှာ အနာဂတ်ဘဝဖြင့် ဆက်စပ်နေသည်။ သို့ကြောင့် ဝဿဗန္ဓုကယင်းကို 'တြိကဏ္ဍတ္တမက' ဟု ခေါ်ဆိုလေသည်။

## အတိတ်ဘဝ

(၁) အဝိဇ္ဇာ။ အညာဏ၊ မောဟနှင့် လောဘ၏ အလိုကျဖြစ်၍ ကိလေသာဖြင့် နှောင်ဖွဲ့ထားသော သတ္တဝါဖြစ်သည်။ ယင်း အကြောင်းအရာတို့မှာ ရှေးဘဝနှင့် သက်ဆိုင်သည်။

(၂) သင်္ခါရ။ အဝိဇ္ဇာကြောင့် သတ္တဝါသည် ကောင်း၊ မကောင်း အလုပ်တို့ကိုလုပ်သည်။ ယင်းသည်လည်း ရှေးဘဝနှင့် သက်ဆိုင်သည်။

## ပစ္စုပ္ပန်ဘဝ

(၃) ဝိညာဏ။ ယင်းမှာ ဤဘဝ၏ အခိုက်အတန့်ပင်ဖြစ်သည်။ သတ္တဝါသည် အမိ၏ဝမ်းတွင်ပဋိသန္ဓေတည်နေပြီးနောက် အသက် ဝိညာဉ်ဝင်လာသော ကိုယ်ဝန်ဆောင် အခိုက်အတန့် ဖြစ်၏။

(၄) နာမရူပ။ ကိုယ်ဝန်ဆောင်ရာတွင် သန္ဓေသား၏ ကလလ ရေကြည်နှင့် အမြှုပ် အစရှိသော အခိုက်အတန့်ဖြစ်သည်။ နာမရူပဖြင့် ဆိုလိုသည်မှာ သန္ဓေသား၏ မာနသိကနှင့်

သရိရိက အခိုက်အတန့်ဖြစ်၍ လေးသတ္တပတ် ကျော်လွန်သော အခါ ဖြစ်သည်။

(၅) သဠာယတန။ 'အာယတန-ဣန္ဒြေ' အမေသည်သားကို ဝမ်းမှ မွေးဖွားလိုက်သည့်အခိုက်အခါကို ညွှန်ပြသည်။ သူ၏ အင်္ဂါကြီးငယ်တို့သည် အပြည့်အစုံ အသင့်ဖြစ်နေသည်။ သို့ရာတွင် ယခုတိုင်အောင် သူသည် ထိုအင်္ဂါကြီးငယ်တို့ဖြင့် ထင်ရှားစွာ မပြုလုပ်နိုင်သေးချေ။

(၆) ဖဿ။ ကလေးသူငယ်၏ အခိုက်အတန့်ဖြစ်၍ သူငယ် သည် အပြင်လောက အာရုံဝတ္ထုများနှင့် အတူတကွ ထိတွေ့၏။ သူ၏ ဣန္ဒြေများ၏ ပယောဂဖြင့် အပြင်လောကကိုသိရန် ကြိုး ပမ်း၏။ သို့ရာတွင် ဤအခါ သူ၏ အသိဉာဏ်မှာ သန့်ရှင်းခြင်း မရှိသေးချေ။

(၇) ဝေဒနာ။ သုခ,ဒုက္ခ,အသုခနှင့် အဒုက္ခ ဟု ဝေဒနာ သုံးပါးရှိသည်။ ကလေးသည် ငါးနှစ် ခြောက်နှစ်မှ ကျော်လွန် သောအခါ သုခ ဒုက္ခဝေဒနာကို ခံစားနိုင်၏။ တွေ့တိရာတွင် အပြင်လောကမှ အသိဉာဏ်များဖြစ်ပေါ်လာပြီးလျှင် ဝေဒနာ ခံစားမှု၌ အတွင်းလောကဉာဏ် နိုးကြားလာ၏။ အယ်နှစ်တိုင် အောင် သူ၏ ကိုယ်စိတ်မှာ တိုးတက်ဖွံ့ဖြိုးသော်လည်း အာရုံ ချမ်းသာ ဉာဏ်မဖြစ်သေးပါ။

(၈) တဏှာ။ ဝေဒနာ ခံစားမှုဖြစ်သောအခါ ဤချမ်းသာ သုခကို ငါတပ်ဖန်ဖြစ်ရန် အလိုရှိ၏။ ဤသို့ဆုံးဖြတ်ခြင်း၏ အ မည်မှာ တဏှာဖြစ်၏။

(၉) ဥပါဒါန။ သာလိတ္တမှုသာ အလိုအားဖြင့် ဥပါဒါန ၏ အနက်မှာတဏှာဝေပုလ္လ တဏှာများခြင်းပင်ဖြစ်၏။လုလင်၏

နှစ်ဆယ့်သုံးဆယ်အရွယ်တွင် အာရုံခံစားမှု လွန်ကဲ၏။အလို ရမှုက်အားလျော်စွာ လူသည် မိမိ၏ကြီးမားသော အလိုဆန္ဒကို ဖြည့်ဆည်းရန်အတွက် ကြိုးစား၏။ ဥပါဒါန် (ကပ်ငြိခြင်း)မှာ အမျိုးမျိုး အထွေထွေများလှပေ၏။ ယင်းတို့တွင် သုံးပါးမှာ မှုချ ဖြစ်၏။ ကာမုပါဒါန၊ မိန်းမကို တွယ်တာ ကပ်ငြိခြင်း, သီလ ပါဒန၊ အကျင့်တွင် တွယ်တာကပ်ငြိခြင်း၊အတ္တုပါဒါန။အတ္တကို မြဲ၏ ဟု ယူဆကပ်ငြိခြင်း။ အတ္တုပါဒါနမှာ အလုံးစုံတို့ထက် အင်အားကောင်းလှပေသည်။

(၁၀) ဘဝ။ တွယ်တာကပ်ငြိသည် အားလျော်စွာ လူသည် အမျိုးမျိုး အစားစား ကောင်း မကောင်း အလုပ်များကို ကြိုးစားအားထုတ်သော အခိုက်အခါဖြစ်သည်။ဤအလုပ်တို့ကြောင့် ပင် လူသည် ဘဝသစ်ကိုရခြင်းဖြစ်၏။ ဘဝသစ်တွင် ပဋိသန္ဓေ တည်နေရသောကြောင့် ဤပစ္စုပ္ပန်ဘဝ တွင်ပြုစုံသော အကျိုး ဖလကို ရကြသည်။ ရှေးဘဝက သင်္ခါရနှင့်တူစွာ ဘဝဖြစ်၏။ ထိုနှစ်ပါးမှာ အလားတူပင်ဖြစ်၏။

## အနာဂတ်ဘဝ

(၁၁) ဇာတိ။ ပဋိသန္ဓေနေခြင်း။ အနာဂတ်ဘဝ လူ၏ အခိုက်အခါဖြစ်သည်။ လူသည် အမိဝမ်းတွင် ပဋိသန္ဓေတည်နေ ပြီးနောက် မိမိ၏ ကောင်းမှု၊ မကောင်းမှု၏ အကျိုးဖလကို ခံစားရသည်။

(၁၂) မရဏ။ အနာဂတ်ဘဝတွင် လူသည် အိုမင်းပြီး နောက် သေရသည်။ဖြစ်ပေါ်လာသော ခန္ဓာတို့ ရင့်ကျက်သော

အမည်မှာ 'ဇရာ'ဖြစ်၍ ထိုခန္ဓာများ ပျက်စီးခြင်းကို မရဏ ဟုခေါ်သည်။ထိုနှစ်ပါးတို့၏အဆုံးသည် နိဒါန်းဖြစ်သော ဝိညာဉ်ကိုယူပြီး ဘဝတိုင်အောင်သော နိဒါန်းကို မိမိတို့တွင် သက်ဝင်စေလေသည်။

ဤသံကွင်းဆက်တွင် ရှေ့သည် အကြောင်းပုံသွင်ဖြစ်၍ နောက်မှာ အကျိုးပုံသွင်ဖြစ်သည်။ ဇရာမရဏဖြစ်ရခြင်းမှာ ဇာတိကြောင့်ဖြစ်၏။ အကယ်၍ ဘဝ၏ပဋိသန္ဓေနေခြင်းမရှိပါမူ ဇရာ မရဏဖြစ်ပေါ်နိုင်ခွင့်မရှိချေ။ဤဇာတိသည် ဘဝအလုပ်ကိစ္စများ၏ အရေးအတွက် ပရိမာဏ အသွင်ဖြစ်၏။ ဤသို့လျှင် လူသတ္တဝါ ထင်ရှားဖြစ်ရန်အတွက် အဝိဇ္ဇာသည်သာ မူလ အကြောင်းရင်းနိဒါန်းဖြစ်သည်။ ဟိနယာနတို့၏ အလိုအားဖြင့် ဤနိဒါန်းကို ကျိုးကြောင်း အမြင်ဖြင့် ဤသို့ခွဲခြားစုပုံသင့်လေသည်။

## (က) ရှေးအကြောင်းနှင့် ပစ္စုပ္ပန်အကျိုး

(၊) ရှေးအကြောင်း- (၁)အဝိဇ္ဇာနှင့် (၂)သင်္ခါရ၊

(။) ပစ္စုပ္ပန်အကျိုး- (၃) ဝိညာဏ၊ (၄) နာမရူပ၊ (၅) သဠာယတန၊ (၆) ဖဿ၊ (၇)ဝေဒနာ။

## (ခ) ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုး

(၊) ပစ္စုပ္ပန်အကြောင်း-(၈)တဏှာ၊ (၉)ဥပါဒါန်၊ (၁၀) ဘဝ၊

(။) အနာဂတ်အကျိုး-(၁၁) ဇာတိ၊ (၁၂) ဇရာ မရဏ။

ဤဖေယာ·မှာ ထေရဝါဒီနှင့် သဗ္ဗတ္ထိဝါဒီတို့၏အယူအဆနှင့် အလျော်ဖြစ်၏။ မဟာယာန အယူအဆနှင့်ကားကွဲပြားသည်။ မဇ္ဈိမိကတို့၏ ပရမတ္ထ သစ္စာအမြင်ဖြင့် ပဋိစ္စသမုပ္ပါဒ် သဘော တရားကို လက်မခံခြင်းမှာ စဉ်းစားစရာဖြစ်သည်။ သို့ရာတွင် ဗျာဝဟာရိက အမြင်ဖြစ်သော (သံဝတ္တိက သစ္စာ) ဖြင့် သူ့ကို ခွင့်ပြုထား၏။ ယောဂါစာရ အယူအဆ၏အဖွင့်သည်သာ မဟာ ယာနသဘောတရားကို သိရန်အတွက် တခုတည်းသော သာဓန ဖြစ်သည်။ ယောဂါစာရ အယူဝါဒရှိသော ဆရာတို့သည် ဤသ ဘောတရားကို အသစ်ဖြစ်သော အကြောင်းအရာနှစ်မျိုးဖြင့်ဖွင့် ဆိုကြ၏။

(၁) ရှေးဦးစွာသော အကြောင်းမှာ သူတို့၏ အမြင်တွင် ဆဲ့နှစ်ပါးသော အကြောင်း နိဒါန်း၏ အဆက်အစပ်မှာ ဘဝ နှစ်ပါးနှင့်အတူဖြစ်သည်။ ဘဝသုံးပါးနှင့်အတူမဖြစ်။ (ဟီနယာန အယူအဆအတိုင်းဖြစ်၏။) ဤတွင် ကဏ္ဍနှစ်ခုရှိသည်။ ရှေ့ဆုံးမှ စ၍ ၁၀-အထိနှင့်၊ ၁၁-နှင့် ၁၂-သည် ဘဝနှင့် ဆက်စပ်သော ပထမ တဆယ်ဖြစ်၏။ နောက်တခုမှာ နောက်ဘဝနှင့်တကွဖြစ်၏။ အကယ်၍ ပထမ တဆယ်ဖြစ်သော အကြောင်း၏ အဆက်အ စပ်သည် ရှေးဘဝဖြစ်ပါလျှင် ၁၁-နှင့် ၁၂-အကြောင်းသည် ဤဘဝ၏ အကြောင်းနိဒါန်းဖြစ်ပေမည်။ သို့မဟုတ် ပထမ တဆယ်၏ အဆက်အစပ်သည် ဤပစ္စုပ္ပန်ဘဝဖြင့် ဖြစ်ပါမူ နောက်ဆုံးနိဒါန်းနှစ်ခုမှာ အနာဂတ်ဖြစ်လိမ့်မည်။

(၂) နောက်တချက်မှာ နိဒါန်းများကို လေးမျိုးခွဲခြား ပြီး အကြောင်းကိုယူခြင်းဖြစ်၏။ ယောဂါစာရ၏ မူလ ကြံစည်

ချက်မှာ လောကသည် 'အာလယ ဝိညာဏ'တွင် ထင်ရှားသော ဗီဇ ဖူးပွင့်နေခြင်းဖြစ်၏။ ဤစဉ်းစားချက်ကို ဆန့်ကျင်သော ထိုသူတို့သည် အသစ်ဖြစ်သည့် လေးမျိုးသော အချက်တို့ကို တင်ပြကြသည်။ ဘူတိက (ရုပ်)လောက၏ ဖန်ဆင်းရှင်အတွက် ဓမ္မတိုင်း၏ ဗီဇဖြစ်စေရန် တစုံတခုသောအကြောင်းသတ္တိအမှန်ပင် လိုအပ်သည်။ သို့ရာတွင် ဖြစ်ပြီးနောက်မှာလည်း ဗီဇသည် 'အာလယ ဝိညာဏ'တွင် အေးချမ်းသောအသွင်ဖြင့် နေသော အခါတိုင်အောင် အကြောင်းတစုံတရာ ထင်ရှားဖြစ်ပေါ်မှုကို လက်မခံချေ။ ဥပမာ-သစ်ပင် တပင်သည် အခြားသော သစ်ပင် ဖြစ်ရန်အတွက် မျိုးစေ့ဗီဇဖြစ်ခြင်းကို မတားမြစ်နိုင်၊ ဗီဇသည်လည်း သစ်ပင်ပေါက်ရာတွင် မြေ, လေ, နေ၏ အကူအညီ ရရှိ ထိုအပင် အညှောက်မပေါက်ရန် မစွမ်းနိုင်ချေ။ ဤဥပမာ၏အခြင်ကိုချပြီး ယောဂါစာရသည် အကြောင်းနိဒါန်းတို့ကို လေးမျိုးခွဲခြားလိုက်၏။

## ပစ္စုပ္ပန်

(၊) ဗီဇဖြစ်သော သတ္တိ=အဝိဇ္ဇာ, သင်္ခါ၊
(၊၊) ဗီဇ (မျိုးစေ့)=ဝိညာဏ-ဝေဒနာ၊
(၊၊၊) မျိုးစေ့ဖြစ်သော အဆောက်အအုံ=တဏှာ, ဥပါဒါန်နှင့် ဘဝ။
(၊၊၊၊) ထင်ရှားသောအကျိုး=ဇာတိ,ဇရာ မရဏ။

နိဒါန်းတို့ကို စူးစမ်းပါလျှင် ယောဂါစာရ၏ အယူအဆမှာ မျက်မြင် အထောက်အထားပေါ်တွင် မှီတွယ်နေသည်။ ဤပဋိစ္စ

သမုပ္ပါဒ် အယူအဆမှာ ဗုဒ္ဓဒဿန၏ မှိုချ ကျောက်ဖျာကြီးဖြစ်သည်။ သို့ကြောင့် ဒဿနဆရာများသည် ဤသဘောတရားကို လေ့လာပြီး အထူး ကြံဆကြလေသည်။

## (၁) အနတ္တဝါဒ

မြတ်စွာဘုရားသည် ထိပ်တန်းအနတ္တဝါဒီဖြစ်သည်။ သူသည် မိမိဥပဒေသတို့တွင် အတ္တဝါဒလမ်းစဉ်လိုက်နေသူများအား အပြင်းအထန် ဝေဖန်ထားသည်။ ဤအနတ္တဝါဒသည်ဗုဒ္ဓဓမ္မဒဿနိက တံတိုင်းကြီးဖြစ်သည်။ ယင်းတွင်အလုံးစုံသော အာစာရနှင့် ဝိစာရပြဿနာကြီး မားမားမတ်မတ်ရပ်တည်နေလေသည်။ မြတ်စွာဘုရားသည် အတ္တဝါဒကို အပိုင်း အပိုင်းဖြတ်တောက်ပစ်၏။ အလုံးစုံသော အတ္တဝါဒီတို့သည် အတ္တ၏သရုပ်ကိုစဉ်းစားဉာဏ်ကင်းမဲ့စွာဖြင့် သူတို့၏မင်္ဂလာအတွက် အမျိုးမျိုးသောကောင်းမှု-မကောင်းမှုကို* ပြုလုပ်နေကြသည်။ ဗုဒ္ဓသည်ဤအကြောင်းကို အလွန်လှပရှိစိတ်ဝင်စားဘွယ် ကောင်းသော ဥပမာပုံဖြင့် ပြောပြလေသည်။

မြတ်စွာဘုရား မိန့်ကြားတော်မူသည်။ အကယ်၍ တစုံတယောက်သောသူသည် နိုင်ငံတွင်အလုံးစုံတို့ထက်လှပသောအမျိုးသမီး (ဇနပဒကလျာဏီ)ကို စွဲလမ်းချစ်ခင်ခဲ့လေသည်။ သို့ရာတွင် သူသည် ထိုအမျိုးသမီး၏ ဂုဏ်ကိုလည်းမစူးစမ်းချေ။ သူ၏ အရောင်အဆင်းကိုရင်း၊ အပြစ်အနာအဆာကိုရင်း၊ ကြီးသည်၊ ငယ်သည်ကိုရင်း၊ အမျိုးအနွယ်ကိုရင်း၊ စိတ်နေ သဘောထားကိုရင်း တစုံတရာမသိချေ။ အမျိုးသမီး၏အကြောင်းကိုဘာမျှမသိဘဲနှင့် စွဲလမ်းတပ်မက်နေ၏။ ဤကဲ့သို့သောသူ၏အပြုအမူကို လူအများ

ရှုတ်ချပြစ်တင်ကြသည်။ ထို့အတူပင် အတ္တဝါဒ၏ ဂုဏ်ကျေးဇူးမမှုတရားကို တစုံတရာဘာမျှ မသိဘဲနှင့် သူ၏ ပရလောကတွင်ချမ်းသာသုခခံစားလိုသဖြင့် ယဇ်ပူဇော်သောသူအားလည်းကဲ့ရဲ့ထိုက်၏။

တစုံတယောက်သည် စူးစမ်းဆင်ခြင်ခြင်းမရှိဘဲ နန်းတော်ပေါ်မှနေပြီး ပေတရာလမ်းမကြီးပေါ်တွင် သွားရန်လှေကားပြုလုပ်၏။ ထိုသူထက်လွန်၍မိုက်သောသူ ရှိပါမည်လော။ တင်ရှားမရှိသော အရာဝတ္ထုကိုရစေရန်ကြိုးစားသူမှာ လွန်စွာ မိုက်မဲသူဖြစ်၏။ ထို့အတူထင်ရှားမရှိသောအတ္တ၏မင်္ဂလာအတွက်အမျိုးမျိုးသော အလုပ်တို့ကို ပြုလုပ်ကြသည်။ အတ္တရှိသည် ဟူသောအယူဝါဒကို ဗုဒ္ဓသည်အချည်းနှီးအသိဉာဏ်ဟု မြင်၏။

ဤငါ၏အတ္တသည် ခံစားတတ်၏။ ခံစားခြင်း၏အာရုံဖြစ်၍ ထိုထိုတွင်မိမိ၏ အကောင်း-အဆိုး အလုပ်ကိစ္စများ၏ အာရုံကိုခံစား၏။ ယင်းငါ၏အတ္တသည် နိစ္စ-ဖြစ်၏။ ဓုဝဖြစ်၏။ သဿတဖြစ်၍ ဖေါက်ပြန်သောသဘောမရှိ။မရေမတွက်နိုင်သောနှစ်ကာလတိုင်အောင် ဤအတိုင်း တည်နေပေလိမ့်မည်။ ရဟန်းတို့ ဤအယူအဆမှာ လူမိုက်ဓမ္မလုံးဝဖြစ်၏။ (အယံဘိက္ခဝေ ကေဝလ ပရိပူ ရောဗာလ ဓမ္မော။)

ဗုဒ္ဓ၏ ဤဥပဒေသသည် အတ္တဝါဒကိုရည်ညွှန်းလိုက်ခြင်းဖြစ်သည်။ မြတ်စွာဘုရားသည် နိစ္စ, ဓုဝ, အတ္တ၏သဘောကိုမျက်နှာလွှဲသည်။

ဗုဒ္ဓ၏ ဤအနတ္တဝါဒ၏အတွင်းတွင် ဘယ်ကဲ့သို့သောလျှို့ဝှက်ချက်များရှိလေသနည်း။ ဗုဒ္ဓသည်အိန္ဒိယတိုင်းသားဖြစ်သည်။သို့ဖြစ်ပါလျက်သူသည် မိမိ၏ အိန္ဒိယတိုင်းသား အဆက်ဆက်တို့

ယူဆခဲ့ပါသော ဥပနိသဒ်တို့ဖြင့် ဖွံ့ဖြိုးကြွယ်နေပါသောအတ္တဝါဒ သဘောတရားကို အချည်းနှီးတစ္ဆအနေဖြင့် ဘာကြောင့်ရှုတ်ချ ပြစ်တင်ဘိသနည်း။ ဤပြဿနာ၏ အနုသန္ဓေဆက်စပ်ပုံမှာ လွန် စွာစိတ်ဝင်စားဘွယ်ကောင်းလှပါသည်။

ဤဆန်းကြယ်လှသောသံသရာ၏ ဒုက္ခအတိပြီးသော ဘဝ၏ အကြောင်းမှာ တဏှာ သို့မဟုတ် ကာမဖြစ်သည်။ ကာမသည် အဆုံး အပိုင်းအခြားမရှိသော သမုဒ္ဒရာဖြစ်၏။ ထိုအတွင်းတွင် အလုံးစုံသောအရာဝတ္ထုများစုပုံ၍နေ၏။ အထဗ္ဗဝေဒကာမသုတ္တ (၉-၁-၂-)တွင်ကာမ၏ အင်အားကိုကျယ်ပြန့်စွာဖွင့်ဆိုထား၏။

ကာမသည် အားလုံးတို့၏ ရှေးဦးစွာဖြစ်၏။ သူ၏လျှို့ဝှက် ချက်ကို နတ်ဒေဝတာတို့လည်းမသိကြပါ။ ဗြဟ္မာလည်းမသိပါ၊ လူတို့လည်းမသိကြပါ။ သို့ကြောင့် “ဟယ်ကာမသင်သည်အလုံး စုံတို့ထက် ကြီးကျယ်လှပေစွ။....”

ကာမသည် မီးနှင့်တူ၏။ မီးသည်အလုံးစုံသော အရာဝတ္ထုတို့ ကို မိမိ၏မီးဖြင့်လောင်ကျွမ်းကာ ပျာချပစ်သကဲ့သို့ ထို့အတူကာ မသည် သတ္တဝါတို့၏ အသဲနှလုံးကို လောင်ကျွမ်းနေ၏။ ဗုဒ္ဓဓမ္မ တွင် ယင်းကာမသည် မာရ(မာရ်နတ်) အမည်ဖြင့် ထင်ရှား၏။ သုဂတ၏ဘဝတွင် ‘မာရဝိဇယ’မှာ လွန်စွာထင်ရှားကျော်ကြား ခဲ့သည်။မြတ်စွာဘုရားသည်မိမိ၏ဉာဏ်အားပေါ်တွင်၌အောင် မြင်နိုင်ခဲ့သော ကာမကို အောင်မြင်ခဲ့သောကြောင့်ဖြစ်၏။ ဝေဒိ ကရသေ့တို့သည် ကာမဝိဇယကို လိုလားသကဲ့သို့ ဗုဒ္ဓလည်း လို လားခဲ့သည်။

ဥပနိသဒ်ကျမ်းများက ပြောကြသည်။ အတ္တကိုလိုလားခြင်း အတွက် လုတိုင်းချစ်ခင်၏၊ (အတ္တမနတ္ထု ကာမာရ သဗ္ဗံပိယံ

ဘာတိ)လောကတွင်အလုံးစုံတို့ထက် ချင်စရာကောင်းသော အရာဝတ္ထုမှာ ဤအတ္တပင်ဖြစ်၏။ ယင်းအတွက် သတ္တဝါသည် အာရုံ၏သုခချမ်းသာကိုလိုလားခြင်းဖြစ်သည်၊ ကျွန်ုပ်တို့၏သားမယားများအပေါ်တွင် ချစ်ခင်နှစ်သက်နေသည်မှာ ဤသဘောတရားအပေါ် မှီတွယ်နေ၏။ ဗရိဟာဒါရဏျကတွင် ယာဇဝလကျသည် မေတြေယီကို ဥပဒေသ မေးရာတွင် အတ္တကိုသာ အလုံးစုံ သောလိုလားခြင်းတို့၏ မှန်ကူဟုဆိုညွှန်းလေသည်။ လင်သည်မယားအတွက်ချစ်သည်မဟုတ်ချေ။ အတ္တ၏ကာမကြောင့်သာ ချစ်ခြင်းဖြစ်သည်။ အလုံးစုံသောအရာဝတ္ထုတို့သည် ဤအတိုင်းပင်ဖြစ်၏။

ဗုဒ္ဓသည် ဥပနိသဒ်၏ ဤသဘောတရားကိုမူ လက်ခံခဲ့သည်။ သို့ရာတွင်ဤကာမမှာ အစမထင်သည့်အတွက်တဘာဝ၏လမ်းခရီးကိုသာ သင်ကြားပေးသည်။ သူ၏စဉ်းစားတွေးခေါ်ခြင်းအလျဉ်မှာ ပုံစံသစ်ဖြင့်စီးသွားနေလေသည်။ အတ္တရှိသည်ဟု လက်ခံယုံကြည်ခြင်းသည် အလုံးစုံပျက်စီးခြင်းတို့၏ မူလဖြစ်၏။ အတ္တရှိနေသောကြောင့်သာလျှင် အဟံကာရ မာန်မာနများ ဖြစ်ပွါးနေခြင်းဖြစ်၏။ ဤအတ္တကို သုခသို့ရောက်စေရန်အတွက် ဇီဝသည်အမျိုးမျိုးအစုံဖုံဖြင့် ဤခန္ဓာကိုယ်၏ ချမ်းသာမှုသုခကိုပေးပြီး ချမ်းသာသုခသို့ရောက်စေရန် သမ်းစရှာဖွေ၏။ ကာမဖြစ်ခြင်းသည် ရာဂ၏အမှီတကဲဖြစ်သော အတ္တရှိခြင်းအပေါ်တွင်မှီငြမ်း၏။ သို့ကြောင့် ဤရာဂကို တားမြစ်ရန်အတွက် ကာမ ဝိဇယသည် အသွယ်သုံးလမ်းဖြစ်၏။ ရာဂ ဝတ္ထုမရှိလျှင် ဘယ်မှာ ရာဂဖြစ်နိုင်မည်နည်း။

ဥဒါန်းတွင် သား၏သောကဖြင့် ပင်ပန်း နွမ်းလျနေသော ဝိသာခါအား ဗုဒ္ဓသည် ဤဥပဒေသကို ပေးခဲ့၏။ ဤသံသရာတွင် အကယ်မျှသော သောက သန္တာပ, အမျိုးမျိုးသော ညစ်နွမ်းမှုတို့ဖြစ်သည်မှာ ချစ်အပ်သော ပိယဝတ္ထုအတွက်ဖြစ်သည်။ ချစ်ခြင်းမရှိရာတွင် သောက အစရှိသည်တို့လည်း ဘယ်နည်းနှင့်မျှမဖြစ်နိုင်တော့ချေ။

မြတ်စွာဘုရား၏ ဤဥပဒေသ ပဲ့တင်သံကို ကာလဘာပါးတွင် အဋ္ဌကထာ ဋီကာတို့တွင် ကြားနိုင်၏။ နာဂဇ္ဇုန ဆရာကပြောပြသည်။ အတ္တကိုကြည့်သူသည် အဟံ-ငါအတွက် အစဉ်ထာဝရ ချစ်ခြင်းကို ပြုလုပ်နေ၏။ သိနေဟာ-အချစ်အတွက် တဏှာတိုးပွါး၏။ တဏှာက ဒေါသကို ဖုံးကွယ်ထား၏။ ဂုဏ်ကိုမြင်သောသူသည် 'အာရုံသည် ငါ့အားဖြစ်၏' ဟူသော အတွေးအကြံဖြင့် အာရုံတို့၏ ပြီးမြောက်ခြင်းကို သိမ်းဆည်း၏။ တဏှာဖြင့် ဥပါဒါန်ကိုမွေးဖွါး၏။ သို့ကြောင့် အတ္တာဘိနိဝေသဖြစ်သော အခါကြာဘဝသံသရာဖြစ်လေတော့သည်၊ အတ္တရှိနေသောကြောင့် သာ'ပရ'(သူတပါး)၏ အသိဉာဏ်ဖြစ်သည်။ မိမိနှင့် သူတပါးကွဲပြားခြင်းကြောင့် လောဂဒေါသဖြစ်၏။ မိမိအတွက် ရာဂဖြစ်၍ သူတပါးအတွက် ဒေါသဖြစ်သည်။ ထို့ပြင် ရာဂဒေါသကြောင့် အလုံးစုံသော အပြစ်များဖြစ်ရသည်။ သို့ကြောင့် အလုံးစုံသော အပြစ်တို့၏ ဖြစ်ကြောင်းနိဒါန်းမှာ အတ္တဒိဋ္ဌိဖြစ်၏။ ယင်းကို ဖယ်ခွါခြင်းမရှိဘဲ အပြစ်တို့ကို ဖယ်ခွါခြင်းမှာ မဖြစ်နိုင်ချေ။

ဂုဏ်တော်ဖွဲ့သူသည် ဗုဒ္ဓ၏ နိရတ္တမဝါဒကို ချီးကျူးဖွဲ့ဆို၏။ အကြင်အခါတိုင်အောင် စိတ်တွင် အဟံကာရ မာန်မာနရှိ၏။ ထိုအခါတိုင်အောင် ဘဝအဆက်ဆက်ငြိမ်းချမ်းရေးကို မရနိုင်

ချေ။ အတ္တဒိဋ္ဌိထင်ရှားရှိရာတွင် အသဲနှလုံးမှ အဟံကာရ မာန် မာနကို ဖယ်ရှား၍မရချေ။ အို-မြတ်စွာဘုရား၊အရှင်ဘုရားထက် ကျော်လွန်သော နိရတ္တမဝါဒီ တစုံတယောက်မျှမရှိပါ။ ထို့ပြင် အရှင်၏ လမ်းမှတပါး ငြိမ်းချမ်းရေးပေးနိုင်သော အခြားလမ်း မရှိပါ။

ဗုဒ္ဓဓမ္မ၏ ငြိမ်းချမ်းမှုပေးခြင်း မူချအကြောင်းမှာ နိရတ္တမ ဝါဒကို လက်ခံခြင်းပင်ဖြစ်၏။ စဉ္စကိတ္တိ၏ အလိုမှာလည်း သက္ကာယဒိဋ္ဌိ (အတ္တဒိဋ္ဌိ) ရှိနေသောကြောင့်သာ အလုံးစုံသော အပြစ်ဒေါသများဖြစ်သည်။ ဤအကြောင်းကို စိစစ်၍ အတ္တကို ဤဒိဋ္ဌိ၏ အကြောင်း ဟု ယူဆကာ ယောဂီသည် အတ္တကို ပိတ် ပင်၏။ သို့ကြောင့် အတ္တတားမြစ်သော ဤလုပ်ငန်းကို သုပ်ကြ ခြင်းဖြစ်၏။

အနတ္တဝါဒ၏ အခြား အမည်တို့မှာ ပုဂ္ဂလ နိရတ္တမနှင့် သက္ကာယဒိဋ္ဌိဖြစ်သည်။သက္ကာယဒိဋ္ဌိကိုလည်း အတ္တဂါဟ၊ အတ္တာ ဘိနိဝေသနှင့် အတ္တဝါဒ ဟု လည်းခေါ်ကြသည်။

သဗ္ဗအနတ္တ- ယင်းသည် ဗုဒ္ဓ၏ပဓာနစိတ်ဝါဒဖြစ်သည်။ အ ဓိပ္ပါယ်မှာ လောကတွင်ရှိသောအလုံးစုံသောအရာဝတ္ထုတို့သည် "သရုပ သုည" အသွင်သဏ္ဌာန် ဆိပ်သုဉ်းခြင်း ဖြစ်၏။ ဓမ္မတရား အချို့၏ သမုစ္စယ-အပေါင်းအစုမျှသာဖြစ်၏။ကိုယ်တိုင်သီးခြား သတ္တာဟု ပွင့်လင်းထင်ရှားခြင်းမရှိချေ။

အနတ္တသဒ္ဒါတွင်ပါဝင်သော 'န'မှာ တားမြစ်ခြင်း နိသေဓ အနက်မဟုတ်ချေ။ စင်စစ်ပယုဒ-ယှဉ်စပ်ခြင်းသာဖြစ်၏။ အနတ္တ သဒ္ဒါသည် အတ္တမရှိခြင်းကို ထွန်းပြခြင်းသာမဟုတ်၊ စင်စစ်မှာမူ

အတ္တ၏မရှိခြင်းနှင့် အတူတကွအခြားသော အရာဝတ္ထုထင်ရှားရှိခြင်းကို ညွှန်ပြ၏။ အတ္တမှတပါးအခြားသောအရာဝတ္ထုအားလုံး ထင်ရှားရှိ၏။

သဗ္ဗဝတ္ထု-အလုံးစုံသော အရာဝတ္ထု၏ အခြားသော အမည်သညာမှာ 'ဓမ္မ'ဖြစ်၏။ ဓမ္မ၏ ဤဆန်းကြယ်သော ပုံစံပြယုဂ်ကို ကျွန်ုပ်တို့သည် ဗုဒ္ဓဓမ္မတွင် တွေ့နိုင်လေသည်။ ဓမ္မ၏အနက်မှာ လွန်စွာသိမ်မွေ့၏။ ပကတိနှင့်စိတ်၏ နောက်ဆုံး သဘောတရားမှာ တဖန်ကွဲပြားသော အကြောင်းမဖြစ်နိုင်၊ ဤလောကသည် ထိုအမျိုးမျိုးသော ဓမ္မတရားတို့ကို ဘတ်ဖြတ်ခြင်းဖြင့် ပြည့်စုံနေလေသည်။

ဗုဒ္ဓဓမ္မသည် သင်္ချာတို့၏ ဂုဏ-ဂုဏ်အရည်အချင်းနှင့်တူလှပေသည်။ နှစ်မျိုးလုံးပင် သိမ်မွေ့သောပုဒ်အနက်ရှိ၏။ အတွင်းတွင် သတ္တ,ရဇနှင့် တမ ဟူသော ဂုဏ်သုံးပါးထင်ရှားရှိခြင်းနှင့် အတူတကွ သင်္ချာသည် ဂုဏတ္တယ ဂုဏ် သုံးပါး ဖြစ် သော သမ္မာဝတ္ထာရုပိဏ်'ပကတိ'ကို လက်ခံသည်။ နိုယာယိက နှင့် တူ သော အဝယဝီ အစိတ်အစိတ်မှ သီးခြား 'အဝယဝ' အစိတ်အပိုင်းထင်ရှားရှိသည်ကို သူတို့ဝန်မခံကြချေ။ နယအမြင်တွင် ကိုယ်ခန္ဓာသည် ပရမာဏုမြူမှတပါးအသစ်ဖြစ်သော ပုဒ်အနက် တခုဖြစ်သည်။အဓိပ္ပါယ်မှာ အဝယဝီအစိတ်စိတ်ဖြစ်သော ကိုယ်ခန္ဓာသည် အဝယဝရုပ အစိတ်အစိတ်အသွင်ဖြစ်သော ပရမာဏုမြူတို့မှသီးခြားထင်ရှားရှိ၏။

အဋ္ဌအထာဆရာတို့၏ အမြင်မှာမူ ပရမာဏုမြူတို့၏အပေါင်းအစုသည်ပင်လျှင် ကိုယ်ခန္ဓာဖြစ်၏။ အစိတ်အပိုင်း၊ အဝယဝဖြင့် ကွဲပြားသော အဝယဝီအစိတ်အပိုင်း၏ အမည်မှာတစုံတခုသော

ပုဒ်အနက်မဖြစ်၊ လောက၏ အလွန်သိမ်မွေ့သော ပုဒ်အနက်၏ အမည်သာ 'ဓမ္မ'ဖြစ်၏။ သူ၏ထင်ရှားရှိခြင်းကိုအချင်းခပ်သိမ်း လက်ခံကြသည်။သို့ရာတွင် သူ့ကိုဖယ်ပြီးအရာဝတ္ထုတို့၏ အသွင် ဖြစ်သောအစိတ်အပိုင်း အဝယဝီပုဒ်အနက်ထင်ရှားရှိကြောင်းကို အဋ္ဌကထာ ဆရာများ လက်ခံရန် အသင့်မရှိကြချေ။

အနတ္တ၏ဆိုလိုရင်းမှာ ဓမ္မသည်ထင်ရှားရှိ၏။ သို့ရာတွင် သူ့မှတပါးအတ္တမှာ ထင်ရှားမရှိချေ။ သို့ကြောင့်နိရတ္တမ သည်သာ ဓမ္မ၏အမည်သညာဖြစ်သည်။ အဘိဓမ္မ ကောသကျမ်း၏ အဖွင့် ဖြစ်သော သဖုဋ္ဌတ္ထတွင် ယသောမိတြသည် ဤသဘောတရားကို- ပဝစန ဓမ္မတာ ပုနရတ္ထ နိရတ္တမ်ံ ဗုဒ္ဓါနုသာသနေ ဝါ-ဟု ဆိုလေသည်။

ပုဂ္ဂလ,ဇီဝ,အတ္တ၊သတ္တာ-ဤသဒ္ဒါအလုံးစုံသည် အချင်းချင်း တူညီသောအနက်ရှိကြ၏။ ဗုဒ္ဓ၏အလိုတွင် ဤသဒ္ဒါတို့ဖြင့် စီရင်အပ်သော ပုဒ်အနက်သည် တစုံတရာလွတ်လပ်သော သီးခြား သတ္တာမဟုတ်ချေ။အတ္တာ၏ အမည်သာလျှင်ဖြစ်၏။အချင်းချင်း ဆက်စပ်နေသောများစွာသောဓမ္မတရားတို့၏ရိုးရိုးအမည်သညာ မှာအတ္တသို့မဟုတ် ပုဂ္ဂလဖြစ်၏။ဗုဒ္ဓဓမ္မသည်စာပေ၏ပုံစံဖြင့်အတ္တ ကို တားမြစ်ခြင်းမရှိချေ။ စင်စစ် ပရမတ္ထ၏အသွင်ဖြစ်၏။ ဆိုလိုသည်မှာ လောကဝေါဟာရအတွက် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တည်းဟူသော ခန္ဓာငါးပါးအပေါင်းသည် အတ္တ၏ သတ္တာဖြစ်၏။ သို့ရာတွင် ထိုမှတပါး အတ္တသည် ပရမတ္ထတွင်သီးခြားပုဒ်အနက်တစုံရာမရှိချေ။

အတ္တအတွက် အဋ္ဌကထာ ဆရာတို့သည် 'သန္တာန' သဒ္ဒါဖြင့် ပြယုဂ်ထုတ်ကြ၏။ အခြားသောဒဿန ဆရာများသည် ယင်းကို

ထူးခြားချက်ဟု ညွှန်းပြကြသည်။ အတ္တသည် သန္တာန်၏ ရုပ်သွင်ဖြစ်သည်။ မာနသိက- နာမ်နှင့်ဘူတိက- ရုပ်၊ အတွင်းနှင့်အပြင် လူမြွေနှင့် လူမြွေအပြင်ဖြစ်သော ပုဒ်အနက်ပင်တည်း

၂၈-ပါးသောဓာတ် (လူမြွေ၊ လူမြွေ၏ အာရုံနှင့် ဆက်စပ်သော ဝိညာဏ)အဆက်ဆက်ပေါင်း၍ ဤသန္တာန်ခေါ် အသွင်သန္တာန်ဖြစ်ပြီးလျှင် ဤအဆောက်အအုံကို ရသော အမည်နာမဖြစ်သည်။ သင်္ခါရအားဖြင့် အချင်းချင်း ဆက်စပ်နေကြသည်။ ပဋိစ္စသမုပ္ပါဒ ဝါဒီဖြစ်သော ဗုဒ္ဓသည် တခဏအတွက်မျှလည်း အတ္တကို ပရမတ္ထသတ္တာအဖြစ် ပြီးမြောက်မှုတည်ရာကိုမပေးချေ။

## ပဉ္စက္ခန္ဓ

ဗုဒ္ဓသည်အတ္တကို သီးခြားသတ္တာ၏ အဖြစ်ကိုကား တားမြစ်သည်။ သို့ရာတွင်သူသည် မနမာနသိက ကိုင်းညွတ်သော သတ္တာကိုကား အခါခပ်သိမ်းလက်ခံသည်။ အတ္တ၏ သဲလွန်စကိုမူ ငါတို့သည် မာနသိကဗျာပါရတို့ဖြင့်သိရလေသည်။ ယင်းမှာအချည်းနှီးစကားမဟုတ်နိုင်ပါ။ အတ္တသည် ခန္ဓာငါးပါး၏ အပေါင်းမျှသာဖြစ်၏။ ခန္ဓာ၏အနက်မှာ သမုဒါယ-အပေါင်းဖြစ်၏။

ခန္ဓာတို့၏ အမည်များမှာ ရုပ်,ဝိညာဉ်, ဝေဒနာ, သညာနှင့် သင်္ခါရတို့ဖြစ်ကြ၏။ ကျွန်ုပ်တို့ ပုဂ္ဂိုလ်သတ္တာအမည်ဖြင့်ခေါ်ဆိုနေကြသော ထိုသူသည် ခန္ဓာငါးပါး၏ အပေါင်းအစုမျှသာဖြစ်၏။ ဤခန္ဓာငါးပါး၏အဖွင့်မှာ အဋ္ဌကထာများတွင် အမျိုးမျိုး အဖုံဖုံကွဲပြားနေလေသည်။ သို့ရာတွင် သက်ရှိသတ္တဝါတိုင်းသည် 'နာမရူပတ္တမက' ဖြစ်၏။ ရူပ၏ဆိုလိုရင်းမှာ ကိုယ်ခန္ဓာဖြစ်၍

ဘူတိက ရုပ်ပိုင်းဖြစ်သည်။ နာမဖြင့် ထိုနှင့်ဆန့်ကျင်ဘက် မာန သိက ကိုင်းညွတ်ခြင်းတို့ဖြစ်သည်။ ကိုယ်ခန္ဓာနှင့်စိတ်အချင်းချင်း ပေါင်းသင်းကြခြင်းကြောင့်သာ လူပုဂ္ဂိုလ်တည်ရှိ၏။ နာမမှာ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ် ဟု လေးမျိုးရှိသည်။

(၁) ရူပက္ခန္ဓာ။ ရူပသဒ္ဒါ၏ ဖျုပ္ပတ်မှာ နှစ်မျိုးရှိသည်။ တမျိုးမှာ ဣန္ဒြေဖြစ်၍ နောက်တမျိုးမှာ အာရုံဖြစ်သည်။ သို့ဖြင့် ရူပက္ခန္ဓာသည် အာရုံတို့နှင့် အတူတကွ ဆက်စပ်သော ဣန္ဒြေနှင့် ကိုယ်ခန္ဓာဖြစ်၏။

(၂) ဝိညာဏက္ခန္ဓာ။ 'အဟံ-ငါ' ဤသို့စသော အသိနှင့် ဣန္ဒြေတို့မှဖွံ့ဖြိုးမြင်သော ရသ၊ ဂန္ဓ အစရှိသည့် အာရုံတို့၏ အသိ၊ ဤနှစ်ပါးစုံ သက်ဝင်သော အသိကို 'ဝိညာဏက္ခန္ဓာ' ဟု ခေါ်ဆို သင့်၏။ ဤသို့လျှင် အပြင်အပ ဝတ္ထုများ၏ အသိဉာဏ်နှင့် အတွင်းက 'ငါဖြစ်၏' ဟူသော အသိဉာဏ် နှစ်ခုလုံးသည် ဤခန္ဓာ အားဖြင့် ဖြစ်လေသည်။

(၃) ဝေဒနက္ခန္ဓာ။ ချစ်အပ်သော ပိယဝတ္ထုနှင့် တွေ့လျှင် သုခ၊ မချစ်မနှစ်သက်အပ်သော အပိယဝတ္ထုနှင့်တွေ့လျှင် ဒုက္ခ ဖြစ်၍ ပိယ အပိယ နှစ်ပါးစုံခြားနားသော ဝတ္ထုနှင့်တွေ့လျှင် အသုခနှင့် အဒုက္ခဖြစ်၏။ ယင်းသည့်စိတ် ထူးခြားသော အခိုက် အတန့်ကို ဝေဒနက္ခန္ဓာ ဟု ခေါ်သည်။

(၄) သညက္ခန္ဓာ။ သုခ ဒုက္ခ ဝေဒနာတို့၏ အပေါ်မှာ အမှီပြု၍ ကျွန်ုပ်တို့သည် ထိုဝတ္ထုကို ထိုက်သည်အားလျော်စွာ စွမ်းနိုင်သမျှ သူ၏ဂုဏ်အရည်အချင်းပေါ်တွင် မှီပြီး မှည့်ခေါ်ထား၏။ ယင်းသည်ပင် သညက္ခန္ဓာ ဟု ဖြစ်၏။ ဝိညာဉ်နှင့် သညာ၏

ခြားနားချက် အချုပ်မှာ မထင်ရှားခြင်းနှင့် ထင်ရှားခြင်းပင် ဖြစ်၏။ စာပေအနေဖြင့်ဆိုရပါသော်နေယာယိကတို့၏ နိဗ္ဗိကပ္ပက ပစ္စက္ခနှင့် သဝိကပ္ပပစ္စက္ခ၏အလယ်တွင် သူတို့နှစ်ပါးခြားနားကြသည်။ နိဗ္ဗိကပ္ပက ပစ္စက္ခတွင် ကျွန်ုပ်တို့သည် ဝတ္ထု အာရုံမှာ အချို့ပွင့်လင်းထင်ရှားခြင်းမရှိချေ။ သဝိကပ္ပက ပစ္စက္ခမှာ ကား ဤကား နွားမ၊ အဖြူဖြစ်၍ မြက်ကိုစားသည်ဟူသော အမည်နာမ၊ အမျိုးဇာတ် စသဖြင့် ယှဉ်စပ်သည်။

(၅) သင်္ခါရက္ခန္ဓာ။ ဤခန္ဓာ၏ အတွင်းတွင် များစွာသော မာနသိက စိတ်၏ကိုင်းညွတ်ခြင်းများစွာသက်ဝင်နေလေသည်၊ သို့ရာတွင် ပဓာနမှာ ရာဂနှင့် ဒေါသဖြစ်သည်။ ဝတ္ထုကို မှတ်သားမိ၍သာလျှင် သူကိုရည်ရွယ်ပြီး ကျွန်ုပ်တို့၏ လိုလားခြင်း (ရာဂ သို့မဟုတ် လောဘ)နှင့် ဒေါသဖြစ်ပေါ်လေသည်။ ရာဂ အစရှိသော ကလေသ အညစ်အကြေး၊ မာန်ထောင်လွှားခြင်း အစရှိသော ဥပက္ကလေသ ညစ်ညူးခြင်းနှင့် ဓမ္မ-အဓမ္မ အလုံးစုံ သည် ဤခန္ဓာတွင် အတွင်းဝင်လေသည်။

ဝတ္ထုသဘောတရားကို သိစေရန်အတွက် ခန္ဓာများကို (၁) ရူပက္ခန္ဓာ။ (၂) ဝိညာဏက္ခန္ဓာ။ (၃) ဝေဒနက္ခန္ဓာ။ (၄) သညက္ခန္ဓာ။ (၅) သင်္ခါရက္ခန္ဓာ ဟု စီစဉ်လိုက်ခြင်းဖြစ်ပါသည်။ သို့ရာတွင် အဋ္ဌကထာ တို့တွင် နေရာတိုင်းမှာပင် 'ဝိညာဏက္ခန္ဓာ'ကို ဒုတိယနေရာကို မပေးဘဲ အမှတ်ငါးမှာထားကြသည်။ အဆိုပါ အစီအစဉ်နှင့် စပ်လျဉ်း၍ ဝသုဗန္ဓုသည် သူ၏ အဘိဓမ္မကောသတွင် အကြောင်းအမျိုးမျိုးတို့ဖြင့် ဖွင့်ဆိုထားလေသည်။ သူ၏အနေဖြင့် ဤသို့ စီစဉ်သည်မှာ အနုအကြမ်း

အလိုက်ဖြစ်သည်။ ကြမ်းသော အရာဝတ္ထုကို ပထမဖော်ပြသည်။ ကိုယ်ခန္ဓာ၏ ကျက်စားရာမှာ အကြမ်းဆုံးဖြစ်သည်။ နာမ်၏ ဗျာပါရတို့တွင် ဝေဒနာမှာ ကြမ်းသည်။ အကြောင်းမူ လူတိုင်းသည် သုခ ဒုက္ခ ခံစားချက်ကို ဆောလျင်စွာ သိကြ၏။ 'နာမ' အမည်သညာ၏ ကြမ်းတမ်းခြင်းမှာ သူ့ထက် သေးငယ်သည်။ သင်္ခါရသည် ဝိညာဉ်မှတပါး ကြမ်းသည်။ အကြောင်းမူ မုန်းခြင်း၊ ချစ်ကြည်ညိုခြင်း အစရှိသည့် အဖြစ်များကိုသိရန် သူ့တွင် ခက်ခဲခြင်းမရှိလှချေ။ ဝိညာဏသည် ဝတ္ထုကို အလွန်သိမ်မွေ့စွာ သိလိုသည်။ ဤသို့ အလွန်သိမ်မွေ့သောကြောင့် နောက်ဆုံးမှာ ထားသင့်ခြင်းဖြစ်၏။

"မိလိန္ဒပြဿနာ'တွင် ဘဒ္ဒန္တ နာဂသေနသည် ယဝနမင်း မိလိန္ဒအား (ရာဇဝင်တွင် ထင်ရှားသော မိနဏ္ဍရ'မင်းဖြစ်သည်။ ခရစ်မပေါ်မီ ဒုတိယရာစု) ဗုဒ္ဓ ယူဆသော အယူအဆ အတ္တသဘာဝကို အလွန်စိတ်ဝင်စားစွာ ရှင်းပြ၏။ မိလိန္ဒမင်းက မေးသည်။

"အရှင်ဘုရား အဘယ်သို့လျှင်ထင်ရှားစွာ နာမသညာခေါ်ဝေါ်အပ်သနည်း။ အရှင်ဘုရား၏ နာမတော်သည် အဘယ်အမည်မှည့်သနည်း...."

"မင်းကြီး၊ ငါ့ကို နာဂသေန ဟု သိအပ်၏။ သီတင်းသုံးဘော် အရှင်မြတ်တို့သည် နာဂသေန ဟု ခေါ်ဝေါ်ကြကုန်၏။ စင်စစ်သော်ကား မိခင် ဘခင်တို့သည် နာဂသေနဟူ၍၎င်း၊ သူရသေနဟူ၍၎င်း၊ ဝီရသေနဟူ၍၎င်း၊ သီဟသေနဟူ၍၎င်း- အမည်နာမ ပညတ်ကို မှည့်ကြကုန်၏။ မင်းကြီးနာဂသေနဟူသော အမည်သည်။ စင်စစ်သော်ကား ပညတ်ဝေါဟာရမျှသာတည်း။

ဤနာဂသေနဟူသော အမည်၌ ပရမတ္ထအားဖြင့် ထင်ရှားသော ပုဂ္ဂိုလ်ဟူ၍ မရအပ်။

ထိုအခါ မိလိန္ဒမင်းသည် ငါးရာသော ယောနက အမျိုးတို့နှင့် ရဟန်းများကို တိုင်တည်၍ ကြွေးကြော်၏။

"အို...အမတ်တို့၊ ရှစ်သောင်းသော အိုအရှင်ကောင်းတို့ ဤရှင်နာဂသေနသည် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရအပ် ဟုဆိုအပ်သော စကားကို နားထောင်ကြကုန်။ ရှင်နာဂသေနဆိုသောစကားကို နှစ်သက်အံ့သောငှါ သင့်ပါမည်လော...."

ထိုနောက် မိလိန္ဒမင်းသည် နာဂသေနအား ဆက်၍မေး၏။

"အရှင် နာဂသေန၊ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ် အကယ်၍ မရအံ့။ အဘယ်သူသည် အရှင်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပရိက္ခရာတို့ကို လှူလေသနည်း။ အဘယ်သူသည်ကား ထိုလှူအပ်သော ပစ္စည်းကို သုံးဆောင် စားသောက်လေသနည်း။ အဘယ်သူသည် သီလဆောက်တည်လေသနည်း။အဘယ်သူသည် ကမ္မဋ္ဌာန်းဘာဝနာ၌ ယှဉ်လေသနည်း။ အဘယ်သူသည် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုလေသနည်း။အဘယ်သူသည် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ မကောင်းမှုတို့ကို ပြုလေသနည်း။ အဘယ်သူသည် အနန္တရိယကံကို ပြုလေသနည်း။ အရှင်နာဂသေန ကုသိုလ် အကုသိုလ်ကံလည်း မရှိကောင်းပြီ။ ကုသိုလ်၊ အကုသိုလ်တို့ကိုပြုတန်သောသူ၊ ပြုစေတတ်သောသူလည်း မရှိကောင်းပြီ။ကောင်းသောအမှု၊ မကောင်းသော အမှုတို့၏ အကျိုးရင်း အကျိုးဆက်တရားသည်လည်း မရှိကောင်းပြီ။ ရှင်နာဂသေန အရှင်ဘုရားတို့

ကိုအကြင်သူသည် သေအောင်သတ်အံ့။ ထိုသတ်သောသူအား ပါဏာတိပါတကံ မရှိကောင်းပြီ။ အရှင်ဘုရားတို့အားလည်း ဆရာဟူ၍ငြင်း၊ ဥပဇ္ဈာယ်ဟူ၍ငြင်း၊ ပဥ္စင်းဟူ၍ငြင်း၊ မရှိကောင်းပြီ။ ရှင်နာဂသေနကို ကျွန်ုပ်သည် နာမသညာကို မေးသော် မင်းကြီး ငါ၏ အမည်ကို နာဂသေနဟူ၍ သတင်းသုံးဘော်တို့ ခေါ်ဆိုကြကြောင်းကိုပြောဆိုအပ်လေပြီးသည်တကား၊အဘယ်သည်လျှင် ဤအရာ၌ နာဂသေနမည်သနည်း။အရှင်ဘုရားဆံပင်ထည်း နာဂသေနမည်သလော”

“မင်းကြီး ဆံပင်လည်း နာဂသေန မဟုတ်”

“အမွေးတည်း နာဂသေန မည်သလော”

“အမွေးလည်း နာဂသေန မဟုတ်-”

မင်းကြီးသည် ဒွတ္တိံသာကာရ (သုံးဆဲ့နှစ်ပါးသော အခြင်းအရာ)ကို အစဉ်အတိုင်းမေးလေသည်။

“ဦးနှောက်တည်း နာဂသေန မည်သလော-”

“မင်းကြီး ဦးနှောက်လည်း နာဂသေန မဟုတ်-”

“အရှင်ဘုရား-ရူပက္ခန္ဓာတည်း နာဂသေန မည်သလော-”

“မင်းကြီး ရူပက္ခန္ဓာလည်း နာဂသေန မဟုတ်-”

“ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည် နာဂသေန မည်သလော-”

“မင်းကြီး ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်လည်း နာဂသေန မဟုတ်-”

“အရှင်ဘုရား ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဉ်ကိုထား၍ ကြဉ်၍ နာဂသေနမည်သည်ရှိသလော-”

"မင်းကြီး ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဉ်ကိုထား၍ နာဂသေနမည်သည် မရှိ-"

"အရှင်ဘုရား တကာတော်သည် အရှင်ဘုရားကို မေးသော် အဘယ်သည်ကိုမျှ နာဂသေန ဟု မသိမမြင်ရပါ။ နာဂသေန ဟူသည် ဝစီဘေဒ သဒ္ဒါမျှသာလျှင် ဖြစ်သလော-"

"မင်းကြီး နာဂသေနသည် ဝစီဘေဒဖြင့်သာ နာဂသေန မဟုတ်-"

"အရှင်ဘုရား- အရှင်သည် အဘယ်သည်လျှင် ဤအရာ၌ နာဂသေနဖြစ်သနည်း။ မမှန်သော မုသာဝါဒစကားကိုဆိုဘိ၏ တကား။ နာဂသေနဟူ၍ မရှိပါတကား-"

"မင်းကြီး။ သင်မင်းကြီးသည် မင်းဖြစ်၍ နူးညံ့သိမ်မွေ့၏။ နေမွန်းတည့်သောအခါ လာခဲ့သည်ဖြစ်၍ မြေကြီးပူ၊ သဲပူ၊ ကျောက်စရစ် အိုးခြမ်းတို့၌ နင်း၍လာရသဖြင့် မင်းကြီး၏ ခြေတို့သည် ကျဉ်နာပေါက်ရှခဲ့ရာ၏။ ကိုယ်စိတ်ပင်ပန်းခဲ့ကုန်ရာ၏။ ဒုက္ခသဟဂုတ်ကာယ ဝိညာဉ်သည် ဖြစ်ခဲ့ရာ၏။ သင်မင်းကြီးသည်ခြေလျှင်လာသလော။ ထိုသို့မဟုတ်မူကား ဆင်ယာဉ်၊ မြင်းယာဉ်ဖြင့်လာသလော-"

"အရှင်ဘုရား။ တကာတော်သည် ခြေလျင်မလာ။ ရထားစီး၍လာသည်"

"မြတ်သော မင်းကြီး။သင်မင်းကြီးသည် အကယ်၍ ရထားစီးလျက်လာခဲ့သည်ဖြစ်အံ့။ ငါ့အား ရထားကို ကြားပါလော။ မြတ်သော မင်းကြီး လှည်းသန်သည် ရထားဖြစ်သလော-"

"အရှင်ဘုရား။ လှည်းသန်လည်း ရထား မဟုတ်-"

"ဝင်ရိုးတည်း ရထားဖြစ်သလော-"
"အရှင်ဘုရား ဝင်ရိုးလည်း ရထား မဟုတ်-"
"မင်းကြီး။ လှည်းဘီးတည်း ရထားလော-"
"အရှင်ဘုရား။ လှည်းဘီးလည်း ရထားမဟုတ်-"
"မင်းကြီး။ လက်တင်တည်း ရထားလော-"
"အရှင်ဘုရား လက်တင်လည်း ရထားမဟုတ်-"
"လှည်းထောက်တည်း ရထားလော-"
"အရှင်ဘုရား လှည်းထောက်လည်းရထားမဟုတ်-"
"ထမ်းပိုးတည်းရထားလော-"
"ထမ်းပိုးလည်း ရထားမဟုတ်-"
"ကြိုးတည်း ရထားလော-"
"ကြိုးလည်း ရထားမဟုတ်-"
"နှင်တံတည်း ရထားလော-"
"နှင်တံလည်း ရထားမဟုတ်-"
"မင်းကြီး။ထိုသို့ဖြစ်သော်လှည်းသန်၊ဝင်ရိုး၊လှည်းဘီး၊လက်တင်၊ လှည်းထောက်၊ ချည်သောကြိုး၊ နှင်တံသည် ရထားလော-"
"အရှင်ဘုရား။ မဟုတ်-"
"ထိုသို့သော်- ဤဆိုအပ်ပြီးသည်ကို ထားဦး၍ ရထားရှိသလော-"
"အရှင်ဘုရား။ လှည်းသန်၊ဝင်ရိုး၊လက်တင်၊လှည်းထောက်၊ ချည်သောကြိုး,နှင်တံကိုထား၍ ရထားမရှိပါ"
"မင်းကြီး။ငါသည် သင်မင်းကြီးကိုမေးသော် အဘယ်သည် ကိုမျှ ရထား ဟု မသိမမြင်ရပါ။မြတ်သော မင်းကြီး၊ ရထ-သဒ္ဒါ

သာလျှင် ရထားဖြစ်လေသလော။ ဤအရာ၌ ရထားအဘယ်မှာ ဖြစ်လေသနည်း။ မင်းကြီးသင်မင်းကြီးသည် မဟုတ် မမှန် မုသာ ဝါဒစကားကိုဆိုဘိ၏။ မင်းကြီးသည် အလုံးစုံသော ဇမ္ဗူဒီပါ ကျွန်းတွင် မြတ်သောမင်းဖြစ်လျက် ရထားမရှိဟု မုသာ ဝါဒ ကိုဆို၏ဘကား။ အို-ငါးရာသော ယောနက အမျိုးတို့၊ အို-ရှစ် သောင်းသော ရဟန်းအပေါင်းတို့၊ မိလိန္ဒမင်းကြီးသည် ဤသို့ စကားကိုဆို၏။ နားထောင်ကြကုန်။ မြတ်သောမင်းကြီး သင် မင်းကြီးသည်အဘယ်ဖြင့် လာခဲ့သနည်း ဟု ငါမေးသောကာလ ရထားဖြင့်လာခဲ့သည် ဟု ဆိုဘူးသည်ဖြစ်လျက် ဆိုအပ်သော အတိုင်းရထားအပြည့်အစုံမရှိတကား။ မင်းကြီး၏စကားကို နှစ်သက်အံ့သောငှါသင့်ပါအံ့လော-"

"အရှင်ဘုရား။ တကာသည် မုသာဝါဒမဆို၊ ရထား ဟု ဆိုအပ်သော စကားသည် လှည်းသန်ကိုစွဲ၍၎င်း၊ ဝန်ရိုးကိုစွဲ၍၎င်း၊ လှည်းဘီး၊လက်တင် လှည်းထောက်တို့ကိုစွဲ၍၎င်း၊ ရထားဟူ၍ ရေတွက်ခြင်းဝေါဟာရနာမပညတ်ဖြစ်လေသည်"

"မင်းကြီး။ ကောင်းပြီ၊ သင်မင်းကြီးသည် ရထားအရကို သိသကဲ့သို့ ထို့အတူ နာဂသေန ဟု ဆိုသော ငါ့အားလည်း ဆံပင်တို့ကို စွဲ၍၎င်း၊ ခြေသည်း လက်သည်း တို့ကိုစွဲ၍၎င်း၊ ဦးနှောက်တို့ကိုစွဲ၍၎င်း၊ ရုပ်ဝေဒနာ သညာ သင်္ခါရ၊ ဝိညာဉ် တို့ကိုစွဲ၍၎င်း၊ နာဂသေန ဟူသောရေတွက်ခြင်း ပညတ် နာမ ဝေါဟာရမျှသည်ဖြစ်၏။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကြောင့် ပုဂ္ဂိုလ်ကို မရအပ်ဟူ၍ ငါဆိုသည်။ မင်းကြီး၊ ခန္ဓာ ငါးပါးကိုစွဲလျက် နာဂသေနဟူသော နာမပညတ်ဝေါဟာရ

အဖြစ်ကို ငါသာပြောဆိုသည်မဟုတ်။ ဘုရားထင်ရှားရှိသော ကာလ၌လည်း ဝဇီရာ အမည်ရှိသော ဘိက္ခုနီမအားလည်း ဟောဘူးဆိုဘူးလေ၏။

ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ၊
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဥပမာ၊ အင်္ဂါကြီးငယ် အဆောက်အဦ ထင်ရှားရှိသော် ရထားဟူသော သဒ္ဒဝေါဟာရဖြစ်သကဲ့သို့ ထို့အတူ ခန္ဓာငါး ပါးထင်ရှားရှိလတ်သော် သတ္တဝါ ပုဂ္ဂိုလ်ဟူ၍ နာမ ပညတ် ဝေါဟာရသမုတ်ခြင်းဖြစ်၏။

## နောက်ဘဝ

အတ္တသည် မမြဲသော အပေါင်းအစုမျှသာဖြစ်သောကြောင့် ဘယ်ကဲ့သို့ နောက်ဘဝဖြစ်နိုင်မည်နည်းဟူသော ပြဿနာပေါ် လာသည်။ ဗုဒ္ဓသည် နောက်ဘဝ အယူအဆကို လက်ခံသည်။ ဇီဝ (အသက်) သည် အကြောင်းအခြင်းအရာအားဖြင့် အလုပ်ကို လုပ်၏။ ထိုအခြင်းအရာအားဖြင့် သူသည် ဘဝသစ်ကိုယူ၏။ ဝေဒိက အယူအဆလည်း ဤအယူဝါဒကို ယုံကြည်သည်။ သို့ရာ တွင် အတ္တကို နိစ္စ၊ ဓုဝ ဟု ထင်မြင်သောကြောင့် ဘယ်နည်းနှင့်မျှ ပျက်စီးခြင်းမရှိချေ။ အဋ္ဌကထာ ဆရာတို့လည်း အတ္တရှိသည်၏ အဖြစ်ကို လက်ခံထား၏။

အကြင်အခါ ကံကိုပြု၏။ ထိုအခါ နောက်ဘဝ ဘယ်ပုံဖြစ် သနည်း။ ယင်းသည် အတိတ်တွင် နစ်မြုပ်ရောထွေးသွားပြီး၊ မွေး ဘွားလာခြင်းမှာ ထိုကံကိုပြုသည်မဟုတ်ချေ။ အကျိုးခံစားရန်

အတွက် ဘဝသစ်ကို အမှန်ပင် သွားရမည်။ ဤအကြောင်းကို ဘုရင် မိလိန္ဒပြဿနာ ပြုလုပ်ခဲ့ဘူးသည်။

"အရှင်ဘုရား။ ဖြစ်ပေါ်လာသောသူသည် ထိုသူပင်လော။ သို့မဟုတ် အခြားသူလော-"

ရှင်နာဂသေန ဖြေဆိုသည်။

"မင်းကြီး။ ဤဖြစ်ပေါ်လာသူသည် ထိုသူလည်းမဟုတ်။ တခြားသူလည်းမဟုတ်ပါ-"

"ဘယ်ပုံ မဟုတ်ခြင်းဖြစ်ပါသနည်း-"

ထိုအခါ ရှင်နာဂသေနသည် ဆီမီး ဥပမာဖြင့် ထင်ရှားစေ၏။

"လူတယောက်သည် ညအခါ ဆီမီးကိုထွန်းညှိ၏။ ထိုမီးသည် ဘညလုံးပင် အလင်းရောင်ထွန်းပြောင်နေပါသလော။ သာမန်အားဖြင့် ထိုညဦးယံက ထွန်းညှိသော မီးသည်ပင် တညလုံး အလင်းရောင်ထွန်းပြောင်နေသည် ဟု ထင်ရသည်။ သို့ရာတွင် အမှန်အားဖြင့်ကား ညဦးယံကထွန်းသောမီးသည် တခြားတပါးဖြစ်သည်။ ဒုတိယ ယံ၊ တတိယ ယံတို့၌ ထွန်းပြောင်သော မီးမှ အခြားတပါးဖြစ်သည်။ သို့ရာတွင် ဘညလုံး မီးတိုင်တတိုင်တည်းပင် ထွန်းပြောင် တောက်ပနေသည်။ မီးတိုင်မှာ တတိုင်တည်းဖြစ်သော်လည်း မီးညွန့်မှာ ခဏတိုင်းပြောင်းလဲနေလေသည်။ အတ္တနှင့် ပတ်သက်၍လည်း ဤအတိုင်းပင်ဖြစ်၏။ တစုံတခုသော အရာဝတ္ထုရှိသည်၏အဖြစ်သည်လည်း အစဉ်အတိုင်းအားဖြင့် အခိုက်အတန့်တခုမှာဖြစ်၍ တခဏမျှ ကြာသည်။ ဤအတူရေအလျဉ်စီးဆင်းနေသည်။ ရေအလျဉ်သည် တခဏအတွင်းမှာ အခြေအနေအခိုက်အတန့် နှစ်မျိုးကွဲပြား၍ မဖြစ်ချေ။

အကြောင်းမူ တခဏတွင် နောက်တခဏမဖြစ်လာချေ။ သို့အတွက် နောက်ဘဝအချိန်အခါမှာ ထိုလူလည်းမဟုတ်။ နောက်တခြားလူလည်း မလာချေ။ တဘဝ၏ နောက်ဆုံးဝိညာဉ် ခဏမှာသာ ဒုတိယ ဘဝ၏ ပထမဝိညာဉ်ဖြစ်ပေါ်လာသည်။

နို့ဖြင့် ပြုလုပ်သော စားသောက်ဖွယ်များကို စီစစ်ကြည့်သဖြင့်လည်း ဆိုခဲ့ပြီးသော သဘောတရားကို ထင်ရှားတွေ့မြင်နိုင်ပါသည်။ နို့ညှစ်ပြီးနောက် အချိန်အတန်ကြာ ပေါင်းစုသဖြင့် ဒဟီ ခေါ် ဒိန်ချဉ်ဖြစ်သွား၏။ ဒိန်ချဉ်မှ ဆီဉဖြစ်ပြီး ဆီဉမှ ထောပတ်ဖြစ်သွား၏။ ဤတွင် ပြဿနာဖြစ်သည်မှာ အကြင်နို့သည် ထိုဒိန်ချဉ်ပင်လော။ အကြင် နို့ချဉ်သည် ထိုဆီဉပင်လော။ အကြင်ဆီဉသည် ထိုထောပတ်ပင်လော။

အဖြေမှာ ထိုအရာဝတ္ထုတို့သည် နို့မဟုတ်ပါ။နို့မှ ဝိကာရဖေါက်ပြန်ခြင်းဖြစ်သည်။ နို့မှ ပြုလုပ်သည်။

ရေအလျဉ်သည်လည်း ဤကဲ့သို့ပင် စီးဆင်းနေလေသည်။

တဖန် ပဋိသန္ဓေနေသောအခါသမယက ပဋိသန္ဓေနေသူသည် ထိုသူမဟုတ်၊ ထို့ပြင် ထိုသူနှင့် ကွဲပြားသော အခြားတပါးလည်းမဟုတ်ချေ။ စင်စစ်မှာမူ ဝိညာဉ်၏ အစဉ်သည် ခဏတိုင်း ပြောင်းလဲနေသဖြင့် နိစ္စ (အမြဲ)ကဲ့သို့ထင်မြင်ရသည်။ ဘဝတခု၏ နောက်ဆုံးဝိညာဉ်၏ခဏဖြစ်သောအခါလျှင် နောက်ဘဝ၏ ပထမဆုံး ဝိညာဉ်ဖြစ်ပေါ်လာသည်။ခဏတိုင်းတွင် ကံမှာပျက်စီး၍သွား၏။ သို့ရာတွင် သူ၏ အနံ့စွဲကပ်သော ခဏမှာ သင့်လျော်သောအသွင်ဖြင့် စီးသွားနေသည်။သို့ကြောင့် အနိစ္စတာဝါဒကို လက်ခံသော အဋ္ဌကထာ ဆရာတို့သည် နောက်ဘဝ၏ တက္ကယုတ္တိလက်ခံကြခြင်းဖြစ်၏။

# (၈) အနိဿရဝါဒ

ဗုဒ္ဓမြတ်စွာသည် ထိပ်တန်း အနိဿရဝါဒီဖြစ်၏။ သူ၏ အယူအဆမှာ ဖန်ဆင်းသော သတ္တဝါကို လက်ခံရန်အတွက် ကျွန်ုပ်တို့ထံတွင် တစုံတခုသော အသင့်ယုတ္တိ အကြံဉာဏ်မရှိချေ။ သူ၏ ဥပဒေသတို့တွင် သူ၏ အနိဿရဝါဒီ စဉ်းစားချက်ကို ရှင်းလင်းသောစကားတို့ဖြင့် ဝေဘန်ထား၏။ ယင်းကိုကြည့်ရှုပြီး ထိုသူတို့သည် မမြင်မတွေ့ရသော 'ဣဿရ' ဖန်ဆင်းရှင်ကို ကိုးစားကာ မိမိလူများကို စွန့်ခွါလျက် အလုပ်မလုပ်ခြင်း၊ သို့မဟုတ် အနတ္တကို မယုံကြည်ခြင်း သိရလေသည်။

ပါထိကသုတ် (ဒီဃနိကာယ် ၃-၁) တွင် ဗုဒ္ဓသည် ဖန်ဆင်းရှင် ဣဿရ၏ လုပ်ငန်းကို ရှုတ်ချထား၏။ ကေဝဋ္ဋသုတ် (၁၁) သည် ဖန်ဆင်းရှင်ကိုလည်း အခြားသော နတ်ဒေဝတာတို့နှင့် အတူ သာမညဒေဝတာ တဦးအနေဖြင့် ညွှန်ပြထား၏။ ဣဿရသည် မဟာဘုတ်တို့ နိရောဓချုပ်ငြိမ်းခြင်းနှင့် ပတ်သက်၍ အခြားသော နတ်ဒေဝတာတို့နည်းတူပင် ဘာမျှမသိ ဟု ဖော်ပြထား၏။ ဤအကြောင်းအရာ အဆက်အစပ်နှင့် ပတ်သက်၍ ဗုဒ္ဓ၏ရှုတ်ချချက်မှာ အလွန်ပင် လေးနက်သိမ်မွေ့သည်။

တရံသောအခါ ဘိက္ခုသံဃာ အများတွင် ရဟန်းတပါး၏ စိတ်တွင်ဝေခွဲမရသော ပြဿနာတရပ်ဖြစ်ပေါ်ခဲ့၏။ ယင်းပြဿနာမှာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တည်းဟူသော မဟာဘုတ်လေးပါးရှိလေရာ၊ ယင်း မဟာဘုတ်တို့သည် ဘယ်မှာသွား၍ လုံးဝချုပ်ငြိမ်း ကွယ်ပျောက်လေ

သနည်း ဟူသည်တည်း။ ရဟန်းသည် ထိုပြဿနာကိုလှန်စွာသိလိုလှသဖြင့် နတ်ပြည်လောကသို့ သွားခဲ့လေသည်။ ရှေးဦးစွာစတုမဟာရာဇိက- နတ်မင်းကြီးလေးပါးထံသို့သွားပြီး ထိုရဟန်းသည် မဟာဘုတ်ကြီးလေးပါး ကေန္တ ချုပ်ငြိမ်း ကွယ်ပျောက်မည့် နိရောဓအကြောင်းကို မေးမြန်းစုံစမ်း၏။

နတ်ကြီး လေးပါးတို့လည်း စင်စစ်မသိကြချေ။ သို့ကြောင့် သူတို့သည်ရဟန်းအား သူတို့ထက်တန်ခိုးဣဒ္ဓိပါဒ် ကြီးကျယ်မြင့်မြတ်သောတာဝတိံသာနတ်များထံသွား၍ မေးမြန်း စုံစမ်းရန် အကြံပေးလိုက်သည်။ ထိုရဟန်းသည်သူတို့၏ အကြံပေးချက်အတိုင်း တာဝတိံသာသို့သွားပြီး ထိုနတ်များအားမေးမြန်းစုံစမ်း၏။ ထိုနတ်များကလည်း အဖြေ မပေးနိုင်ကြချေ။ သို့ကြောင့် သူတို့ထက် တန်ခိုးတေဇော် အာနုဘော် ကြီးမားသော ယာမာနတ်ပြည်သို့သွားရန်အကြံပေးကြ၏။ သို့ရာတွင်ယာမာနတ်များလည်း ထိုပြဿနာကိုမဖြေဆိုနိုင်ကြ၍ သူတို့ထက် မြင့်သော တုဿိတာနတ်များထံ ညွှန်းလိုက်ကြသည်။တုဿိတာ နတ်တို့လည်း အဖြေ မပေးနိုင်ကြချေ။ သို့ဖြင့်ရဟန်းသည် နိမ္မာနရတိ၊ ပရနိမ္မိတဝသတ္တီမှစ၍ အစဉ်အတိုင်း ဗြဟ္မာဘုံသို့ တိုင်အောင် ရောက်ခဲ့သည်။

ဗြဟ္မာကြီးများက ထိုရဟန်းအား အကြံ ပေးကြပြန်သည်။

"အို ဘိက္ခု ... ငါတို့ထက်အလွန်တန်ခိုးကြီးသော ဗြဟ္မာရှိသည်။သူသည်မဟာဗြဟ္မာဖြစ်သည်။ ဝိဇယ-အောင်မြင်သည်။ အပရာဇိတ-သူတပါးတို့သည် သူ့ကိုအောင်မြင်မှုမယူနိုင်။ပရဿ-သူတပါးတို့၏ အကျိုးစီးပွါးကိုကြည့်သည်။ ဝသီ-အလိုအနွား

တိုင်းနေသည်။ ကြာသရေ-အင်္ဂါရှိသည်။ ကဏ္ဍာ-ပြုံးပျော်သည်။ နိမ္မိတ-ဖန်ဆင်းသည်။ သေဋ္ဌ-မြင့်မြတ်၍ အပေါင်းစုံကိုဖြစ်စေ၍ ဖြစ်ပေါ်လာသော အရာဝတ္ထုတို့၏ ပိတာ-အဘဖြစ်သည်။ သူသည် ဤပြဿနာကိုဖြေဆိုနိုင်မည်။ သူ့နေရာဌာနကိုကား မသိကြပါ။ လွန်စွာလင်း(အာလောက)၍ ပဘာ-တောက်ပသည် ဟု အများပင် ပြောကြပါသည်။”

ဗြဟ္မာအများ ညွှန်ကြားချက်အရ ရဟန်းသည် အဆိုပါ မဟာဗြဟ္မာကြီးကို မတွေ့-တွေ့အောင် ရှာဖွေ၍ သူ၏ထံသို့ချဉ်းကပ်ကာ အဆိုပါပြဿနာကို မေးမြန်း လေ၏။ ထိုအခါ ဗြဟ္မာကြီးက အဖြေပေးလိုက်သည်။

“အို...ဘိက္ခု၊ ဤပြဿနာကို နတ်ဒေဝတာတို့သော်၎င်း၊ ဗြဟ္မာသော်၎င်း၊ ဘာမျှသိကြလိမ့်မည်မဟုတ်ချေ။ ငါကိုယ်တိုင်သော်လည်း မဟာဘုတ်တို့ ဘယ်မှာချုပ်သည်ကို လုံးဝမသိပါ။ သင်အလွန်မှားယွင်းနေသည်။ လူ့ပြည်လောကတွင် ဗုဒ္ဓမြတ်စွာ ထင်ရှားရှိနေသည်။ သို့ပါလျက် သင်သည် ဤပြဿနာ၏ အဖြေအတွက် ငါ၏ အထံသို့လာခဲ့သည်။ နတ်ဒေဝတာတို့သည် ငါ့ကို သဗ္ဗညုတ-အပေါင်းစုံကို အကုန်သိသည် ဟု ပြောပြကြပါသည်။ သို့ရာတွင် ငါသည် သဗ္ဗညုတ (အလုံးစုံကို အကုန်သိသူ)မဟုတ်ပါ။”

ထိုအခါ ရဟန်းသည် လူ့လောကသို့ ပြန်လာပြီး မြတ်စွာဘုရားအား မေးလျှောက်၏။ မြတ်စွာဘုရားက သူ့အား ထင်ရှားစွာ ရှင်းပြလိုက်၏။ အကြင်နေရာ၌ အနိဒဿန (ဖြစ်ခြင်း၊ တည်ခြင်း အခိုက်မှ ကင်းကွာခြင်း)ဖြစ်၏။ အဆုံးအပိုင်းအခြား

မရှိ လွန်ကဲသော တန်ခိုးတေဇော်ရှိသော နိဗ္ဗာန်ရှိ၏။ ထိုတွင် လေးပါးသော မဟာဘုတ်တို့ လုံးဝ ချုပ်လေသည်။

ဤအကြောင်းကိုကြည့်သဖြင့် ဗုဒ္ဓ၏ အယူအဆကိုသိနိုင်၏။ သူသည် ဣဿရအား ဤလောကကို ဖန်ဆင်းသူဟု မယူဆချေ။ ထို့ပြင် အလုံးစုံကို အကုန်သိမြင်သော သဗ္ဗညုတ ဟု လည်း အသိအမှတ်မပြုချေ။ အကယ်၍ တစုံတယောက်သည် ဖန်ဆင်းရှင်ထင်ရှားရှိခြင်းကို ယုံကြည်လျှင် ယုံကြည်နိုင်သည်။ သို့ရာတွင် ဖန်ဆင်းရှင်သည် ဘာမဆို သိမြင်ခြင်းကား ယုတ္တိမရှိချေ။ သူသည် သူ၏ မသိခြင်းကို ကိုယ်တိုင်ဝန်ခံရန်အတွက် အသင့်ရှိသည်။

တေဝိဇ္ဇာသုတ်(ဒီဃနိကာယ် ၁၃)တွင်ဗုဒ္ဓသည်ဤပြဿနာကို တဖန်ဝေဘန်ခဲ့သည်။ သူသည် ဝေဒကျမ်းပြုရသေ့များနှင့် ဗြာဟ္မဏတို့ကို အန္ဓဘိညာ (ဘာမျှမသိသူ) ဟု ညွှန်းဆို၍ သူတို့ ညွှန်ပြသောလမ်းစဉ်ကိုလည်း အပမာဏိက (ပမာဏမဟုတ်)ဟု မိန့်ဆိုသည်။ ဗြာဟ္မဏတို့၏လမ်းစဉ်တွင် နီဝရဏ(ကာမစ္ဆန္ဒအစ ရှိသော အနှောင်အဖွဲ့)ငါးပါးထင်ရှားရှိနေသည်။ သို့ကြောင့် သူတို့၏ လမ်းစဉ်ကို ဖျက်ဆီးအပ်၏။ သူတို့ကိုယ်တိုင် ဣဿရ (ဗြဟ္မာ)ကို မသိမမြင်ပါဘဲလျက် သူတို့၏ သံသရာလည်မည့် နည်းလမ်းဥပဒေသကို ဘာကြောင့်လက်ခံယုံကြည်ကြမည်နည်း။

ဝေဒသုံးပုံ ဗြာဟ္မဏတို့၏ အဆိုအမိန့်မှာ မျက်ကန်းလမ်း ညွှန်နှင့်တူလှပေသည်။ သူတို့၏ လမ်းစဉ်ကို ယုံကြည်ကိုးစားသူ အား ဂုဏ်အရည်အချင်း တစုံတရာကို ဘာမျှ မသိရသော ဇနပုဒ်သူကို စွဲမက်သူကဲ့သို့ ရှုတ်ချထိုက်၏။အကြင်ဓမ္မကိုဗြာဟ္မဏ တို့ပြုလုပ်၏။ ထိုဓမ္မကို ဖယ်၍ အခြားသော ဓမ္မတရားနှင့် ယှဉ်

သောသူသည် နတ်ဒေဝတာ ဗြဟ္မာတို့ကို အဘယ်မျှ ချီးကျူး ပူဇော်သော်လည်း သူတို့၏ ချီးကျူးပူဇော်ခြင်းမှာ အကျိုးမဖြစ်ချေ။ ပြည့်လျှံနေသော မြစ်ကမ်းတဘက်မှ ရပ်လျက် အခြားတဘက်မှ ကမ်းကို လှမ်းခေါ်လျှင် ထိုကမ်းသို့ သူ၏ထံသို့လာပါမည်လော။ ဘယ်နည်းနှင့်မျှ ဘယ်တော့မျှ လာမည်မဟုတ်ပါ။ သို့ကြောင့် ဝေဒသုံးပုံ ဗြဟ္မဏတို့အားဖြင့် ဣဿရ၏ သဘောတရား ထင်ရှားဖြစ်ပေါ်လာသည်ဆိုသော အယူအဆကို ဗုဒ္ဓလက်ခံရန် ဘယ်နည်းနှင့်မျှ မဖြစ်ချေ။ ဗုဒ္ဓသည် ဗုဒ္ဓဝါဒီဖြစ်၏။ အကြင်အယူအဆသည် ဗုဒ္ဓ၏ မှတ်ကျောက်ပေါ် အတင်မခံနိုင်ခဲ့။ ထိုအယူအဆကို သူသည် လက်ခံရန် အမြဲပင် မျက်နှာလွှဲနေခဲ့လေသည်။

## (ဃ) အဘူတိက ဝါဒ

ဤနေရာ၌ ဤအယူအဆများကို ဘတ်ရသောအခါ ဗုဒ္ဓသည် ဘူတိကဝါဒီ(ရုပ်ဝါဒီ)ဖြစ်ခဲ့သည် ဟု လူတို့၏စိတ်တွင် တွေးထင်နိုင်လေသည်။ လူ့သစ်မြစ်သည် သဘာဝကျသော ကိုးကွယ်သည်။ ဤလောကမှတပါး ဘယ်လောက၏ သတ္တာကိုမျှလက်မခံချေ။ သို့ရာတွင် ဤစဉ်းစားချက်မှာ သင့်လျော်ပါသည်။ ဗုဒ္ဓသည် အနတ္တဝါဒီ၊ သို့မဟုတ် အနိဿရဝါဒီဖြစ်၍လည်း ဘူတိကဝါဒီ-ရုပ်ဝါဒသမားမဖြစ်နိုင်ချေ။ သူ၏လက်ထက်တွင် ဘူတိကဝါဒသမား အများအပြားနှင့်တွေ့ဆုံခဲ့ရသည်။ ထိုအခါသူသည် ပြင်းထန်သော စကားလုံးတို့ဖြင့် သူတို့၏ အယူဝါဒကို ချိုးဖျက်ပစ်ခဲ့သည်။

ပါယာသိရာဇညသုတ်-(ဒီဃနိကာယ် ၂-၁၀)ကို လေ့လာပါလျှင် ဗုဒ္ဓအယူအဆသည် ရုပ်ဝါဒီမဟုတ်ကြောင်း ကောင်းစွာသိနိုင်၏။ ပါယာသိရာဇညသည် ဗုဒ္ဓလက်ထက်က ဖြစ်၏။ သူသည် ကောသလမင်း ပရသေနဒီတပေးသော 'သေတဗျာ'မြို့၏ အရှင်ဖြစ်သည်။ သူ၏အယူအဆ အမြင်မှာ ဤလောကလည်းမရှိ၊ ပရလောကလည်းမရှိ၊ သေပြီးနောက် မွေးဘွားခြင်းမရှိ၊ ကောင်းသောအလုပ်၊ မကောင်းသောအလုပ်၏ အကျိုးဖလတစုံတရာမရှိ ဖြစ်၏။ ပါယာသိသည် စာရဝါက၏ နောက်လိုက်ဖြစ်သည်။ သူသည် ယုတ္တိသုံးမျိုးဖြင့် သူ၏အယူအဆကို ခိုင်မြဲစေ၏။

(၁) သေပြီးသွားသောသူသည် ပရလောကမှ သတင်းများကို ပြောပြရန် ဘယ်အခါကမျှ ပြန်မလာချေ။

(၂) တရားအားထုတ်သော ဓမ္မိက ပုဂ္ဂိုလ်တို့သည်လည်း သေရမည်ကို ကြောက်ရွံ့ကြသည်။ အကယ်၍ ဤလောကမှ ပုညသမ္ဘာရ ကုသိုလ်၏ အကျိုးဖလသည်နတ် စည်းစိမ်၊သို့မဟုတ် နှစ်သက်ဖွယ်ဖြစ်ရန် သေချာပါလျှင် သူတို့သည် ဘာ့ကြောင့် သေရမည်ကို ကြောက်ရွံ့ကြသနည်း။

(၃) သေပြီးသော ကိုယ်ခန္ဓာမှ အသက်ဇီဝ ထွက် သွားကြောင်း တစုံတရာ အမှတ်လက္ခဏာမတွေ့ရချေ။ သေစဉ်အခါက သူ၏ ကိုယ်ခန္ဓာမှ အသက်ထွက်သွားသည်ကိုမမြင်ရ၊အသက်ထွက်သွားသဖြင့်လည်း ကိုယ်ခန္ဓာမှာ ပေါ့ပါး၍ မကျန်ခဲ့ချေ။ စင်စစ်မှာ ရှေးကထက်ပင် ပို၍ လေးလံနေသေးသည်။

ဤတက္က၏ အားပေါ်တွင် အမှီပြုပြီး သူသည် များစွာသော ဒဿန ဆရာများကို ရင်ဆိုင်ရန် ဖိတ်ခေါ်လေသည်။ တရံသော အခါ သူသည် ဂေါတမ ဗုဒ္ဓ၏ သာဝက ကုမာရကဿပနှင့် ထိုမြို့မှာ တွေ့ဆုံလေသည်။ ကဿပသည် သူ၏ ယုတ္တိများကို အလွန်လှပစွာဖြင့် ချိုးဖျက်ကာ ပရလောက၏ သတ္တဝါ၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖလနှင့် အသက်ဇီဝ၏ ကိုယ်ခန္ဓာဖြင့် ကွဲပြားပုံကို ညွှန်ပြလိုက်သည်။ ယင်းမှာ ဗုဒ္ဓ၏ အယူအဆဖြစ်၏။ ဘူတိကရုပ်ဝါဒကို အမှီပြု၍ သူ၏ ဗြဟ္မစာရိနှင့် သမာဓ်အတွက် အမြဲဆက်စပ်နေကြောင်း ဗုဒ္ဓကောင်းစွာသိသည်။ အကြောင်း တခုနှင့်ပတ်သက်၍ သူသည် ဤသို့မြွက်ကြားခဲ့ဘူးသည်။

"ထိုအရာသည် ဇီဝဖြစ်၏။ ယင်းအရာသည် ကိုယ်ခန္ဓာဖြစ်၏။ နှစ်ပါးစုံသည် တပါးတည်းသာဖြစ်၏ ဟူသော အယူအဆပေါ်မှာ ဗြဟ္မစာရိ အကျင့်မဖြစ်နိုင်ချေ။ ဇီဝသည် တပါးဖြစ်၏။ ကိုယ်ခန္ဓာသည် တခြားဖြစ်၏။ ဤသို့ အယူအဆပေါ်မှာလည်း ဗြဟ္မစာရိ-မြတ်သောအကျင့်မဖြစ်ချေ"

ဤစကား၏ ဆိုလိုချက်မှာ ဤသို့တည်း။ ဘူတိကဝါဒီနှင့် အတ္တဝါဒီအတွက် ဗြဟ္မစာရိကိုကျင့်ခြင်း၊ ကောင်းသော ဘဝ၏ ယုတ္တိအဖြစ်ဖြင့် မှန်ကန်မှု ထွက်ပေါ်မလာချေ။ လူကြီး-လူကောင်းအဖြစ်ဖြင့် ဘဝကို ကုန်လွန်စေသူသည် ပရလောကတွင် ကောင်းမြတ်သော အကျိုးဖလကို ရရှိစေရန် ခိုင်မြဲစွာဆုံးဖြတ်ချက်ချထား၏။ သို့ရာတွင် ဘူတိကဝါဒီသည် ပရလောကကို မယုံကြည်ချေ။ သို့အတွက် သူ့အတွက် ကောင်းသောဘဝသည် အချည်းနှီးသာတည်း။ အတ္တကို နိစ္စ၊ သဿတ ဟု ယူဆသော သူ၏အတွက်လည်း ဤသဘောမှာ အချည်းနှီးသာဖြစ်၏။ အ

ကြောင်းမှာ တည်မြဲသော အတ္တတွင် ကောင်းသော ဘဝကို အားထုတ်ခြင်းဖြင့် သုတ်သင်မှုမဖြစ်နိုင်ချေ။ ဤကဲ့သို့သော အခြေအနေတွင် အနတ္တဝါဒီဖြစ်သော ဗုဒ္ဓသည် ဘုတိကဝါဒကို ဖြောင့်ဖြောင့်ဆန့်ကျင်၍ အတ္တိကဝါဒကို ဖြတ်တောက်ပစ်ခဲ့သည်။ ယင်းသည်ပင် သူ၏ အကျင့်အာစာရသိက္ခာ၏ တံတိုင်းကြီးဖြစ်လေသည်။ ဤသို့လျှင် ဟီနယာနဓ၏ ဒဿနိက သဘောတရားအရ တင်ပြသော အယူအဆများဖြစ်သည်။ ယင်းတို့မှာ (က) ပဋိစ္စသမုပ္ပါဒ၊ (ခ) အနတ္တဝါဒ၊ (ဂ) အနိစ္စဝါဒနှင့် (ဃ) အဘူတိက ဝါဒတို့ဖြစ်ကြသည်။ ထိုသဘောတရားလေးပါးသည် ဗုဒ္ဓမ္မ၏ တည်ရာ ကျောရိုးလည်းဖြစ်လေသည်။

ဗုဒ္ဓ—ဒဿန—

# ဗုဒ္ဓအမြင်ကို လေ့လာခြင်း

## ဒုတိယ ကဏ္ဍ

(ဓမ္မိက—ဝိကာသ)

အာလမ္ဗန မဟတ္တာ စ၊ ပဋိပတ္တော ဒွယော တထာ၊
ဉာဏဿ ဝီရိယာရမ္ဘဿ၊ ဥပါယေ ကုသလဿ စ။

ဥဒါဂမ မဟတ္တဉ္စ၊ မဟတ္တံ ဗုဒ္ဓ ကမ္မုနော၊
ဧတံ မဟတ္တယော၊ ဂဒ္မိ မဟာယာနံ နိစ္ဆတော။

မဟာယာန သုတ္တာလင်္ကာရ

## (ဏ) နိကာယ နှင့် သူတို့၏ အယူအဆ

အသောက လက်ထက်တွင် ဗုဒ္ဓဓမ္မတွင် ဂိုဏ်းကွဲများ ၁၈-ဂိုဏ်းအထိ ကွဲပြားခဲ့၏။ ဗုဒ္ဓဓမ္မဆိုင်ရာ ကျမ်းများတွင် "အဋ္ဌာဒသ နိကာယ" ဟူသော အမည်ဖြင့် ထင်ရှားခဲ့၏။ နိကာယ၏ အဓိပ္ပါယ်မှာ သမ္ပဒါယ ဂိုဏ်းဂဏပင် ဖြစ်၏။ ဤနိကာယတို့၏ ဂိုဏ်းကွဲများ အိန္ဒိယနိုင်ငံအသီးသီးတွင် ကြီးစိုးလွှမ်းမိုးခဲ့ဘူး၏။ များစွာသော ရာစုများတိုင်အောင်ပင်ဖြစ်၏။ ဤနိကာယတို့၏ အသီးအသီးသော ဂိုဏ်းဂဏတို့သည် ကာလကြာမြင့်သောအခါတွင် တိမ်မြုပ်၍သွားသော်လည်း သူတို့၏ အရေးအသား အယူအဆတို့မှု ဗုဒ္ဓကျမ်းများသာမက နောင်သောအခါက ဗြဟ္မဏကျမ်းများမှာပင် တွေ့မြင်ရလေသည်။ သို့ရာတွင် ဤနိကာယတို့၏ အမည်နာမ,နေရာဌာနနှင့် အချင်းချင်းဆက်စပ်ပုံအကြောင်းအရာနှင့် စပ်လျဉ်း၍ကား ဗုဒ္ဓစာပေတို့တွင် တသံတည်းမထွက်ချေ။ တခုတည်းသော အမြင်ကျက်စားမှုမဖြစ်ချေ။ 'ကထာဝတ္ထု' ကျမ်း၏ရည်ရွယ်ချက်မှာ နိကာယတို့ကို လေ့လာရာတွင် ထေရဝါဒ အယူအဆ၏ ရှုထောင့်မှ ဖြစ်သည်။ မောဂ္ဂလိပုတ္တတိဿ (ဝိကြမဒိတျ သက္ကရာဇ်မပေါ်မီ တတိယရာစု)သည် ဤကြီးကျယ်သော ကျမ်းကြီးကိုပြု၍ ရေးအယူအဆများ၏ လျှို့ဝှက်ချက်နှင့်သရုပ်ကို လေ့လာမှုပေးခဲ့သည်။ ဆရာ ဝသုမိတြသည် 'အဋ္ဌာဒသ နိကာယ' ကျမ်းကို စီရင်ပြီးလျှင်



(ပင) ကငယ်နွ် ငဝ်ငှ့်လိဝ်းငေ ငထယ်ဒီး ၊ဆိဝ ငထယ



ထိုနိကာယတို့၏ အယူအဆကိုရဲရင့်စွာဖွင့်ပြလေသည်။ ထိုကျမ်းကြီးနှစ်စောင်၏ အမြင်မှာ မတူကြချေ။ ကွဲပြားခြားနား၏။ တိဿသည် ထေရဝါဒီဖြစ်၍ ဝသုမိတြကား သဗ္ဗတ္ထိဝါဒီဖြစ်၏။ အမြင်ကွဲပြားသည် အားလျော်စွာ အယူအဆကွဲပြားခြင်းမှာလည်းသဘာဝပင်ဖြစ်၏။ သို့ရာတွင် နှစ်ဦးလုံးပင် တခုတည်းသောသဘောတရားပြီးမြောက်မှုကို ရှေ့ရှုထွန်းပြနေကြသည်ကိုကားယုံမှားဖွယ် မရှိချေ။

ဤတဆဲ့ရှစ်ပါးသော နိကာယ (ဂိုဏ်း)တို့မှာ အသောကမင်းတရားကြီး လက်ထက်မတိုင်မီကပင် ပေါ်ပေါက် ခဲ့သည်။ သို့ရာတွင် ဤဂိုဏ်းဂဏတို့၏ အယူဝါဒတို့မှာ သူ၏ခေတ်နောက်ပိုင်းသို့ရောက်သည်တိုင်အောင် အလျဉ်မပြတ်ချေ။ စင်စစ်မှာ ဗုဒ္ဓမ္မကျယ်ပြန့်သည်နှင့် အတူတကွပင် အမျိုးမျိုးသော အယူအဆများ အသင်အသင့် ထွက်ပေါ်လာပြီး ဖွံ့ဖြိုးစည်ပင်နေခြင်းပင်ဖြစ်သည်။ ကထာဝတ္ထုတွင် ဤဂိုဏ်းများ၏ အမည်နာမဝေါဟာရဖြင့်ပေါ်ပုံအကြောင်းတို့ကို ဖွင့်ဆိုထားလေသည်။

ဥပမာ၊ စေတျဝါဒီဂိုဏ်းမှာ အန္ဓကမင်းများလက်ထက်တွင်ပေါ်ပေါက်ခဲ့၏၊ ထိုမင်းတို့၏ ရာဇဓာနီ မင်းနေပြည်မှာ 'ဓာနယကဋက'မြို့တော်ဖြစ်၏။ထိုဂိုဏ်း၏ ဗဟိုဌာနမှာ ထိုမြို့တွင်ပင်ဖြစ်၏။ ကိုမြို့တွင် လွန်စွာထင်ရှားသော မဟာစေတီကြီးရှိလေရာ ထိုစေတီတော်၏ အမည်ဖြင့် ယင်းဂိုဏ်းကို စေတျဝါဒီဟုခေါ်ဆိုကြခြင်းဖြစ်လေသည်။

အန္ဓကတို့၏ စေတျဝါဒီဂိုဏ်းမှတပါး ခရစ်မပေါ်မီပထမရာစုနှစ်များအတွင်းထိုမြို့တော်မှာ ပုဗ္ဗသေလီယ၊ အပရသေလီယ၊ ရာဇဂိရိကနှင့် သိဒ္ဓတ္ထက အမည်ရှိသော ဂိုဏ်းကြီး လေးဂိုဏ်း

ပေါ်ပေါက်ခဲ့သူး၏။ ရာဇဂိရိက နှင့် သိဒ္ဓတ္ထက ဂူကျောင်းတို့၏ အမည်နာမဖြစ်ပေါ်လာပုံကိုကား သဲလွန်စရှာဖွေ၍ မရပါ။ ဘာ့ကြောင့် ဤအမည်များဖြစ်ရသည် ဟု မသိရပါ။ သို့ရာတွင် ပုဗ္ဗသေလီယနှင့် အပရ သေလီယဂူကျောင်းသည် ဓာန္ယကဋက မြို့တော်၏ အရှေ့နှင့် အနောက်တွင်ရှိသော တောင်(သေလ)ကို အစွဲပြု၍ဖြစ်သည်။ မြို့တော်အရှေ့ဘက်က တောင်ပေါ်တွင် ကျောင်းဆောက်၍နေကြသော ဂူကျောင်းကို ပုဗ္ဗသေလီယ ဂိုဏ်းဟု ခေါ်၍ အနောက်ဘက် တောင်ပေါ်ကျောင်းတွင် နေသော ဂိုဏ်းကိုအပရသေလီယဟုခေါ်ကြခြင်းဖြစ်သည်။ ဤအကြောင်းကို ကျွန်ုပ်တို့သည် 'ဘောဓိယာ' ကျမ်းဂန်တို့တွင် တွေ့ရ၏။

'ရာဇဂိရိက' ဂူကျောင်းသည်လည်း အန္ဓကမင်းများ၏ နိုင်ငံတွင် ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် ထိုနိုင်ငံတွင် ထိုဂူကျောင်း၏ တည်ရာဌာနဖြစ်သော 'ရာဇဂိရိ' ဘယ်နေရာမှာ ဟု မပြောနိုင်ချေ။ ကထာဝတ္ထုတွင် ဂူကျောင်းကွဲ ဆဲ့တစ်ဂူကျောင်းကို ပယ်ဖျက် ပြီးနောက် ဂူကျောင်းရှစ်ဂူကျောင်းကို တပေါင်းတည်း ပြုလိုက်ကြောင်း ပေါ်ပြထား၏။ သို့ကြောင့် အဆိုပါဂူကျောင်းနှစ်ဂူကျောင်းမှာ အချင်းချင်း ဆက်စပ်နေခြင်းဖြစ်လိမ့်မည် ဟု မှန်းဆရသည်။ သိဒ္ဓတ္ထ ဂူကျောင်း၏ အမည်နာမတွင်ပုံကို မသိရသော်လည်း သူတို့၏ အယူအဆကိုကား တွေ့ကြရသည်။ သူတို့၏တူညီသော အယူအဆမှာ သာခုသည် တခုမှထွက်ပေါ်လာပြီး နှစ်ခုလုံး၏ တည်ဌာနမှာ အသူတကွပင်ဖြစ်၏။

ဤဂူကျောင်းကြီးလေးဂူကျောင်းသည် အန္ဓကမင်းများ လက်ထက်တွင် လွန်စွာ အဆင့်အတန်း မြင့်မားလေသည်။ အန္ဓကမင်းနှင့် သူ၏ မိဖုရားများသည် မဟာ့တရားကို အထူးလေးစား

မြတ်နိုးကြသည်။ သို့ကြောင့် အန္ဓကနိုင်ငံသည် ရာစုပေါင်းများစွာထိုင်အောင် ဗုဒ္ဓဓမ္မ၏ ပျော်မွေ့ရာဌာနဖြစ်ခဲ့ခြင်း ဖြစ်လေသည်။

ဤ'အန္ဓက နိကာယ'တို့၏ စည်ပင်ပြန့်ပွါးထွန်းကား ပွင့်လန်းသည့်အသွင်မှာ'မဟာယာန'ဖြစ်၏။ မဟာသံဃိကတို့သည် ဤအယူအဆကိုယူပြီး မိမိတို့၏ ဂိုဏ်းကို ထေရဝါဒတို့မှ သီးခြားပြုပြီး သူတို့အယူအဆ၏ နောက်ဆုံး အပွင့်မှာ မဟာယာနဂိုဏ်းဂဏတွင် ဖြစ်လေသည်။

မဟာယာန။ ။ယာန၏အနက်အဓိပ္ပါယ်မှာ လမ်းစဉ်(မဂ္ဂ) ဖြစ်၍ မဟာ၏ အနက်မှာ ကြီးကျယ်ခြင်းဖြစ်သည်။ သို့ဖြင့်မဟာယာန မှာ ကြီးကျယ်မြင့်မြတ်သောလမ်းစဉ်ဖြစ်လေသည်။ ဤအယူအဆဝါဒကို လိုက်နာသူတို့၏ ပြောပြချက်မှာ ဇီဝ(အသက်)ကို အထွတ်အမြတ်သို့တိုင်အောင် ပို့ဆောင်သော လမ်းစဉ်မှသာ အလုံးစုံတို့ထက် ကြီးကျယ်မြင့်မြတ်သည်။ ထေရဝါဒသည် နောက်ဆုံးရည်ရွယ်ချက်သို့တိုင်အောင် ပို့ဆောင်ခြင်းမရှိချေ။ သို့ကြောင့် သူ့ကို ဟီနယာန ဟု အမည်ပေးခြင်း ဖြစ်သည်။ ဟီနယာနကို ထောက်ဆသောအားဖြင့် မဟာယာန၏ ထူးခြားသော အကြောင်းအရာများစွာကို တွေ့ရ၏။ မိမိ၏ ဤထူးခြားချက်များကြောင့် သူ၏ ဂိုဏ်းသားများသည် မိမိတို့ကို မိမိတို့ 'မဟာယာနီ'ဟု ခေါ်ဆိုကြခြင်းဖြစ်၏။

(၁) ဗောဓိသတ္တ- ဘုရားအလောင်း။ ဟီနယာန၏ အယူအဆအားလျော်စွာ အရဟတ္တ- ရဟန္တာအဖြစ်မှာ ရှင်ရဟန်းတို့၏ နောက်ဆုံးရည်ရွယ်ချက်ဖြစ်သည်။ နိဗ္ဗာန်သို့ ရောက်သောအခါ

ရဟန်းသည် ကိလေသာကင်းကွာ၍သွား၏။ သူသည်လောကကို ကျေးဇူး မပြုနိုင်တော့ချေ။ သို့ရာတွင် ဗောဓိသတ္တ- ဘုရားအလောင်းအလျာကား မဟာမေတ္တာ, မဟာကရုဏာတို့ဖြင့်ပြည့်စုံသည်။ လောက၏ သတ္တဝါတိုင်း ကိလေသာမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်မှာသူ၏ဘဝရည်ရွယ်ချက်ဖြစ်သည်။ (မဟာယာနတို့၏ ရည်ရွယ်ချက်မှာ ဘုရားဖြစ်ရန် အတွက်ဖြစ်သည်။ဟီနယာနတို့၏ ရည်ရွယ်ချက်မှာ ရဟန္တာဖြစ်ရန်အတွက် ဖြစ်သည် ဟု ဆိုလိုခြင်းဖြစ်သည်။)

(၂)တြိကာယ-ကာယသုံးပါး။ ။ဓမ္မကာယ,သံဘောဂကာယနှင့်နိမ္မာနကာယတည်းဟူသောကာယသုံးပါးသည်မဟာယာန၏ အယူအဆဖြစ်၏။ ဟီနယာနတွင် ဗုဒ္ဓအားနိမ္မာနကာယဟုယူဆထား၏။ သူတို့သည်ဓမ္မကာယကိုလည်းတမျိုးတမည်ကြံစည်စဉ်းစားကြလေသည်။ သို့ရာတွင် ဟီနယာန၏ ဓမ္မ ကာယနှင့် မဟာယာန၏ ဓမ္မကာယမှာ ကွဲပြားခြားနားသည်။

(၃)ဒသဘူမိ-ဘုံဆယ်ဆင့်။ ။ဟီနယာနတို့၏အလိုအားဖြင့် ရဟန္တာ၏အဆင့်တိုင်အောင် ဘုံဆင့် လေးဆင့်ရှိသည်။ ယင်းတို့မှာ (၁) သောတာပန်၊ (၂) သကဒါဂါမီ၊ (၃) အနာဂါမီနှင့် (၄) အရဟန္တတို့ဖြစ်ကြသည်။ သို့ရာတွင် မဟာယာနတို့၏ အလိုအားဖြင့် နိဗ္ဗာန်တို့တိုင်အောင် ဒသဘူမိ- ဘုံဆယ်ဆင့်ရှိလေသည်။ ယင်းတို့မှာ စောင်းတန်းလှေကားသဖွယ်ဖြစ်၏။ တထစ်ပြီးတထစ်တက်ရသည်။

(၄)နိဗ္ဗာန- နိဗ္ဗာန်။ ။ဟီနယာနတို့၏နိဗ္ဗာန်မှာ ကိလေသာအာဝရဏ- အတားအဆီးအကွယ်အကာကို ဖယ်ခွါသည်။မဟာယာနတို့၏ နိဗ္ဗာန်မှာမူ ဉေယအာဝရဏ- အကွယ် အကာကိုပါ

ဖယ်ခဲ့ပါသည်။ တခုမှာဒုက္ခမရှိသော အသွင်ဖြစ်၍ တခြား တခုမှာ နှစ်သက်ကြည်နူးသောသုခအသွင်ဖြစ်သည်။

(၅) ဘတ္တိ-ကိုးကွယ်ဆည်းကပ်မှု။ ။ဟီနယာန လမ်းစဉ်မှာ လုံး၀ ဉာဏ ပဓာနဖြစ်သည်။ဗုဒ္ဓအဋ္ဌင်္ဂိကလမ်းပေါ်တွင်သွားခြင်းသည်သာ သူတို့၏မြတ်သောရည်ရွယ်ချက်ဖြစ်သည်။ မဟာယာနတို့ကား ကိုးကွယ်ဆည်းကပ်ခြင်းသာဖြစ်သည်။ ဗုဒ္ဓသည်ရိုးရိုးသူမဟုတ်၊ လောကုတ္တရာယောကျ်ားမြတ်သည်။ သူ့အားကိုးကွယ်ဆည်းကပ်မှုကို ပြုသဖြင့်သာလျှင်လူသည်ဒုက္ခများလှသော ဘ၀သံသရာတဘက်သို့ရောက်မည်။ ကိုးကွယ်မှုကို တည်ရာ ပြုသောကြောင့်သာ မဟာယာနခေတ်တွင် ဗုဒ္ဓ၏ရုပ်ထုများ ထုလုပ်ကြခြင်း ဖြစ်သည်။ သို့ကြောင့် မဟာယာန၏ အကြောင်းကြောင့် ဗုဒ္ဓကလာ (အနုပညာ)-ဖြစ်သော ပန်းချီ ဆေးရေးအတတ်နှင့် ရုပ်ထုအတတ်မှာ ထူးခြားပြောင်မြောက်လာခဲ့ခြင်းဖြစ်သည်။ ဂုတ္တလက်ထက်တွင် ဗုဒ္ဓကလာ တိုးတက် ဖွံ့ဖြိုးခြင်းမှာ ယင်းသည် ပဓာန အကြောင်းရင်းဖြစ်သည်။ (ကလာ- ဆိုသည်မှာ ပန်းချီ၊ ပန်းပု၊ အဆို၊အကစသော လက်မှုသိပ္ပံပညာတို့ဖြစ်သည်။)

## (ခ) နိကာယတို့၏ အယူအဆ

(၁) မဟာသံဃိက အယူအဆ-

တဆဲ့ရှစ်ပါးသော နိကာယတို့၏ အယူအဆကို တင်ပြရန် ဤတွင်အထူး မလိုအပ်ပါ။ အရေးကြီးသည်မှာ နိကာယကြီးနှစ်ခု၏ အယူအဆပင်ဖြစ်သည်။ မူလဗုဒ္ဓ သံဃာမှ ခွဲထွက်သွားသူတို့သည် ရှေးဦးစွာသော ဂိုဏ်းခွဲ ဖြစ်၏။ ဝေသာလီပြည် ဒုတိယ

သံဂါ ယနာ တင်ချိန်တွင် ထိုသူ တို့သည် သီးခြား ခွဲထွက်ကာ ကောသမ္ဗိသို့သွားပြီးလျှင် တသောင်းသောသံဃာတို့နှင့် အတူ တကွ မိမိတို့၏ အယူအဆကြီးပွါးတိုးတက်ရန်အတွက်သူတို့သည် သီးခြားသံဂါယနာတင်ကြသည်။

ထေရဝါဒီကား တင်းမာသော ဂိုဏ်းသားများဖြစ်ကြသည်။ မဟာသံဃိကသည် ဝိနည်းဘွင် ခက်ခဲတင်းကြပ်လှသော အစဉ် အလာများကို သုတ်သင်ပြီး လူတိုင်းအတွက် ခေတ်နှင့်လျော်စွာ ပြုသူတို့ဖြစ်သည်။ ဤဝိနယနှင့် စပ်လျဉ်းသော သဘောတရား အယူအဆကို ကျွန်ုပ်တို့ တခုံတရာမပြောသာချေ။ သို့ရာတွင်သူတို့ ၏ ဗုဒ္ဓ့ဓမ္မနှင့် ပတ်သက်သော ယူဆချက်မှာကား လွန်စွာအဆင့် အဆင့် အတန်း မြင့်လှသည်။ တိဃနှင့်-ဝသု မိတြနှစ်ဦးသည် ဤ အယူအဆရှင်တို့၏ အခန်းကိုတန်ဆာဆင်ကြသည်။ ဤတွင် အ ချို့ ထင်ရှားသော အယူအဆ အရေးအသားတို့ကို တင်ပြသင့် လေသည်။

(၁) မဟာသံဃိကဂိုဏ်းဝင်တို့ ယူဆယုံကြည်ကြသည်မှာ ဗုဒ္ဓသည် မနုဿလူသားမဟုတ်၊ လောကုတ္တရာဖြစ်သည်။ သူ၏ ကိုယ်ခန္ဓာမှာ အနာသဝ (သန့်ရှင်း၍အပြစ်ကင်းခြင်း)ဖြစ်သော ဓမ္မတရားတို့ဖြင့် စီရင်အပ်၏။ သို့ကြောင့် မြတ်စွာဘုရားသည် အိပ်ခြင်းနှင့် အိပ်မက်ခြင်း၏ ခံစားမှုနှစ်ပါးလုံးမှ ကင်းလွတ် သည်။ မြတ်စွာဘုရားသည် မန္ုင်းယှဉ်နိုင်သော ရူပကာယကို ဆောင်နိုင်သည်။ မိမိ၏အလိုဆန္ဒအတိုင်း မရေမတွက်နိုင်သော ရုပ်ခန္ဓာများနှင့် အတူတကွ ဆောင်နိုင်သော အစွမ်းသတ္တိရှိ ခြင်း ဟု ဆိုလိုသည်။ သူ၏ အင်းအားဗလမှာ မနှိုင်းယှဉ်နိုင်

သကဲ့သို့ သူ၏ အသက်အာယုလည်း မရေမတွက်နိုင်ချေ။ သူတို့သည် များစွာသော အကြောင်းအရာတို့ဖြင့် ဗုဒ္ဓအား လောကုတ္တရာအဖြစ် ပြီးမြောက်စေလေသည်။

(၂) ဗုဒ္ဓသည် သုတ္တန် ဥပဒေသများကို ပေးခဲ့သည်။ ထို ဥပဒေသသည် ကိုယ်တိုင်၏ ပြည့်စုံခြင်းဖြစ်သည်။ ဗုဒ္ဓသည် ဓမ္မတရားမှ အခြားတပါးဖြစ်သော တစုံတရာ ဥပဒေသကို မပေးချေ။ သို့ကြောင့် သူ၏သင်ကြားချက်တို့သည် ပရမတ္ထ သစ္စာပေါ်တွင် အမှီပြု၏။ လောကဝေါဟာရ သစ္စာ မဟုတ်ချေ။ ပရမတ္ထသစ္စာကို သဒ္ဒါအားဖြင့် မဖွင့်ဆိုရချေ။ ပါဠိ ပိဋကတွင် သင်ကြားချက်တို့မှာ လောက ဝေါဟာရသစ္စာ၏အကြောင်းအရာဖြစ်သည်။ ပရမတ္ထတည်ရာ အာရုံမဟုတ်ချေ။

(၃) ဗုဒ္ဓ၏ အလောကိက-လောကနှင့် မဆက်ဆံသော သတ္တဝါတို့မှာ အပိုင်းအခြားမရှိချေ။ သူသည်အဘယ်မျှ အလိုရှိသနည်း၊ အလိုရှိသမျှသော အစုမ်းသတ္တဝါတို့ကို တပြိုင်နက် ထင်ရှား ပြသနိုင်သည်။ ကာန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်၏။

(၄) အန္ဒကတို့ ပြောပြကြသည်မှာ ဗုဒ္ဓနှင့် ရဟန္တာနှစ်ဦးသည် တူမျှခြင်းမရှိချေ။ နှစ်ဦးလုံးမှာပင် ဆယ်ပါးအပြားရှိသော အင်အားဗလရှိသော်လည်း ခြားနားချက်မှာ ဗုဒ္ဓသည် 'သဗ္ဗာကာရဇ'ဖြစ်သည်။ မြတ်စွာဘုရား၏ ဉာဏ်တော်သည် အရာဝတ္ထုတိုင်းတွင် ပျံ့နှံ့သည် ဟု ဆိုလို၏။ ရဟန္တာ၏ ဉာဏ်တော်ကား အင်္ဂါတပါးသာရှိ၍ မပြည့်စုံချေ။

## (ဂ) ဗောဓိသတ္တ— ဘုရားအလောင်း

ဘုရားအလောင်း ဗောဓိသတ်သည် ဘဝ သံသရာတွင် ကျင်လည်နေကြသော သတ္တဝါအများအား ဓမ္မတရား၏ဥပဒေသပေးရန်အတွက်မိမိ၏အလိုဆန္ဒအတိုင်းပဋိသန္ဓေတည်နေခြင်းဖြစ်သည်၊ ဇာတ်ဝတ္ထုတို့တွင် ဤသဘောတရား အချက်အလက်တို့ကို လေ့လာနိုင်၏။ ထို့ပြင်မဟာယာန၏ အချုပ်အချာဖြစ်သော ဆရာသန္တိဒေဝသည် 'သိက္ခာ-သမုစ္စယ'နှင့် 'ဓမ္မစယာဝတရ'တွင် ဤအကြောင်းကို တခမ်း·တနား ဖွင့်ဆိုထားလေသည်။ ဘုရား အလောင်းတို့ အမိဝမ်းမှာ သန္ဓေ တည်ခြင်းသည် အမျိုးမျိုးသော အခိုက်အခါများမလိုချေ။ စင်စစ်ဘုရားအလောင်းသည် ဆင်ဖြူတကောင်၏အသွင်ဖြင့် အမိဝမ်းသို့ ဝင်ပြီးလျှင် ပဋိသန္ဓေ တည်နေလိုက်သည်။ဤကားဗောဓိသတ်နှင့်ပတ်သက်၍ဆန်းသစ်သော အကြံအစည်ဖြစ်သည်။ ဤအကြံအစည်ကို ထေရဝါဒီတို့ လက်မခံကြချေ။

## (ဃ) ရဟန္တာ၏ သရုပ်

ရဟန္တာ၏သရုပ်ကိုဖော်ထုတ်ပြီး မဟာသံဃိကတို့ ကောင်းစွာဝေဖန်ကြသည်။ ထေရဝါဒီ၏ အလိုအားဖြင့် ရဟန္တာသည်သာ လူတိုင်း၏ ကြီးကျယ်မြင့်မြတ်သောမှန်ပြဖြစ်သည်။ရဟန္တာအဖြစ်သို့ရောက်ရန်အတွက်ယောဂီတိုင်းကြိုးစားရမည်ဖြစ်သည်၊ သို့ရာတွင် ဤအယူအဆကို အယူအဆသစ်များက မနှစ်သက်ကြ

ချေ။ သူတို့၏ အလိုအားဖြင့် (က) ရဟန္တာသည် သူတပါးတို့အားဖြင့် လောဘ မောဟဖြစ်နိုင်သည်။ (ခ) ရဟန္တာဖြစ်သော်လည်း သူ့တွင် အညာဏ (ဉာဏ်မရှိခြင်း)ရှိသည်။ (ဂ)ရဟန္တာဖြစ်သော်လည်း သူ့တွင် ယုံမှားသံသယရှိသည်။ (ဃ) ရဟန္တာသည် သူတပါးတို့၏ အကူအညီဖြင့် အသိဉာဏ်ကိုရ၏။ရဟန္တာနှင့်ပတ်သက်၍ ဤလေးပါးသော ဝေဘန်ချက်ကို ချိုးဖျက်သော ထေရဝါဒီ တိဿသည် ကထာဝတ္ထုကိုစီရင်လေသည်။

## (၄) သောတာပန္န–သောတာပန်

သောတာပန်သည် မိမိလမ်းစဉ်မှ ရွေ့ရှားပြီး ကျနိုင်လှသော်လည်း ရဟန္တာသည် ဘယ်အခါမျှ လမ်းစဉ်ကို ဖယ်ရှားခြင်းမရှိချေ။ တကြိမ်မျှ ရဟန္တာအဖြစ်သို့ရောက်ပါလျှင် သူသည် အစဉ်ထာဝရ တည်မြဲသွား၏။ သူသည်ဘယ်အခါမျှ လှုပ်ရှားခြားမရှိတော့ချေ။

## (၅) ဣန္ဒြိယ–ဣန္ဒြေ

ဣန္ဒြေတို့၏ သရုပ်မှာ သက်သက် ဘူတိက (ရုပ်)ဖြစ်သည်။ ယင်းတို့မှာ မံသ (အသား)ရုပ်သက်သက်ဖြစ်သည်။ မျက်စိဣန္ဒြေသည် အာရုံကိုမမြင်ပါ။ သောတဣန္ဒြေသည် အာရုံကိုမကြားပါ။ ဣန္ဒြေတို့သည် မိမိတို့၏ အာရုံကိုယူခြင်းမရှိပါ။ဤအယူအဆမှာ ဝသုမိတြ၏ ကျမ်းပေါ်တွင် အမှီပြုထားပါသည်။ သို့ရာတွင် ကထာဝတ္ထုမှာမူ မဟာသံဃိကတို့၏ အယူအဆနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေလေသည်။

## (ဆ) အသင်္ခတ ဓမ္မ

ထေရဝါဒီဂိုဏ်းကွဲဖြစ်သော သဗ္ဗတ္ထိဝါဒီတို့၏ အလိုအားဖြင့် အသင်္ခတ ဓမ္မမှာ(က)အာကာသ၊ (ခ) ပဋိသင်္ချာနိရောဓနှင့် (ဂ) အပဋိ သင်္ချာနိရောဓ အားဖြင့် သုံးပါးအပြားရှိ၏။ မဟာသံဃိကတို့၏ အလိုအားဖြင့်ကား ထိုအသင်္ခတ၏ သင်္ချာမှာ ကိုးပါးရှိ၏။ သုံးပါးမှာ ဘော်ပြပါအတိုင်းဖြစ်၍ အခြားခြောက်ပါးမှာ အာရုပ္ပလေးပါးနှင့် အခြားတရားနှစ်ပါးဖြစ်သည်။ အာရုပ္ပ လေးပါးမှာ (၁) အာကာသာနဉ္စာယတန၊ (၂) ဝိညာဏဉ္စာယတန၊ (၃) အာကိဉ္စညာယတန နှင့် (၄) နေဝသညာ နာသညာ ယတန-တို့ဖြစ်သည်။ အခြားတရားနှစ်ပါးကိုကား မဟာသံဃိကတို့၏ အယူအဆတွင် တွေ့မြင်ရပါလိမ့်မည်။ ။

## ဂိုဏ်းဂဏ အစွဲအစည်း

ဂိုဏ်းဂဏတို့၏ ထင်ရှားသော အမည်မှာ ဝဇ္ဇိတိုင်းသားတို့ဖြစ်ကြသည်။ သူတို့သည် အသောက လက်ထက် မတိုင်မီ က ထေရဝါဒမှ ခွဲထွက်သွားသော မူလ ဂိုဏ်းခွဲဖြစ်သည်။ ဟာဿဝဒ္ဓနဲ့ မင်းလက်ထက်တွင် ထိုဂိုဏ်းမှာအထူးပင် ထင်ရှားခဲ့လေသည်။ ဤအကြောင်း သဲလွန်စကို ထိုစဉ်အခါ ဟယုပ်ချီးသည်တို့ အဖွင့်အပြဖြင့် သိရသည်။ ထိုဂိုဏ်း၏ အချုပ်အချာမှာ အနောက်ပိုင်းသိန္ဓုနယ်နှင့် အရှေ့ပိုင်းတွင် ဗက်ာနယ်ဖြစ်သည်။ သူတို့၏ အယူအဆမှာ မိမိတို့၏ ထူးခြားချက်ဖြစ်သော်လည်း

ပုဂ္ဂိုလ်အယူအဆမှာမူ အခြားသော အယူအဆတို့ကို နှိမ်ထား၏။ ဗြဟ္မဏ ဒဿန ဆရာတို့သည် ထိုဂိုဏ်းဂဏ၏ ပုဂ္ဂလဝါဒကို သူတို့၏ကျမ်းများတွင် ရေးသားထားကြ၏။ ဤဂိုဏ်းဆရာကြီးတို့၏ အယူအဆအကြောင်း အရာတို့ကို ဝသုဗန္ဓုသည် သူ၏ 'အဘိဓမ္မာ ကောသ' နောက်ဆုံးအပိုင်းတွင် ဖွင့် ဆို ထား ပြီး တိဿသည်လည်း ကထာ-ဝတ္ထုတွင် ထိုပုဂ္ဂလဝါဒ အယူအဆကို ချိုးဖျက်ရန်အတွက် ဦးဦးဖျားဖျား တင်ပြထားလေသည်။

## ပုဂ္ဂလဝါဒ

ဝစ္ဆိဂိုဏ်းသားတို့သည် လူတို့၏ ခံစားချက်ကို ဝေဘန်တိုင်းထွာပြီးလျှင် ဤခန္ဓာကိုယ်တွင် 'အဟံ-ငါသည်' တခဏမဟုတ်၊ အစဉ်ထာဝရတည်ရှိသော အခြင်းအရာ တမျိုးအဖြစ်ဖြင့် ယုံကြည်ဘွယ် အမှတ်လက္ခဏာ အထောက်အထား ပရိမာဏကို ထုတ်ဖော်ပြကြသည်။ ဤယုံကြည်ချက်သည် ခန္ဓာငါးပါး၏ အကူအညီဖြင့် ဖြစ်သည်မဟုတ်ချေ။ မနုဿ လူသား၏ဂုဏ် (သောတာပန်အဖြစ်ကဲ့သို့)သည် အမျိုးမျိုးသော ဘဝတို့မှာလည်း တခုတည်းသောအသွင်ဖြင့် ပေါင်း စု နေ လေ သည်။ ကျွန်ုပ်တို့သည် ဤအကြောင်းအရာတို့ကို ယောက်ယား၍ စဉ်းစားမိကြသည်မှာ ခန္ဓာငါးပါးမှတပါး အသစ်ဖြစ်သောစိတ်၏ ဗျာပါရ ထင်ရှားရှိသည်။ ယင်းသည် အဟံ-ငါ၏ တည်ရာဖြစ်၍ တဘဝမှ အခြားဘဝ၏အလျဉ်ကို မပြတ်သော အသွင်ဖြင့် ပြုလုပ်နေသည်။ ခန္ဓာများ ပြောင်းလဲသည်နှင့် အမျှပင် စိတ်၏ ဗျာပါရလည်း ပြောင်းလဲနေ၏။ သို့ကြောင့် ဤခန္ဓာ ငါးပါး

အားဖြင့်သာလျှင် အတိတ်ဘဝနှင့် သူ၏ အဖြစ်-အပျက် အကြောင်းအရာတို့ကို ကောင်းစွာ မသိနိုင်ခြင်းပင်တည်း။ ဤအချက်အလက်တို့ကို အထောက်အကူပြု၍ ဝဇ္ဇဂိုဏ်းသားတို့သည် ခြောက်ခုမြောက်သောစိတ် ဗျာပါရကို သတ္တာ ဟု လက်ခံကြသည်။ ဤစိတ်ဗျာပါရ၏ အမည်မှာ 'ပုဂ္ဂလ' ဖြစ်၏။ ဤပုဂ္ဂလသည် ခန္ဓာတို့နှင့် အတူတကွဖြစ်၏။ သို့ကြောင့် နိဗ္ဗာန်တွင် ခန္ဓာများချုပ်သောအခါ ပုဂ္ဂလမှာလည်း အမှန်ပင် ငြိမ်းချမ်းမှုရလေသည်။ ယင်းပုဂ္ဂလမဟုတ်လျှင် သင်္ခတ ဟု ခေါ်နိုင်၏။ အသင်္ခတမဖြစ်ချေ။ ပုဂ္ဂလသည် ခန္ဓာငါးပါးနှင့်တူစွာ တခဏ(ခဏိက) မဟုတ်ချေ။ သို့ကြောင့်ထိုတွင် သင်္ခတဓမ္မများ၏ ဂုဏ်ထင်ရှားမရှိခြင်းဖြစ်သည်။ ပုဂ္ဂလသည် နိဗ္ဗာန်နှင့် မတူ၍သာ ပြုပြင်ပြောင်းလဲခြင်း သဘောမရှိဘဲ အစဉ်ထာဝရတည်ခြင်းလည်း မရှိဖြစ်သည်။ သို့ကြောင့် သူ့ကို အသင်္ခတ ဟု လည်း ခေါ်ကြသည်။ ဤသဘောတရားကို ရည်ညွှန်း၍ ဝသုမိတြက ဤသို့ဆိုလေသည်။

(၁) ပုဂ္ဂလ မဟုတ်လျှင် ခန္ဓာသာလျှင်ဖြစ်၍ ခန္ဓာနှင့် သတ္တာမှာ ကွဲပြားခြင်းမရှိချေ။ ခန္ဓာ, အာယတနနှင့် ဓာတု အတွက် ပုဂ္ဂလသဒ္ဒါကို ခေါ်ဆိုခြင်းဖြစ်သည်။

(၂) ဓမ္မနှင့် ပုဂ္ဂလကို စွန့်၍ မွေးဘွားခြင်း၏ အခြားမဲ့ကို ယူရန်မဖြစ်နိုင်ချေ။ ထိုသူသည် မွေးဘွားခြင်း၏ အခြားမဲ့ကို ယူသောအခါ ပုဂ္ဂလနှင့် အတူတကွဖြစ်၏။

## အခြားသော အယူအဆ

ဝသုမိတြသည် ပုဂ္ဂလဝါဒမှတပါး အခြားသော အယူအဆတို့ကို ဖွင့်ပြခဲ့၏။ ထိုအယူအဆတို့မှာ အောက်ပါအတိုင်းဖြစ်၏။ (က) ပဉ္စဝိညာဉ်မဖြစ်လျှင် ရာဂဖြစ်၏။ ဝိရာဂ မဖြစ်ချေ။ (ခ) ဝိရာဂဖြစ်ရန်အတွက် ယောဂီသည် သံယောဇဉ်ကို ဖြတ်ရ၏။ ဒဿနလမ်းစဉ်တွင် တည်နေရုံမျှဖြင့် သံယောဇဉ်တို့ ပျက်စီးခြင်းမရှိချေ။ စင်စစ်မှာမူ ဘာဝနာလမ်းစဉ်ပေါ် ရောက်မှသာ ဤသံယောဇဉ်များ ပျက်စီးကြလေသည်။

# မဟာယာန သုတ္တ
# (သာမည ဣတိဟာသ)

မဟာယာနဂိုဏ်း၏ထူးခြားချက်မှာ တိပိဋကပိဋကသုံးပုံ မရှိခြင်းဟုမဆိုနိုင်ချေ။ သူ၏အတွင်းတွင် အယူအဆကွဲပြားခြားနားသောဒဿနဆရာတို့ များစွာပါဝင်သော ဂိုဏ်းခွဲပေါင်းမြောက်မြားစွာရှိလေရာ ထိုဂိုဏ်းတို့၏တည်ရာပိဋကလည်းအမှန်ပင်ရှိပေမည်။ ဟွေနသင်္ဂသည် သူ၏ကျမ်းတွင် မဟာယာနဂိုဏ်းအား လျော်သောဝိနယပိဋကနှင့် အဘိဓမ္မကို ညွှန်ပြပြီးလျှင် 'ဗောဓိသတ္တပိဋက' ဟူသော အမည်နာမကို ထုတ်ဖေါ်ထားလေသည်။ သို့ရာတွင်စိတ်ကူးသော အမည်ဟုသိရ၏။ တစုံတခုသော ပိဋက၏ အမည်မဟုတ်ချေ။ နေပါလ-(နီပေါ)တွင် ကျမ်းကြီးကိုးကျမ်းကို အထူးလေးစားကြည်ညိုသော မျက်လုံးတို့ဖြင့်ကြည့်ရှုကြသည်။ ယင်းကျမ်းတို့မှာ အောက်ပါအတိုင်းပင်ဖြစ်၏။

(၁) အဋ္ဌသာဟသိက ပညာပါရမိတာ၊
(၂) သဒ္ဓမ္မ ပုဏ္ဍရိက၊
(၃) လလိတ ဝိတ္ထာရ၊
(၄) လင်္ကာ ဝတာရ သုတ္တ၊
(၅) သုဝဏ္ဏ ပဘာသ၊
(၆) ဂဏ္ဍ ဗျူဟ၊
(၇) တထာ ဂတဂုယှက၊ သို့မဟုတ်တထာဂတ ဂုဏဉာဏ၊
(၈) သမာဓိရာဇ၊
(၉) ဒသ ဘူမိက၊ သို့မဟုတ်ဒသဘူမိဿရ။

မဟာယာနသုတ္တတို့၏ သာမည အားဖြင့် ဤကျမ်းတို့ကို 'ဝေပုလ္လသုတ္တ' ဟုခေါ်ဆိုကြလေသည်။ ဤကျမ်းတို့ကိုတစုံတယောက်သော ပုဂ္ဂိုလ်ကစီရင်သည် မဟုတ်ချေ။ ထို့ပြင် တခေတ်-တခါတည်းမှာလည်း တပြိုင်နက်ပေါ်ထွန်းသည်မဟုတ်ချေ။ နေပါလပြည်တွင် ဤကျမ်းတို့ကို လွန်စွာမြတ်နိုးကြသည်။ မဟာယာန၏မူလအယူအဆများကို ဖေါ်ပြသော များစွာသောသုတ္တာသည်ဤကျမ်းတို့ထက် ပိုလွန်များပြားသည်။ ဤသုတ္တာတို့အနက်မှနာမည်ကျော်ကြားသော ကျမ်းဂန်အချို့ကို ဤတွင်အကျဉ်းချုပ်ကာ ဖေါ်ပြပါမည်။ ဤသုတ္တတို့၏ အယူအဆကို ယူပြီးလျှင် နောက်နောင်ဒဿနဆရာတို့သည်မိမိတို့ စီရင်သောကျမ်းတို့တွင်ကိုးကားခဲ့ထွင်ဖွင့်ဆိုကြလေသည်။ သို့ကြောင့် ဗုဒ္ဓဒဿနကို ပြည့်စုံစွာသိရန်အတွက် ဤသုတ္တတို့၏အဆက်ဆက်ကိုလိုအပ်လှပေသည်။

## (၁) သဒ္ဓမ္မ– ပုဏ္ဍရီက

ကိုးကွယ်ဆည်းကပ်မှုကို အခြေခံပြုသောမဟာယာန၏အမျိုးမျိုးသော အခြင်းအရာကို လေ့လာရန်အတွက် ဤ 'သဒ္ဓမ္မပုဏ္ဍရီက' သုတ္တမှာအမှန်ပင် လိုလားအပ်ပေသည်။ ကျမ်းဂန်၏အာမည်ပေးပုံမှာ ထူးခြားလှသည်။ ပုဏ္ဍရီကမှာ ကြာဖြူပန်း ဖြစ်သည်။ ဖြူစင်သန့်ရှင်းခြင်းနှင့် ပြည့်စုံခြင်းကိုရည်ညွှန်းသည်။ ပေကျံသော ရွှံ့နွံတွင် ပေါက်စေကာမူကြာပန်းမှာ ရွှံ့နွံဖြင့် ပေကျံခြင်းမရှိချေ။ ထို့အတူဗုဒ္ဓသည်လောကတွင်ဖြစ်ပါသော်လည်း သူ့အားပပဉ္စနှင့်ကိလေသအညစ်အညစ်ကြေးတို့မှအချင်း[illegible]ပ်သိမ်းကင်းကွာသည်။ ဤကြီးကျယ်မြင့်မြတ်သောသုတ္တ၏မူလ

မှာသက္ကတအသွင်ဖြင့်တောက်ပနေသည်။ယင်းတွင်စကားပြေနှင့် အတူတကွသက္ကတကဗျာဂါထာများပါဝင်သည်၊ကြီးကျယ်ခမ်းနားသောသုတ္တကြီးဖြစ်၍ အခန်းကဏ္ဍပေါင်း ၂၇-ခန်းတို့ဖြင့် စီရင်ထား၏။

တရုပ်ဘာသာတွင် ဤသုတ္တ၏ ဘာသာပြန် ခြောက်စောင် ထွက်ပေါ်ခဲ့သည်။ သို့ရာတွင်ယခုအခါမူ ဘာသာပြန်သုံးစောင်ကိုသာတွေ့မြင်နိုင်သည်။ သူ၏မူလအသွင်ကို ပထမရာစု နှစ်တွင်စုပေါင်းခဲ့သည်။ အကြောင်းမူနာဂဇ္ဇုန (ဒုတိယရာစု)သည်သူ၏ကျမ်းတွင်ထိုကျမ်းကိုထုတ်နှုတ် ကိုးကားထားခြင်းကြောင့်ဖြစ်၏။ ပထမတရုပ်ဘာသာပြန်ကို ခရစ်သက္ကရာဇ် ၂၅၅- ခုနှစ်တွင် တွေ့မြင်ရ၏။ တရုပ်ဘာသာပြန် ဆရာ သုံးဦးမှာ- ဓမ္မရက္ခ (ခရစ် ၂၈၆), ကုမာရဇီဝ-(ခရစ် ၄၀၀၏ ပတ်ဝန်းကျင်), ဉာဏဂုတ္တနှင့် ဓမ္မဂုတ္တ(ခရစ်-၆၀၁) တို့ဖြစ်ကြသည်။ဤဘာသာပြန်များကိုနှိုင်းချိန်သောအခါကျမ်း၏ကွဲပြားခြားနားချက်များကိုကောင်းစွာတွေ့ရှိရလေသည်။

နညွှယ်၏အဆိုအမိန့်မှာဤသုတ္တတို့နှင့်တူမျှသောအခြားကျမ်းတစောင်ရှိသေးသည်။ ယင်းမှာ ဝသုဗန္ဓု စီရင်သော 'သဒ္ဓမ္မပုဏ္ဍရိကသုတ္တ' ဖြစ်သည်။ယင်းကျမ်းကိုနှစ်ကြိမ်တိုင်မျှတရုပ်ဘာသာသို့ ပြန်ဆိုပြီးဖြစ်သည်။ဗောဓိရုစိ (ခရစ်-၅၀၈)နှင့်ဤအချိန်၏ အနီးအနားတွင် ဖြစ်သော ရတန မတိသည် ဤဝသုဗန္ဓု၏ကျမ်းကိုတရုပ်ဘာသာသို့ပြန်ဆိုခဲ့လေသည်။ 'သဒ္ဓမ္မပုဏ္ဍရိက' ၏ အပိုင်းတပိုင်းသို့မံဂိုလီယန်ဘာသာတွင်ပြန်ဆိုထားသည်ကိုလည်းတွေ့ရ၏။ ယင်းဘာသာပြန်ကို တရုပ်ပြည်မြောက်ပိုင်းတွင်အထူးပင် လေ့လာကြလေသည်။

ဟာဒုပ်နှင့်ဂျပန်ပညာရှင်တို့သည် ဤကျမ်းကို အစဉ်ထာဝရ ဓမ္မသိက္ခာအတွက် ပဓာနကျမ်းဟုယူဆကြသည်။ တရုပ်ဂျပန်တို့သည် ဤကျမ်း၏ အဖွင့်ဋီကာများကို ခေတ်အဆက်ဆက် ကပင်မပြတ်မလပ်ရေးသားစီရင်ခဲ့ကြသည်။ ပထမဆုံး ဘာသာပြန်ဖြစ်သော ကုမာရဇီဝ၏ ဘာသာပြန်မှာလူကြိုက်အများဆုံး ဖြစ်၏။ ဣသိဂ်၏ အဆိုအရမှာ ဤကျမ်းကိုများစွာသော ထိပ်တန်းပညာရှိများပင် နှစ်သက် မြတ်နိုးကြသည်။ထိုပုဂ္ဂိုလ်သည် အနှစ်ခြောက်ဆယ်တိုင်မျှ ဤကျမ်းကို အခေါက်ခေါက်အခါခါလေ့လာခဲ့သည်။ ခရစ်သက္ကရာဇ် ၂၅၂နှစ်တွင်နိဗ္ဗာန်ပြုတော်မူတည်ထောင်သော 'ဟုက္ကေ-ဆူ'ဂိုဏ်းသည် ဤကျမ်းကို လုံးဝ လက်ခံကြသည်။ တရုပ်နှင့်ဂျပန်၏ 'တေနဒအိ' ဂိုဏ်းသည်လည်း ဤကျမ်းကိုမိမိတို့၏ အားထား မှီခိုရာပြုသည်။ အရှေ့ပိုင်း တူရကီစတာန်မှာလည်း ဤကျမ်းကို နှစ်သက်သူ မနည်းလှချေ။ထိုမှ ရရှိသောထိုကျမ်းကြီး၏ နေပါလ(နီပေါ) ဘာသာပြန် တပိုင်းမှာ လွန်စွာအားထားရာဖြစ်၍ သန့်ရှင်း စင်ကြယ်လှပေသည်။

ဤကျမ်းတွင် အမျိုးမျိုးသောဇာတ် ဝတ္ထုတို့ဖြင့်မဟာယာန၏အယူအဆများကို တင်ပြ ထား၏။မဟာယာန၏ ပုံသွင်သည်ယင်းဘွင်မျက်စိ ကျက်စားရာဖြစ်၏။ ထိုအယူအဆ ပုံသွင်သည်ကာလတပါးတွင်ထင်ရှားကျော်ကြားလူကြိုက်များသော ရုပ်ထုပူဇော်ခြင်း၊ ဗုဒ္ဓပူဇော်ခြင်း၊စေတီပုထိုး ပူဇော်ခြင်း အစရှိသောအမျိုးမျိုးသော ပူဇော်ခြင်းများ၏ ကျယ်ပြန့်သော အစီအရင်တို့ဖြစ်ပေါ်လာခဲ့လေသည်။ နံရံပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်ရေးခြယ်၍ တုလုပ်ပြီး သူ့အား ပန်းကလေးတပွင့် ပူဇော်လိုက်ပါ

လျှင် စိတ်ပြန့်လွင့်သော လူမိုက်ဖြစ်စေကာမူ ကုဋေပေါင်းများ စွာသော ဘုရားသခင်တို့အား ကိုယ်တိုင်ဒိဋ္ဌ ဖူးတွေ့ရမည်။

ပုပ္ဖေန စေကာန ပိ ပူဇယိတွာ
အာလေခ ဘိတ္တေ သုဂတာန ဗိမ္ဗံ၊
ဝိက္ခိတ္တ စိတ္တာ ပိ စ ပူဇယိတွာ
အနု ပုဗ္ဗ ဒက္ခန္တိ စ ဗုဒ္ဓကောဋိယော။
ပုဏ္ဍရိက ၂-၁၄

ဗုဒ္ဓသည် အာဝတာရိ ပုရိသဖြစ်သည်။ သူသည် ကုဋေ ပေါင်း များ စွာ သော ဗောဓိသတ္တ ပုဇာကို ပြုလုပ်ခဲ့ပြီး လျှင် လူသားတို့၏ ကောင်းမွန်ရေးအတွက် လွတ်မြောက်ရေး ဥပဒေသကို ပေး ကြ လေ သည်။ "နမော ဗုဒ္ဓါယ" ဟူ သော ဤမန္တန်ကို ရွတ်ဆိုကာမျှဖြင့် လူမိုက်သော်လည်း မြတ်သော 'အဂ္ဂဗောဓိ'အဖြစ်သို့ရောက်နိုင်၏။(၂-၉၆)၊ 'ပုဏ္ဍရိက'၏အရှိန် အဝါသည် ဗုဒ္ဓခေတ်အပေါ်မှာလည်း ထူးခြားသောအသွင်ဖြင့် ကူးရောက်လေသည်။

## (၂) ပညာပါရမိတာ သုတ္တ

မဟာယာန အယူအဆဖြစ်သော သုတ္တတို့တွင် ပညာပါရမိ တာ သုတ္တတို့၏ နေရာမှာ အထူးဖြစ်သည်။ ထိုမှတပါး သုတ္တတို့ သည် ဗုဒ္ဓနှင့် ဗောဓိသတ္တတို့အား အဖွင့်အပြတို့တွင် ရောထွေး နေလေသည်။သို့ရာတွင် ပညာပါရမိတာ သုတ္တတို့၏ အကြောင်း မှာ ဒဿန ဆရာတို့၏ အယူအဆပင်ဖြစ်၏။

ပါရမိတာတို့၏ သချာမှာ ၆-ပါးရှိသည်။ ယင်းတို့မှာ ဒါန, သီလ, သမာဓိ, ဝီရိယ, ဈာနနှင့် ပညာဖြစ်သည်။ ထေရဝါဒအလို အားဖြင့်ကား ဆယ်ပါးရှိသည်။

ဒါနံ သီလံ စ နေက္ခမ္မံ၊ ပညာ-ဝီရိယ ပဉ္စမံ၊
ခန္တိ သစ္စာမဓိဋ္ဌာန၊ မေတ္တုပေက္ခာတိ ယေဒသ။

မဟာယာန သုတ္တတွင်ကား အဆိုပါ ၆-ပါးသာ ဖြစ်၏။ ထိုတွင် ဤကျမ်းမှာ ပညာကိုသာ ပဓာနထား၍ ဖွင့်ပြသွား၏။ ပညာပါရမိတာ၏အနက်မှာ အလုံးစုံတို့ထက် မြင့်မြတ်သည့်မှာ ဉာဏဖြစ်၏။ ဤဉာဏ်သည် 'သုညတာ'၏ အပေါ်တွင် မှီတွယ်နေ၏။ ကမ္ဘာလောက၏ အလုံးစုံသောဓမ္မသည် အရိပ်ထင်ခြင်းမျှသာတည်း။ သူသည် စင်စစ်သတ္တာ မဟုတ်ချေ။ ဤသုညတာ၏ ဉာဏ်သည် ပညာ၏ ထိပ်တန်း အဆင့်ဖြစ်၏။ ဤသုတ္တတို့ကို အလွန်ရှေးကျသည်ဟူသော အယူအဆမှာ သင့်လျော်၏။ ဤအယူအဆတို့၏ အဖွင့်အပြကို နာဂဇ္ဇုန၏ ကျမ်းများတွင် တွေ့နိုင်၏။ ခရစ်သက္ကရာဇ် ၁၇၉--နှစ်တွင် ပညာပါရမိတာသုတ်ကို တရုပ်ဘာသာသို့ပြန်ဆို၏။

ပညာပါရမိတာ သုတ္တတို့၏ များစွာသော စာမူတို့ကို တရုပ်, တိဗက်နှင့် သက္ကတတို့တွင် တွေ့နိုင်၏။ နေပါလ အစဉ်အလာ အယူအဆအားဖြင့် ပညာပါရမိတာသည် ပုစ္ဆာဂါထာများဖြစ်၍ သင်္ခေပ အကျဉ်းမှာ တသိန်း, ၂၅-ထောင်, ၁၀-ထောင်နှင့် ၈-ထောင်သော ဂါထာတို့ကို ကာလတပါးတွင် ပြုစုခဲ့ကြသည်။ နောက်တချက် အဆက်ဆက်ပြောကြသည်မှာ မူလသုတ်မှာ ဂါထာပေါင်း ၈-ထောင်သာ ရှိခဲ့သည်။ ထို

တွင် ဇာတ်ဝတ္ထုပုံပြင်များနှင့် အဖွင့်အပြတို့ ရောနှောပြီး ဤမျှ ကြီးမားသော အသွင်ဖြင့် ထင်ရှားနေခြင်းဖြစ်၏။ ယင်းသည် အစဉ်အလာ သမိုင်း၏ အမြင်ဖြစ်သောကြောင့် ယုံကြည် မြတ်နိုးအပ်ပေသည်။ တရုပ်နှင့် တိဗက်ဂိုဏ်းတို့တွင် များစွာသော စာမူများကို တွေ့နိုင်၏။ သက္ကတတွင်တွေ့ရသောပညာပါရမိတာ သုတ္တာတို့၏မူမှာ- ပညာပါရမိတာမှာ ဂါထာပေါင်း တသိန်း (သတ သဟဿိကာ) ဂါထာပေါင်း ၂၅-ထောင် (ပဉ္စဝိံသတိ သဟဿိကာ) ဂါထာပေါင်း ၈-ထောင် (အဋ္ဌသဟဿိကာ) ဂါထာ ၂½ ထောင် (အဍ္ဎဒွိသဟဿိကာ) ဂါထာပေါင်း ၇-ရာ (သတ္တသတိကာ) ရှိသော ဝဇိရစ္ဆေဒိကာ ပညာပါရမိတာ, အပ္ပက္ခရိ ပညာပါရမိတာ, ပညာပါရမိတာ ဟဒယ သုတ္တာတို့ ဖြစ်ကြသည်။

ဤအမျိုးမျိုးသော မူတို့ကို ချိန်ဆလေ့လာခြင်းဖြင့် သိရသည်မှာ 'အဋ္ဌသဟဿိကာ' သည်သာလျှင် မူလကျမ်းရင်းဖြစ်သည်။ ယင်းကို အစိတ်-အင်္ဂါအများ ပေါင်းစုသဖြင့် ကြီးမားသောအသွင်ကိုဆောင်သည်။ အစိတ်-အင်္ဂါများကို ဖယ်ရှားပါက သေးငယ်သွားပေလိမ့်မည်။ ဤကျမ်း၏ အာနုဘော်သည် မဇ္ဈိမိကနှင့် ယောဂါစာရ ဆရာများအပေါ်တွင် အထူးမှီငြယ်နေ၏။ နာဂဇ္ဇုနသည် သုညတာ၏ သဘာဝကို ဤကျမ်းမှ ပင်ထုတ်ယူခဲ့လေသည်။ ဤသဘောတရား အယူအဆများကို ကြံစည် စိတ်ကူးသည်မှာ ရာဇဝင်သမိုင်းက မူလ အခြေခံသည်။ နာဂဇ္ဇုန၊ အသင်္ဂနှင့် ဝသုဗန္ဓုသည် ဤပညာ ပရမိတာတို့ အပေါ်တွင် အမှီပြုပြီး ကျယ်ပြန့်သောအဖွင့်ကို စီရင်ကြသည်။

ယင်းကို မူလ သက္ကတမှရသည်မဟုတ်ချေ။ တရုပ်,တိဗက်ဘာသာပြန်တို့တွင် လုံးဝ ယူခြင်းဖြစ်သည်။

‘ပညာပါရမိတာ, သဒ္ဒါမှာ အနက်အဓိပ္ပါယ်လေးမျိုး ကွဲပြားသည်။ ဒိန္နာဂသည် ဤအနက်ကို ‘ပညာပါရမိတာပိဏ္ဍတ္ထ’၏ ပထမဂါထာတွင် ဤသို့ ဖွင့်ဆိုလေသည်။

ပညာပါရမိတာ ဉာဏ၊ မဒ္ဒွယံ သ တထာဂတော။
သာဓျတာဒတျယောဂေန၊ တစ္ဆာဗဒယံ ဂန္ထမဂ္ဂယော။

ဒိန္နာဂ၏ ဤကျမ်းကို ယခုအခါ တိဗက်ဘာသာပြန်မှသာ ရနိုင်တော့သည်။ သို့ရာတွင် ဤဂါထာကို ဆရာဟရိဘဒြသည် ၎င်း၏ ‘အဘိသမယာ လင်္ကာရလောက’အမည်ရှိသော အဘိသမယကျမ်း ဋီကာတွင် ကောက်နုတ် ဖော်ပြထားလေသည်။ ဤကျမ်းအားလျော်စွာ ပညာပါရမိတာသည် အတုမရှိသော ဉာဏ်နှင့် ဗုဒ္ဓ၏ ဓမ္မကာယကို ညွှန်ပြ၏။ ဤသို့လျှင် ဗုဒ္ဓဓမ္မ၏ ပရမတ္ထကို ထင်ရှားဖွင့်ဆိုလေသောကြောင့် ဤသုတ်တို့တွင် ဗုဒ္ဓ၏ကြီးကျယ် မြင့်မြတ်ခြင်းမှာ အတိုင်း မ သိ ဖြစ် ခဲ့ သည်။ ဤသုတ်ကို ထိုသူတို့သည် အလွန်သန့်ရှင်း ကြည်လင်သော မျက်စိဖြင့် ကြည့်ကြ၍ ဘုရားကျောင်းတို့တွင် ဤသုတ်တို့ကိုထားပြီး ပူဇော်ကြသည်။ ကြည်နူးဘွယ် ရွတ်ဘတ်သရဇ္ဈာယ်ကြသည်။

## (၃) ဂဏ္ဍဗျူဟ သုတ္တ

တရုပ်နှင့် တိဗက် ပိဋကတ်တို့တွင်ရှိသော ‘ဗုဒ္ဓါဝတံသက’ သုတ်တို့၏ အစီအရင်ကို မဟာယာနသုတ်တို့၏ မာတိကာတွင် တွေ့မြင်နိုင်သည်။ ဤသုတ်တို့ကို အမှီပြု၍ တရုပ်ပြည်တွင်

'အဝတံသက' အယူအဆ (ခရစ် ၃၃၇-မှ-၃၇၉-အတွင်း) ဖြစ်ပေါ်ခဲ့၏။ဂျပန်ပြည်တွင်'ကေဂန' ဂိုဏ်း၏ မူလကျမ်းမှာလည်း ဤသုတ္တတိုပင်ဖြစ်လေသည်။ ဤသုတ္တ၏မူလ သက္ကတ ဘာသာကိုကား မရနိုင်တော့ပါ။သို့ရာတွင် 'ဂဏ္ဍ ဗျူဟ မဟာယာန သုတ္တ-'မှာ ဤအဝတံသ သုတ္တနှင့် ဆက်စပ်နေသည်။အကြောင်းကား ဤသုတ်၏ တရုပ်ဘာသာပြန်နှင့် အတူတကွ အညီအမျှပင် ထိုသုတ်၏ အသွင်ကို တွေ့မြင်ရသည်။ သုဓန အမည်ရှိသော လုလင်တယောက်သည် မှန်မြတ်သောသဘောတရားကို ယိုလားတောင့်တ၍ အရပ်ဒေသများတွင် လှည့်လည်ပြီးအမျိုးမျိုးသော လူတို့ထံမှာ မြတ်သော သဘောတရားကို လေ့လာသင်ကြားခဲ့သည်။ နောက်ဆုံးတွင် မဉ္ဇုသိရိ ချီးမြှောက်ခြင်းကြောင့် သူသည် ပရမတ္ထသို့ ရရန် စွမ်းဆောင်နိုင်သွား၏။ သိက္ခာသမုစ္စယတွင် ဤသုတ်မှ ကောက်နုတ်ချက် အများအပြား တွေ့ရ၏။ ဤသုတ်၏ အဆုံးတွင် 'ဘဒြစာရီ ပဏိဓာန ဂါထာ' ၆၃-ပုဒ်ကို ဖေါ်ပြထား၏။ အလွန် စိတ်ဝင်စားဘွယ်ကောင်းသော ဘုရားဂုဏ်တော်ဘွဲ့ဂါထာတို့ပင် ဖြစ်၏။ မဟာယာနတို့၏ အယူအဆအတိုင်း ဗုဒ္ဓအား မေ့လျော့ဘွယ် ချီးကျူးထားလေသည်။

## (၄) ဒသ ဘူမိက သုတ္တ

ဤသုတ်ကို သဒဘူမိက သို့မဟုတ် ဒသဘူမိဿရ ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြ၏။ ယင်းသည် အဝတံသက၏ အစိတ်အင်္ဂါတပါးဖြစ်၏။ သို့ရာတွင် သီးခြားအားဖြင့် လွတ်လွတ်လပ်လပ်ပင် စီရင်သွား၏။ ဤသုတ်၏ အကြောင်းအရာမှာ

ဗုဒ္ဓအဖြစ်သို့တိုင်အောင် ရောက်နိုင်ချန်အတွက် ဒသ ဘူမိ-ဘုံဆယ်ဆင့်တို့ကို အစဉ်အတိုင်း ဖွင့်ပြသွား၏။ ကျမ်းမှာ စကားပြေဖြစ်၍ ဒသမပိုင်းတွင် သင်္ဂါထာများလည်း ပါဝင်လေသည်။ မဟာယာန အယူအဆတွင် ဤအကြောင်းအရာကို အထူး ဝိသေသ နေရာမှာထားသည်။ ဤအကြောင်းအရာကိုယူ၍ ဆရာအမျိုးမျိုးသည် အသစ်-အသစ် ကျမ်းများကို စီရင်ကြလေသည်။

တရုပ်ဘာသာတွင် ဤကျမ်း၏ ဘာသာပြန်လေးစောင်တွေ့ရသည်။ ယင်းတို့တွင် ခရစ်သက္ကရာဇ် ၂၉၇-ခုနှစ်က ဓမ္မရက္ခဆရာပြန်ဆိုသော ဘာသာပြန်မှာ အစောဆုံးဖြစ်၏။ ထိုနောက် ကုမာရဇီဝ (ခရစ် ၄၀၆) ဗောဓိရုစိ-(၅၀၀-၅၁၆) နှင့် သီလဓမ္မ (ခရစ် ၇၈၉)သည် ထိုကျမ်းကို အသီးသီး တရုပ်ဘာသာသို့ ပြန်ဆိုကြသည်။ နာဂဇ္ဇုနသည် ဤကျမ်းမှ အပိုင်းတပိုင်းကို ယူပြီး ဒသ ဘူမိ ဝိဘာသာ သတ္တ ဟူသော အမည်ဖြင့် အဖွင့်ကျမ်းရေးလေသည်။ ယင်းကိုလည်း ကုမာရဇီဝ တရုပ်ဘာသာသို့ပြန်ဆိုထားသည်။ ဤကျမ်းတွင် အစဦးစွာ ဘုံနှစ်ဆင့်ကို ဖွင့်ဆိုထားလေသည်။

## (၅) ရတနကူဋ

တရုပ်ပိဋကနှင့် တိဗက် ကံဇုရ၏ ရတန ကူဋသည်ထူးခြားသော အင်္ဂါတပါးဖြစ်၏။ ဤကျမ်းတွင် ၄၁-သုတ်ကို ပေါင်းစုထားရာ သုခါဝတီဗျူဟ၊ အက္ခောဘျဗျူဟ၊ မဉ္ဇုသိရိ ဗုဒ္ဓခေတ္တ ဂုဏဗျူဟ၊ ကဿပ ပရိဝတ္တနှင့် ပရိပစ္ဆာအမည်ရှိသော များစွာသော ကျမ်းတို့အား အထူးပြု၍ ပေါင်းစု ထား၏။

သက္ကတတွင်လည်း ရတနကူဋမှာ အမှန်ပင်ရှိလိမ့်မည်။ သို့ရာတွင် ယခုအခါ မရနိုင်တော့ပါ။ ရတနကူဋကျမ်းသည် လွတ်လပ်သော အသွင်ဖြင့် သက္ကတတွင်လည်း ဟိုဟိုသည်သည် တွေ့မြင်ရပါသည်။ 'ကဿပ ပဝိဝတ္တ'၏ မူလ သက္ကတမှ အချို့သော အစိတ်အပိုင်းကို ခိုဋ္ဌာန်၏ အနီးအနားတွင် တွေ့ရလေသည်။ သူ၏အလုံးစုံတို့ထက် ရှေးကျသောဘာသာပြန်မှာ ခရစ် ၁၇၈-မှ ၁၈၄-တိုင်အောင် တရုပ်ဘာသာဖြင့် ရှိခဲ့လေသည်။ ဤကျမ်းတွင် ဗောဓိသတ္တ၏ သရုပ်ကိုဖွင့်ပြ၍ သုညတာ အယူအဆကို များစွာသော ကထာပုံပြင်တို့ဖြင့်စီရင်ထား၏။ ဗုဒ္ဓ၏ ပဓာနတပည့်ဖြစ်သော ကဿပသည် ဤသုတ်တို့ကိုဟောပြောခဲ့သည်။ သို့ကြောင့် သူ၏အမည်မှာ 'ကဿပပရိဝတ္တ'ဖြစ်သည်။

ရတနကူဋတွင် ပါဝင်သော ပရိပစ္ဆာတို့တွင် ရဋ္ဌပါလပရိပစ္ဆာ၊ သို့မဟုတ် ရဋ္ဌပရိပါလသုတ်မှာ တဘာသာဖြစ်၏။ ဤသုတ်တွင် အပိုင်းနှစ်ပိုင်းရှိ၏။ ပထမပိုင်းတွင် ဗုဒ္ဓသည် ဗောဓိသတ္တ-ဘုရားအလောင်း ဂုဏ်ကျေးဇူးတို့နှင့် ပတ်သက်၍ ရဋ္ဌပါလနှင့် အမေးအဖြေ ပြုလုပ်ထားသည်။ ဒုတိယပိုင်းမှာ ကုမာရ ပုညရသိ၏ အကြောင်းအရာကိုဖွင့်ဆိုထား၏။

## (၆) သမာဓိ ရာဇ သုတ္တ

ဤသုတ်၏ ဒုတိယအမည်မှာ 'စန္ဒ ပဒီပ' သုတ္တဖြစ်၏။ ဤကျမ်းတွင် စန္ဒပဒီပ(စန္ဒပဘာ)နှင့် ဗုဒ္ဓ၏ ကထောပကထန-(အာလာပ သလ္လာပ)ပြောဆိုကြခြင်းဖြစ်၏။ ယင်းတွင် သမာဓိအားဖြင့် ပညာကို ရနိုင်သော ဥပါယ်တမျဉ်ကို ဖေါ်ပြထား၏။ ဤကျမ်

၏ အပိုင်းငယ်တခုကို ရှေးဦးစွာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကာသိရ မြောက်ပိုင်း ဂိလဂိတ နယ်မှ စေတီတဆူ၏အောက်တွင် ထိုကျမ်းကို တွေ့ရ၍ ကာသ္မိရ မဟာရာဇာ၏ ခွင့်ပြုချက်အရ ကလကတ္တားမှာ ပုံနှိပ်ခြင်းဖြစ်သည်။

ဤသုတ်မှာ များစွာသော ဒိဋ္ဌိအမြင်တို့ဖြင့် ပြည့်စုံခိုင်လုံနေသည် ဟု ယူဆရသည်။ စန္ဒကီတ္တိသည် မဇ္ဈိမက ဝိတ္တိ၌၎င်း၊ သန္တိဒေဝသည် သိက္ခာ သမုစ္စယ၌၎င်း၊ ဤကျမ်းမှ အယူအဆများကို ထုတ်နုတ်ဖော်ပြသွားလေသည်။ ဤကျမ်းတွင် ကနိသက လက်ထက်က ဘင်ခဲ့သော ဗုဒ္ဓသံဂီတိကို ရေးသားထား၍ ခရစ်သက္ကရာဇ် ၁၄၈-ခုနှစ်တွင် ပထမဆုံး တရုပ်ဘာသာသို့ပြန်ဆိုခဲ့လေသည်။ သို့ဖြင့် သိရသည်မှာ ပထမရာစုနှောက်ဆုံးသို့မဟုတ် ဒုတိယရာစု၏ အစတွင် ကျမ်းကို ပေါင်းစုခြင်းဖြစ်လိမ့်မည်။

ထိုကျမ်း၏ ဘာသာမှာ ဂါထာတို့ဖြင့်ဖြစ်၍ သက္ကတနှင့် ပါကတ ဘာ သာ တို့ ရော နှော နေ၏။ အကြောင်း ကား ထို'သုညတာ'ပင်ဖြစ်၏။ ဘဝသံသရာ၏ အရာဝတ္ထု အနက်သဘောတို့မှာ တခုတည်းသာလျှင်ဖြစ်၍ အသွင်တူသည်။ သို့ရာတွင် ယင်းတို့မှာ အသိဉာဏ်မရှိသော သူတို့၏အမြင်၌ အမျိုးမျိုးကွဲပြားခြားနားပြီး အမျိုးမျိုး အဖုံဖုံ ထင်မြင်ယူဆနေကြသည်။ အလုံးစုံသော ဓမ္မသဘာဝမျှတသော အသိဉာဏ်သည်သာ ဘဝ ပ ပဥ္စမှ သတ္တဝါတို့အား ထုတ်ဆောင်ကယ်တင်နိုင်သည်။ ဤသုတ်တွင် ပါရမီ ခြောက်ပါးရှိသည့်အနက်က သီလနှင့်ဒါနကို ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်ကို မပေးဘဲ ခန္တီပါရမီကိုသာ လူတိုင်းနှစ်သက်စရာ တည်ဆောက်သွား၏။ ယင်း

ကို လေ့လာခြင်းဖြင့် သတ္တဝါဟူသမျှ တူမျှသော အသိဉာဏ် ဖြစ်ပေါ်နိုင်၏။ ဤကျမ်းတွင် အခဏ်းကဏ္ဍပေါင်း ၁၆-ပါဝင်သည်။ ကျမ်း၏မူလအသင်မှာ ဘရုပ်ဘာသာပြန်တွင် တွေ့ရသကဲ့သို့ အကျဉ်းသခေ်ပမျှဖြစ်လိမ့်မည်။ သို့ရာတွင် တဖြည်းဖြည်း ကြီးထွားလာခြင်းဖြစ်သည်။

## (၇) သုခါဝတီ ဗျူဟ

'သဒ္ဓမ္မ ပုဏ္ဍရိက'တွင် သကျမုနိနှင့် 'ကာရဏ္ဍ ဗျူဟ' တွင် အာလောကိတေသွရအား အလွန်အကျူး ချီးကျူးထားသည်ကို တွေ့ရသကဲ့သို့ သုခါဝတီ ဗျူဟတွင်'အမိတာဘ'မှာ ဗုဒ္ဓ၏ ကောင်းမြတ်သော ဂုဏ်ကျေးဇူးတို့ကိုထူးထူးခြားခြား တန်းဆာဆင်၍ ထားလေသည်။ ထိုကျမ်းကို သက္ကတဘာသာမှာ ပုံနှိပ်မူ နှစ်မျိုးတွေ့ရ၏။ တခုကကြီး၍ တခုကသေးသည်။ နှစ်ကျမ်းလုံးတွင် ယူဆ-ယူကြောင်း ခြားနားသည်။ တို့ရာတွင် နှစ်ကျမ်းလုံးပင် 'အမိတာဘ' ဗုဒ္ဓ၏ ချမ်းသာအတိပြီးသော နတ်ပြည်ကို ချီးကျူးကြသည်။အကြင်သူသည် ကိုးစားအပ်သော အမိတာဘ ဗုဒ္ဓ၏ဂုဏ်ကို ချီးကျူးခြင်းဖြင့် မိမိ၏ အချိန်ကိုကုန်လွန်စေအံ့။ သေချိန်တွင် အမိတာဘ၏ ရုပ်ပုံနှင့် ဂုဏ်ကို အောက်မေ့အံ့၊ထိုသူသည် သေသည်၏ အခြားမဲ့၌ ဤနှစ်သက်ဖွယ်အတိပြီးသော လောကတွင်ဖြစ်၍ ချမ်းသာသုခအမျိုးမျိုးကိုခံစား၊ စံစားရလိမ့်မည်။ ဤအကြောင်းအရာပေါ်တွင် ဤသုတ်၏ ထူးခြားချက်မှာ ထက်မျက်လှစွာ၏။ သုခါဝတီ၏ စဉ်း စား ချက် မှာ မဟာယာန အယူအဆတွင် နတ်ပြည်ကို ကြံစည်ခြင်းပင်တည်း။

ထိုနှစ်သက်ဘွယ်ကောင်းသော လောကတွင် ကုဋ္ဌေပေါင်းများစွာသော ရတနာ သစ်ပင်များပေါက်နေကြသည်။ ကမလာ-ရွှေကြာပန်းများ ရှင်လန်းနေကြသည်။မြစ်နဒီတို့တွင် သန့်ရှင်းကြည်လင်သော ရေစင်တို့ တသွင်သွင်စီးဆင်းနေကြသည်။ ထိုတွင်ရှိသော သူတို့သည် လောကနှင့် မဆက်ဆန်သော ဂုဏ်တို့ဖြင့် တန်းဆာဆင်ပြီးနေကြလေရာ သူတို့ကြံစည်သော သုခကိုထိုခဏမှာပင် ရောက်သွားလေသည်။ ဤသို့လျှင် မဟာယာနတို့၏ အယူအဆအားလျော်စွာ နတ်ပြည်ကို အထူးကြံဆင်ခြင်ခြင်းသည် ဤဗျူဟာ၏ ပဓာနရည်ရွယ်ချက်ဖြစ်၏။

သုခါဝတီဗျူဟာကို တရုပ်ဘာသာပြန်မှာ ၁၂-စောင်ရှိ၍ ဘာသာပြန် ၅-စောင်ကို ယနေ့တိုင်တွေ့မြင်နိုင်သေးသည်။ပထမဆုံးဘာသာပြန်မှာ ခရစ်သက္ကရာဇ် ၁၄၇-မှ-၁၈၆-ခုနှစ်အတွင်းဖြစ်၍ ဒုတိယရာစုနှစ်အစလောက်ဖြစ်ပေလိမ့်မည်။ ဤဘာသာပြန်မှာ အစောဆုံးဖြစ်၍ ကြီးလည်းကြီးမားသည်။အခြားသေးငယ်သော ဘာသာပြန်သုံးစောင် ရှိသေးသည်။ ကုမာရဇီဝ (ခရစ် ၄၀၂), ဂုဏဘဒြ (၄၂၀ မှ ၄၇၀), ဟွေနသင်္ဂ (၆၅၀-ခန့်)၊ သူတို့၏ ဤတရုပ်ဘာသာပြန်များသည် ဗျူဟာနှင့် ဆက်စပ်နေသော တတိယမြောက် သုတ္တတို့ပင် ဖြစ်၏။ ထိုသုတ်တို့၏ အမည်မှာ 'အမိတာယုဗ္ဗျာန' ဖြစ်၍ အမိတာယုဗုဒ္ဓအား အထူးဖွင့်ဆိုထားသည်။ ထိုသုတ်၏ မူလ သက္ကတဘာသာ စာကိုယ်ကိုကား မတွေ့ရတော့ချေ။တရုပ်ဘာသာပြန်သာ ကျန်ရှိတော့သည်။ တရုပ်နှင့် ဂျပန် ဗုဒ္ဓဘာသာဝင်တို့သည် ဤဗျူဟာကို လေးစားမြတ်နိုးကြသည်။ သူတို့၏ အသဲနှလုံးတွင် ဗုဒ္ဓကို ဂရုစိုက်နှလုံးသွင်း၍ သဒ္ဓါတရား တိုးပွါးမှုအတွက် ဤသုတ်တို့က

များစွာ အလုပ်-လုပ်ပေးသည်။ အမိတာဘကိုဂျပန်တို့က'အမိဒ' ဟု ခေါ်ကြသည်။ ထိုနှစ်ပြည်မှ ဘာသာရေးပညာရှိတို့ ခိုင်မြဲစွာ ယုံကြည်ကြသည်မှာ အမိဒအား ကိုးကွယ်ဆည်းကပ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းနှင့် ပုတီးစိပ်ခြင်းဖြင့် သုခါဝတီသို့အမှန်းမုချ ရောက်မည်ဟူသတည်း။ ဂျပန်တွင် အထူးသဖြင့် ဇောဒေါ်ဆုနှင့် 'ဆိနဆူ'ဂိုဏ်းသားတို့ အထူးကိုးစားယုံကြည်ကြသည်။ဤသို့လျှင် သုခါဝတီ ဗျူဟာ၏ အာနုဘော်နှင့် ကြီးကျယ်ခြင်းသည် သမိုင်းအမြင်တွင် လွန်စွာ အဆင့်အတန်း မြင့်လှလေသည်။

## (ဂ) သုဝဏ္ဏပဘာသ သုတ္တ

မဟာယာနတွင် ထင်ရှားကျော်ကြားသော သုတ်ပင်ဖြစ်သည်။ ကံအားလျော်စွာ ဤသုတ်၏ မူလ သက္ကတကိုလည်းရနိုင်၍ ဂျပန်ပညာရှိ နင်ဂျိအိုသည် နာဂရီ အက္ခရာဖြင့် ပုံနှိပ်ထားလေသည်။ တရုပ်နှင့် တိဗက်တွင် များစွာသော ဘာသာပြန်များ ထွက်ပေါ်နေသဖြင့် သူ၏ ထင်ရှားကျော်ကြား လူကြိုက်များခြင်းကို သိနိုင်လေသည်။ တရုပ်တွင် ဤသုတ်၏ ဘာသာပြန် ၅-စောင်ရှိ၍ သုံးစောင်ကို ယနေ့တွေ့နိုင်သေးသည်။

၁။ ဓမ္မရက္ခ (ခရစ်သက္ကရာဇ် ၄၁၂-၄၂၆) ၏ဘာသာပြန်မှာ အစောဆုံးဖြစ်၏။ ဤတွင်အခဏ်းကဏ္ဍပေါင်း၁၈-ခဏ်း ပါဝင်သည်။ဤဘာသာပြန်မှာလွန်စွာလွယ်ကူ၍ ချောမောပြေပြစ်သည်။ (၂) ပရမတ္ထ (ခရစ် ၅၄၈) ၏ဘာသာပြန်မှာ အခဏ်းပေါင်း ၂၂-ခဏ်းပါဝင်သည်။ သို့ရာတွင် ဤဘာသာပြန်မှာ ပျောက်၍နေသည်။(၃)ယသောဂုတ္တ(ဆဋ္ဌရာစု)၏ ဘာသာပြန်

မှာ ၂၂ခန်းပါဝင်၍ယနေ့တွေ့မြင်နိုင်ပါသည်။(၄)ပါအိုကျူအိ (ခရစ် ၅၉၇) ၏ဘာသာပြန်မှာ ရှေးဟောင်းဘာသာပြန်တို့ကို သုတ်သင်ပြင်ဆင်သောအပိုင်း နှစ်ပိုင်းနှင့်အတူတကွဖြစ်၏။(၅) ဠာသိဂ်(ခရစ်၇၃)၏ ဘာပြန်မှာ အပိုင်းပေါင်း၃၁-ပိုင်းရှိသည်။ ဤဘာသာပြန်မှာ ဠာသိဂ်သည် အိန္ဒိယမှသူနှင့် အတူ ယူဆောင်သွားသော စာမူဖြစ်သည်။ ထိုကျမ်းစာမှာ တိဗက် တွင်လည်း အတော်ပင်ထင်ရှားသည်။ အမျိုးမျိုးသော ရာစုတို့တွင် ပြန်ဆိုခဲ့သောတိဗက်ဘာသာပြန်သုံးစောင်ကို ယနေ့တိုင်တွေ့မြင်နိုင်ပါသေးသည်။ မံဂိုလိယားတွင် ရှိသော ဘာသာပြန်မှာ ဠာသိဂ်၏ တရုပ်ဘာသာပြန်မှ တဆင့်ပြန်ခြင်းဖြစ်၏။ အရှေ့ပိုင်းတူရကီ စတန်မှ မူလကျမ်း၏များစွာသော အစိတ်အပိုင်းတို့ကို နေရာအနှံ့ အပြားတွင် တွေ့မြင်ရ၏။ ဤသို့လျှင် 'သုဝဏ္ဏပဘာသ" သည် မိမိ၏အရောင်အဝါဖြင့် များစွာသော အရပ်မျက်နှာတို့ကို အလင်းရောင်ဖြန့်သည်မှာ ယုံမှားဘွယ်မရှိချေ။

မူလကျမ်းရင်းတွင် အပိုင်း၂၁-ပိုင်းရှိ၍ သူ၏ အမည်မှာ "ပရိဝတ္တ"ဖြစ်၏။ အစခြောက် ပိုင်းမှာ မဟာယာန တို့၏ အယူအဆကိုဖွင့်ပြထားရာ လွန်စွာခမ်းနားလှပေ၏။ ဤတွင်တထာဂတ (မြတ်စွာဘုရား)၏ အသက်အာယုပရိမာဏ-အတိုင်းအရှည်ပါပဒေသနာ သုညတာကို ဖွင့်ဆိုထား၏။ နောက်ပိုင်းတွင် တထာဂတအားပူဇော်ခြင်း အမှုပြုသောသူသည် ဒေဝီ-ဒေဝတာတို့၏ သန့်ရှင်းသော အကျိုးဖလရခြင်း ပုံဝတ္ထုကိုဖော်ပြ၏။တရုပ်ဘာသာပြန်နှင့်နှိုင်းယှဉ်ကြည့်ပါလျှင်မူလကျမ်းရင်းမှာ ခပ်ကျဉ်းကျဉ်းပင်ဖြစ်ပေလိမ့်မည်။ ထိုနောက်မှ များစွာသော ပုံပြင်တို့ကို

ထည့်သွင်းသဖြင့် တဖြည်းဖြည်းကြီးထွားသွားခြင်းဖြစ်သည်။ ဓမ္မရက္ခ၏ဘာသာပြန်မှာ ဤမူလသက္ကတနှင့်ကောင်းစွာတိုက်ဆိုင်သည်။

ဤသုတ်၏ရည်ရွယ်ချက်မှာ မဟာယာနအယူအဆကို လွယ်ကူသောဘာသာဖြင့်တင်ပြခြင်းပင်ဖြစ်၏။ ဒဿန၏လျှို့ဝှက်ချက်သဘောတရားကို တားမြစ်ပိတ်ပင်ရန်အတွက် ရည်ရွယ်ချက်မရှိချေ။ ဤသုတ်ပေါ်တွင်သဒ္ဓမ္မ ပုဏ္ဍရိကနှင့်ပညာပါရမိတာသုတ်တို့၏ အရိပ်အဝါပြန့်နှံ့နေသည်။

ဤသုတ်ကိုလေ့လာခြင်းသည် ဘာသာနှင့်ဘာဝကိုနှစ်မျိုးလုံးကိုနှိုင်းချိန်ခြင်းဖြစ်၏။ဂျပန်တို့သည် ဤသုတ်ကို ရှေးအခါကစ၍ယနေ့တိုင်အစဉ်မပျက်နှစ်သက် မြတ်နိုးကြ၏။ခရစ် သက္ကရာဇ် ၅၈၇ ခုနှစ်တွင် ဂျပန်ဘုရင် "ရှိုကိုတူ"သည် ဤသုတ်ကို တည်ထားကိုးကွယ်ရန်အထူးကျောင်းဆောင်တခုဆောက်လုပ်ခဲ့သည်၊ နောက်ရာစုနှစ်များတွင် ဂျပန်တို့သည် သုတ်တိုင်းကိုပင်ကျောင်းဆောင်မှာထားပြီး ကိုးကွယ်ကြလေသည်။ ယခုခေတ် ဂျပန်ဗုဒ္ဓဓမ္မအသွင်စီးဆင်းရာမှာ ဤသုတ်များပင်ဖြစ်သည်။

## (၉) လင်္ကာဝတာရ သုတ္တ

ဤကျမ်းသည် ဝိညာဏဝါဒအယူအဆကိုထွန်းပြသော မူလဘူတ ဖြစ်သည်။ ဤကျမ်း၏ အလွန်သန့်ရှင်းသော ပုံနှိပ်မူသည် များစွာသော နှစ်ပရိစ္ဆေဒကို ညစ်နွမ်းစေခဲ့ပြီးနောက် ဂျပန်တွင် ထင်ရှားသောပညာရှိဖြစ်သည့် ဒေါက်တာ "နင်ဇီအို"က ဖြန့်ချိခဲ့သည်။ ကျမ်းမှာဆယ်ပိုင်းရှိ၏။ ပထမပိုင်းတွင်ကျမ်း၏ အမည်သညာနှင့်စီရင်ရခြင်းအကြောင်းရင်းကို ရှင်းပြထား၏။ မြတ်စွာ

ဘုရားသည်လင်္ကာ(သီဟိုဠ်ကျွန်း)သို့ ကြွသွားပြီး ရဟန်းများကို ရာဝဏ(ခေါင်းဆယ်လုံး) အားပေးအပ်လေသည်။လင်္ကာကိုကူး သွားသောကြောင့် ဤကျမ်း၏အမည်ကို လင်္ကာဝတာရသုတ်ဟု ခေါ်ခြင်းဖြစ်သည်။ ဒုတိယပိုင်းမှစ၍ နဝမပိုင်းသို့တိုင်အောင် ဝိညာဏဝါဒအယူအဆကို ရှင်းပြထား၏။ဒုတိယပိုင်းနှင့် တတိယ ပိုင်းမှာ ကျယ်ပြန့်သည်။ကျမ်း၏နောက်ဆုံးပိုင်းကို 'သဂါထကံ' ဟုအမည် ပေးထား၏။ယင်းတွင် ဂါထာပေါင်း ၈၈၄-ပုဒ်ဖြင့် အယူဝါဒများကိုရှင်းပြထား၏။မေတေယျ နာထသည် ဤသုတ် တို့မှ ဝိညာဏအယူအဆကိုယူပြီး သူ၏ကျမ်းကို စီရင်လေသည်။

ဤကျမ်း၏တရုပ်ဘာသာပြန်သုံးစောင်တွေ့ရသည်။(၁)ဂုဏ ဘဒြ၏ ဘာသာပြန်မှာရှေးအကျဆုံး ဖြစ်သည်။ အိန္ဒိယအလယ် ပိုင်းတွင် နေကြသောရဟန်းတော်များ ခရစ်သက္ကရာဇ် ၄၄၃-ခု နှစ်တွင် လင်္ကာသို့သွားပြီး ဤကျမ်းကို ဘာသာပြန်ဆိုကြသည်။ ဤဘာသာပြန်တွင် ပထမပိုင်း, နဝမပိုင်းနှင့်-ဒသမပိုင်းကိုမတွေ့ ရချေ။ သို့ကြောင့် ထိုအချိန် တိုင်အောင် ထိုအပိုင်း များကို စီရင် ရေးသား၍ပြီးဟန်မတူသေးချေ။(၂) ဗောဓိရုစိ- ထိုပုဂ္ဂိုလ်သည် ခရစ်သက္ကရာဇ် ၅၁၃-ခုနှစ်တွင် ဤကျမ်းကိုတရုပ်ဘာသာသို့ပြန် ဆိုခဲ့သည်။(၃) သိက္ခာနန္ဒ- သူသည်ခရစ်သက္ကရာဇ် ၇၀၀မှ၇၀၄ ခုနှစ်အတွင်းတွင် တရုပ်ဘာသာပြန်ဆိုခဲ့သည်။သက္ကတပုံနှိပ်မူနှင့် ဤဘာသာ ပြန်မှာ အလားတူပင် ဖြစ်၏။ ဤဘာသာပြန်တို့၏ ရှေးဦးစွာဂျပန်နှင့်တရုပ်ဘာသာတွင် များစွာသောဋီကာများရှိ ခဲ့လေသည်။

# တို ဝိဓ ယာန

## သာမည ယာဉ်သုံးမျိုး အသွင်

ဗုဒ္ဓကျမ်းဂန်တို့အလိုအားဖြင့် ယာန- (နိဗ္ဗာန်သို့ သက်ဝင်ရန်ယာဉ် သို့မဟုတ် လမ်းခရီး)မှာ သုံးပါးအပြားရှိလေသည်။ ယင်းသုံးပါးမှာ သာဝကယာန၊ ပစ္စေက ဗုဒ္ဓယာနနှင့် ဗောဓိသတ္တယာန ဖြစ်သည်။ ယာန်တိုင်းတွင် ဗောဓိ၏ အစီအရင်မှာ သာဝက ဗောဓိ- ပစ္စေက ဗောဓိနှင့် သမ္မာ သမ္ဗောဓိဟူ၍ တခုနှင့်တခု မတူကွဲပြားခြားနားသည်။ သာဝက ယာနမှာ ဟီနယာန်၏ အမည်တမျိုးသာဖြစ်သည်။ ဆရာမြတ်ထံ ချဉ်းကပ်ပြီး ဓမ္မတရား သင်ကြားသူကို 'သာဝက' (တပည့်) ဟု ခေါ်၏။ သူ့မှာ ကိုယ်ပိုင် ထိုးထွင်းဉာဏ်မရှိချေ။ သို့ရာတွင် နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် အလိုဆန္ဒထက်သန်သည်။ သို့ကြောင့် သူသည် သင့်လျော်လျောက်ပတ်သော ကလျာဏမိတ္တထံ ချဉ်းကပ်ပြီး ဓမ္မတရားသင်ကြားခြင်း၊ သို့မဟုတ် တပည့်ခံခြင်းဖြစ်၏။ သာဝက၏ အမြင့်ဆုံးသော ရည်ရွယ်ချက်မှာ အရဟန္တ-ရဟန္တာပင်ဖြစ်လေသည်။

ပစ္စေက ဗုဒ္ဓ၏ အစီအရင်မှာ လွန်စွာ အံ့သြဘွယ်ကောင်းသည်။ အကြင်သူသည် ဆရာမြတ်တို့၏ နည်းလမ်း ဥပဒေသနှင့် ကင်းလွတ်၍ ထိုးထွင်းသိမြင်သော ပဋိဘာန်ဉာဏ်ဖြစ်ပေါ်ခဲ့၏။ ရှေးအခါက သုတ်သင်ခဲ့ခြင်းကြောင့် သူအားပညာ မျက်စိ ပွင့်လင်းခဲ့သည်။ ထိုယောဂီပုဂ္ဂိုလ်သည် 'ပစ္စေက ဗုဒ္ဓ' အမည်ကို

ခံယူရရှိလေသည်။ သူသည် ဗုဒ္ဓ-ဘုရားကား ဖြစ်ခဲ့ပါသည်။သို့ရာတွင် သူ့မှာ တပါးသော သူတို့အား ကယ်တင်ရန် အစွမ်းသတ္တိမရှိချေ။ သူသည် ဤဒုက္ခတို့အတိပြီးသော လောကမှ သီးခြားဖယ်ခွါပြီး လူသူမနီး တောမြိုင်ကြီးတွင် နေကာ ဝိမုတ္တိသုခ (လွတ်လပ်ရေးချမ်းသာ)ကို မျက်မှောက်ပြုလျက် ခံစားနေလေသည်။ ပစ္စေကမှာ သီးခြားဖြစ်သည်။ ဗုဒ္ဓမှ သီးခြား၊လောကမှ သီးခြားဖြစ်သော ဗုဒ္ဓဘုရားပင်ဖြစ်၏။

ဗောဓိသတ္တ-ဘုရားအလောင်းသည်ကား မိမိ၏ ကိလေသ-အညစ်အကြေးကို သတ်ရန် မလိုလားချေ။ စင် စစ် သူ သည် သတ္တဝါခပင်း၏ အညစ်အကြေး-ကိလေသကို ပယ်ဖျောက်ရန် လိုလား၏။ ဤသို့ သူတပါးအား ကျေးဇူးပြုရန်အတွက် သူသည် ဘုရားအဖြစ်ကို လိုလားတောင့်တခြင်းဖြစ်၏။ ဗုဒ္ဓဓမ္မ တစ-တစ တိုးတက်လာမှုကို သိရန်အတွက် ဤယာနသုံးပါးတို့၏ သရုပ်ကို လေ့လာရန် အမှန်ပင် လိုအပ်လှပေသည်။

## (၁) သာဝကယာန

ဗုဒ္ဓဓမ္မတွင် သတ္တဝါတို့အား အဆင့် နှစ်ဆင့်ခွဲခြားသတ်မှတ်ကာ ညွှန်ပြထားလေသည်။ (၁) ပုထုဇန နှင့် (၂) အရိယ ဖြစ်၏။ အကြင်သတ္တဝါသည် ဘဝသံသရာ၏ ပပဥ္စ (အကျယ်ချဲ့ခြင်း)တွင် အနှောင်အဖွဲ့ ခံရလျက် တွေ့ဝေသည့်အတိုင်း မိမိ၏ ဘဝကို အလိုက်သင့်မျှတ၍နေ၏။ ထိုသူ့ကို ပုထုဇန ဟု ခေါ်၏။ သို့ရာတွင် အကြင်သူကား ပပဥ္စမှ ဖယ်ခွါ၍ ဗုဒ္ဓ၏ ဥာဏ်တော်ရောင်တို့ဖြင့် မိမိကိုယ်ကို ဆက်စပ်တည်ရှိလျက် နိဗ္ဗာန်

လမ်းပေါ်သို့ ကောင်းစွာတက်နေ၏။ ထိုသူ့ကို အရိယ ဟု ခေါ်ဆိုလေသည်။ အလုံးစုံသော အရိယ ပုဂ္ဂိုလ်၏ မှန်မြတ်သော ရည်မှန်းချက်မှာ အရဟတ္တ-ရဟန္တာအဆင့်သို့ ရောက်ခြင်း ပင်ဖြစ်၏။ ဤဆဆင့်သို့ တချက်ထည်းနှင့်ရောက်နိုင်သည်မဟုတ်ချေ။ စင်စစ်ထိုအဆင့်သို့ရောက်ရန်အတွက် ဘူမိ(ဘုံ) လေးဆင့်ကိုတက်ပြီးသွားရ၏။ (၁) သောတာပန္နဘူမိ,(၂)သကဒါဂါမိဘူမိ, (၃)အနာဂါမိ ဘူမိ, (၄) အရဟတ္တ ဘူမိ။ ဘုံ(ဘူမိ) တိုင်းမှာလည်း အဆင့်-နှစ် ဆင့်စီ အ သီး သီး ရှိ ကြ သည်။ (၁)မဂ္ဂဋ္ဌာနနှင့် (၂) ဖလဋ္ဌာနဖြစ်လေသည်။

၁-သောတာပန္န သာဝကသည် နိဗ္ဗာန်သို့ဆိုက်ရောက်ရန်အတွက် လေးဌာန၏ အစီအရင်ကိုပေးသွားရ၏။(၁)သောတာပန္န, (၂) သကဒါဂါမိ, (၃) အနာဂါမိနှင့် (၄) အရဟန္တာတို့ဖြစ်ကြသည်။သောတာပန္န၏ အနက်မှာ အလျဉ်တွင် ကျရောက်ခြင်းဖြစ်၏။ အကြင်သူ၏ စိတ်သည် ပပဉ္စမှ ဖယ်ခွါပြီး နိဗ္ဗာန်လမ်းပေါ်သို့ တက်သွား၏။ ထိုလမ်းမှ လွှဲဖယ်ရန် တရံတဆစ်မျှ တွေးတောခြင်းမရှိချေ။ ထိုအခါ သူ့ကို 'သောတအာပန္န-'ဟု ခေါ်ကြ၏။ ဗျာသဘာသျ၏ သဒ္ဒါတို့တွင် 'စိတ်တည်းဟူသော မြစ်နဒီသည် နှစ်ဘက်မှ စီးဆင်းနေသည်။ ပါပတည်းဟူသော မကောင်းမှု အကုသိုလ်ဘက်မှလည်း စီးနေသည်။ ကလျာဏတည်းဟူသော ကောင်းမှုကုသိုလ်ဘက်မှလည်း စီးနေသည်' ဟု ဆိုလေသည်။

စိတ္တ နဒီ နာမောဘယတိ ဝါဟိနီ၊
ဝဟတိ ကလျာဏာယ စ ဝဟတိ ပါပါယ စ။

ဗျာသဘာသျံ ၁-၁၂၊

သို့ကြောင့် ပါပ ညစ်ကျု မကောင်းမှု အကုသိုလ်ဘက်မှ ဖယ်ခွါခဲ့ပြီး ကုသိုလ်ကောင်းမှု ကလျာဏ အလျဉ်မှာသာ စိတ်အစဉ်ကို မြှောထား၏။ယင်းမှာ နိဗ္ဗာန်သို့ စီးဝင်နေသည်။တည်တန့်နေသောကြောင့် သောတ အာပန္နကို နှောင်အခါ ဖေါက်ပြန်လိမ့်မည်လား ဟု စိုးရိမ်နေဘွယ်မရှိချေ။ သူသည် အစဉ်ထာဝရ ကလျာဏဘက်သို့တိုးတက်နေလေသည်။(၁)သက္ကာယဒိဋ္ဌိ, (၂) ဝိစိကိစ္ဆာ, (၃) သီလဗ္ဗတ ပရာမာသ-ဟူသော ဤသံယောဇဉ် အနှောင်အဖွဲ့သုံးခုတို့ ကုန်ခမ်းပြီးကောင်းသော အခြေအနေသို့ရောက်နေ၏။

ဤခန္ဓာကိုယ်မှာ အစဉ် ထာဝရ အတ္တရှိသည် ဟု ယူဆနေခြင်းသည်အနှောင်အဖွဲ့တမျိုးပင်ဖြစ်၏။အကြောင်းမူဤအတွေးအဆဖြင့် လွှမ်းမိုးခြင်းခံရသော သတ္တဝါသည် အမျိုးမျိုးသောညဥ်းပန်းမှုဖြစ်စေသော အလုပ်တို့တွင် စိတ်ကိုင်းညွတ်နေလေသည်။သို့ကြောင့် သက္ကာယဒိဋ္ဌိကို ဖယ်ခွါရန်လိုအပ်လှပေသည်။ ဝိစိကိစ္ဆာ၏ အနက်မှာ ယုံမှားသံသယဖြစ်၍သီလဗ္ဗတ ပရာမာသဖြင့်ဆိုလိုသော အကျင့်မှာ ဥပုသ်စောင့်သုံးခြင်းအစရှိသည်တို့တွင် စွဲလမ်းနေခြင်းပင်ဖြစ်၏။ ဤသုံးပါးတို့၏ အလိုနိုင်ငံသို့လိုက်နေသော သူသည် တခါတရံ နိဗ္ဗာန်ဘက်သို့ မျက်နှာမမူဘဲဖြစ်တတ်သည်။ သို့ကြောင့် ဤအနှောင်အဖွဲ့တို့ကို ဖြတ်တောက်ပြီးသော ပုဂ္ဂိုလ်သည် မဖြစ်သေးသောသမ္မောဓိကို ရရန်အတွက်ရှေ့သို့ ဆက်လက်ပြီး ကြိုးစား၏။ ယင်းမှာ အင်္ဂါလေးပါးရှိသည်။

(၁) ဗုဒ္ဓါနုဿတိ။ ယောဂီသည် ဗုဒ္ဓတွင် လွှန်ကဲသောသဒ္ဓါဖြင့် ယှဉ်စပ်လျက်နေသည်။

(၂) ဓမ္မာနုဿတိ။ မြတ်စွာဘုရားကောင်းစွာ ဟောကြား တော်မူသော တရားသည် သန္ဒိဋ္ဌိက-လက်ငင်းအကျိုးပေးသည်။ အာကာလိက-အခါမလင့် အကျိုးပေးသည် ဟု ယုံကြည်သည်။

(၃) သံဃာနုဿတိ။ ဗုဒ္ဓ၏ တပည့်သံဃာသည် တရားမျှ တသော နည်းလမ်းကို မြဲမြံစွာ၍ ကောင်းသော လမ်းပေါ်တွင် သွားနေ၏။ သို့ကြောင့် သံဃာတွင် ယုံကြည်မှုရှိသည်။

(၄) အခဏ္ဍ-မကျိုးမပျက်သော, အနိန္ဒိတ- မရှုံ့ချအပ် သော သမာဓိဖြစ်စေမည့် အလုပ်ကိစ္စ အကျင့်သီလနှင့် စပ်ယှဉ် ခြင်း။

သောတာပန္နဘူမိ၏ ပထမ တည်နေခြင်းကို 'ဂေါ်တြဘူ'ဟု ခေါ်၏။ ယခုအခါ ကာမဂ္ဂယ-ကာမတဏှာ ကုန်ခမ်းလေပြီ ဖြစ်သောကြောင့် ယောဂီသည် ကာမဓာတု (ဝါသနာအတိပြီး သော အလိုဆန္ဒလောက)နှင့် ပတ်သက်သမျှကို ဖြတ်တောက်ပြီး 'ရူပဓာတု'ဘက်သို့ ရွေးရှုနေလေသည်။ ထိုအခါ သူ့အား အသစ်ဖြစ်သော မွေးဘွားခြင်းရှိသော်လည်း ရှေးကဆိုခဲ့သော သံယောဇဉ်သုံးပါးပြတ်သောကြောင့် ယောဂီသည် နိဗ္ဗာန်သို့ သက်ဝင်ရန်အတွက် ခုနစ်ဘဝထက်ပို၍ မွေးဘွားခြင်း မရှိနိုင် တော့ချေ။

(၂) သကဒါဂါမိ-၏ အနက် အဓိပ္ပါယ် မှာ တကြိမ်သာ လာသော သောတာပန်ရဟန်း ဖြစ်သည်။ သူသည်ကာမ ရာဂနှင့် ပဋိဃ (သူတပါးတို့အားမကောင်းကြံခြင်း) အမည်ရှိသော အ နှောင်အဖွဲ့ကို အားနည်းအောင်ပြုပြီး လွတ်လပ်ရေးလမ်းပေါ် တက်နေသည်။ ဤဘုံတွင် အာသဝက္ခယ- ကိလေသာကုန်းခမ်းမှု

အလုပ်ကို ပဓာနအားဖြင့် ပြုလုပ်နေသည်။ သကဒါဂါမိ မဂ်ဖိုလ်ရဟန်း သည် ဘဝသံသရာတွင် တကြိမ်တခါသာ လာလေသည်။

(၃) အနာဂါမိ- ၏အနက်မှာ မွေးဘွားမှုမပြုသူဖြစ်သည်။ အထက်က ဆိုခဲ့သော အနှောင်အဖွဲ့ နှစ်ပါးကို ဖြတ်တောက် ပြီးသောရဟန်းကို အနာဂါမိဟုခေါ်၏။ သူသည်ကားဘဝသံသရာမှာ မွေးဘွားခြင်းမရှိတော့ချေ။ ထိုမှတပါးနတ်ပြည်လောကတွင်လည်း မွေးဘွားခြင်းမပြုတော့ချေ။

(၄) အရဟန္တ- ဤအဆင့်သို့ရောက်ရန်အတွက် ရဟန်းသည် ကြွင်းကျန်သော အနှောင်အဖွဲ့ငါးပါးကို ဖယ်ရှားရန် အမှန်ပင် လိုအပ်လေသည်။ (၁) ရူပရာဂ, (၂) အရူပ ရာဂ, (၃) မာန, (၄) ဥဒ္ဓစ္စနှင့် (၅) အဝိဇ္ဇာ ဤအနှောင်အဖွဲ့ငါးပါးကို ဖယ်ရှားဖြတ်တောက်လိုက်ပါလျှင် အလုံးစုံသော ကိလေသာများ ဝေးကွာ၍သွား၏။ အလုံးစုံသော ဒုက္ခအပေါင်းတို့၏ အဆုံးသို့ ရောက်သွား၏။ လောကတွင် ထင်ရှားရှိလျက် နိဗ္ဗာန်သို့ရောက်သွား၏။ တဏှာကုန်သွားခြင်းကြောင့် လောကတွင် ထင်ရှားရှိသော်လည်း ကြာပန်းကဲ့သို့ ရွှံ့နွံ အညစ်အကြေးတို့ဖြင့် လိမ်းကျံခြင်းမခံရချေ။ သူသည် မြတ်သော ငြိမ်းချမ်းရေးကို ခံစား၏။ လူ၏ပဓာန ရည်ရွယ်ချက်မှာ ကိလေသာ ကုန်ခမ်းသော ရဟန္တာအဖြစ်သို့ ရောက်ရန်ဖြစ်၏။ ဤရဟန္တာအဖြစ်ကို ရခြင်းသည် သာဝက ယာန၏ မြတ်သောရည်ရွယ်ချက်ဖြစ်၏။

## (၂) ပစ္စေက ဗုဒ္ဓ ယာန

ဤယာန၏ မှန်ပြမှာ 'ပစ္စေက ဗုဒ္ဓ'ဖြစ်၏။ သူသည် ဘယ် ဆရာသမား၏ထံပါးတွင် ချဉ်းကပ်ပြီး သဘောတရားကို သင်

ကြာမြင့်ခြင်းမရှိချေ။ သူ့ဘာသာ လုံ့လကြိုးကုတ်အားထုတ်ခြင်း တွေးတော ကြံဆခြင်းတို့ဖြင့် သဘောတရားထင်ရှား ဖြစ်ပေါ်လာခဲ့၏။သူ့ကိုပင် 'ပစ္စေကဗုဒ္ဓ'ဟု ခေါ်ကြသည်သည်။ပစ္စေကဗုဒ္ဓ၏ အဆင့်အတန်းသည် ရဟန္တာနှင့်ဗောဓိသတ္တတို့၏ အလယ်တွင် တည်ရှိ၏။ သူသည် ထိုးတွင်းကြည့်ရှုသော ပဋိဘာန်စက္ခုအားပေါ်တွင် အမှီပြုပြီး ဉာဏ်၏အပြည့်စုံခြင်းကိုရရှိ၍ ရဟန္တာနှင့် ခြားနားသည်။ သူသည် မိမိ၏ကောင်းမှု၏ ပြည့်စုံမှုကို ယူသော်လည်း ဘယ်အခါမျှ သူတပါးတို့၏ ဒုက္ခကို ဖယ်ရှားခြင်းငှါ မစွမ်းနိုင်သဖြင့် ဗောဓိသတ္တနှင့်ခြားနားသည်။ဤပြီးမြောက်ခြင်းဖြင့် ရအပ်-ရောက်အပ်သော ဉာဏ်၏ အမည်မှာ 'ပစ္စေကဗုဒ္ဓ'ဗောဓိဖြစ်၏။ သူသည် သမ္မာ - သမ္ဗောဓိအဆင့်ကို မမှီချေ။

## (၃) ဗောဓိသတ္တ ယာန

ဤယာန၏ အင်္ဂါအစိတ်အပိုင်းတို့သည် ရှေးကယာနတို့ထက် များစွာ ထူးခြားကွဲလွဲသည်။ ဤယာနသည် ဗောဓိသတ္တ၏ မှန်ပြကို သတ္တဝါတို့ရှေ့တွင် တည်ထား၏။ ဗောဓိသတ္တ ယာနကိုပင် မဟာယာန ဟု ခေါ်ဆိုခြင်းဖြစ်၏။ ဗောဓိသတ္တ၏ အစီအရင်မှာ အဆင့်အတန်း မြင့်မားလှသောကြောင့် မဟာယာနဓမ္မလောက၏ တရားဓမ္မတို့တွင် ဗောဓိသတ္တမှာ ကြီးကျယ် မြင့်မြတ်သော နေရာကို ရနေခြင်းဖြစ်သည်။ ဗောဓိသတ္တ၏ အနက်အဓိပ္ပါယ်မှာ ဗောဓိတည်းဟူသော အသိဉာဏ်ကို ရသော ပုဂ္ဂိုလ်ဖြစ်၏။ ဤအကြောင်းနှင့်ပတ်သက်၍ ထူးခြားသော အထောက်အထားများ အမှန်ပင် လိုအပ်သည်။သူ့အကြောင်းကို

ရှင်းမပြမီ ရှေးဦးစွာ မဟာယာနနှင့် မဟာယာန၏ရည်ရွက်ချက်ကို ကောင်းစွာ သိရှိဘို့အမှန်ပင် လိုပေသည်။

## ဗောဓိသတ္တ ဥဒါဟရဏ

ဟီနယာန၏ နောက်ဆုံးရည်ရွယ်ချက်မှာ ရဟန္တာအဆင့်ကို ရရောက်ရန်ဖြစ်၏။ မဟာယာန၏ ရည်မှန်းချက်ကား ဘုရားစင်စစ် ကေန်ဖြစ်ရန်ဖြစ်သည်။ ရဟန္တာသည် သူ၏ ကိလေသာတို့မှာ လွတ်မြောက်မှုရ၍ သူ့ဘာသာ-ချမ်းသာစွာနေသည်။ ဤကျယ်ပြန့်သော ကမ္ဘာတွင် အထောင်မျှသာမဟုတ်၊ အကုဋေမျှသော သတ္တဝါတို့ အမျိုးမျိုးသော ကိလေသာတို့တွင် ကျရောက်၍ မိမိ၏ အဘိုးမဖြတ်နိုင်သော ဘဝကို အချည်းနှီးကုန်စေရန် အနည်းငယ်မျှမစဉ်းစားချေ။ ရဟန္တာသည် မိမိ၏ပညာပေါ်တွင် ရာဂအာသော ကိလေသာတို့ကို ဖယ်ခွါရန် ချောက်သွေ့သော အသိဉာဏ်သက်သက်သာရှိသည်။ သို့ရာတွင် မဟာယာန၏ ရည်ရွယ်ချက်ကား ဘုရားဖြစ်ရန်ဖြစ်သည်။ ဗောဓိပက္ခတရားတို့တွင် ပညာထက်လွန်၍ မဟာကရုဏာအား နေရာပေးထား၏။

'အရိယ ဂါယာသီသ'တွင် ပြဿနာတရပ်ပါဝင်သည်။

"အို-မဉ္ဇုသိရီ, ဗောဓိသတ္တ အနက်အဓိပ္ပါယ်၏ အစကား အဘယ်နည်း။ သူ၏တည်ရာ အဓိဋ္ဌာန်ကား အဘယ်နည်း"

မဉ္ဇုသိရီ၏ အဖြေကား ဤသို့တည်း။

"အိုဒေဝပုတ္တ, ဗောဓိသတ္တ၏အကျင့်စရိုက်မှာမဟာကရုဏာနှင့် ပြည့်စုံခြင်းဖြစ်၏။ မဟာကရုဏာသည်သာ သူ၏ အစဖြစ်၍

ဒုက္ခိတသတ္တဝါတို့သည် သူ၏ မဟာကရုဏာအပေါ်တွင် မှီတွယ်နေကြသည်။

'အရိယဓမ္မသင်္ဂီတိ'တွင်လည်း ဗောဓိကိုပြုလုပ်သော ဓမ္မတို့တွင်မဟာကရုဏာအားအလုံးစုံတို့ထက်ရွေးကျသောပထမနေရာကိုပေးထားလေသည်။ ၎င်းကျမ်းက ပြောပြသည်မှာ-ဗောဓိ သတ္တသည် တခုတည်းသောဓမ္မကိုသာ ဆုပ်ကိုင် ထားသည်။ ထိုဓမ္မမှာ မဟာကရုဏာဖြစ်သည်။၎င်းကရုဏာသည်အကြင်လမ်းဖြင့် သွားနေ၏။ ထိုလမ်းဖြင့် အခြားအလုံးစုံသောဗောဓိကိုပြုတတ်သောတရားများလည်း သွားနေကြလေသည်။မဟာကရုဏာသည်သာလျှင် ဗောဓိသတ္တကို ဗုဒ္ဓဖြစ်စေကြောင်း ပဓာနအကြောင်းဖြစ်သည်။ သူကစဉ်းစားသည်။အကယ်၍ ငါနှင့် အခြားသူတို့အား ဘေးဒုက္ခအတူတကွဖြစ်ပေါ်ခဲ့ပါလျှင် ငါတွင် ဘယ်ကဲ့သို့ ထူးခြားခြင်းဖြစ်မည်နည်း။ ငါသည်မိမိကိုယ်ကိုသာကာကွယ်စောင့်ရှောက်ပြီး တခြားသူတို့အား ကာကွယ် စောင့်ရှောက်လိမ့်မည် မဟုတ်ချေ။ အာစရိယ သန္တိဒေဝ၏ ၎င်းစကားမှန်ပါသည်။

ယဒါမမ ပရေသံ စ၊ဘယံ ဒုက္ခံ စန ပိယံ၊
တဒါမနေ့ာကော ဝိသေသော၊ယောတံ ရက္ခာမိနေတရံ။

ဗောဓိသတ္တ၏ဘဝရည်ရွယ်ချက်မှာလောကအားမြတ်သောမင်္ဂလာအတိပြီးစေရန် ဖြစ်သည်။ သူ၏ရည်ရွယ်ချက်မှာ ကျယ်ဝန်းလှသည်။ သူ၏ မိမိကိုယ်တွင် လောကတွင် ရှိသော သတ္တဝါအလုံးစုံပါဝင်သည်။ ပိုးရွခြပုန်းမှစ၍ ဆင်တိုင်အောင် အကြင်အခါသတ္တဝါတကောင်တွင် ဒုက္ခဝေဒနာ ခံစားရအံ့။ ထိုအခါ

သူသည် မိမိ၏လွတ်မြောက်မှုကိုအလိုမရှိချေ။ သူ၏နှလုံးမှာ ကရုဏာဖြင့် အရည်ပျော်နေသည်။ ဗောဓိသတ္တနှင့်ပတ်သက်၍ သန္တိဒေဝသည် အလွန်လှပသော သဒ္ဒါတို့ဖြင့် ထုတ်ဖော်ထားလေသည်။

မြတ်စွာဘုရားကိုယ်တိုင် မိန့်ကြားသည်မှာ ငါသည် အကြင်ပုညသမ္ဘာရ- ကုသိုလ်ကောင်းမှု အဆောက်အဦကို ဆည်းပူး၏။ ထိုကောင်းမှု၏အကျိုးဖလမှာ သတ္တဝါတိုင်း ဒုက္ခကိုအဆုံးပြုရန်အတွက်ဖြစ်သည်။

လွတ်မြောက်မှုသည်သူ၏နှလုံးသားတွင်အကြင်နှစ်သက်ခြင်းသမုဒ္ဒရာလှိုင်း ထနေ၏။ ထိုနှစ်သက်ခြင်း လှိုင်းသည် ငါ့ဘဝ၏ချမ်းသာသုခဖြစ်သည်။ ရသကင်းမဲ့၍ ခြောက်သွေ့သော လွတ်လပ်မှုမောက္ခကိုယူပြီး ငါဘာ လုပ်မည်နည်း။ ဗောဓိသတ္တသည်ချီးကျူးသောသဒ္ဒါဖြင့် မဖြစ်နိုင်။ ကျေးဇူးပြုသောသူကို ကျေးဇူးတုံ့ပြန်သောသူအား ချီးကျူးကြသည်မှာ လောက၏အစဉ်အလာဖြစ်၏။ သို့ရာတွင်ဘယ်နည်းနှင့်မျှ ဆုတောင်းပဌနာ မပြုဘဲကမ္ဘာလောက၏ ကောင်းကျိုးချမ်းသာ အတွက်သာစိတ်ကပ်ငြိနေသော ဘုရားလောင်းတို့အား အဘယ်ဆိုဘွယ်ရာရှိတော့မည်နည်း။

ဤသို့လျှင် ရဟန္တာနှင့်ဗောဓိသတ္တ၏ ရည်ရွယ်ချက်မှာဘဝင်နှင့် နရက်တမျှကွာခြား၏။ ဟီနယာနနှင့် မဟာယာန၏ဤမှန်ပြတို့ကို ချိန်ဆသောအခါ ပညာပါရမိတာ၏ အဆိုအမိန့်ကို ဟီနယာနတို့စိစစ်ထားလေသည်။ ငါသည်တခုတည်းသော အတ္တကိုသာဆုံးမမည်။ တခုတည်းသောအတ္တ၏ ငြိမ်းချမ်းမှုကိုရအောင်ပြုမည်။ တခုတည်းသောအတ္တကို နိဗ္ဗာန်သို့ရောက်စေမည်။ သူ၏

အလုံးစုံသောကြိုးပမ်းချက်သည် ဤရည်မှန်းချက်အတွက်ဖြစ်၏။ သို့ရာတွင်ဗောဓိသတ္တ၏ သိက္ခာမှာ အခြားသော အခြင်းအရာအားဖြင့်လည်းဖြစ်သေး၏။ သူသည်မိမိကိုယ်ကို ပရမတ္ထ သစ္စာ၌တည်စေရန်လည်းအလိုရှိသည်။ ထို့နှင့်အတူပင်အခြားသောသတ္တဝါတို့ကိုလည်း ပရမတ္ထသစ္စာ၌ တည်စေလိုသည်။ မိမိသာလျှင် ပရိနိဗ္ဗာန်ပြုရန် မကြိုးစားချေ။စင်စစ်အတိုင်းမသိသောသတ္တဝါတို့အားလည်း ပရိနိဗ္ဗာန်ပြုရန် ကြိုးစားသည်။ဤသို့သျှင်ကွဲပြားသောအယူအဆ နှစ်မျိုးတို့မှာ မှားယွင်း၍တွေ့ဆုံရန်အနည်းငယ်မျှနေရာဌာနမရှိချေ။

## ဗုဒ္ဓအဖြစ်

ဗုဒ္ဓသည် ဆရာအဖြစ်ဖြင့်ထင်ရှား၏။သို့ကြောင့်သူ၏ အမည်ကို'သတ္ထာ'ဟုခေါ်ဆိုကြ၏။ဆရာအတွက်ပညာဖြစ်ပေါ်သည်နှင့်အတူပင်မဟာကရုဏာ ဖြစ်ပေါ်မှုလည်းအရေးကြီးလှပါသည်။ အကြင်အခါ၌ကရုဏာထင်ရှားမဖြစ်သေး၊ ထိုအခါတိုင်အောင် အခြားသောသူတို့အားဥပဒေသပေးပြီးလွတ်လပ်ရေးမှတ်လာအောင်ကိုပြုစေရန် စိတ်ညွှတ်ခြင်းလည်း မေ့ဘွားခြင်း မဖြစ်သေးချေ။ ထိုသူသည်မိမိ၏အကျိုးစီးပွါးပေါ်တွင် အဘယ်မျှ လဲလျောင်းနေသနည်း။ သူသည်ကိုယ်တိုင်ငြိမ်းချမ်းမှုနိဗ္ဗာန်ကိုရ၍မျှတသောစိတ်၏အဖြစ်ဖြင့်ခံစားနေ၏။ သူသည် ပတ်ဝန်းကျင်တွင် ကုဋေကုဋာသောသတ္တဝါတို့ ကိလေသာတို့ကို သည်းခံပြီးကသယ်ပါယူပါတစာစာဖြင့်အော်ဟစ်နေကြ၏။ သို့ရာတွင် သူကိုယ်တိုင်မှု ကျောက်ဖျာပေါ် ထိုင်ကာ ဆိတ်ဆိတ် စံနေ၏။ သို့ကြောင့် ဆရာအဖြစ်ကိုရရန်အတွက် မဟာကရုဏာမှာ လွန်စွာ အ

ရေးကြီးခြင်းဖြစ်သည်။ မဟာယာနဥ္ဖြ ဤဗုဒ္ဓအဖြစ်ကို ရရှိရန်မှာ မှန်မြတ်သောရည်ရွယ်ချက်ဖြစ်သည့်။

## ဗောဓိစရိယ

မဟာယာနကျမ်းတို့တွင် ဗုဒ္ဓအဖြစ်သို့ရောက်ရန်အတွက်ကြိုးစားနေသောသူကို ဗောဓိသတ္တဟုခေါ်ကြ၏။ များစွာသောဘဝတို့တွင် အမြဲမပြတ်ကျင့်ကြံအားထုတ်ခဲ့၍ နောက်ဆုံး ရင့်ကျက်သောအခါ ဗုဒ္ဓအဖြစ်သို့ရောက်ခဲ့၏။ သကျမုနိသည် တဘဝဖြင့် ဗုဒ္ဓအဆင့်သို့ မရောက်နိုင်ချေ။ စင်စစ်မှာမူ ဇာတက တို့မှာ ဖော်ပြသည့်အတိုင်း များစွာသော ဘဝတို့တွင် ကောင်းမြတ်သောဂုဏ်ကျေးဇူးတို့၏ ပါရမီကို ဖြည့်သဖြင့်သာ ဤမြင့်မြတ်သောနေရာဌာနသို့ ရောက်ခြင်းဖြစ်သည်။ မဟာယာနကျမ်းတို့တွင် ဗုဒ္ဓအဖြစ်သို့ရောက်ရန်အတွက် ထူးခြားသောအထောက်အထားဥပဒေသကိုတွေ့ရ၏။ ယင်းအမည်မှာ 'ဗောဓိစရိယ'ဖြစ်၏။ ဗောဓိစရိယ၏ အစမှာ ဗောဓိစိတ္တ- ဂဟဏကို ဖော်ပြထားလေသည်။

### ဗောဓိစိတ္တ

လူ သည် မိမိ ပဏ်ဝန်း ကျင် တွင် တည်ရှိသော အရာတို့၏ ကျေးကျွန်ဖြစ်သည်။ ထိုလူသည် ဘဝသမုဒ္ဒရာ၏ဒုက္ခလှိုင်းတို့ပုတ်ခတ်ခြင်းဒဏ်ကို အပြန်ပြန်-အလှန်လှန်ခံရ၍ ဟိုဟို-သည်သည် အနှံ့အပြားသေကျေပျက်စီးနေ၏။ သူ၏အသိဉာဏ်သည်ကိုယ်တိုင်မကောင်းမှုဘက်သို့မျက်နှာမူနေသည်။ သို့ရာတွင် တစုံတခုသော ကုသိုလ်ကောင်းမှု၏ အားပေါ်တွင်

တခါ-တခါ သူ၏စိတ်သည် ဘဝရေလျဉ်မှ လွတ်မြောက်မှုရရန် လည်းကြိုးပမ်းသည်။ ထိုကောင်းမြတ်သောစိတ်သည် ဗောဓိစိတ္တမည်၏။ ဗောဓိ၏အဓိပ္ပါယ်မှာ ဉာဏ်ဖြစ်၏။ သို့ကြောင့်ဗောဓိစိတ္တကိုယူသဖြင့် ထိုအဓိပ္ပါယ် သက်ရောက် လေသည်။ ရိုးသားသောသတ္တဝါအများကို ထုတ်ဆောင်ကယ်တင်ရန် ဗုဒ္ဓအဖြစ်သို့ ရောက်ရန်အတွက် သမ္မာ သမ္ဗောဓိတွင် စိတ်ကို တည်ထားခြင်းသည် ဗောဓိစိတ္တကိုယူခြင်းပင်ဖြစ်၏။ ဗောဓိစိတ္တသည်သာ အလုံးစုံသော အကျိုးစီးပွါးကိုဆောင်ရွက်နိုင်သည်။ ဘဝရေ အလျဉ်မှလွတ်မြောက်မှုကို ရယူလိုသူတို့အတွက် ဗောဓိစိတ္တ၏တည်ရာမှာ လွန်စွာအရေးကြီးလှပါသည်။ ဉာဏ်တွင်စိတ္တကိုတည်စေခြင်းမှာ မဟာယာနတို့၏ပထမလှေကားဖြစ်လေသည်။

ဗောဓိစိတ္တမှာ နှစ်ပါးအပြားရှိ၏။ ဗောဓိပဏိဓိ စိတ္တနှင့် ဗောဓိပဋ္ဌာနစိတ္တဖြစ်သည်။ ပဏိဓိ၏အနက်မှာတည်ကြည်ခြင်းဖြစ်၍ ပဋ္ဌာန၏အနက်မှာ မှန်ကန်စွာ သွားခြင်းဖြစ်သည်။ "ငါသည် တလောကလုံး ကိုးစားရန်အတွက် ဗုဒ္ဓပြုလုပ်ပါအံ့....."ဤအတွေးအကြံသည် ပတ္ထနာအသွင်ဖြင့် ဖြစ်ပေါ်လာသော အခါ "ဗောဓိပဏိဓိစိတ္တ"မွေးဖွားလာခဲ့၏။ယင်းမှာရှေးအခါကဖြစ်သည်။ အကြင်အခါ၌သူတော်ကောင်းပုဂ္ဂိုလ်သည် အကျင့်ကိုယူဆောင်ပြီး နည်းလမ်းပေါ်တွင်သွားလျက် ကောင်းသော လုပ်ငန်းတွင် နှစ်မြုပ်နေ၏။ ထိုအခါ"ဗောဓိပဋ္ဌာနစိတ္တ"ဖြစ်ပေါ်ခဲ့လေသည်။ ဤစိတ်နှစ်ခု၏ ခြားနားချက်မှာ သွားလိုခြင်းနှင့် သွားနေခြင်းဖြစ်၍ ပေါင်းဆုံရန်ခက်ခဲသည်။ 'အရိယဂဏ္ဍဗျူဟ' ကျမ်းက ဤသို့ဆို၏။အကြင်ပုဂ္ဂိုလ်သည် အနုတ္တရ-အတုမရှိသော သမ္မာသမ္ဗောဓိတွင် စိတ်စင်စားနေ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်

မျိုးကို ဒုလ္လဘ-ရခဲစွာ၏။ ထိုထက် ဒုလ္လဘတရဖြစ်၍ ရခဲလှသည်မှာ အနုတ္တရ-အတုမရှိသော သမ္မာ သမ္ဗောဓိ ဘက်တွင် ပဋ္ဌာန ပြုနေခြင်းဖြစ်၏။ ယင်းသည်သာ ဒုက္ခဟူသမျှ၏ ဩသဓ-ဆေး ဖြစ်၍ လောက၏ နှစ်သက်ကြည်နူးခြင်း၏ မျိုးစေ့ဗီဇဖြစ်လေသည်။

## အနုတ္တရ ပူဇာ

ဤဗောဓိစိတ္တ ဖြစ်ပေါ်စေရန်အတွက် ခုနစ်ပါးသော အနုတ္တရပူဇာ အစီအရင်ကို ဗောဓိစရိယကျမ်းတွင် ဖေါ်ပြထားလေသည်။ ဝန္ဒန, ပူဇန, ပါပဒေသနာ, ပုညာ နုမောဒန, ဗုဒ္ဓေါဒေသန, ဗုဒ္ဓယာစနာနှင့် ဗောဓိပရိဏာမနာတို့ ဖြစ်လေသည်။ ရှေးဦးစွာသော အင်္ဂါမှာ လောက၏ ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်စေရန်အတွက် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ရမည်။ ကိုးကွယ်ဆည်းကပ်မှုနှင့် ကင်းကွာ၍ ဤကဲ့သို့သော ကောင်းကျိုးချမ်းသာမင်္ဂလာမဖြစ်နိုင်ချေ။ သို့ကြောင့် လောက၏ ကောင်း ကျိုး ချမ်း သာ မင်္ဂလာအတွက် ဗုဒ္ဓနှင့် ဗောဓိသတ္တတို့အား (၁) ဝန္ဒနာ-ရှိခိုးခြင်းပြုရမည်။ (၂) ပူဇန-ပူဇော်ခြင်းပြုရမည်။ သူတော်ကောင်းပုဂ္ဂိုလ်သည် မိမိပြုလုပ်ခဲ့ဖူးသော မကောင်းမှုအကုသိုလ်တို့ကို ထင်ရှားထုတ်ဖေါ်ပြောပြရမည်။(၃)ပါပဒေသနာ။ ဒေသနာ-၏ အဓိပ္ပါယ်မှာ ထင်ရှားစွာ ပြောကြားခြင်း၊ ဝန်ခံခြင်းပင်တည်း။ ပါပဒေသနာ၏ အကျိုးမှာ-ဤသို့လျှင် မကောင်းမှု ပြုခဲ့သည်ကို ထင်ရှားပြု၍ ဝန်ခံခြင်း

ကြောင့် နောင်တ တဖန် ပူပန်ရခြင်းမရှိ မူ၍ ဖြစ်ပြီး သော အကုသိုလ်များကို ဆေးကြောသုတ်သင်၏။ မဖြစ်ပေါ်သေး သော အကုသိုလ်များကို တားမြစ်စောင့်ရှောက်၏။ ထိုနောက် သူတော်ကောင်းသည် အလုံးစုံသော သတ္တဝါတို့၏ လောကီ ဆိုင်ရာ ကောင်းမွန်သောလုပ်ငန်းကိစ္စများကို ချီးကျူးသည်။ သတ္တဝါအများဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်းကိုအနုမောဒနာ ပြုသည်။ ဝမ်းသာကြည်နူးသည်။ ယင်းကို (၄) ပညာနုမောဒန ဟု ခေါ်သည်။ သူသည် ကောင်းမြတ်သော သဘောတရားတို့ ကို မှီဝဲရန် ဆုံးဖြတ်၏။ ကောင်းမြတ်သောစိတ်ထားဖြင့် လက် အုပ်ချီပြီး အရပ်မျက်နှာတို့တွင် တည်ရှိသော ဗုဒ္ဓတို့ ထံတွင် ဆုမွန်ကောင်း တောင်းဆို၏။ သတ္တဝါအများ ဘေးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် မြတ်တရားကို ဟောကြားတော်မူပါ။ ထိုသတ္တဝါ အများအတွက် ဣစ္ဆာသယ လို တိုင်း ရ သည့် စိန္တာမဏိ သို့မဟုတ် လိုတိုင်း ဆွတ်ယူ သုံးဆောင်နိုင်သော ကပ္ပရုက္ခပဒေသာပင်ဖြစ်တော်မူပါ ဟု ပတ္ထနာပြု၏။ယင်းအမည် ကို (၅) ဗုဒ္ဓဓေသဏာ(ဓေသဏာ=တောင်းခံခြင်း)ဟုခေါ်၏။ သူတော်ကောင်းပုဂ္ဂိုလ်သည် ဗောဓိသတ္တ၏ အထံတွင် ချဉ်းကပ် ၍ ဤဘဝသံသရာတွင် သတ္တဝါများ တည်ရှိစေရန် အမြဲပြုတော် မူပါ၊ ပရိနိဗ္ဗာန် မပြုမခြင်း လူတို့၏ ကောင်းကျိုးချမ်းသာဖြစ် စေရာတွင် ပျော်မွေ့ပါလော ဟု ဆုတောင်းပတ္ထနာပြုခြင်း၏ အမည် မှာ (၆)ဗုဒ္ဓယာစနာဖြစ်၏။ ထိုနောက် ထိုသူသည် ဤအနုတ္တရ ပူဇာ၏ အကျိုးဖလတွင် ကောင်းစွာ ပြုအပ်သော ငါ့အား လည်း ပျော်မွေ့ပါစေသတည်း။ ယင်းဖြင့် ငါသည် အလုံးစုံသော သတ္တဝါတို့၏ ဆင်းရဲဒုက္ခများကို ပယ်ဖျောက်ရာတွင်အကြောင်း

ဖြစ်ပါစေဟု ဆုတောင်းပတ္ထနာ ပြု၏။ ထိုသို့ပြုခြင်းမှာ (၇) ဗောဓိပရိ-ဏာမနာ-ဖြစ်၏။ ဤပူဇာဖြင့် အမှန်ပင် ဗောဓိစိတ္တ ဖြစ်ပေါ်သွားလေသည်။

## ပါရမိတာ ဂဟဏ

မဟာယာန ယောဂီအတွက် ဗောဓိစိတ္တကိုဆောင်ပြီးနောက် ပါရမိတာတို့ကို မှီဝဲရန်အမှန်ပင်လိုအပ်လှပေသည်။ "ပါရမိတာ" သဒ္ဒါ၏ အနက်မှာ ပုဏ္ဏတာ-ပြည့်စုံသည်၏ အဖြစ်ပင်ဖြစ်၏။ သူ၏ ပါဠိအသွင်မှာ 'ပါရမီ'ဖြစ်၏။ ယင်းပါရမီတို့ကို ဇာတက၏ နိဒါန်းတွင် ဤသို့ ဖွင့်ဆိုထား၏။ ဗုဒ္ဓအဖြစ်ကို လိုလားတောင့်တသော သုမေဓ အမည်ရှိသည့် ဗြာဟ္မဏသည် ဆယ်ပါးအပြားရှိသော ပါရမီတို့ကို ဖြည့်ကျင့် ဆည်းပူးခဲ့လေသည်။ ထိုပါရမီဆယ်ပါးမှာ ဒါန, သီလ, နိက္ခမ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ၊ အဓိဋ္ဌာန မေတ္တာနှင့် ဥပေက္ခာတို့ဖြစ်ကြသည်။ဤပါရမီတို့ဖြင့် သကျမုနိသည် ၅၅၀-သော ဘဝကို ယူဆောင်၍ သမ္မာသမ္ဗောဓိ၏ လောကုတ္တရာ သမ္ပတ္တိကို ရရှိခဲ့လေသည်။ ဤပါရမီတို့ကို မနုဿ-လူ့ဘဝမှာသာဖြည့်ကျင့်ခြင်းမဟုတ်ချေ။ ဇာတကတို့၏ အဖွင့်အပြဖြင့် သိရသည်မှာ သကျမုနိသည် တိရစ္ဆာန်ဘဝတိုင်အောင် ပါရမီတို့ကို ယူဆောင်ပြီး ဖြည့်ကျင့်ခဲ့လေသည်။ ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးခြင်းမရှိဘဲ ဘယ်သူမျှ ဗောဓိသတ္တ၏ အဖြစ်ကို မရည်ရွယ်နိုင်ချေ။ သို့ကြောင့် ပါရမီကို ဖြည့်ကျင့်ဆည်းပူးရန် လွန်စွာမှ အရေးကြီးလှပေသည်။

ခရီးသည်တယောက်သည် သွားလိုရာကို ရောက်ရန်အတွက် အမှန်ပင် ရိက္ခာထုပ်မှာ လိုအပ်ပေသည်။ ထို့အတူပေဒမိလမ်းကိုသွားသော သူတော်ကောင်းသည်လည်း အထုပ်အထည်ရှိဘို့ လိုပေသည်။ အထုပ်-အထည်မှာ ပုည သမ္ဘာရ-ကုသိုလ်ကောင်းမှု အထုပ်အထည်နှင့် ဉာဏသမ္ဘာရ-ဉာဏ်ပညာ အထုပ်-အထည် ဟူ၍ နှစ်ပါးအပြားရှိသည်။ ပုညသမ္ဘာရတွင် လုံ့လဝီရိယဖြင့် စင်ကြယ်သော ပညာဖြစ်ပေါ်ခြင်းလည်း အတွင်းဝင်လေသည်။ ဉာဏသမ္ဘာရမှာ ပညာ၏ အမည်တမျိုး ဖြစ်သည်။ ပညာပါရမိတာ ဖြစ်ပေါ်ခြင်းသည်သာ ဘုရားအဖြစ်၏ တခုတည်းသော အကြောင်းဖြစ်သည်။ သို့ရာတွင် ထိုပညာဖြစ်ပေါ်စေရန် ပုညသမ္ဘာရဖြင့် ပြည့်စုံရန်လည်း အမှန်ပင် လိုအပ်လှပေသည်။ မဟာယာနကျမ်းတို့တွင် ပါရမိတာတို့ကို ခြောက်ပါးသာ လက်ခံသည်။ ယင်းခြောက်ပါးမှာ- ဒါန, သီလ, ခန္တီ, ဝီရိယ,ဈာနနှင့် ပညာဖြစ်သည်။ ဤခြောက်ပါးတွင် ပညာပါရမီ ပဓာနဖြစ်၏။ ပညာမှာ အသိဉာဏ်ပင်ဖြစ်၏။ အခြားအမည် တပါးမှာ 'ဘူတ တထတာ'ဖြစ်၏။

ပညာနှင့် ကင်း၍ နောင်ဘဝ၏အဆုံးကို မပြုနိုင်ချေ။ ဤပါရမီနှင့် ပြည့်စုံရန်အတွက် အခြားသော ပါရမီတို့ကိုလည်း ဖြည့်ကျင့်ဆည်းပူးရလေသည်။ သို့ကြောင့် ဒါန, သီလ, ခန္တီ, ဝီရိယနှင့် ဈာနတည်းဟူသော ပါရမီငါးပါးသည် 'ပုညသမ္ဘာရ အတွင်းမှာ သက်ဝင်လေသည်။ပညာဖြင့် သုတ်သင်သောကြောင့်သာလျှင် ဒါန,သီလ စသည်တို့၏ ပြည့်စုံမှုကိုရ၍ 'ပါရမိတာ' ဟူသော အမည်ကို ခံယူရလေသည်။ ပညာ ကင်းကွာသော

ပါရမီတို့မှာ လောကီအတွက်သာဖြစ်သည်။ဗုဒ္ဓအဖြစ်သို့မရောက်နိုင်ချေ။ ဤပါရမီခြောက်ပါးမှာ မဟာယာနတို့၏ မူချအင်္ဂါဖြစ်လေသည်။

**(၁) ဒါန ပါရမိတာ**

အလုံးစုံသော သတ္တဝါတို့အတွက် အလုံးစုံသောလှူဘွယ်ဝတ္ထုတို့ကို ပေးလှူခြင်းနှင့် ဒါန၏ အကျိုးဖလကိုစွန့်လွှတ်ခြင်းသည် ဒါနပါရမိတာမည်၏။ ဒါန၏ အတွင်းမှာ အကယ်၍ အကျိုးဖလကို မြော်လင့်နေပါမူ ထိုဒါနမှာ နှောင်အိမ်နှင့်တူ၍ ပြည့်စုံလိမ့်မည် မဟုတ်ချေ။ သို့ကြောင့် ဒါနပြည့်စုံရန် ဒါန၏ အကျိုးဖလကို စွန့်လွှတ်ရန် အမှန်ပင် လိုအပ်လှပေသည်။ ဘဝသံသရာ ဒုက္ခ၏ မူလမှာ အလုံးစုံကို လက်ခံသိမ်းပိုက်ခြင်းပင်ဖြစ်၏။ သို့ကြောင့် လက်ခံသိမ်းပိုက်ခြင်းမရှိခြင်းဖြင့် ဘဝဒုက္ခမှ လွတ်မြောက်မှုကို ရရှိနိုင်လေသည်။ ဤသည်လျှင် ဒါနပါရမီ၏ လေ့ကျင့်ခဏ်း ဖြစ်သည်။ ဤပါရမီကို ဖြည့်ကျင့်ခြင်းဖြင့် ယောဂီသည် တစုံတခုသော အရာဝတ္ထုကို မိမိအတွက် မထားတော့ချေ။ အလုံးစုံသော သတ္တဝါတို့ကို သားအတူကြည့်ရှု၍ မိမိကိုယ်ကို လူတိုင်း၏သားအဖြစ်ဖြင့် ယူဆ၏။ဗောဓိသတ္တသည် ကောက်ကျစ်စဉ်းလဲခြင်း, ငြူစူခြင်း, ဝန်တိုခြင်းနှင့် ဘဝသံသရာတွင် နစ်မြုပ်နေခြင်းတို့ကို စက်ဆုတ်သည်။ သူသည် ဘယ်အရာဝတ္ထုတို့၏ အပေါ်တွင်မှ စိုးရိမ်ခြင်းသောက မဖြစ်ချေ။ အကျိုးကျေးဇူးကို မြော်လင့်ခြင်းမရှိချေ။ လူတိုင်းပင် ဤပါရမီကို ဖြည့်ကျင့်ဆည်းပူးသင့်လှပေသည်။

## (၂) သီလပါရမိတာ

သီလ၏ အနက်မှာ သူ့အသက်ကို ညှဥ်းပန်းနှိပ်စက်ခြင်း အစရှိသော ရှုတ်ချဘွယ် အလုပ်ကိစ္စတို့မှ စိတ်ကို ရှောင်ကြဉ်ခြင်းဖြစ်သည်။ စိတ်ကို ရှောင်ကြဉ်ရန် လေ့လာခြင်း ပင် တည်း။ ဒါနပါရမီတွင် အတ္တဘောကို စွန့်ခွါသွားမည်ကို လေ့ကျင့်ခဏ်းပေးသည်။ ယင်းဖြင့် ကမ္ဘာလောကတွင်ရှိသော သတ္တဝါအများ သူ့အားကိုးစားနိုင်ကြသည်။ အကယ်၍အတ္တဘောကို မစောင့်ရှောက်ပါလျှင် တပါးသောသူတို့ သူ့အား အဘယ်မှာ ကိုးစားနိုင်ကြမည်နည်း။ သို့ကြောင့် သိက္ခာသမုစ္စယကျမ်းတွင် ဝီရဒတ္တကဲယောဂီသည် လှည်းကဲ့သို့ ဝန်ကိုဆောင်ရန် အသိဥာဏ်ဖြင့် ကိုယ်ခန္ဓာကို စောင့်ရှောက်ရာ၏ ဟု ဆိုလေသည်။ ကိုယ်ခန္ဓာကို စောင့်ရှောက်သည်နှင့် အတူတကွပင် စိတ်ကိုလည်း စောင့်ထိန်းရမည်ဖြစ်၏။ စိတ်သည်အစဉ်သဖြင့် အာရုံသို့မျက်နှာမူနေလေရာ အကယ်၍သူ့ကို ကာကွယ်စောင့်ရှောက်ခြင်းမပြုပါက ဘယ်နည်းနှင့်မျှ ငြိမ်းချမ်းမှုကို ရနိုင်မည်မဟုတ်ချေ။ ရန်သူ စသည်တို့မှာ အပြင်အပမှာဖြစ်၍ သူတို့ကို တားမြစ်ရန် မဖြစ်နိုင်၊ အတွင်းစိတ်ကို တားမြစ်ခြင်းသည်သာလျှင် ကိစ္စပြီးမြောက်သည်။ အရှင်သန္တိဒေဝသည်ဗောဓိစရိယတွင် ဤသို့ရှင်းပြ၏။

ဘူမိံ ဆာဒယိတုံ သဗ္ဗံ ကုတ စမ္မ ဘဝိဿန္တိ၊
ဥပါနစ္စမ္မ မတ္တေန ဆန္နာဘဝတိ မေဒိနီ။

ခြေထောက်ကို စောင့်ရှောက်ရန်အတွက် ဆူးကို သုတ်သင်ပစ်ဖို့လိုသည်။ သို့အတွက် မြေကြီးကို သားရေဖြင့် ဖုံးလွှမ်းသင့်

သည်။ သို့ရာတွင်ဤမျှသော သားရေကိုအဘယ်မှာ ရမည်နည်း။ အကယ်၍ရသည်တိုင်အောင် မြေကြီးကိုဖုံးထားနိုင်ပါမည်လား။ မိမိခြေကို သားရေဖြင့်ဖုံးကွယ်ကာမျှဖြင့်အလုံးစုံသောမြေအပြင်ကို ဖုံးကွယ်ခြင်းကိစ္စပြီးမြောက်နိုင်၏။ ယင်းသည်စိတ္တနိဝါရဏ စိတ်ကိုတားမြစ်ရန်အကြောင်းဖြစ်သည်။

လယ်များကိုစားလိုသော လောဘဖြင့်ဟိုဟို-သည်သည် လှည့်လည်နေသောနွားမကို ဖမ်းပြီးထိန်းသိမ်းထားခြင်းမှာ လွယ်ကူသောနည်းလမ်းဖြစ်သည်။ အာရုံတို့မှာများပြားလှသောကြောင့် သူ့ကိုတားမြစ်ထားရန်မှာ မဖြစ်နိုင်ချေ။ သို့ကြောင့်မိမိစိတ်ကို တားဆီးခြင်းသည်သာ လွယ်ကူသောနည်းလမ်းဥပါယ်ဖြစ်သည်။

စိတ်ကိုစောင့်ရှောက်ရန်အတွက် သတိနှင့် သမ္ပဇညကို စောင့်ရှောက်ဘို့လိုသည်။ သတိ၏အနက်မှာ အောက်မေ့ခြင်း ဖြစ်၏။ သတိသည်တံခါးစောင့်ကဲ့သို့ အကုသိုလ်တို့ကို ဝင်ခွင့်မပေးချေ။ သမ္ပဇည၏ ဆိုလိုရင်းမှာဝေဘန်ဆုံးဖြတ်ခြင်းဖြစ်၏။စားသောက်ခြင်း, အိပ်စက်- နိုးကြားခြင်း, ထ,ထိုင်ခြင်း, အစရှိသောအချိန်တိုင်းမှာ ကိုယ်နှင့်စိတ်ကိုသေချာစွာ စီစစ်၏။မျှတခြင်းတန်ခိုးဖြင့်သာ စိတ်တည်ကြည်၍ တည်ကြည်သောစိတ်ဖြင့်သာလျှင်ယထာဘူတ ဟုတ်မှန်သည့်အတိုင်းသိမြင်သည်။ စိတ်ကိုဆုံးမခြင်းမှာဓမ္မဖြစ်၍ မွေကိုဆုံးမခြင်းမှာ ဗောဓိဖြစ်၏။ စိတ်ကိုသုတ်သင်ရန် အတွက် သီလပါရမီကို ဖြည့်ကျင့်ရလေသည်။

## (၅၃) ခန္တီပါရမိတာ

ဒေါသကို ငြိမ်းစေရန် အတွက်ဤပါရမီကိုဖြည့်ကျင့်ရလေသည်။ ဒေါသနှင့်တူသော တပါးသော အကုသိုလ်မရှိချေ။ ထို့ပြင်ခန္တီနှင့်တူသော

တစုံတရာအကျင့်မရှိချေ။ ဤပါရမီကိုဖြည့်ကျင့်ရေးအတွက်ဆရာသန္တိဒေဝက ဗောဓိစရိယတွင် ဂါထာတပုဒ် ဖော်ထုတ်ထားလေသည်။ လူသည်ခန္တိ-သည်းခံသင့်လေသည်။ သည်းခံခြင်းမရှိသော လူသည် ကြားမြင်သုတကို ဆည်းပူးရာတွင် ပင်ပန်း၏။ သည်းခံနိုင်ရည် မရှိသောကြောင့် လုံ့လဝီရိယပျက်စီး၏။ သက်သောင့်-သက်သာစွာဖြင့် ကြားမြင်သုတဉာဏ်ကိုလိုလားအပ်၏။ ဉာဏ်ရှိသော သူသည် တောဝနကို အမှီပြုသင့်၏။ တော ဝနမှာလည်း စိတ်ကိုဆောက်တည်ခြင်းမရှိဘဲ ပြန့်လွင့် နေပါလျှင် ငြိမ်းချမ်းမှုမရနိုင်ချေ။ သို့ကြောင့်သမာဓိကိုထူထောင်ရမည်။ စိတ်တည်ကြည်သော်လည်း ကိလေသာကိုသုတ်သင်ခြင်းမရှိပါက အကျိုးထူးလိမ့်မည်မဟုတ်ချေ။ သို့ကြောင့် အသုဘ အစရှိသော ဘာဝနာကိုပွါးများရာ၏။

ခန္တိမှာ ဒုက္ခာဓိဝါသနာ ခန္တိ၊ ပရာပကာရ မဿဏာခန္တိ နှင့် ဓမ္မနိဓာန ခန္တိဟူ၍ သုံးပါးအပြားရှိ၏။ ပထမဆုံးသော ခန္တိမှာ အလွန်မနှစ်သက်ဘွယ်နှင့် တွေ့ကြုံရသော်လည်း ဒေါမနဿ မဖြစ်ချေ။ ဒေါမနဿ၏ ဆန့်ကျင်ဘက် 'မုဒိတာ'ကို ကြိုးစားလေ့ကျင့်သင့်၏။ ပရာပကာရ မဿဏာ၏ အနက်မှာ သူတပါးတို့ ကျေးဇူးမဲ့ပြုသည်ကို သည်းခံ၍ သူ့အားလက်စားမချေခြင်းပင်ဖြစ်၏။ ဒေါသ၏ လျှို့ဝှက်ချက်ကို သိစေရန် ဆရာသန္တိဒေဝသည် ဤဂါထာကို ကျူးရင့်လေသည်။

မုချံ ဒဏ္ဍာဒိကံ ဟိတွာ ပေရကော ယဒိ ကုပ္ပတေ၊
ဒေါသေဏ ပေရိတော ဒေါသေ ဒေါသေတု မေ ဝရံ။

တုတ်စသည်ဖြင့် ရိုက်နှက်ရာတွင် လူသည် ရိုက်နှက်သူ၏ အပေါ် အမျက်ထွက်ကြသည်။ ဤသို့အမျက်ထွက်ခြင်းမှာ မမှန်

ချေ။ အကယ်၍ တိုက်တွန်းသူ၏ အပေါ်မှာ အမျက်ထွက်ပါလျှင် ဒေါသ၏ အပေါ်မှာ အမျက်ထွက်သင့်၏။ အကြောင်းမူ ဒေါသက တိုက်တွန်းသောကြောင့်သာ သူသည် တစုံတယောက်ကိုရိုက်နှက်ရန် ကြိုးစားခြင်းဖြစ်သည်။ သို့ကြောင့် ဒေါသ၏ အပေါ်မှာ ဒေါသဖြစ်ထိုက်၏။ ဒေါသကို အောင်မြင်ရန်အတွက် ခန္တိကို ယှဉ်ရန် အရေးကြီးလှပေသည်။ တတိယခန္တိ ပေါ်ပေါက်ခြင်းမှာ ဓမ္မသဘာဝပေါ်တွင် ဝင်စားမှု ပေးသောကြောင့်ဖြစ်၏။ လောကတွင် ရှိသမျှ ဓမ္မတရား အလုံးစုံတို့မှာ တခဏမျှဖြစ်၍ အနှစ်သာရလည်း ကင်းမဲ့ကြလေရာ ဘယ်သူ့အပေါ်တွင် ဒေါသဖြစ်မည်နည်း။ ဘယ်သူ့ကို အမျက်ထွက်မည်နည်း။ သည်းခံခြင်းသည်သာ ဘဝ၏ မူလ မန္တံ ဖြစ်သည်။

## (၄) ဝီရိယ ပါရမိတာ

ဝီရိယ၏အနက်မှာ လုံ့လ ကြိုးကုတ် အားထုတ်ခြင်းဖြစ်၏။ သည်းခံသောသူသည်သာ ဝီရိယ လာဘ်လာဘကို ရနိုင်သည်။ ဝီရိယတွင် ဗောဓိ တည်ရှိသည်။ လေနှင့် ကင်းကွာ၍ သွားလာမှု မဖြစ်နိုင်သကဲ့သို့ ဝီရိယနှင့် ကင်း၍ ကောင်းမှုမဖြစ်နိုင်ချေ။ ကုသိုလ်ကောင်းမှုတွင် လုံ့လပြုခြင်းသည်ပင် ဝီရိယဖြစ်၏။ သူ၏ ဆန့်ကျင်ဘက်မှာ ပြင်းရှိခြင်း၊ စက်ဆုပ်ဘွယ်ကို လိုလားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် ကိုယ်ကို မထိမ့်မြင်ပြုခြင်းတို့ဖြစ်၏။ သံသရာဒုက္ခ၏ထက်မျက်သော အာနုဘော်သည် ကုသိုလ်နှင့်ကင်းသော အလုပ်ကိစ္စတွင် စိတ်ညွတ်ခြင်းမရှိချေ။ ယောဂီသည် မိမိ၏စိတ်တွင် ပင်ပန်းနွမ်းနယ်မှုကို နေရာမပေးချေ။ ထိုပုဂ္ဂိုလ်မစဉ်းစား

သော အကြောင်းတို့မှာ-လူသည် အတိုင်းမရှိသော ပုည-ဉာဏ
တို့၏ အင်အားဗလဖြင့် ခက်ခဲစွာသော အလုပ်တို့ကို အားထုတ်
ပြီး မရေတွက်နိုင်သော ကပ်ကမ္ဘာတွင်မှ ဗုဒ္ဓအဖြစ်သို့ရောက်ခဲ့
သည်။ ငါကား သာမညလူဖြစ်၍ ဘယ်သို့လျှင် ဗုဒ္ဓအဖြစ်သို့
ရောက်နိုင်လိမ့်မည်နည်း။ ထိုအတွက် ယောကျ်ားမြတ်တို့မှာ တ
စုံတရာ ခက်ခဲခြင်းမရှိဟု မြတ်စွာဘုရား ဟောကြား သည်မှာ
မှန်လှပေသည်။ ဗုဒ္ဓတို့သည် လုံ့လကြိုးကုတ် အားထုတ်ခြင်းဖြင့်
ရခဲလှစွာသော အနုတ္တရဗောဓိကို ရခဲ့ကြလေသည်။ သူတို့လည်း
ဘဝသံသရာ ပင်လယ်လှိုင်းတွင် လှည့်လည်လျက် မှက်ခြင်းအစရှိ
သည် ဖြစ်ခဲ့ကြသည်။ ဤသို့လျှင်စိတ်တွင် လုံ့လဉဿာဟ အပြည့်
ဖြစ်စေလျက် နိဗ္ဗာန်လမ်းပေါ်တွင် သွားနေလေသည်။ သတ္တ၏
အကျိုးပြီးမြောက်စေရန်အတွက် ဗောဓိသတ္တတို့တွင် ဗလဗျူ
ဟာတခုရှိသည်။ ယင်းမှာဆန္ဒ-ကုသိုလ်ကောင်းမှုတွင် လိုလား
ခြင်း၊ ထာမ-အလုပ်ကိစ္စတွင် ခိုင်မြဲစွာစိုက်ထူထားခြင်း၊ ရတိ-
ကောင်းသော အလုပ်ကိစ္စတွင် ကပ်ငြိခြင်းနှင့် မုတ္တိ-လွတ်လွတ်
စွန့်ခြင်းပင်ဖြစ်၏။ ဤဗလဗျူဟာသည် ဝီရိယ ပြည့်စုံမှုကိုပြုရာ
တွင်အင်္ဂါလေးပါးရှိသော စစ်သေနာ၏ အလုပ်ကိုလုပ်ဆောင်
သည်။ ယင်းဖြင့် ပြင်းရိထိင်းမှိုင်းခြင်းစသော ရန်သူတို့ကို
တိုက်ထုတ်ပြီး ဝီရိယတိုးပွါးရန် ကြိုးစား၏။ ထိုမှတပါးသိမ်မွေ့
နက်နဲခြင်း စသော ဂုဏ်တို့ဖြင့်လည်း ပြည့်စုံစေ၏။ ဝါဂွမ်းဆိုင်
သည် လေဖြင့်လှုပ်ရှားသကဲ့သို့ ဗောဓိ သတ္တလည်း လုံ့လဖြင့်
လှုပ်ရှားပြီးပါရမီဖြည့်သောကြောင့် တန်ခိုးဣဒ္ဓိကို ရလေသည်။

## (၅) ဈာနပါရမိတာ

ဤသို့လျှင် ဝီရိယနှင့်ပြည့်စုံသောယောဂီသည်သမာဓိတွင်စိတ်ကိုရပ်တည်ထား၏။ အကြောင်းမူ စိတ်ပြန့်လွင့်သောသူသည် လုံ့လဝီရိယ ရှိသော်လည်း ကိလေသာတို့ကိုဖယ်ခွါရန် မတတ်နိုင်ချေ။ သို့ကြောင့် မြတ်စွာဘုရားသည် သမထနှင့်ဝိပဿနာကို ညွှန်ပြတော် မူခြင်းဖြစ်သည်။ ဝိပဿနာ၏အနက်မှာ ဥာဏဖြစ်၍ သမထ၏အနက်မှာ စိတ်၏ကေဂ္ဂတာသဘောဖြစ်သောသမာဓိဖြစ်သည်။ သမထနောက်ဝိပဿနာဖွါးမြင်ခြင်းဖြစ်၍ သမထ (သမာဓိ) ဖွါးမြင်ခြင်းမှာ ဘဝသံသရာတွင် ကပ်ငြိခြင်းကိုစွန့်ခွါခြင်းပင်ဖြစ်၏။စွန့်လွှတ်ခြင်းနှင့်ကင်းကွာ၍သမာဓိမတည်နိုင်ချေ။ကပ်ငြိတွယ်တာခြင်းဖြင့် အကျိုးမဲ့ဖြစ်ခြင်းကို ဘယ်သူမသိဘဲ ရှိမည်နည်း။ သို့ကြောင့် မဟာယာနီဖြစ်သော ယောဂီသည် လူတို့နှင့် ပေါင်းဖေါ်ခြင်းမှ ဖယ်ခွါ၍ တောသို့သွားနေခြင်းဖြစ်လေသည်။ ထိုတွင်တနေရာတည်းမှာနေလျက်လောက၏ အနိစ္စတာအပေါ်တွင်စိတ်ကိုတည်ကြည်စေ၏။သူစဉ်းစားသည်မှာ-ချစ်ခင်နှစ်သက်မှုနှင့် ပေါင်းသင်းခြင်းမှာ အမြဲပင်အနှောင့်အရှက်ဖြစ်၏။ ဇီဝသည် တခုတည်းသာ ဖြစ်၍ တခုတည်းပင် သေရလေ၏။ ဇီဝသည်အတန်ငယ်မျှသော ခဏအတွက်ချစ်အပ်သောပိယဝတ္ထုတို့စုပေါင်းနေသဖြင့် ဘာအကျိုးရှိမည်နည်း။ပရမတ္ထအမြင်ဖြင့်ကြည့်ပါလျှင် ဘယ်သူသည် ဘယ်သူနှင့်ပေါင်းဆုံသနည်း။ ခရီးသည်များသဖွယ် ခရီးသွားစဉ် တနေရာတွင်တွေ့ဆုံကြပြီးလျှင်တဖန်ကိုယ်ထီးကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားကြသည်။ ထို့အတူပင် သံသရာခရီးတွင် သွားကြယင်း မိဘ,သားသမီး, မိတ်ဆွေ

သင်္ဂဟစသည်ဖြင့် တနေရာတွင် တခဏမျှဆုံမိကြခြင်းဖြစ်သည်။ ဗောဓိသတ္တကား ဘဝသံသရာ၏ ချစ်အပ်သော ပိယဝတ္ထုတို့မှ မိမိစိတ်ကိုဖယ်၍တနေရာတွင်မှီဝဲဆည်းကပ်ကာ အကျိုးမရှိသော အလုပ်များကို တားမြစ်ပိတ်ပင်ရန်အတွက် စိတ်ကို တနေရာမှာ ထားပြီးဆုံးမလေသည်။

## (၆) ပညာပါရမိတာ

စိတ်၏ကေဂ္ဂတာ ဖြစ်ခြင်းကြောင့် ပညာ ဖြစ်ပေါ်လာသည်။ အကြောင်းသော်ကား စိတ်တည်ကြည်သောသူသည် ဟုတ်မှန်သည့်အတိုင်း ပိုင်းခြားသိမြင်၏။ တဆဲ့နှစ်ပါးသောအကြောင်းတို့တွင်အဝိဇ္ဇာသည်သာ မူလဌာနဖြစ်၏။ ဤအစဉ်ထာဝရပြောင်းလဲလေ့ရှိသောဒုက္ခအတိပြီးသည့် ပပဉ္စ၏မူလအကြောင်းမှာ ယင်းအဝိဇ္ဇာပင်ဖြစ်၏။ ဤအဝိဇ္ဇာကိုဖယ်ခွာရန် တခုတည်းသော နည်းလမ်းမှာပညာဖြစ်၏။ အထက်တွင်ဖွင့်ပြခဲ့သော ပါရမီ ငါးပါးတို့မှာ ဤပါရမီ၏အခြံအရံမျှသာဖြစ်၏။ ဘဝဒုက္ခကိုအမြစ်ပါတူးဖို့ရာတွင်ပညာပါရမီသာပဓာနဖြစ်၏။ ဤပညာ၏အခြားအမည်မှာ ဝိပဿနာဉာဏ်ဖြစ်၏။ ဤဉာဏ်ဖြစ်ပေါ်စေရန်သမာဓိမှာ လွန်စွာအရေးကြီးလှပါ၏။

ပညာပါရမိတာ၏ အနက်မှာ အလုံးစုံသော တရားဓမ္မ တို့၏ နိဿာရတာ (အနှစ်သာရမရှိခြင်း) ဉာဏ်ဖြစ်သည်။ သို့မဟုတ် သဗ္ဗဓမ္မသုညတာ (ဓမ္မတရားမှန်သမျှ သုည)ဖြစ်သည်။ သုညတာတွင်တည်နေသော သူသည်သာလျှင် ပညာ ပါရမိတာ (ပြည့်စုံ

သောဉာဏ် သို့မဟုတ် သဗ္ဗညုတ) အဖြစ်သို့ ရောက်နိုင်၏။ ဤဉာဏ်ဖြစ်ပေါ်လာသောအခါ ခံစားမှုဖြစ်ခြင်းတို့မှာ မိမိမဖြစ်၊ သူတပါးလည်းမဖြစ်၊နှစ်ပါးစုံလည်းမဖြစ်၊အလားတူအကြောင်းမဲ့လည်းမဖြစ်၊ ထိုအခါ ပညာပါရမိတာ ဖြစ်ပေါ်၍ လာပြန်လေသည်။ ထိုအခါယောဂီပုဂ္ဂိုလ်အတွက် ဘယ်နည်းနှင့်မျှ အလုပ်ကိစ္စ ကြွင်းကျန်နေတော့မည်မဟုတ်ချေ။ ပရမတ္ထဖြစ်သောမိမိမြင်တွေ့ရသမျှသည် မာယာ (မျက်လှည့်)နှင့် တူ၏။ အိပ်မက်နှင့်အရိပ်ကဲ့သို့ အချည်းနှီးဖြစ်၏။ လောက၏သတ္တာသည် စင်စစ်အခေါ်အဝေါ်မျှသာဖြစ်၏။ ပရမတ္ထအားဖြင့် ထင်ရှားမရှိချေ။ ပုံစံအသွင်ဖြင့် ငါတို့တွေ့မြင်နေရသည်တို့မှာ လောက၏ မာယာသရုပ်ပင်ဖြစ်၏။ အမှန်မှာ အလုံးစုံ သုညဖြစ်၏။ ဤဉာဏ်ကို အရိယာဉာဏ် ဟု ခေါ်၏။ ဤဉာဏ်ဖြစ်ပေါ်လာသောအခါ အဝိဇ္ဇာ ချုပ်ငြိမ်းသွားလေသည်။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့လည်း ချုပ်ကြ၏။ ဤသို့လျှင် ရှေးရှေး အကြောင်းချုပ်ခြင်းကြောင့် နောက်-နောက်ဖြစ်သော အကျိုးများလည်းချုပ်ကြလျက်နောက်ဆုံးတွင် ဒုက္ခ၏အဆုံးသို့ ရောက်သွား၏။ ဤသို့လျှင် ပညာပါရမိတာဖြစ်ပေါ်လာသောအခါ သံသရာမှလွတ်မြောက်၍ နိဗ္ဗာန်သို့ရောက်သွားလေသည်။ ဤပညာပါရမိတာ၏ အစီအရင်ကို မဟာယာနသုတ်တို့တွင် ပုဇော်အပ်သောနတ်ဒေဝတာအသွင်ဖြင့် တွေ့မြင်ကြရ၍ ပညာကို စိတ်ဝင်စားဘွယ် ဖွင့်ဆိုထားလေသည်။

ဤပါရမိတာတို့ကို သင်ကြားလေ့လာသဖြင့် ဗောဓိသတ္တ၏အကျိုးဖလ ရရှိလေသည်။ ထိုသူသည် ဗုဒ္ဓအဖြစ်သို့ ရောက်၍အလုံးစုံသော သတ္တဝါတို့အား ကယ်တင်ရန်အလုပ်ကို ကြီးစွာ

သော လုံ့လ ဥဿာဟဖြင့် ပြုလုပ်နေ၏။ သူ့ဘဝ၏ခဏတိုင်းမှာ သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာမင်္ဂလာဖြစ်စေရေးဖြင့် ပျံ့နှံ့နေ၏။ သူ၏ကိုယ်ကျိုး အငွေ့အသက်မျှမရှိချေ။ မဟာယာန၏ အကျိုးပြီးမြောက်မှုအဆုံးကို အကုန်ပြောပြရန်မှာ မဖြစ်နိုင်ချေ။ ဗုဒ္ဓဓမ္မ၏ ပြန့်ပြောခြင်းတွင် ဗောဓိသတ္တ၏ ဤကြီးကျယ်မြင့်မြတ်သော မှန်ပြမှာ အဘယ်မျှ အကျိုးရှိ၍ အကူအညီရသည်ကို သမိုင်းဆရာတို့ရှေ့တွင် အထူးပြုနေဘွယ်မရှိပေ။

## (၅က) တြိကာယ

မဟာယာနနှင့် ဟီနယာန၏ အချင်းချင်း ကွဲလွဲရခြင်းမှာ ဤတြိကာယ အယူအဆပင်ဖြစ်၏။ ဟီနယာန ဂိုဏ်း တို့တွင် ထေရဝါဒီတို့သည် တြိကာယနှင့် ပတ်သက်၍ တစုံတရာ ထူးထူးခြားခြား ရေးသားခြင်းမရှိချေ။ အကြောင်းမူ သူတို့အမြင်တွင် ဗုဒ္ဓမှာ ကိုယ်ခန္ဓာကိုဆောင်သော ရိုးရိုး မနုဿ လူသားပင်ဖြစ်၏။ တခါတရံ ဗုဒ္ဓကို ဓမ္မကအစဉ်အလာ၏ အပေါင်းအစုဟုဆိုညွှန်းသော်လည်း သာမညမျှသာဖြစ်သည်။ လျှို့ဝှက်ချက်သဘောတရားဘက်သို့ အတွေးနက်ခြင်း မရှိ ကြချေ။ မဟာသံဃိကတို့ကား ဤအကြောင်းတွင် ထူးခြားသော အကျိုးတရားကို ရယူကြလေသည်။ သူတို့သည် မြတ်စွာ ဘုရားအား နိမ္မာနကာယ,သံဘောဂကာယ,ဓမ္မကာယဟူ၍ကာယသုံးပါးဖြင့် ခွဲခြားဝေဘန်ကြသည်။ ဤကာယသုံးပါးမှာ မဟာယာနဂိုဏ်း၏ မုချအယူအဆဖြစ်၏။

## (၁) နိမ္မာဏကာယ

မြတ်စွာဘုရားသည် ဤခန္ဓာကိုယ်ကို သူတပါး တို့အား ကျေးဇူးပြုရန်အတွက်သာ ဆောင်ထားခြင်းဖြစ်သည်။ ဤခန္ဓာကိုယ်ကို အမေနှင့် အဖေအားဖြင့် ဖြစ်ခဲ့သည်။ စိတ်စေတနာနှင့် ဆက်စပ်သော သတ္တဝါတို့၏ ဓမ္မသည် ဤကိုယ်ခန္ဓာနှင့် တစပ်တည်းဖြစ်၏။ သကျမုနိသည် မုနိအသွင်ဖြင့် ဤနိမ္မာဏကာယကို ဆောင်ခဲ့သည်။ ဆရာအသင်္ဂသည် ဤကာယကို အထူးတင်ပြခဲ့သည်။ သိပ္ပ, မွေးဘွားခြင်း, အဘိသမ္ဗောဓိ, နိဗ္ဗာန်၏ သင်္ကေတစာကို ပေး၍ လောက၏ ကောင်းကျိုးအတွက်သာ ဗုဒ္ဓသည် ဤကိုယ်ခန္ဓာကို ဆောင်ခဲ့သည်။ ဤနိမ္မာဏကာယမှာ အဆုံးမရှိချေ။ သူတပါးတို့၏ အကျိုးစီးပွါး ပြီးမြောက်စေရန် အကြွင်-အကြွင် ကိုယ်ခန္ဓာအားဖြင့် ပြည့်စုံနိုင်သည်။ ထိုအလုံးစုံသော ကိုယ်ခန္ဓာတို့ကို ဗုဒ္ဓသည် ဤနိမ္မာဏကာယအားဖြင့် ဆောင်ထားလေသည်။

'ဝိညတ္တိ သိဒ္ဓိ' အလိုအားဖြင့် နိမ္မာဏကာယသည် သာဝက, ပစ္စေက ဗုဒ္ဓါ, ပုထုဇဉ်နှင့် မြေပေါ်တွင် တည်ခြင်းမရှိသော ဗောဓိသတ္တ၏ နိမိတ်ဖြစ်သည်။ တရုပ်ဘာသာ၌ ရေးသားထားသော 'သိဒ္ဓိ'ဋီကာများသည် ဗုဒ္ဓ၏အသစ်ဖြစ်သော ရုပ်ပုံကို ဆောင်သည့် အခြင်းအရာကို အထူးဖွင့်ဆိုကြသည်။ ထိုမြတ်စွာဘုရားသည် တခါ-တခါ ဗြဟ္မာ၏ အသွင်ကိုဆောင်၍ တခါ-တခါ သာရိပုတြာ သို့မဟုတ်၊ သုဘူတိအားဖြင့် ဓမ္မဥပဒေသပေးလေသည်။ သို့ကြောင့် ဤတပည့်များအားဖြင့် ပေးသော ဥပဒေသသည် ဗုဒ္ဓ၏ ဥပဒေသ ဟု သာ ယူဆကြခြင်းဖြစ်သည့်။ ဗုဒ္ဓသည် အလိုရှိသမျှသော ရုပ်သွင်ကို ဆောင်နိုင်၏။ ကြံစည်တွေးဆ

တိုင်းဖြစ်နိုင်၏။ကောင်းကင်မှ အသံကိုဖြစ်စေနိုင်၏။ ဤအလုံးစုံသော အလုပ်ကိစ္စကို 'နိမ္မာဏ ကာယ'ဖြင့် ပြီးမြောက်စေနိုင်လေသည်။

ဤသို့လျှင် နိမ္မာဏကာယ၏ အလုပ်သည် သူတပါးတို့၏ အကျိုးစီးပွါးကို ပြီးမြောက်စေခဲ့၏။ဤကာယ၏ သန့်ျာမှာအဆုံးမရှိချေ။ ကျွန်ုပ်တို့သည် သကျမုနိ၏သမိုင်းကို လေ့လာခဲ့ကြသည်။ ထိုပုဂ္ဂိုလ်သည်လည်း မြတ်စွာဘုရား၏ နိမ္မိဏ ကာယပင်တည်း။

## (၂) သံဘောဂ ကာယ

ဤသံဘောဂ ကာယမှာ နိမ္မာဏ ကာယထက် သိမ်မွေ့သည်။ သာဝက စသူတို့သည် နိမ္မာဏ ကာယကို ဆောင်နိုင်ကြသည်။ သိမ်မွေ့သော ကိုယ်ခန္ဓာကိုကား ဗောဓိသတ္တသာလျှင် ဆောင်နိုင်၏။ သံဘောဂ ကာယမှာ ပရ သံဘောဂ ကာယနှင့် သွသံဘောဂ ကာယ ဟု နှစ်ပါးအပြားရှိ၏။သွသံဘောဂ ကာယမှာ ဗုဒ္ဓ၏ ထူးခြားသော ကိုယ်ခန္ဓာသာလျှင်ဖြစ်၏။ ပရသံဘောဂ ကာယမှာ ဗောဓိသတ္တ၏ ကာယဖြစ်သည်။ ဗုဒ္ဓသည် ဤကာယဖြင့် မဟာယာနသုတ်၏ ဥပဒေသကို ဂိဇ္ဈကုဋ် တောင်ပေါ်တွင် မိန့်ကြားခဲ့၏။ သို့မဟုတ်၊ သုခဝတီဗျူဟာကို ဟောကြားခဲ့၏။ မဟာယာနဓမ္မ၏ ဥပဒေသများကို ဤကိုယ်ခန္ဓာအားဖြင့်သာ ဟောကြားတော်မူခဲ့၏။

ပဉ္စဝိသတိ သဟဿိကာ၏ အလိုအားဖြင့် သံဘောဂ ကာယမှာ လွန်ကဲသော နေမင်းခန္ဓာကိုယ်ဖြစ်၏။ယင်းနေခန္ဓာ၏

တခု-တခုသော အပေါက်မှ အဆုံးအပိုင်းအခြားမရှိသော အရောင်နှင့် မရေမတွက်နိုင်သော အလျှဉ်များ ဖြာထွက်လျက် လောကကို စိုစွတ်စေလေသည်။ အကြင်အခါ ဤကိုယ်ခန္ဓာမှ ဥပဒေသပေးရန်အတွက် လျှာသည် အပြင်သို့ ထွက်လာ၏။ ထိုအခါ ထိုကိုယ်ခန္ဓာမှ မရေ မတွက်နိုင်သော အလင်းရောင်မောင်းတို့ ပတ်ဝန်းကျင်တွင် ပြန့်၍နေကြ၏။ ဤကဲ့သို့ ဆန်းကြယ်သော အဖွင့်အပြမျိုးကို အခြားသော ပညာပါရမိတာတို့မှာလည်း တွေ့နိုင်လေသည်။

ဤသို့လျှင် သံဘောဂ ကာယမှာ ဗောဓိသတ္တတို့၏ သိမ်မွေ့လှသော ကိုယ်ခန္ဓာဖြစ်သည်။ဤကိုယ်ခန္ဓာဖြင့်ပင်ဓမ္မ၏ ဥပဒေသများကို ပေးခဲ့လေသည်။ ဤမြေအပြင်တွင် အ လုံး စုံ တို့ ထက်မြင့်မြတ်သောနေရာမှာ ဂိဇ္ဈကုဋ်ဖြစ်၏။ ဤ နေ ရာ မှာ ပင် သံဘောဂကာယ ဖြစ်ပေါ်ခဲ့၍ ဓမ္မ ဥပဒေသများကို ပေးခဲ့လေသည်။

## (၃) ဓမ္မကာယ

ဤကာယမှာ ဗုဒ္ဓ၏ ပရမတ္ထဖြစ်သော ကိုယ်ခန္ဓာဖြစ်၏။ ဤကာယကို သဒ္ဒါဖြင့် ရှင်းကျူးခြင်းငှါ မဖြစ်နိုင်ချေ။ မဟာယာန သုတ္တလင်္ကာရနှင့် 'သိဒ္ဓိ'တွင် ယင်းအမည်ကို သဘာဝိကကာယဟူ၍လည်း သဘာဝကာယဟူ၍လည်းခေါ်ဆိုလေသည်၊ဤကာယမှာ အဆုံးအပိုင်းလည်းမရှိ။ ရေတွက်ခြင်းငှါလည်း မစွမ်းနိုင်၊ နေရာတိုင်းတွင်ပျံ့နှံ့နေ၏။သံဘောဂကာယနှင့် နိမ္မာန ကာယတို့၏ တည်ရာဖြစ်၏။ ဆရာအသင်္ဂ၏အဆိုမှာ-ဓမ္မကာယသည် အလုံး

စုံသောဗုဒ္ဓတို့အတွက် ပုံစံတခုတည်းဖြစ်၏။ သိမြင်နိုင်ခဲ့သဖြင့် လွန်စွာသိမ်မွေ့နက်နဲ၏။ နိမ္မာနကာယနှင့် သံဘောဂကာယ တို့ဖြင့် တဆက်တည်းဖြစ်၏။ ဗုဒ္ဓတို့၏သံဘောဂကာယမှာ အမျိုး မျိုးအဖုံဖုံကွဲပြားကြသော်လည်း ဓမ္မကာယကား တခုတည်းသာ ဖြစ်၏။ သို့ကြောင့် ထိုကာယ၏ ဂုဏ်ကို သဒ္ဒါတို့ဖြင့် ဖွင့်ဆိုရန်မ ဖြစ်နိုင်ခြင်းဖြစ်သည်။ နေကိုတခါမျှမမြင်ဘူးသော သူကန်းသည် နေ၏အကြောင်းကို ကောင်းစွာပြောမပြနိုင်သကဲ့သို့ ဓမ္မကာယ ကိုလည်း သဒ္ဒါတို့ဖြင့် ဘယ်နည်းနှင့်မျှ ဖွင့်မပြနိုင်ချေ။

ဓမ္မကာယ၏ ဤသဘောတရားကို ပညာပါရမိတာ ကျမ်း များပေါ်မှီငြမ်းပြီး ဖွင့်ဆိုခြင်းဖြစ်သည်။ သုညဝါဒကျမ်းများ တွင် ငါတို့သည် သုညတာ၏ အနုမာနမှာ မဖြစ်နိုင်စရာမရှိ ဟု ညွှန်ပြနိုင်သည်။ ထို့အတူ မဟာယာနသုတ်တို့တွင် ဖော်ပြသည်။ ဓမ္မကာယဖြစ်နိုင်သော အနုမာနကို ယုံကြည်ကြသည်။ မဇ္ဈိမိက တို့လည်း ဓမ္မကာယနှင့် ပတ်သက်သော ဤအယူအဆကို လက်ခံ ကြသည်။ အရှင်နာဂဇ္ဇုနသည် မဇ္ဈိမိက ကာရိကာ ၂၂-ကျမ်း မြောက်တွင် တထာဂတကို မှတ်ချက်တင်ထား၏။

## (ခ) ဒသဘူမိ—ဘုံဆယ်ဆင့်

မဟာယာနတို့၏ အခြားထူးခြားချက်တရပ်မှာ 'ဒသဘူမိ' ဖြစ်၏။ ဒသဘူမိမှာ အထွတ်အထိပ်သို့တက်သော ဘုံဆင့် ဆယ်ဆင့်ပင်ဖြစ်၏။ ဟီနယာနတို့သည် ရဟန္တာဖြစ်စေရန်အတွက် သောတာပန်, သကဒါဂါမိ်, အနာဂါမိ်, ရဟန္တာ ဟူ၍ အဆင့် လေးဆင့်ကို အစဉ်အတိုင်းတက်ရသည်။ ထိုအတူ မဟာယာနတို့ လည်း ဗောဓိဉာဏ်သို့ရောက်စေရန် ဘုံဆယ်ဆင့်ကို အစဉ် အ တိုင်း တက်ရလေသည်။

(၁) မုဒိတာ။ ရှေးဘဝက ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ခဲ့သောကြောင့် ဗောဓိသတ္တ၏ စိတ်နှလုံးတွင် ရှေးဦးစွာ သမ္ဗောဓိကို ရရန် လိုလားခြင်းဖြစ်၏။ ယင်းကိုပင် ဗောဓိစိတ္တဟုခေါ်၏။ ဤသို့လျှင် ဗောဓိသတ္တသည် ပုထုဇဉ်အနွယ်မှထွက်၍တထာဂတ၏ အနွယ်သို့ သက်ဝင်၏။ ဗုဒ္ဓနှင့် ဗောဓိသတ္တတို့၏ လေးစားမြတ်နိုးဘွယ်အလုပ်ကိစ္စတို့ကို အောက်မေ့ပြီး သူ၏ စိတ်နှလုံးတွင် နှစ်သက်ရွှင်လန်းသွား၏။ မဟာကရုဏာဖြစ် ပေါ်လာပြီးလျှင် ဆယ်ပါးသော မဟာပဏိဓာန အကျင့်တို့နှင့် ပြည့်စုံစေရန် ဓိဋ္ဌာန်၏။ ယင်းကို မုဒိတာဘူမိ ဟု ခေါ်၏။ ထေရဝါဒတို့ အလိုအားဖြင့် သုခိတ သတ္တဝါများကို တွေ့မြင်ရ၍ ဝမ်းမြောက်ကြည်နူးခြင်းပင်ဖြစ်၏။

(၂) ဝိမလာ။ ဤဘူမိတွင် ကာယကံ, ဝစီကံ, မနောကံအားဖြင့် ဖြစ်သော ဆယ်ပါးသော အကုသိုလ်တရားတို့ကို ဖယ်ရှား၏။ ပါရမီဆယ်ပါးတွင် သီလပါရမီကို ဦးစားပေး၍ ကျင့်ကြံသည်။ ဝိမလာဆိုသည်မှာ စင်ကြယ်သန့်ရှင်းခြင်းပင်တည်း။

(၃) ပဘာကာရီ။ ဤတတိယဘူမိတွင် သူတော်ကောင်းသည် လောက၏ အလုံးစုံသော သင်္ခတ တရားတို့ကို အနိစ္စအမြဲမရှိ ဟု မြင်၏။ သူသည် ရှစ်ပါးသော သမာဓိ၊ လေးပါးသောဗြဟ္မဝိဟာရနှင့် သိဒ္ဓိများကို ရလေသည်။ ကာမ-ဝါသနာ, ဒေဟာဘဏ္ဍာ အားနည်းသွား၍ သူ၏သဘာဝမှာ သန့်ရှင်းသွား၏။ အထူးသဖြင့် ခန္တီ ပါရမီကို ဖြည့်ကျင့်သည်။

(၄) အစ္စိမတီ။ ဤဘူမိတွင် သူတော်ကောင်းသည် ဗောဓိပက္ခိယနှင့် မဂ္ဂင်၏ လမ်းပေါ်တွင် သွားနေသည်။ သူ၏ စိတ်

တွင် မေတ္တာနှင့်ကရုဏာမှာ တခဲနက်ဖြစ်နေသည်။ယုံမှားသံသယ လည်း မရှိတော့ချေ။ ရာဂကွင်းကွာ၍ ဝီရိယ ပါရမီကို အထူး ဖြည့်ကျင့်သည်။

(၅) သုဒဿနာ။ စိတ်မျှတ၍ အတွေးအကြံများ သန့်ရှင်း သော သူတော်ကောင်းသည် စတုတ္ထဘုမိမှ ပဉ္စမဘုမိသို့ဝင်လာ သည်။ သတ္တဝါတို့အပေါ်တွင် သနားကြင်နာသဖြင့် အမျိုးမျိုး သော လောကီဝိဇ္ဇာတို့ကို လေ့လာသည်။ ဤဘုံတွင် သူတော် ကောင်းသည် လောကကို စွန့်ခွါပြီး ဥပဒေသပေးသည်။ ဈာန ပါရမီကို လေ့လာခြင်းသည် ဤဘုံ၏ ထူးခြားခြင်းဖြစ်၏။

(၆) အဘိမုတ္တိ။ ဆယ်ပါးအပြားရှိသော မျှတခြင်းဖြင့် ဤဘုံသို့ ရောက်နိုင်၏။ လောကတွင် ရှိရှိသမျှ အရာဝတ္ထုတို့ကို သုညအဖြစ်ဖြင့် သိ၏။ ထို့ပြင် သတ္တဝါတို့ အပေါ်တွင် သနား ကြင်နာသည့်အတွက် လောက၏ သုညဖြစ်သော အရာဝတ္ထုတို့ ကို မှန်ကန်စွာသိစေ၏။မသိ-နားမလည် သူတို့အပေါ်မှာလည်း သနားကြင်နာ၏။ ဤသို့တိုင်အောင်သော ဘုံတို့မှာ ဟီနယာန တို့၏ ဘုံလေးဆင့်နှင့် ညီညွတ်သည်။ သတ္တမဘုံမှစ၍ သုညတာ ကို ရစေရန် ကြိုးစား၏။ ပညာပါရမီကို ဖြည့်ကျင့်ခြင်းမှာ ဤ ဘုံ၏ ထူးခြားချက်ဖြစ်၏။

(၇) ဒူရင်္ဂမာ။ ဤဘုံတွင် သူတော်ကောင်းသည် မဂ္ဂကို ထူးသောအသွင်ဖြင့် မြင့်မားအောင် ကြိုးစား၏။ သူသည် ဆယ် ပါးအပြားရှိသော ဥပါယ်ဉာဏ် ပြည့်စုံစေရန် အားထုတ်၏။ လိမ္မာသော မာလိန်မှူးသည် သမုဒ္ဒရာတွင် သူ၏လှေကို ဘေး ကင်းရာသို့ရောက်အောင် မောင်းနှင်သကဲ့သို့ ထို့အတူ သတ္တမ

ဘုံတွင် ဗောဓိသတ္တသည် သဗ္ဗညုတ သမုဒ္ဒရာသို့ သက်ဝင်လေသည်။သူသည် သဗ္ဗညုဖြစ်သော်လည်း နိဗ္ဗာန်သို့ရောက်ရန်မှာ ဝေးကွာလှပါသေးသည်။

(၈) အစလာ။ ဤဘုံတွင်သူတော်ကောင်းသည်အရာဝတ္ထုတို့ကို အရသာမရှိဟု ကောင်းစွာထင်ထင်သိမြင်၏။သူ့မှာကိုယ်နှုတ်နှလုံး၏ နှစ်သက်မှုလုံးဝမရှိချေ။ အိပ်မက်မှနိုးသော သူသည် အိပ်မက်တွင်တွေ့မြင်ရသောအကြောင်းအရာတို့ကို အချည်းနှီးဟု ထင်မြင်သကဲ့သို့ ဤဘုံမှ သူတော်ကောင်းသည် အလုံးစုံသော ပပဉ္စတို့ကို မျက်လှည့်သဖွယ် ထင်မြင်၏။

(၉) သာဓုမတိ ။ဤဘုံတွင် သူတော်ကောင်းသည် လူတို့ကိုကယ်တင်ရန်အတွက်အသစ်-အသစ်ဖြစ်သော နည်းလမ်းတို့ဖြင့် ဥပဒေသပေးပြီးလျှင် ဗောဓိသတ္တ၏ ပြည့်စုံမှုလေးပါးကို လေ့ကျင့်သည်။

(၁၀) ဓမ္မမေဃ- ဤဘုံ၏ အခြားအမည်မှာ အဘိသေက ဖြစ်သည်။ဤဘုံတွင်ဗောဓိသတ္တသည် အလုံးစုံသောသမာဓိတို့ကို ရလေပြီ။ ဘုရင်သည်မိမိသားတော်ကို အိမ်ရှေ့ဥပရာဇာဘိသိက် ပေးသကဲ့သို့ ဗောဓိသတ္တသည် ဗုဒ္ဓအဖြစ်သို့ရောက်လေသည်။ ဤသည်တို့ကား ဗောဓိသတ္တ၏မြတ်သောဘုံဆယ်ဆင့်တို့ပေတည်း။

## နိဗ္ဗာန်—နိဗ္ဗာန်

နိဗ္ဗာန်နှင့်ပတ်သက်၍ ဟီနယာနနှင့် မဟာယာန၏ အယူအဆမှာ အချင်းချင်းမတူကြချေ။ ဤအကြောင်းမှာ ဗုဒ္ဓဒဿနတွင် လွန်စွာကြီးကျယ်မြင့်မားလှပေသည်။ဗုဒ္ဓဓမ္မနှင့်သက်ဆိုင်ရာဂိုဏ်းဂဏတိုင်းမှာပင် နိဗ္ဗာန်နှင့် ပတ်သက်၍ ထူးခြားချက်အယူအဆ

များရှိကြ၏။ နိဗ္ဗာန်သည် ဘာဝရူပဖြစ်သည်။ သို့မဟုတ် အဘာဝရူပဖြစ်သည်ဟူသော အကြောင်းကိုယူပြီးလျှင် ဗုဒ္ဓဒဿနတွင် လေ့လာသွားကြသည်။ ဤတွင်မူ ဤကြီးကျယ် မြင့်မားလှသောအကြောင်းကို စူးစမ်း၍ အကျဉ်းသဒ်ေပအားဖြင့် ဖော်ပြသွားပါမည်။

## (က) ဟီနယာန၏ နိဗ္ဗာန်

ဟီနယာနတို့သည် မိမိတို့ကို ဒုက္ခသုံးမျိုးက အမြဲမပြတ်နှိပ်စက်နေကြသည် ဟု ယူဆကြသည်။ (၁) ဒုက္ခ-ဒုက္ခတာ အစိပ္ပါယ်မှာ ဘူတိက (ရုပ်) နှင့် မာနသိက (စိတ်) ကြောင့် ဖြစ် သော ကိလေသာ။ (၂) သင်္ခါရ ဒုက္ခဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိသော လောက၏ အရာဝတ္ထုတို့ကြောင့်ဖြစ်သော ကိလေသာ။ (၃) ဝိပရိဏာမ-ဒုက္ခတာ၊ သုခကို ဒုက္ခအသွင်သို့ ပြောင်း လဲခြင်းကြောင့်ဖြစ်သော ကိလေသာ။ လူသည် ဤ ကိလေ သာ တို့မှ ရှောင်ရှား၍ ဘယ်အခါမျှ မရနိုင်ချေ။ သူသည်ကာမဓာတုမှာ သော်ငြင်း၊ ရူပဓာတုမှာသော်ငြင်း၊ သို့မဟုတ်အရူပဓာတုမှာသော်ငြင်း၊ ဘဝကို ကူးလွန်ရမည်ဖြစ်၏။ ဤဒုက္ခမှ လွတ်မြောက်မှုရနိုင်စေရန် နည်းလမ်းကို မြတ်စွာဘုရားကိုယ်တိုင် ညွှန်ပြတော်မူခဲ့လေသည်။ ယင်းမှာ အရိယသစ္စာ၊ သံသာရိက အရာဝတ္ထုတို့၏ အနိစ္စ-နှင့်-အနတ္တ သဘောဉာဏ်ဖြစ်သည်။ အဋ္ဌင်္ဂိက လမ်းစဉ် အတိုင်းလိုက်ခြင်းနှင့် လောက၏ အရာဝတ္ထုများတွင် အတ္တမရှိသော ဉာဏ်ကိုတည်ဆောက်၍သူတော်ကောင်းသည်ကိလေသာတို့မှ လွတ်မြောက်မှုကို ရနိုင်လေသည်။ တဖန် ဤကိလေသာတို့

သည် နှိပ်စက်ညှဉ်းပန်းရန်၊ သို့မဟုတ်၊ သံသရာတွင် နှောင်ဖွဲ့ရန် ဘယ်နည်းနှင့်မျှ မစွမ်းနိုင်တော့ချေ။ သို့ကြောင့် အရိယာသစ္စာ၏ ဉာဏ်ဖြင့်ကောင်းသောအကျင့်ကိုအားထုတ်ခြင်းဖြင့်, ဟီနယာန ဂိုဏ်းတွင် မည်သူမဆို ကိလေသာတို့မှ လွတ်ငြိမ်းချမ်းသာခွင့်ကို ရကြလေသည်။ ယင်းသည် နိဗ္ဗာန်ဖြစ်၏။

## နိဗ္ဗာန–နိရောဓ

အမျိုးမျိုးသော ဟီနယာနဂိုဏ်းတွင် ဤအကြောင်းကို ယူပြီးလျှင် ပြည့်စုံသော ဝါဒကွဲကိုဖေါ်ပြကြသည်။ နိကာယ်တို့ ကို လေ့လာသဖြင့် သိရသည်မှာ နိဗ္ဗာန်သည် ကိလေသာဘာဝ (ကိလေသာမရှိသော)အသွင်ဖြစ်၏။ အကြင်အခါ ကိလေသာ အဖုံးအပိတ်ကို အခြင်းခပ်သိမ်းဖယ်ခွါ၏။ ထိုအခါ နိဗ္ဗာန်၏ အဝတ္ထု(အခန့်အတန့်) မွေးဖွါးလာလေသည်။ ယင်းဖြင့် သုခအ သွင်ကိုလည်း ညွှန်ပြ၏။ သို့ရာတွင် ဗုဒ္ဓနိကာယသည် နိဗ္ဗာန်ကို အဘာဝါတမက (အတ္တမရှိသည်၏) အဖြစ် ပိုမို၍ ယုံကြည်၏။ မိလိန္ဒပြဿနာတွင် နိဗ္ဗာန်နှင့် ပတ်သက်၍ အလွန်သိမ်မွေ့စွာ တင်ပြထား၏။ နိရောဓ-ချုပ်ငြိမ်းသွားလျှင် နိဗ္ဗာန်ဖြစ်၏ ဟု ဆိုလေသည်။

ကမ္ဘာပေါ်ရှိအားလုံးသော လူပြိန်းတို့သည် ဣန္ဒြေများနှင့် အာရုံတို့ကို ခံစားရာတွင် တွယ်တာနေကြသောကြောင့် အမျိုး မျိုးသော ဒုက္ခကို ခံနေကြရသည်။ ဉာဏ်ရှိသော အရိယာ သာဝကသည် ဣန္ဒြေများနှင့် အာရုံတို့ကို ခံစားရာတွင်တွယ်တာ ကပ်ငြိခြင်းမရှိချေ။ ထိုအရာတို့ကို နှစ်သက်မြတ်နိုးခြင်းမရှိချေ။

စင်စစ်မှာမူ သူတို့တွင် တဏှာချုပ်ငြိမ်းသောကြောင့်ဖြစ်သည်။ တဏှာချုပ်ငြိမ်းသည်နှင့် အတူတကွ ဥပါဒါန် အစွဲအလမ်းနှင့် ဘဝ၏ ချုပ်ခြင်းဖြစ်လေတော့သည်။ တဖန် မွေးဖွါးခြင်း ပိတ်သွားသောအခါ ဒုက္ခဟူသမျှလည်း ရပ်သွား၏။ ဤသို့လျှင် တဏှာအစရှိသော ကိလေသာတို့ နိရောဓ-ချုပ်ငြိမ်းသွားခြင်းသည်ပင် နိဗ္ဗာန်ဖြစ်သည်။နာဂသေန၏ အယူအဆတွင် နိဗ္ဗာန်၏ နောက်မှာ ပုဂ္ဂိုလ်၏ အဖြစ်ဟူသမျှ ပျောက်ကွယ်သွားလေ၏။ ဤသို့လျှင် တောက်ပနေသော မီးညွန့်ကို ငြိမ်းလိုက်သောအခါ မမြင်ရသကဲ့သို့ နိဗ္ဗာန်သို့ရောက်ပြီးနောက် ထိုပုဂ္ဂိုလ်ကို မမြင်ရတော့ချေ။ အကြောင်းမူ ထိုပုဂ္ဂိုလ်ကိုပြုလုပ်ရန်အတွက် တစုံတရာ မကြွင်းမကျန်သောကြောင့်ဖြစ်၏။ သို့ကြောင့် နိဗ္ဗာန်၏ အခြားမဲ့တွင် ပုဂ္ဂိုလ်သတ္တဝါသည် ဘယ်နည်းနှင့်မျှ ထင်ရှားမဖြစ်နိုင်ချေ။

## နိဗ္ဗာန်၏ ဘေးမရှိခြင်း

ဘဝသံသရာတွင် ဖြစ်ပေါ်နေကြသော အရာဝတ္ထုတို့၏ ထူးခြားချက်မှာ အချို့မှာ ကံကြောင့်ဖြစ်သည်။ အချို့မှာ ဟေတု(အကြောင်း)ကြောင့် ဖြစ်သည်။ အချို့မှာ ဥတုကြောင့် ဖြစ်သည်။ သို့ရာတွင် နိဗ္ဗာန်သည် အာကာသ ကောင်းကင် ဟင်းလင်းပြင်ကဲ့သို့ ကံအကြောင်း, ဟေတုအကြောင်း, ဥတု အကြောင်းမရှိဘဲ ဖြစ်လေသည်။ သူသည် ဟေတုမှ ကင်းကွာ၍ ကာလသုံးပါးကို ကျော်လွန်၏။ဣန္ဒြေကို ကျော်လွန်ပြီး ပြောမပြနိုင်သော အရာဝတ္ထုဖြစ်၏။ ဤစင်ကြယ်သော ဥာဏ်ဖြင့်

အရဟန္တဖြစ်သွားနိုင်လေသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် နည်းလမ်းရှိသော်လည်း ထိုနိဗ္ဗာန်ဖြစ်ပေါ်စေရန် တစုံတရာ နည်းလမ်းမရှိချေ။ မျက်မှောက်ပြုခြင်းနှင့် ဖြစ်ခြင်းမှာ မတူကွဲပြားခြားနားသော ဝတ္ထုဖြစ်သည်။ တစုံတယောက်သော သူသည် မိမိ၏ ပကတိအားအစွမ်းကို အမှီပြု၍ ဟိမဝန္တာတိုင်အောင် သွားနိုင်၏။ သို့ရာတွင် သူသည် ကြိုးစားခြင်းအကူအညီဖြင့် ထိုဟိမဝန္တာကို ဤသို့ရောက်အောင် မယူဆောင်နိုင်ချေ။ တစုံတယောက်သော သူသည် သင်္ဘောမည်အစွမ်းသတ္တိ၏ အကူအညီကိုယူ၍ လေဖြင့် သမုဒ္ဒရာတဘက်သို့ ကူးနိုင်၏။ သို့ရာတွင် ထိုသူသည် အဆုံးအပိုင်းအခြားမရှိသော အပန်းခံခြင်းဖြင့် ထိုမှာ ဘက်ကမ်းမှ သမုဒ္ဒရာကို ဤမှာဘက်ကမ်းသို့ရောက်အောင် မဆောင်နိုင်ချေ။ ဤကားနိဗ္ဗာန်၏ အခြေအနေ ပင်တည်း။ ထိုနိဗ္ဗာန်သို့ မျက်မှောက်ပြုရန် လမ်းကို ပြနိုင်သော်လည်း ထိုနိဗ္ဗာန်ဖြစ်သောအကြောင်းကို ဘယ်သူမျှ မပြနိုင်ချေ။ အကြောင်းကား နိဗ္ဗာန်မှာ နိဂုဏ (ဂုဏ်ကင်းခြင်း) ဖြစ်သည်။ ထိုနိဗ္ဗာန် ဖြစ်ပေါ်စေရန် ပြဿနာမရှိချေ။ အကြောင်းကား သူသည် အတိတ်ပစ္စုပ္ပန်နှင့် အနာဂတ်-ဤကာလသုံးပါးမှတပါး ဖြစ်သည်။ မမြင်အပ်သော်လည်း ဤကြွေတိုဖြင့် အာချုံမယူနိုင်သော်လည်း ထိုနိဗ္ဗာန်မှာ ထင်ရှားရှိလေသည်။ ရဟန္တာအဆင့်သို့ ရောက်သော ရဟန်းသည် စင်ကြယ်ဖြောင့်မတ်၍ ပိတ်ပင်ခြင်းနှင့် လောကီ ကာမတို့မှ ကင်းသောစိတ်ဖြင့်နိဗ္ဗာန်ကိုမြင်ရသည်။ သို့ကြောင့် ထိုနိဗ္ဗာန်ထင်ရှားရှိကြောင်းမှာ ဘယ်နည်းနှင့်မျှ အချည်းနှီး မ ဖြစ် နိုင် သော် လည်း သိမ် မွေ့ လှ သော ကြောင့် ထိုနိဗ္ဗာန်မှာ ဥပ္ပါဒ-ဖြစ်ခြင်းမှ ကင်း၏။ ဥပါယ်တမျဉ်ဖြင့်

ထိုနိဗ္ဗာန်အား မျက်မှောက်ပြုရန် လိုအပ်လှပါသော်လည်း ပြော မပြနိုင်သောအရာဖြစ်သည်။

## နိဗ္ဗာန်၏ သုခအသွင်

နာဂသေနသည် နိဗ္ဗာန်၏အဝတ္ထာ (အခိုက်အတန့်) တည်ရာနှင့်ပတ်သက်ရာမှာလည်း များစွာစဉ်းစားထားလေသည်။ မိလိန္ဒမင်းကြီး၏အလိုတွင်နိဗ္ဗာန်မှာဒုက္ခသည် တနည်းဘလမ်းအားဖြင့် ဝါ- ဘာဘဲဖြစ်ဖြစ်လိုအပ်သည်။ အကြောင်းမှာနိဗ္ဗာန်ကိုရှာဖွေသောလူတို့သည် အမျိုးမျိုးသောသံယမ (စောင့်စည်းခြင်း)တို့ဖြင့် မိမိ၏ကိုယ်စိတ်နှင့် ဣန္ဒြေတို့ကိုပူလောင်စေကုန်၏။ ဘဝသံရာမှ- သံယောဇဉ်များကို ဖြတ်တောက်၍ဣန္ဒြေတို့နှင့် စိတ်တို့၏ဝါသနာများကိုသတ်ပြီး ချုပ်နှောင်ထားရ၏။ သို့ကြောင့်ကိုယ်ရော- စိတ်ပါဆင်းရဲဒုက္ခ ရောက်ရ၏။ ဤယုတ္တိ၏ အကူအညီဖြင့် မိလိန္ဒ၏လမ်းစဉ်တွင် နိဗ္ဗာန်လည်းဒုက္ခနှင့်တကွဖြစ်၏။ နာဂသေန၏အဖြေတွင် နိဗ္ဗာန်မှာ စိုးစဉ်းမျှ ဒုက္ခမရှိချေ။ ထိုနိဗ္ဗာန်သည် ချမ်းသာသုခအတိပြီး၏။ တိုင်းနိုင်ငံကို စိုးမိုးအုပ်ချုပ်ရသဖြင့် ကိလေသာတို့ကိုခံစားရ၏။ သို့ရာတွင်ကိုယ်တိုင်မင်းစည်းစိမ်ခံစားနေရသဖြင့် ကိလေသာအသွင်မထင်ချေ။ ဤအတူအကျင့်,ကိုယ်ကျိုးစွန့်ခြင်း, ဣန္ဒြေတို့ကိုအောင်မြင်ခြင်းစသောနိဗ္ဗာန်၏ဥပါယ်တွင် ကိလေသာများရှိရာ အဘယ်မှာငြိမ်းချမ်းလေသနည်း။ ထိုစကားမှာ မဟာသမုဒ္ဒရာတမျှ ခြားနားသည်။ ကမလာရွှေကြာပန်းကဲ့သို့ကိလေသာအညစ်အကြေးတို့ပလိမ်းကျံခြင်းဖြစ်သည်။ ရေဇလာသည်အလုံးစုံသော ကိလေသာပူတို့ကို အေးစေသကဲ့သို့

ကာမ တဏှာ, ဘဝ တဏှာ, ဝိဘဝ တဏှာတို့၏ မွတ်သိပ်ခြင်းကို ဖယ်ခွါပေး၏။ ယင်းသည် အာကာသကဲ့သို့ ဆယ်ပါးသော ဂုဏ်တို့နှင့် ယှဉ်နေ၏။ မွေးဖွါးခြင်းမရှိ။ ပုရာဏ-အဟောင်း မဟုတ်၊ သေခြင်းမရှိ၊ လာခြင်းမရှိ၊ သိနိုင်ခဲ၏။ လွတ်လပ်၍အပိုင်းအခြားမရှိချေ။ ကောင်းသောလမ်းပေါ်တွင် သွား၍ ဘဝသံသရာ၏ အလုံးစုံသော သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, အသွင်ရှုမြင်သော တစုံတယောက်သောသူသည် ပညာဖြင့်နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏။ သူ့အတွက်ဘယ်အရပ်မျက်နှာကိုမျှမညွှန်နိုင်ချေ။ မဟာကဝိဖြစ်သော အဿဃောသပြောပြသည်မှာငြိမ်းသွားသောဆီမီးသည်မြေကြီးထဲသို့လည်းမသွား၊ကောင်းကင်သို့လည်းမသွား၊ တစုံတခုသောအရပ်ဒေသ၊ဝိဒေသသို့လည်းမသွား စင်စစ်မှာမူ သိနေ့်ဟ (ဆီ) ကုန်ခန်းသောကြောင့် ထိုဆီမီးငြိမ်းသွားခြင်းဖြစ်လေသည်။ ကို့အတူဉာဏ်ရှိသောယောကျ်ားသည် ဘယ်မျှရောက်မသွားချေ။ ပထဝီမြေကြီး, အာကာသ ကောင်းကင်,ဘယ်အရပ်ဒေသ, ဝိဒေသကိုမျှမသွားချေ။ ဦးကိလေသာ ကုန်ခန်းခြင်းကြောင့်ထိုသူငြိမ်းချမ်းသွားခြင်းဖြစ်၏။

## **ထေရဝါဒီတို့၏ နိဗ္ဗာန်**

ဤသည်ကား နိဗ္ဗာန်၏ သာမညဘင်ပြချက်ဖြစ်သည်။ ဉာဏ်ဖြစ်ပေါ်လာခြင်းကြောင့် အကြင်အခါ အဝိဇ္ဇာ၏ အနှောင်အဖွဲ့မှာ ပြတ်တောက်သွား၏။ ထိုအခါ ရောက်သော အရဟန္တ၏ အဆင့်အမည်မှာ နိဗ္ဗာန်ဖြစ်လေသည်။ ဤမြတ်သော ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရားသည်ဓမ္မတရား သင်ကြားပေးခြင်းဖြစ်၏

နိဗ္ဗာန်သို့ ဤလောကမှာပင် ရရောက်၏။ ဝေဒန္တတွင် ဘဝမှ လွတ်မြောက်သော ယောကျ်ားကိုထုတ်ပြထား၏။ ထိုထုတ်ပြချက်သည် နိဗ္ဗာန်သို့ရောက်သော အရဟန္တပင်ဖြစ်၏။ သို့ရာတွင် နိဗ္ဗာန်၏သရုပ်ကို ရွေးချယ်စီစစ်ရာတွင် ဟီနယာနနှင့် မဟာယာနမှာ အနည်းငယ် ခြားနားနေလေသည်။ သာမန်အားဖြင့် ခြုံ၍ ဆိုရပါသော် ဟီနယာနတို့သည် နိဗ္ဗာန်ကို ဒုက္ခမရှိခြင်းမျှသာ ယူဆကြ၍ မဟာယာနသည် ထိုနိဗ္ဗာန်ကို အာနန္ဒရူပ နှစ်သက်ဖွယ်အသွင်ပြဆိုကြသည်။ သို့ရာတွင် ဟီနယာန ဂိုဏ်းဂဏများ အတွင်းတွင်လည်း ဝါဒကွဲများရှိလေသည်။ ထေရဝါဒီ၏အမြင်တွင် နိဗ္ဗာန်သည် မာနသိက-စိတ်နှင့် ဘူတိက ရုပ်၏ နိရောဓ ချုပ်ငြိမ်းခြင်းပင်ဖြစ်၏။ နိဗ္ဗာန်သို့ရောက်ပြီးနောက် အလုံးစုံချုပ်ငြိမ်းသွား၏။ နိဗ္ဗာနသဒ္ဒါ၏အနက်မှာ ချုပ်ငြိမ်းခြင်းပင်ဖြစ်၏။ ဤသို့လျှင် အကြင်အခါ၌ ဆီမီးတိုင်သည် တောက်၍နေ၏။ ထိုအခါတိုင်အောင် ထိုမီးတိုင်တွင် မီးစာနှင့် (ဆီ) ထင်ရှား ရှိနေသည်။ သို့ရာတွင် ထိုမီးကိုငြိမ်းလိုက်သည်နှင့် တပြိုင်နက် မီး၏ အသက်မှာ ငြိမ်းအေးသွား၏။ ထို့အတူ တဏှာစသော ကိလေသာတို့ ရပ်တန့်သွားသောအခါ ဘူတိကဘဝသည် မိမိ၏ မြတ်သော အခွင့်အရေးပေါ်သို့ရောက်သွား၏။ ထိုအခါ ယင်းကို နိဗ္ဗာန်ဟု ခေါ်လေသည်။ ဝေဘာသိက ဂိုဏ်းသားတို့၏ အယူအဆလည်း ထေရဝါဒအတိုင်းပင်ဖြစ်သည်။ သူတို့လည်း နိဗ္ဗာန်ကို အဘာဝတမက-အတ္တမရှိသည်၏ အဖြစ်ဖြင့် လက်ခံကြသည်။

# ဝေဘာသိက နိဗ္ဗာန်

ဝေဘာသိက ဂိုဏ်းဆရာကြီးတို့က နိဗ္ဗာန်ကို 'ပတိသင်္ချာနိရောဓ'ဟု ဆိုကြသည်။ အဓိပ္ပါယ်မှာ စင်ကြယ်သော ဉာဏ်၏အကူအညီဖြင့် သံသာရိက တရားများနှင့် သင်္ခါရတို့အကြင်အခါအဆုံးသို့ရောက်၏။ ထိုအခါ ထိုအဆုံးကို နိဗ္ဗာန် ဟု ခေါ်ခြင်းဖြစ်သည်။နိဗ္ဗာန်သည် နိစ္စ-မြဲ၏။ အသင်္ခတ တရားဖြစ်၏။လွတ်လပ်သော သဘောဖြစ်၏။ သီးခြားဖြစ်သော မှန်ကန်သည့် ဒြပ်ဖြစ်၏။နိဗ္ဗာန်သည် အစေတနာ-စေတနာမရှိသော အခိုက်အတန့်ကိုညွှန်ပြသလော၊ သို့မဟုတ် စေတနာ အခိုက်အတန့်လော။ ဤပြဿနာနှင့် ပတ်သက်၍ ဝေဘာသိက ပိဋကတို့တွင် တစွန်းတစမျှဖွင့်ပြခြင်း မရှိကြချေ။ တိဗက်ဂိုဏ်းဝင်တို့၏အစဉ်အဆက်ဖြင့် သိရသည်မှာ အချို့သော ဝေဘာသိက ဂိုဏ်းဝင်တို့သည်နိဗ္ဗာန်သို့ရောက်ခွင့်တွင် စေတနာချုပ်ပျောက်ခြင်းကို လက်ခံယုံကြည်ကြသည်။ ထိုစေတနာမှာ ကိလေသာကို ဖြစ်စေသော(သာသဝ)သင်္ခါရတို့ကြောင့် တန်ခိုးရှိနေသည်။ ဆိုလိုသည်မှာအာသဝတို့ကြောင့် ဘယ်နည်းနှင့်မျှ တန်ခိုးအရှိန်အဝါမရှိသောစေတနာမှာ အမှန်ပင်ရှိသည်။ ယင်းစေတနာသည် နိဗ္ဗာန်သို့ရောက်ပြီးသည့်နောက်မှာလည်း ထင်ရှားရှိနေသည်။ ဤအင်္ဂါတပါး (ဧကင်္ဂ)မှာ ဝေဘာသိကတို့၏ အယူဝါဒ ဖြစ်သည်။ဤအယူအဆကို ဘယ်သူလက်ခံသည်ဟူ၍ ပြောပြရန်မှာ လွန်စွာခက်သည်။ ဝေဘာသိကတို့၏ သာမည အယူအဆမှာ နိဗ္ဗာန်သည် အဘာဝတမက (အတ္တမရှိခြင်း) ဖြစ်သည်။ သံဃဘဒြ၏

‘တက္ကဇ္ဇာလာ’ကို လေ့လာသဖြင့် သိရသည်မှာ အိန္ဒိယအလယ်ပိုင်းတွင် ဝေဘာသိကတို့၏ ဂိုဏ်းတဂိုဏ်းရှိခဲ့သည်။ ထိုဂိုဏ်းမှာ ‘တထတာ’အမည်ဖြင့် စတုတ္ထ အသင်္ခတ တရားကို လက်ခံ၏။ ဤ‘တထတာ’သည် ဝေဘာသိကတို့၏ အဘာဝ သဘောတရားနှင့် တူ၏။ သူတို့သည် နိဗ္ဗာန်၏အဘာဝကို လေးမျိုးခွဲ၍ ပြုကြသည်။ ပဂါဘာဝ, ပဓံသာဘာဝ, အညောညာဘာဝနှင့် အတျန္တာဘာဝတို့ဖြစ်သည်။ ဤ ‘တထတာ’ သည် မဟာယာန်တွင် ပံရမတ္ထ သစ္စာအတွက် ယှဉ်သော ‘တထတာ’ သဒ္ဒါနှင့် လုံးဝမတူချေ။ဤသို့လျှင် ဝေဘာသိကတို့၏အယူအဆမှာနိဗ္ဗာန်သည် ကိလေသာ မရှိသော(ကိလေသာဘာဝ)အသွင်ဖြစ်သည်။ ထိုသို့ အဘာဝဖြစ်သော်လည်း သတ္တာတမက သဘောကားရှိသည်။

## သုတ္တန္တိက နိဗ္ဗာန်

နိဗ္ဗာန်ကို စင်ကြယ်သော ဝိသုဒ္ဓိဉာဏ်ဖြင့်သာရောက်နိုင်၍ ဘူတိက (ရုပ်)ဘဝမှာ လုံးဝ ချုပ်ကွယ်သွား၏ဟု ယူဆသော အယူအဆတွင် ဘူတိက သတ္တာဘယ်နည်းနှင့်မျှ ထင်ရှားမရှိနိုင်။ သို့ကြောင့် နိဗ္ဗာန်တွင် သတ္တာမရှိ ဟု ယူဆခြင်းဖြစ်သည်။ သို့ရာတွင်ဤအယူအဆမှာ ဝေဘာသိကတို့နှင့် မတူချေ။ ဝေဘာသိကတို့သည် နိဗ္ဗာန်မှာ အရာဝတ္ထုမရှိ ဟု ယူဆကြသည်။ နိဗ္ဗာန်သို့ ရောက်သည်၏ အခြားမဲ့တွင် သိမ်မွေ့သော စေတနာထင်ရှားရှိနေ၏။ ထိုစေတနာမှာ အလွန်ငြိမ်းအေးခြင်းတွင်နစ်မြုပ်နေ၏။ ဘူတန်နိုင်ငံ၏ အစဉ်အလာဖြင့် သဲလွန်စရသည်မှာ သုတ္တန္တိက၏

ဂိုဏ်းခွဲတခုသည် နိဗ္ဗာန်ကို ဘူတိက သတ္တာနှင့် စေတနာချုပ်ငြိမ်းခြင်းကို လက်ခံခြင်းဖြစ်၏။ သူတို့၏ အမြင်တွင် နိဗ္ဗာန်သို့ ရောက်သော ရဟန္တာ၏ ဘူတိကသတ္တာ (ရုပ်သတ္တဝါ) မှာရှိသည်။ ဘယ်အခါမျှ ချုပ်ငြိမ်းခြင်းမရှိ၊ သို့ရာတွင် စေတနာမှုကား ပျောက်ပျက်သွားသည်။ ဤဂိုဏ်းခွဲ၏ အလိုအားဖြင့် နိဗ္ဗာန်၏ အခြားမဲ့တွင် တစုံတရာ ကြွင်းကျန်၍ မနေချေ။ သက်ရှိသတ္တဝါ တစုံတရာလည်းမရှိ၊ စေတနာလည်း မရှိချေ။ ဤသို့လျှင် နိဗ္ဗာန်မှာ အစဉ်သဖြင့် အဘာဝဖြစ်သည်။

## နေယာယိက၏ မုတ္တိ

ဟိန ယာနတို့၏ နိဗ္ဗာန် ယူဆ ချက် မှာ ဗြဟ္မဏ ဒဿန (အဘိဓမ္မာ)ဆရာတို့၏ နရာယ ဝေသေသိက မုတ္တိနှင့် သဘောချင်းတူညီသည်။ဂေါတမရသေ့၏ သဒ္ဒါတို့တွင် ဒုက္ခမှ အတျန္တ (လွန်သောအဆုံး)ကို အပဝဂ္ဂ-(မုတ္တိ=လွတ်မြောက်ရေး)ဟုခေါ်၏။ဖြစ်သော ပစ္စုပ္ပန်ဘဝကို ပယ်လျှင် အနာဂတ်တွင် ဘဝတပါးမဖြစ်နိုင်ချေ။ ယူအပ်သောဘဝကို သတ်သကဲ့သို့ အနာဂတ်ဘဝမဖြစ်ရန်လည်း လိုသည်။ဤနှစ်ပါးပြီးမြောက်ပါလျှင် သတ္တသည် ဒုက္ခမှ နောက်ဆုံး ငြိမ်းချမ်းရေးကို ရယူနိုင်၏။ ဝါသနာအစရှိသော အတ္တဂုဏ်တို့ မပြတ်ပါလျှင် ဒုက္ခ၏နောက်ဆုံး ငြိမ်းချမ်းရေးကို မရနိုင်ချေ။ သို့ကြောင့် အတ္တ၏ ဂုဏ်ထူးများဖြစ်သော ဗုဒ္ဓိ, သုခ, ဒုက္ခ, ဣစ္ဆာ, ဒွေသ, ပယတန, ဓမ္မ, အဓမ္မနှင့် သင်္ခါရ တည်းဟူသော ကိုးပါးကို အပြစ်မှဖြတ်ရမည်။ လွတ်မြောက်မှု အဆင့်တွင် အတ္တသည် မိမိ၏ သန့်ရှင်းသော အသွင်

တည်တည်နေ၍ အလုံးစုံသော ဂုဏ်ထူးဝိသေသတို့မှ ကင်းကွာနေသည်။ ထိုအတ္တသည် ခြောက်ဖြာသော လှိုင်းတံပိုးတို့မှလည်း ကင်းလွတ်သွား၏။ လှိုင်းတံပိုးမှာ ကိလေသာ အညစ်အကြေးပင်တည်း။ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ လောဘ၊ မောဟ၊ သီတနှင့် အာတပကို ကိလေသာကိုဖြစ်စေသည့် ခြောက်ဖြာသော လှိုင်းတံပိုး ဟု ခေါ်၏။ လွတ်မြောက်သော အတ္တသည် ဤလှိုင်းတံပိုး ခြောက်ပါးကိုကျော်လွှားပြီး သုခ၊ ဒုက္ခ အစရှိသော လောကီ အနှောင်အဖွဲ့တို့မှ လွတ်မြောက်၏။ ထိုအဆင့်တွင် ဒုက္ခနှင့် အလားတူပင် သုခလည်း အဘာဝ (မရှိသော) အတ္တမှာနေသည်။ ဇယန္တ ဘဋ္ဋသည် အလွယ် ကျယ်ပြန့်စွာ ဘာဝဝါဒီဖြစ်သော ဝေဒန္တတို့၏ အယူအဆကို ချိုးဖျက်ပြီး မုတ္တိ(လွတ်မြောက်မှု) ၏ အဘာဝဘက်ကို ထောက်ခံထား၏။ မုတ္တိတွင် သုခကို လက်မခံသော ပဓာနအကြောင်းမှာ သုခနှင့် အတူတကွ ရာဂမှာ အစဉ်ပူးတွဲ ဆက်စပ်နေ၏။ ထို့ပြင် ဤရာဂမှာ နှောင်ဖွဲ့ခြင်း၏ အကြောင်းဖြစ်သည်။ ဤကဲ့သို့သောအဆင့်တွင် မောက္ခ(လွတ်မြောက်ခြင်း)ကို အတ္တ သုခ ဟု လက်ခံရာတွင် အသို့လျှင် အနှောင်အဖွဲ့မှ လွတ်ငြိမ်းမှုရနိုင်မည်နည်း။ သို့ကြောင့် နေယာယိကတို့သည် မုတ္တိကိုဒုက္ခ၏ အဘာဝအသွင်ဖြင့် မြင်ခြင်းဖြစ်လေသည်။

ဤဆိုအပ်ခဲ့ပြီးသော မောက္ခနှင့် ပတ်သက်၍ နေယာယိက ဆရာတဦးဖြစ်သူ 'သိရိဟာသ' သည် ဂေါတမ ရသေ့အား ပြင်းပြင်းထန်ထန် ဝေဘန်ခဲ့၏။ ဤဖေါ်ပြချက်တို့ဖြင့် သိရသည်မှာ နေယာယိကတို့၏ မုတ္တိနှင့် ဟီနယာနတို့၏ နိဗ္ဗာန် အတူသာလျှင် ဖြစ်လေသည်။

## (ခ) မဟာယာန နိဗ္ဗာန်

အထက်တွင် ဟီနယာနတို့၏ အယူအဆဖြစ်သော နိဗ္ဗာန်သရုပ်ကို တင်ပြခဲ့ပါပြီ။ သို့ရာတွင် မဟာယာနတို့သည် ဖော်ပြပါမှတ်ကို အစစ်အမှန် ရုပ်ပုံသဏ္ဌာန်ရှိသော နိဗ္ဗာန်ဟု လက်ခံရန် အသင့်မရှိကြချေ။ သူတို့၏ အယူအဆတွင်နိဗ္ဗာန်သည်ကိလေသာ ဝရဏ- (ကိလေသာ အနှောင်အဖွဲ့) ကုန်ခြင်း သက်သက်သာ ဖြစ်၏။ 'ဉေယျာဝရဏ'၏ သတ္တာပြုလုပ်ရှိသာ နေကြသည်။ ဟီနယာနတို့၏ အမြင်တွင် ရာဂ, ဒေါသ၏ သတ္တာသည် ပဋိက္ခန္ဓာအသွင်ဖြင့် သို့မဟုတ် ထိုမှတပါး သတ္တ၏ သတ္တာဟု ယုံကြည်ခြင်းဖြင့် ဆက်စပ်နေလေသည်။ အတ္တ၏ သတ္တာဖြစ်သောကြောင့်သာ လူ၏ အသဲနှလုံးတွင် ယစ်ပူဇော်ခြင်းစသော ညှဉ်းပန်းမှုတို့ကို စိတ်ညွှတ်ကြခြင်းဖြစ်လေသည်။ ပရလောက (တမလွန်ဘဝ)တွင် အတ္တ၏ ချမ်းသာ သုခရရေးအတွက်သာ လူသည် အမျိုးမျိုးသော အကုသိုလ်အလုပ်များကို အပတ် တကုတ် အားထုတ် ပြည့်စုံစေ၏။ သို့ကြောင့် အလုံးစုံသော ကိလေသာနှင့် ဒေါသသည် ဤအတ္တဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) ကို မှောက်မှောက်မှားမှားပြု၍ အတ္တကို တားမြစ်ပြီး ကိလေသာကို ဖယ်ခွါခြင်းမှာ အကောင်းဆုံးနည်းလမ်းဖြစ်၏။ ယင်းကို'ပုဂ္ဂလ နိရာတမ' (ပုဂ္ဂိုလ်တွင် အတ္တမရှိ)ဟု ခေါ်၏။ ဟီနယာနသည် ဤနိရာတမကို လက်ခံယုံကြည်ကြသည်။ သို့ရာတွင် နိရာတမ

ဉာဏ်ဖြင့် ကိလေသာဝရဏကို ကုန်ခန်းစေခြင်းသက်သက်သာ ဖြစ်သည်။ ထိုမှတပါး အခြားသော အာဝရဏတခု၏ သတ္တာ ကားရှိနေသည်။ထိုသတ္တာကို 'ဉေယျာဝရဏ'ဟု ခေါ်ကြသည်။ ဝိညတ္တိ မတ္တတာသိဒ္ဓိတွင် ဤအာဝရဏနှစ်ပါး၏ ထူးခြားခြင်း ကို လှပစွာဖွင့်ဆိုထားလေသည်။ နိရာတမမှာ နှစ်မျိုးရှိသည်။ (က)ပုဂ္ဂလ နိရာတမနှင့် (ခ) ဓမ္မနိရာတမဖြစ်သည်။ ရာဂအစရှိ သော ကိလေသာသည် အတ္တဒိဋ္ဌိကြောင့်ဖြစ်၏။သို့ကြောင့် ပုဂ္ဂလ နိရာတမဉာဏ်ဖြင့် သတ္တဝါသည် အလုံးစုံသော ကိလေသာတို့ကို စွန့်လွှတ်၏။

လောက၏ အရာဝတ္ထုတို့ အဘာဝ သို့မဟုတ် သုညတာဉာဏ် အမြင်ကြောင့် သစ္စာဉာဏ်ဖြစ်ကာ အာဝရဏသည် အလို အလျောက် ဝေးကွာသွား၏။ ထို့ပြင် သဗ္ဗညုတ အဖြစ်သို့ ရောက်ရန်အတွက် ဤအာဝရဏ နှစ်ပါးကို ဖယ်ရှားရန်အမှန်ပင် လိုအပ်၏။ ကိလေသာ လွှတ်မြောက်ရန်အတွက် အာဝရဏ၏ အလုပ်မှာ မုတ္တိကို တားမြစ်ခြင်းဖြစ်၏။ သို့ကြောင့် ဤအာဝ ရဏကို ဖယ်ရှားမှ မုတ္တိကိုရမည်။ ဉေယျာဝရဏသည် သိအပ် သော အရာဝတ္ထုဟူသမျှ အပေါ်တွင် အသိဉာဏ်ဖြစ်ပေါ်ခြင်း ကို တားဆီးထားသောကြောင့် ဤအာဝရဏကို ဖယ်ရှားလိုက်ပါ လျှင် အလုံးစုံ အရာဝတ္ထုတို့မှာ အကွယ်အကာ အဆီးအတားမရှိ သော ဉာဏ်ဖြစ်ပေါ်လာပြီး သဗ္ဗညုအဖြစ်သို့ ဆိုက်ရောက်လေ သည်။

အာဝရဏတို့၏ နှစ်မျိုးကွဲပြားခြင်းမှာ ဒဿနိကအမြင်တွင် လွန်စွာ မြင့်မား၏။ မဟာယာနတို့၏ အလိုအားဖြင့် ဟီနယာန

တို့၏ နိဗ္ဗာန်မှာရှေးဦးစွာသော အာဝရဏ(ကိလေသာဝရဏ) ကိုသာဖယ်ခွါသည်၊သို့ရာတွင်သုညတာ၏ဉာဏ်ဖြစ်သောကြောင့် အခြားတပါးသော အာဝရဏကိုလည်း ဖျက်ဆီး၏။ အကြင်မျှ လောက် ကာလပတ်လုံး ဒုတိယ အာဝရဏမကုန်သေး၊ ထိုမျှ လောက် ကာလပတ်လုံး စင်စစ်နိဗ္ဗာန်မဖြစ်သေးချေ။ သို့ရာတွင် ဟီနယာနတို့သည် ဤနှစ်ပါး၏ ခြားနားချက်ကို လက်ခံရန် အ သင့်မရှိကြချေ။ သူတို့၏အမြင်တွင် ဉာဏ်ဖြစ်ပေါ်မှုကိုရယူသော အခါ ရဟန္တာတို့၏ဉာဏ်သည် အနာဝရဏ (အာဝရဏ ကင်း ကွာခြင်း)ဖြစ်သွား၏။ မဟာယာန၏ ဤအယူအဆမှာ အဆင့် အတန်းမြင့်လှပေ၏။ ဟီနယာန၏ အလိုမှာ ရဟန္တာအဖြစ်သို့ ရောက်ခြင်းပင်လျှင် လူ၏ အမြင့်ဆုံးသော ရည်ရွယ်ချက်ဖြစ်၏။ မဟာယာနကား ဘုရားအဖြစ်သည်သာလျှင် ဘဝ၏ ရည်ရွယ် ချက်ဖြစ်သည်။ ဤသို့လျှင် ရည်ရွယ်ချက်ချင်း ကွဲပြားသော ကြောင့် နိဗ္ဗာန်၏အယူအဆလည်း ကွဲပြားခြင်းဖြစ်သည်။

## နာဂဇ္ဇုန၏ ဝါဒ

အရှင်နာဂဇ္ဇုနသည် နိဗ္ဗာန်ကို အလွန်ရဲရင့်စွာ စူးစမ်းပြီး လျှင် မဇ္ဈိမိကတို့၏ ပိဋကတ်ဖြစ်သော ကာရိကာ ပဉ္စဝိသပိုင်း တွင် ထုတ်ဖော်ထားလေသည်။ သူ၏အလိုအားဖြင့် နိဗ္ဗာန်မှာ စွန့်ခွါ၍လည်းမဖြစ်နိုင်၊ ဆိုက်ရောက်ရန်လည်း မဖြစ်နိုင်ချေ။ ပြတ်တောက်ရသည့် (ဉစ္ဆေဒ) အရာဝတ္ထုလည်းမဟုတ်၊ အစဉ် ထာဝရတည်မြဲသော (သဿတ) အရာဝတ္ထုလည်း မဟုတ်ချေ။

ထိုနိဗ္ဗာန်သည် နိရုဒ္ဓ-ချုပ်ခြင်းလည်းမရှိ၊ ဥပ္ပတ္တိ-ဖြစ်ခြင်းလည်း မရှိသော်လည်း နိရောဓကားရှိသည်။ဤစကားနှစ်ရပ်မှာ ကွဲပြား သည်။

အပဟီနမသံ မတ္တံ၊ အနုစ္ဆိန္န အသဿတံ၊
အနိ ရုဒ္ဓံ အနုပ္ပန္နံ၊ တေ နိဗ္ဗာန မုစ္စတေ။

ဤကာရိကာကို အရှင်စန္ဒကိတ္တိက ဖွင့်ဆိုသည်။ ဖွင့်ဆိုပုံမှာ ရာဂကဲ့သို့ နိဗ္ဗာန်ကို မပယ်နိုင်၊ သာတ္တိကဘာဝ၏ အကျိုးဖလ ကဲ့သို့လည်း ရရောက်ရန် မဖြစ်နိုင်ချေ။ ဟီနယာနတို့၏ နိဗ္ဗာန်ကဲ့ သို့လည်း နိစ္စမဟုတ်၊ ဤနိဗ္ဗာန်သည် သဘာဝအတိုင်းသာဖြစ်၍ ပျက်စီးခြင်းမရှိချေ။ ထိုနိဗ္ဗာန်အကြောင်းကို စကားဖြင့်ပြော မပြနိုင်ချေ။ စိတ်ကူးဖြင့် သမုတနိုင်ငံတည်ဆောက်၍ နိဗ္ဗာန်သို့ မရောက်နိုင်။ မဟာယာနတို့၏ အယူအဆတွင် နိဗ္ဗာန်နှင့် ဘဝသံသရာမှာ တစုံတရာထူးခြား ကွဲလွဲခြင်းမရှိချေ။ ညွှိထွန်း ထားသော မီးလျှံငြိမ်းသွားခြင်း၏ အမည်မှာ နိဗ္ဗာန်ဖြစ်၏။ နာဂဇ္ဇုနသည် နိဗ္ဗာန်ကို ဘာဝ ဝတ္ထုအဖြစ် လက်ခံသူများနှင့် အဘာဝ ဝတ္ထုအဖြစ် လက်ခံသူများ၏ အယူအဆကို ထွန်းပြ သည်။ သူ၏ အယူအဆတွင် နိဗ္ဗာန်မှာ ဘဝနှင့် အဘာဝနှစ်မျိုး လုံးမှ အခြားတပါးသော အရာဝတ္ထုဖြစ်သည်။ ဤအကြောင်း ကို စကားဖြင့် ပြောမပြနိုင်ချေ။ လွန်စွာ သိမ်မွေ့နူးညံ့သော သဘာဝဖြစ်သည်။ထိုနိဗ္ဗာန်၏ အမည်မှာဘူတကောဋိ သို့မဟုတ် ဓမ္မ-ဓာတုဖြစ်သည်။

ဟီနယာန နှင့် မဟာယာနကျမ်းတို့၏။နိဗ္ဗာန်နှင့် စပ်လျဉ်းသော အယူအဆ အလုံးစုံကို အကုန်ခြုံပြီးကြည့်ပါက သာမညအားဖြင့် ဤသို့ တွေ့ရမည်ဖြစ်၏။

(၁) ဤနိဗ္ဗာန်ကို သဒ္ဒါတို့ဖြင့်၄ ဖေါ်ပြရန် မဖြစ်နိုင်။ (နိပ္ပပဉ္စ)၊အသင်္ခတမှုဖြစ်၍ ဥပ္ပတ္တိ-ဖြစ်ခြင်းလည်းမရှိ၊ ဝိနာသ ပျောက်ပျက်ခြင်းလည်း မရှိ၊ ပရိဝတ္တန-ပြောင်းလဲခြင်း, ဖေါက်ပြန်ခြင်းလည်း မရှိချေ။

(၂) ဤနိဗ္ဗာန်၏ ရသနုဘူတိ အရသာကို သုံးဆောင်ခံစားခြင်းမှာ မိမိ၏ အတွင်းမှာ မိမိသာ ခံစားနိုင်သည်။ ယင်းကို ယောဂါစာရီဂိုဏ်းက'ပတျာတမဝေဒျ'ဟု ခေါ်၍ ဟီနယာနတို့က 'ပစ္စတ္တံ ဝေဒိတဗ္ဗ'ဟူသော သဒ္ဒါဖြင့် ခေါ်ကြသည်။

(၃) ဤနိဗ္ဗာန်သည် အတိတ်,ပစ္စုပ္ပန်နှင့် အနာဂတ်တည်းဟူသော ကာလသုံးပါးအတွက် တခုတည်းဖြစ်၍ တူမျှသည်။

(၄) မဂ္ဂင်ဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်၏။

(၅) အယူဝါဒ နှစ်မျိုးလုံးကပင် ဗုဒ္ဓ၏ ဥာဏနှင့် သတ္တိကို အရဟန္တ၏ ဥာဏ်ထက် ပိုလွန်မြင့်မြတ်သော လောကုတ္တရာ ဟု ယုံကြည်ကြသည်။ မဟာယာနတို့သည် အရဟန္တ၏ နိဗ္ဗာန်ကို အနိမ့်စား ဟု အယူအဆရှိကြသည်။ဤစကားကို ဟီနယာနတို့ ကလည်း လက်ခံသည်။

# နိဗ္ဗာန်နှစ်မျိုး နှိုင်းယှဉ်ချက်

| ဟီနယာန | မဟာယာန |
|---|---|
| (၁) နိဗ္ဗာန်သည် သစ္စာ,နိစ္စ, ဒုက္ခ အဘာဝ- ဆင်းရဲ ကင်း၍ သန့်ရှင်းသည်။ | (၁) ဤ အ ချက် တို့ ကို လက်ခံသည်။ ဆင်းရဲ ကင်းရုံ သက် သက် သာ မ ဟုတ်၊ သုခ ချမ်းသာ အ သွင် ဖြင့် လည်း ယုံကြည်သည်။ မဇ္ဈိမိ က နှင့် ယောဂါစာရတို့၏ နိစ္စ အနိစ္စ၊ သုခ-အသုခ ဝါဒမှာ ဤတွင် မပါဝင်ချေ။ အကြောင်း မှာ သူတို့၏ အမြင်တွင် နိဗ္ဗာန်ကို ပြော မ ပြ နိုင် သော ကြောင့် ဖြစ်၏။ |
| (၂) နိဗ္ဗာန် သည် ပတ္တ- ရအပ်ရောက်အပ်သော အရာဝတ္ထုဖြစ်၏။ | (၂) နိဗ္ဗာန်သည် အပတ္တ- မရအပ်-မရောက်အပ်။ |
| (၃) နိဗ္ဗာန်သည် ရဟန်းတို့၏ ဈာန်နှင့် ဉာဏ် အတွက်အာရဗ္ဗန-အာရုံပြု ဖြစ်သည်။ | (၃) ဉာတာ-သိအပ်သော ဝိသယီ (အာရုံ ယူသူ) နှင့် ဝိသယ (အာရုံ)၊ နိဗ္ဗာန် နှင့် ရဟန်းမှာဘာမျှ ခြားနားခြင်း မရှိချေ။ |

| ဟီနယာန | မဟာယာန |
|---|---|
| (၄) နိဗ္ဗာန်သည် လောကမှ လွတ်မြောက်သော လောကုတ္တရာ အဆင့်မှာရှိသည်။ ယင်းကို အနုမာနဖြင့် သိနိုင်၏။ | (၄) လောကုတ္တရာထက် ပိုလွန်သော အဆင့်တွင် ရှိ၍ လင်္ကာဝတာရ သုတ်တွင် 'လောကုတ္တရတမ'ခေါ်ဆိုလေသည်။ သဗ္ဗညုတ ကိုရခြင်းသည် နိဗ္ဗာန်ဖြစ်၏။ ယောဂါစာရ အလိုအားဖြင့် ဝိမုတ္တိကာယကို ရခြင်းဖြစ်၍ မဟာယာနတို့မှာ ဓမ္မကာယနှင့် သဗ္ဗညုတဉာဏ်ကို ရခြင်းပင်ဖြစ်၏။ |
| (၅) နိဗ္ဗာန်၏ ရူပမှာ နှစ်မျိုးဖြစ်သည်။ (က) သောပဓိသေသ (ခ) နိရူပဓိသေသ သို့မဟုတ် ပတိသင်္ချာနိရောဓနှင့် အပတိသင်္ချာနိရောဓ ဖြစ်၏။ | (၅) ယောဂါစာရ အလိုအားဖြင့် နိဗ္ဗာန်မှာ နှစ်ပါးအပြားရှိ၏။ (က) ပကတိဝိသုဒ္ဓနိဗ္ဗာန်နှင့်(ခ)အပတိဋ္ဌိတနိဗ္ဗာန်။ |
| (၆) ဟိနယာန နိဗ္ဗာန်နှင့် ဘဝသံသရာ၏ ဓမ္မတာမှာ မျှတညီညွတ်ခြင်း မရှိချေ။ | (၆) မဇ္ဈမိကတို့၏ အယူအဆအားဖြင့်နိရာကရ ပရမတ္ထဘူတသည်သာ နိဗ္ဗာန်ဖြစ်၏။ ယင်းမှာ သတ္တာတမျိုး ဖြစ်၍ |

| ဟီနယာန | မဟာယာန |
| --- | --- |
| | အခြားသော အရာဝတ္ထုတို့မှာ ကြံစည်စိတ်ကူးခြင်းတို့သာဖြစ်၏။ သို့ကြောင့် နိဗ္ဗာန်နှင့် ဘဝသံသရာမှာ မျှတနေခြင်း ဖြစ်သည်။ ဤနှစ်မျိုး၏ဆက်စပ်ခြင်းမှာ သမုဒ္ဒရာနှင့် လှိုင်းကဲ့သို့ဖြစ်၏။ |
| (၇) ဟီနယာနသည် လောက၏ အရာဝတ္ထုတို့ကိုလည်း သတ္တာဟု ယုံကြည်သည်။ လောကသည် အကြင်အခြင်းအရာအားဖြင့် နိဗ္ဗာန်ဖြစ်၏။ ထိုအခြင်းအရာအားဖြင့် သစ္စာမှန်ကန်၏။ | (၇) မဇ္ဈိမိကနှင့်ယောဂါစာရနှစ်မျိုးလုံးပင်နိဗ္ဗာန်ကိုအဒွေတ(ဒုတိယမရှိ)ဟုဆိုသည်။ အဓိပ္ပါယ်မှာ ထိုဘင် ဥပတ္တိ, ဥဒယ, ဝိသဘာ,ဝိသယ ,ဝိစိ, နိသေဓ- ၏ နှစ်ခု ဖြောက် သည် ဘယ်နည်း နှင့်မျှ ထင်ရှား မရှိခြင်းဖြစ်၏။ ဤနိဗ္ဗာန်သည်သဘောတရား တခုဖြစ်၏။ လောကဓါးပပဥ္စ(သံသရာ နယ်ချဲ့)မှာ လှည့်ဖျား ခြင်းပင်တည်း။ |
| (၈) ဟီနယာနသည်နိဗ္ဗာန်ကို အာဝရဏနှစ်ပါးနှင့် ကြံဆခြင်းမရှိချေ၊ သူတို့၏အယူအဆတွင် | (၈) မဟာယာနတွင် နိဗ္ဗာန်သို့ ရောက်ရန် တားမြစ်ပိတ်ကွယ်သော အာဝရဏမှာ နှစ်ပါးအပြားရှိ၏။ကိလေသာ |

| ဟီနယာန | မဟာယာန |
| --- | --- |
| ကိလေသာ ဝရဏ ကင်းနေလေသည်။ | ဝရဏနှင့် ဉေယျာဝရဏ ဖြစ်သည်။ထိုနှစ်ပါးလွတ်မြောက်မှ နိဗ္ဗာန်သို့ ရောက်သည်။ |

## နိဗ္ဗာန်ကိုညွှန်ပြသောရုပ

သင်္ခေပအားဖြင့်ပြောပြနိုင်ပါသည်။ဟီနယာနဝါဒတွင်အကြွင်းအခါရဟန်းသည် ရဟန္တာအဆင့်သို့ရ၏။ ထိုအခါသူသည်နိဗ္ဗာန်သို့ရောက်လေသည်။ သာမညဖြစ်သော ပုထုဇဉ်သတ္တဝါမှာ ကံအားလျော်စွာ ဓမ္မတရားကိုနာကြားရကာမျှသာဖြစ်၏။ သူသည်ဘဝများစွာသံသရာတွင် လှည့်လည်ရလေရာ သူ၏အတွင်းသည် အတ္တအမည်ရှိသော တစုံတခုသော စေတနာအရာဝတ္ထုကိုရ၏။ အဋ္ဌင်္ဂိကမဂ္ဂင်ကိုမှီဝဲသဖြင့်လူတိုင်း၏အရာဝတ္ထုတို့သည် အနိစ္စတာ၏ အနုဘာဝဖြစ်သွား၏။ အကြွင်းခန္ဓာအစုဖြင့် သူ၏ ကိုယ်ကိုပြုလုပ်ထား၏။ထိုခန္ဓာအစုတို့၏ထူးခြားသောအသွင်မှာသူသာလျှင်မဟုတ်ချေ။လောက၏သတ္တဝါတိုင်းကိုထိုခန္ဓာတို့ဖြင့်ပြုလုပ်ထားလေသည်။ ဤအကြောင်းကိုအကြွင်းအခါ သူသည် ကောင်းစွာသဘောပေါက်သွား၏။ ထိုအခါသူသည် နိဗ္ဗာန်သို့ရောက်လေသည်။ နိဗ္ဗာန်မှာလောက၏အပိုင်းအခြားမရှိသော သတ္တဝါတို့နှင့်အတူ မိမိလည်းဘာမျှကွဲပြားခြားနားခြင်းမရှိဟု သိမြင်သောရဟန်း၏စိတ်အခိုက်အတန့်ပင်ဖြစ်သည်။ထိုရဟန်းမှာပုဂ္ဂိုလ်အဖြစ်မရှိချေ။ ကြေပျောက် သွားပြီးလျှင် အလုံးစုံသော သတ္တဝါတို့အား တခုတည်းအဖြစ် ဟူသောအထင်အမြင်သည် သူ၏အသဲနှ

လုံးတွင် နိုးရှဲနေ၏။ ဤကားဟီနယာနတို့၏ အကျဉ်းချုပ်နိဗ္ဗာန် အစီအရင်ဖြစ်သည်။ ထိုမှတပါး ကွဲပြားသော မဟာယာနတို့၏ ဓမ္မတရားထင်ရှားရှိသည် ဟု မယုံကြည်ကြချေ။ သူတို့သည် ဓမ္မကာယနှင့် ဓမ္မဓာတုကို တခုသောသဘောဟု လက်ခံကြသည်။ ဗုဒ္ဓမှတပါး သတ္တဝါအားလုံးသည်။တဏှာကွန်ယက်တွင်ဖွဲ့ယှက်ခြင်းခံနေကြရသည် ပုတ္တနှင့် ဓနကို ထားသောသူသည် ထိုကဲ့သို့ပင် နှောင်ဖွဲ့ခြင်းခံနေကြရသည်။ဤသို့လျှင်သုခနှင့် သန္တိပြသော နိဗ္ဗာန်ကိုရသော ဟီနယာနသည် အရဟန္တဖြစ်လေသည်။ ဟီန ယာနတို့၏အယူအဆတွင် နိဗ္ဗာန်သည်မြတ်သော သတ္တာတမျိုး ဖြစ်၏။ထိုမှတပါးလောကတွင်ရှိရှိသမျှအရာဝတ္ထုတို့သည်အနုမာ နတို့သာဖြစ်ကုန်၏။ အကြင်ခဏတွင်သတ္တဝါသည်ဤအကြောင်း ကို တွေးဆနေ၏။ တွေးပုံမှာထိုအရာသည်သစ္စာမှန်၏။ ဘဝသံ သရာငြိမ်းချမ်းရေးနှင့် သီးခြားမဖြစ်၊ နှစ်ပါးစုံအတူ ဖြစ်သည်။ ထိုခဏတွင်သူသည် ဗုဒ္ဓအဖြစ်သို့ရောက်သွား၏။ သို့အတွက်မိမိ ၏ အတ္တကိုဖယ်ခွါရန် သက်သက်သာသာ ဘာဝနာမှာ အလုပ်မ လုပ်ချေ။ စင်စစ်မှာမူ အရာဝတ္ထုတိုင်းတွင် အတ္တသည်ဖြစ်နေ သည်ကို သူမြင်၏။ဤဉာဏ်သည်လည်း လွန်စွာအရေးကြီးလှပါ သည်။ ဤဉာဏ်သို့ဆိုက်ရောက်ပါလျှင် မဟာယာနီတို့ အလို အားဖြင့်နိဗ္ဗာန်သို့ရောက်လေသည်။

## သင်္ချာဝါဒ၏ မုတ္တိ

အထက်တွင်ဖော်ပြခဲ့ပါသောနိဗ္ဗာန်နှစ်မျိုးမှာသင်္ချာနှင့်ဝေဒန္တ ၏မုတ္တိနှင့် အလားတူသည်။ ဤနှစ်မျိုးကုန်သော ဗြဟ္မဏဒဿန (အဘိဓမ္မာ)တို့၏ မုတ္တိမှာအကြီးအကျယ် ခြားနားခြင်း ရှိသည်။

သင်္ချာမှာ ဒွေတ(ဒွန်တွဲ)ဝါဒီဖြစ်၍ ဝေဒန္တမှအဒွေတ(ဒွတ်မရှိသော) ဝါဒီဖြစ်သည်။ သင်္ချာ၏အမြင်တွင် ပကတိနှင့် ပုရိသကို တခုတည်းယူဆခြင်းကြောင့် အဉာဏ-(ဉာဏ်ပညာ ကင်းမဲ့ခြင်း) ဖြစ်ပေါ်လာရန်ဝေဒန္တ၏ အမြင်တွင်တခုသော သဘောတရားကိုအမျိုးမျိုးသိစေရာတွင် အဉာဏဖြစ်လေသည်။ သင်္ချာ၏ကျမ်းဂန်ယုတ္တိအားလျော်စွာ သမာဓိအားဖြင့် အပြင်ဗဟိဒ္ဓဝတ္ထုများပေါ်တွင် စဉ်းစားဆင်ခြင်ခြင်းအားဖြင့်အလုံးစုံသောအာရုံတို့သည် တဖြည်းဖြည်းကွဲပြားခြားနား သွားပြီးလျှင် 'အသ္မိတာ'တွင် သူ၏ နောက်ဆုံးဖြစ်သွား၏။ အသ္မိတာသည် အာရုံဝိသယနှင့် ဝိသယချင်းချင်း ရောနှောမှုကိုညွှန်ပြသည်။ 'အသ္မိ'မှာ အပိုင်းနှစ်ပိုင်းရှိသည်။ အသ+မိ ဖြစ်၏။ အသ=သတ္တ သို့မဟုတ် ပကတိနှင့်မိ=ဥတ္တမပုရိသ= စေတနာဖြစ်သည်။ အသ္မိသည်ပုရိသမဖြစ်နိုင်။ အကြောင်းမူထိုတွင် သတ္တ၏ အစိတ်အပိုင်းမရှိချေ။ အသ္မိသည် ပကတိလည်းမဟုတ်ချေ။ အကြောင်းမူအသက်မဲ့ဖြစ်သောကြောင့် သူသည်'မိ'တည်းဟူသောစေတနာပုရိသမဖြစ်နိုင်ချေ။ သို့ကြောင့်'အသ္မိ'သည် ပကတိနှင့်ပုရိသ၏, အာရုံနှင့် အာရမ္မဏိက၏, ပေါင်းစုံ ရောနှောခြင်းဖြစ်သည်။ သမာဓိဉာဏ်အားပေါ်တွင် ငါတို့သည်ဤအစိတ်အင်္ဂါတိုင်အောင်ရောက်နိုင်ကြပါသည်။ ယခုအခါဤတွင် ပုရိသကိုပကတိမှ သီးခြားခွဲထုတ်ရန်ကြိုးစားခြင်းဖြစ်လေသည်။

ဤတွင် ဗုဒ္ဓဒဿန ဒုတိယပိုင်း ပြီးပါပြီ။

32531
18059 -
32104
လေး.ပ.
60798

သောကြာဝေ စာအုပ်တိုက်
၄၉-မြဘာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်